www.burmeseclassic.com

တကယ့်ဖြစ်ရပ်

# ရှုခင်း

မဂ္ဂဇင်း



2014 SEPTEMBER


LUCKY STAR

အားသမီးရတနာ မထွန်းကားသူများအတွက်

福星男女不孕不育專科

ဆရာစံ 楊醫師

B.E (Chemical) D.E.S (U.S.A)



Boy Baby
生男孩專方
သားလေးရတနာ

x + y = ♂

Girl Baby
生女孩專方
သမီးလေးရတနာ

x + y = ♀

Twin Baby
雙生兒專方
အမြွှာလေးရတနာ



တိုက်(D)၊ အခန်း(၆)၊ ရွှေပေယ်ရိပ်မွန်၊ ရေကြောင်းသိပ္ပံရေ့၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Tel : 01 - 536355, Hp - 09 - 73241356, Hp - 09 - 5139886 Email sanmyint 5688@ gmail.com

www.burmeseclassic.com

www.burmeseclassic.com

# လူကုန်ကူးမှုပပျောက်ဖို့ အတူတကွ ပူးပေါင်းတိုက်ဖျက်ကြပါစို့

## အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်အကူညီတောင်းပါ။

| | |
|---|---|
| ➢ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ (နေပြည်တော်) | ၀၆၇-၄၁၂၂၀၁ |
| ➢ အထူးအဖွဲ့(မြစ်ကြီးနား) | ၀၇၄-၂၂၃၃၆ |
| ➢ အထူးအဖွဲ့(ဗန်းမော်) | ၀၇၄-၅၀၁၉၉ |
| ➢ အထူးအဖွဲ့(လွယ်ဂျယ်) | ၀၈၂-၅၂၈၉၀ (မူဆယ်မှတစ်ဆင့်) |
| ➢ အထူးအဖွဲ့(မူဆယ်) | ၀၈၂-၅၂၈၉၀ |
| ➢ အထူးအဖွဲ့(လောက်ကိုင်) | ၀၈၂-၇၂၀၀၃/၇၂၀၃၆ |
| ➢ အထူးအဖွဲ့(လားရှိုး) | ၀၈၂-၂၃၀၁၇/၀၉၅၂၇၅၉၆၂ |
| ➢ အထူးအဖွဲ့(တောင်ကြီး) | ၀၈၁-၂၀၀၇၆၄/၀၉၅၂၁၄၉၁၇ |
| ➢ အထူးအဖွဲ့(ကျိုင်းတုံ) | ၀၈၄-၂၁၆၃၇/၀၉၅၂၄၂၅၀၄ |
| ➢ အထူးအဖွဲ့(တာချီလိတ်) | ၀၈၄-၅၃၀၂၂ |
| ➢ အထူးအဖွဲ့(မြဝတီ) | ၀၅၈-၅၀၂၆၈ |
| ➢ အထူးအဖွဲ့(မော်လမြိုင်) | ၀၅၇-၂၆၉၈၃ |
| ➢ အထူးအဖွဲ့(ကော့သောင်း) | ၀၅၉-၅၁၉၈၁ |
| ➢ အထူးအဖွဲ့(မြိတ်) | ၀၅၉-၄၁၀၄၁/၄၁၀၀၄ |
| ➢ အထူးအဖွဲ့(ပုသိမ်) | ၀၉၈၅၄၈၀၈၇/၀၉၅၀၁၂၈၁၉ |
| ➢ အထူးအဖွဲ့(ရန်ကုန်) | ၀၁-၂၁၇၅၁၆/၀၉၅၁၂၈၈၂၆ |
| ➢ အထူးအဖွဲ့(ပဲခူး) | ၀၅၂-၂၁၀၃၀/၂၁၂၅၉ |
| ➢ အထူးအဖွဲ့(စစ်တွေ) | ၀၄၃-၂၃၆၂၅ |
| ➢ အထူးအဖွဲ့(မောင်တော) | ၀၄၃-၅၅၀၈၉ |
| ➢ အထူးအဖွဲ့(ကလေး) | ၀၉၄၇၀၇၂၂၀၂ |
| ➢ အထူးအဖွဲ့(မကွေး) | ၀၆၃-၂၃၃၇၄/၂၅၀၁၆ |
| ➢ အထူးအဖွဲ့(မိတ္ထီလာ) | ၀၆၄-၂၄၇၁၄/၂၃၀၅၄ |
| ➢ အထူးအဖွဲ့(မန္တလေး) | ၀၂-၇၃၈၃၀ |
| ➢ UNIAP | ၀၁-၂၅၄၈၅၂/၂၅၄၈၅၃ |

အထူးအဖွဲ့ - လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာ အောင်ကျော်ဇော စီစဉ်ထုတ်ဝေသည်။

တကယ့်ဖြစ်ရပ်

# ရှာဖွေ

မဂ္ဂဇင်း 2014 SEPTEMBER

အတွဲ(၁)၊ အမှတ်(၁၂)


အယ်ဒီတာချုပ် - အောင်ကျော်ဇော

ရဲအုပ်အောင်လွင်(ငြိမ်း)

ဒုအရာခံဗိုလ်(ငြိမ်း) တပ်မတော်(ကြည်း)

တာဝန်ခံအယ်ဒီတာ - ထက်ထက်ဦးဝေ

အယ်ဒီတာအဖွဲ့ - အေးအေးခိုင်၊ ဦးရဲလွင်(ရဲဘိုင်အို)

လက်ထောက်အယ်ဒီတာ - နေမျိုးအောင်

ထုတ်ဝေသူ

ဦးအောင်လွင်(ယာယီ/၂၀၈၃)

ပုံနှိပ်သူ

သိန်းသန်းဦးပုံနှိပ်တိုက်

ဒီဇိုင်းအပြင်အဆင်

Min Group

ကွန်ပျူတာစာစီ

နေမျိုးအောင်

ပန်းချီသရုပ်ဖော်

ပန်းချီမင်းထက်နိုင်၊ ရဲသူ(ရန်ကုန်တက္ကသိုလ်)




သရုပ်ဆောင်
ချမ်းမေမြတ်နိုး

ဓာတ်ပုံ
သရုပ်ဆောင် ဦးဝင်းမြင့်မှ
ပုံပိုးပေးသည်။


ဖြန့်ချိရေး - ကန့်ကော်လွင်စာပေ၊ အမှတ်(၈၇)၊ [illegible]ထပ်(၆)၊ [illegible]လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၁ [illegible]


ဓာတ်ပုံ သရုပ်ဆောင် ဦးဝင်းမြင့်မှ ပုံပိုးပေးသည်။

တန်ဖိုး - ၁၀၀၀၊ အုပ်ရေ - ၁၀၀၀

www.burmeseclassic.com

# SEPTEMBER 2014 CONTENTS

**ကဗျာ**

ရာဇဖွား(မန္တလေး)၊ မြစ်ငယ်မောင်ကြီးစိန်၊ ထက်အောင်၊ မင်းရိုးယဉ်၊ မိုးသောက်ကြယ်(မြို့သစ်)၊ နန်းမျိုးဝင်း(စိတ်ပညာ)၊ နိုင်ခင်ရွှေ၊ မျိုးကိုကိုထက်(ပျဉ်းမနား)

**ကာတွန်း**

သူရိန်၊ မောင်တင်ယု၊ ဖွဲ့နေ၊ ရွှေကိုဦး၊ မြေရိုင်း၊ အောင်ချမ်းမြေ့(မင်းဘူး)၊ ပေါက်ကျိုင်း၊ နန်းလေး

**ဆောင်းပါး**


| | | |
|---|---|---|
| ဦးသန်းထွန်း(ဥပဒေ) | တံလျှပ်ရေထင်၊ ရွှေသမင်အလိုက်မမှားစေချင် | ၂၃ |
| ချစ်ဝေမောင် | အကယ်၍ ငါသည်သာလျှင် | ၂၉ |
| ပုညခင်သူ(တရားရေး) | ပီတိချို | ၉၉ |


**ဘာသာပြန်**


| | | |
|---|---|---|
| လှုမ်းထက် | ကိုလိုနီခေတ် အမှုအခင်းများ | ၉၂ |
| လှမိုး(ပညာရေး) | ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာနှင့် ဘိန်းခန်းများ | ၁၁၀ |



**တစ်မျက်နှာဝတ္ထု**


| | | |
|---|---|---|
| အိမ့်(ရှပဒေဒ) | နိုကိုးမဲ့မျက်ရည် | ၇၅ |




www.burmeseclassic.com





ရုပ်ရှင်မိတ်ဆက်

ဦးဝင်းမြိုင်(သရုပ်ဆောင်)  လရောင်နမ်းမည့် ပန်းသခင်  ၁၀၂

တစ်ခန်းရပ်ဟာသ

ထက်ထက်(ဟာသ)  ၁၄၇

ဝေဒင်

ဝေဒသုတေသီတစ်ဦး

သတင်း

နိုင်ငံတကာသတင်း/ပြည်တွင်းသတင်း







www.burmeseclassic.com

www.burmeseclassic.com





မှုခင်းဝတ္ထုတို



**မျိုးမြင့်ကြိုင်(သင်)**
ရဲတို့၏ ခဏ ၃၃
**ချမ်းမှူးကြီးဝင်းဦး(မြို့မ)**
ဘဝနာကြည်းမှုထွက်ပေါက် ၄၆
**ထက်ထက်ဦးဝေ**
နွေအလွန် ၅၀
**နှင်းစက်(လားရှိုး)**
စိမ့်စမ်းရေ ၇၆
**မောင်မောင်မိုး(စစ်တွေ)**
သူလည်းသိလောက်ပါချေပြီ ၈၆
**နွေအလွန်**
အရှုံးထဲက အမြတ် ၁၁၈
**ကျွန်းစဉ်ဝမြဲစာတက်**
ထိုင်းပြန်လူငယ်တစ်ယောက်အကြောင်း(၃) ၁၃၂
**မောင်သာမန်(ဇီးကုန်း)**
တစ်ယူသန်ဘကောင်း ၁၄၀
**ရွှင်ရွှန်းမယ်**
တိတ်တခိုးအချစ်ရဲ့ အဆုံးသတ် ၁၅၁
**အောင်ကျော်ပြုံး**
အကောင်းဆုံးနေရာ ၁၆၁


www.burmeseclassic.com

www.burmeseclassic.com



# တောင်းဆုချွေ



မြတ်ညီနောင်
မြေပေါက်ဘုရားဆီက
သွေးမဖောက်ပါတဲ့ဆည်းလည်းသံ
ဝေဟင်မှာလည်း တညံ့ညံ့
နားဝင်မှာလည်း သံသာသာ။
ဟေမန္တ
ဆောင်းလရာသီ
ရောက်ပြန်ပြီပေါ့တစ်ခါ
မဖောက်ပြန် ဟိုအရင်လိုပဲ့
အပြင်မယ်တုန်အောင်ချမ်းသော်လည်း
သွေးဖည်ကာ သူ သစ္စာဖောက်လေတော့
သည်းအူပြတ်ကြွေ
ရတက်ပွေဗျာပါမီးရယ်ကြောင့်
ချွေးစီးတို့ဝေ။
ဖြစ်လေရာ
ဘုံဘဝမှာဖြင့်
သစ္စာရှိသူကိုမှ
ဆုံပါရစေဦးတော့ရယ်လို့
မြတ်စိန္တေထံတော်ပါးမယ်
တောင်းဆုရယ်ချွေ။ ။

ရာဇဖွား (မန္တလေး)


www.burmeseclassic.com

www.burmeseclassic.com



# တောင်သမန်ကို သက်သေတည်

အင်း့တောင်သမန်၊ သမိုင်းမှန်၏
ကန့်မိတ္ထီလာ၊ သမိုင်းစာရှိ
ဆရာတော်မုန်ရွှေ၊ မှတ်တမ်းရေးခဲ့
ရှေးခေတ်စာပေရှိခဲ့သည်။
တောင်သမန်တွင်၊ လွမ်းရိပ်ထင်ခဲ့
ဒိုင်းခင်ခင်နှင့် မောင်ဖေငယ်။
အင်း့အလှဆောင်၊ ချစ်ကြိုးနှောင်၍
တောင်သမန်ကမ်း၊ မယ်ဖယ်တန်းလည်း
အလွမ်းဇာတ်ကို သက်သေတည်။
အချစ်ဖွဲ့နှောင်၊ လွမ်းရိပ်ဆောင်ရင်း
တောင်သမန်အင်း၊ စောင်းသံညှင်းလျက်
လွမ်းချင်းဆိုတိုင်း၊ မျက်ရည်ဝိုင်းသည်
ဒိုင်းခင်ခင်နှင့် မောင်ဖေငယ်။
ပဒေသရာဇ်၊ သူ့စနစ်ကြောင့်
ချစ်ရေးမလွယ်၊ အလွမ်းသယ်ရင်း
ဖေငယ့်ခင်လေး၊ ဖော်ကွာဝေး၍
စတေးခံရ တစ်နယ်ဆီ။
ချစ်ရှုံးသမား၊ နှလုံးသားက
ခံစားဖွဲ့နှောင်၊ လွမ်းဇာတ်ကောင်သည်
တောင်သမန်ကို သက်သေတည်။
နှောင်းခဲ့ဇာတ်အိမ်၊ မည်သို့မှိန်လည်း
ဦးပိန်တံတား၊ လျှောက်ကာသွားရင်း
ခံစားမှုနှင့် ချစ်သူတွေ။
တောင်သမန်အင်း၊ ထိုလွမ်းချင်းသည်
တေးညှင်းသံဖြင့် ပုံဖော်နေ။ ။




မြစ်ငယ်မောင်ကြီးစိန်

www.burmeseclassic.com

www.burmeseclassic.com



# ဘောဖျက်တစ်ချက်၊ ကျွန်တော့်တစ်သက်



အမှတ်ရနေ၊ ငယ်စဉ်ဖြစ်ထွေ
ကျောင်းစာမကျက်၊ တန်းပြင်ထွက်၍
လက်ပိုက်လျက်သာ၊ ထိုင်ထ ထိုင်ထ
ဒဏ်ပေးခံရ။
ထို့ပြင်တစ်ဝ၊ နဖူးစကို
ရိုက်ချင်ပြင်းထန်၊ ဘောဖျက်တစ်ချက်
ဆရာ့လက်သံ၊ ပြောင်ချက်သန်သန်
တစ်သက်မှတ်အောင်၊ မျက်ရည်တောင်ကျ
အသည်းစွဲမှတ်မိ၊ Heart ထိသွားတာ။
ဒီနောက်မှာတော့၊ ကျောင်းစာကိုကျက်
ပျင်းမဖက်တော့၊ ထကြွလို့လ
ရက်ဆက်ခါခါ၊ စာကျက်လာရာ
အတန်းထဲမှာ၊ ပထမစွဲ
နှစ်စဉ်ပဲပေါ့။
တစ်သက်တစ်ခါ၊ ရိုက်ချက်သာသည့်
ဘောဖျက်တစ်ချက်၊ ဘဝတစ်သက်မို့
စာမကျက်လို့၊ ဆုံးမခဲ့သည့်
ဆရာ့ကျေးဇူး၊ မြင့်မိုရ်ဦး။ ။

**ထက်အောင်**

www.burmeseclassic.com

www.burmeseclassic.com



## သုံးပွင့်ပန်း

ခန္ဓာငါးပါး
ရုပ်နာမ်တရား
ရှိထား မိမိမှာ။
ထင်ရှားစွာဖြင့်
ပန်းသုံးပွင့်
ပွင့်ကာမလွဲ ကေန်သာ။
တစ်ပွင့်ပန်းမှာ
''အို'' ရရှာ
သေချာပွင့်နေတာ။
နောက်ပန်းတစ်ပွင့်
''နာ'' ခြင်းဖြင့်
ထပ်ဆင့်ပွင့်နေရှာ။
နောက်ဆုံးပွင့်မှာ
''သေ'' ပန်းသာ
တရားဓမ္မတာ။ ။

မင်းရိုးယဉ်



အောင်သုခဆရာတော် စာရေးဆရာ ဓမ္မလုလင်ဟောကြားချက်အား ခံစားရေးဖွဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# ပန်းသခင်




နေရောင်မခံ၊ ပင်ဆင့်ယံဝယ်
ပျံ့သည့်ဒီပန်း၊ တော်ဝင်နန်းထိုက်
ပန်းမကိုင်ရှုမို့၊ လှမ်းလို့မချူရက်
ပန်းပျိုးသူလက်နဲ့။
ဥယျာဉ်မှူးမိုက်၊ ချစ်ဇောလှိုက်ကာ
အရှိက်ရယ်သာ၊ ထိပါငြားလည်း
အကြင်နာမဲ့၊ ပြုရက်ဘူးကွယ်။
အသည်းနုနု၊ ပီတိထုဆစ်
ပြုံးသည့်မျက်လွှာ၊ ပွင့်လာမည့်ပန်း
မနွမ်းစေချင်၊ အို.....ပန်းသခင်။ ။

မိုးသောက်ကြယ် (မြို့သစ်)

www.burmeseclassic.com

www.burmeseclassic.com





## အသေမဦးခင်

အစရှိရင်
ဆုံးမှာမို့
ဘဝအသိတွေ
သုံးကြစို့။
လောဘ၊ ဒေါသ၊ မောဟတွေ ရဲ့
တောရတွေထဲမှာ
ထွက်လမ်းကို ရှာကြစို့။ ။

**နန်းမျိုးဝင်း (စိတ်ပညာ)**


www.burmeseclassic.com

www.burmeseclassic.com



# ကယက်ခန္ဓာ

အံ့မှိုင်းဝေသီ၊ တိမ်စိုင်ချီလျက်
ရွာသည့်မိုးစက်၊ ဖြောက်ဖြောက်သက်သော်
ငြိမ်သက်ရေပြင်၊ အသက်ဝင်လျက်
ရေတွင်ကယက်၊ လှိုင်းထချက်
ကြွေစဉ်မိုးစက်၊ လှိုင်းတွက်လျက်။
မဟာဘုတ်မီ၊ ခန္ဓာတည်လျက်
ငါးလီခန္ဓာ၊ ဖြစ်ပြီးကာလျက်
ကြားမှာရှိသက်၊ သန္တတိဆက်၍
ပေါ်ထွက်မှုရာ၊ ရုပ်ခန္ဓာ
ခေါ်လျက်သူငါ၊ ဟုတ်မှန်စွာ။
နှစ်ထွေရုပ်နာမ်၊ ကြောင်းကျိုးမှန်မို့
လေးတန်ရုပ်မျိုး၊ ရွာသွန်းမိုးစက်
ကယက်ခန္ဓာ၊ လှုပ်မှုရာကို
အသက်ဆိုကြား 'ငါ'ခေါ်မလား။ ။




နိုင်ခင်ရွှေ

www.burmeseclassic.com

www.burmeseclassic.com



# အရိုင်းနဲ့အယဉ် နှိုင်းယှဉ်ကာမြင်



ရွှေကျေးညီနောင် လေပြင်းဆောင်လို့
တစ်နေရာစီသို့ လွင့်ပါကွဲကြ။
တစ်ကောင်က "သူတော်ကောင်း"ထံ
တစ်ကောင်က "သူယုတ်မာ"ထံ။
အို.....
မိခင်ဝမ်းတွင်း အတူဆင်းလမ်းဝယ်
ဝန်းကျင်ရယ်မတူ သင်ယူမှုကွဲပြား
လွဲမှားသူနဲ့ မလွဲမှားသူ
ကဲ.....(သူတို့ချင်းရယ်)မတူ။
တစ်ကောင်မှာ
ရေကြည်သောက်ပါ အမောဖြေကာ
လာထိုင်ပါဟု နှုတ်ချိုခွန်းဆက်
ပြောဆိုလျက် "သကာပျားလို"
သြော်.....ချိုမှုပို။
ကျန်သည့်တစ်ကောင်မှာ
အကျင့်စရိုက် ရိုင်းပျလမ်းမှား
အချိန်နာရီလှည့်စား
ပြီးတော့ ကံတရားလှည့်စား
အမှားလည်းသူမသိ
နောင်တလည်း သူမရ
သြော်.....
အသိဉာဏ်မဲ့သွားတော့
ကြမ်းတမ်းပေါ့ စကားဆို
ခါးတမာလို နားဝင်မချို။
ကိုယ်ကျင့်တရား
သိက္ခာများမဲ့
စာရိတ္တာယိုင်နဲ့
ဘဝစာမျက်နှာ
ညစ်နွမ်းကာရှိစေဦးတော့
ပျက်အစဉ်ပြင်ခဏတဲ့
ကဲ.....
ဉာဏ်မြော်တွေးစ
သူကောင်းဘဝကို
မြတ်နိုးလိုသူတိုင်း
လမ်းမှားကိုဖျောက်
လမ်းမှန်ရောက်အောင်
မြဲကြဲဆောင်ဖို့ လိုအပ်တယ်။ ။

မျိုးကိုကိုထက် (ပျဉ်းမနား)

www.burmeseclassic.com

www.burmeseclassic.com



# Cartoon



www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon




www.burmeseclassic.com

www.burmeseclassic.com



# Cartoon



www.burmeseclassic.com



## Cartoon




www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com

# Cartoon




www.burmeseclassic.com

www.burmeseclassic.com



ဦးသန်းထွန်း(ဥပဒေ)

# တံလျှပ်ရေထင်၊ ရွှေသမင်အလိုက်မများစေချင်

"တံလျှပ်ရေထင်၊ ရွှေသမင်အလိုက်များသည့်ပမာ မှိုက်မဲမိခဲ့တာလည်း ကိုယ့်ရဲ့အပြစ်ပါ"ဆိုတဲ့ အဆိုတော် ကိုတင်လှိုင် သီဆိုခဲ့တဲ့ သီချင်းလေးကို သတိရလိုက်မိလို့ ဒီဆောင်းပါးလေးကို ရေးဖြစ်သွားတာဖြစ်ပါတယ်။

ဘာကြောင့်လဲဆိုတော့ စာရေးသူကိုယ်တိုင် တစ်ချိန်တုန်းက ဒီသီချင်းစာသားလေးအတိုင်းပဲ တံလျှပ်ကို ရေထင်ပြီး ရွှေသမင်အလိုက်များတော့မလို ဖြစ်ခဲ့မိလို့ပါ။ စာရေးသူကိုယ်တိုင် ဖြစ်ပျက်ခဲ့တာမို့ ယနေ့တိုင် အကြောင်းတိုက်ဆိုင်တဲ့အခါတိုင်း တွေးမိသွားရင် ကြက်သီးမွေးညင်းတောင် ထသွားသလို ခံစားမိပါသည်။

အဖြစ်အပျက်က ဒီလိုပါ။ စာရေးသူတို့ ၁၉၈၇ ခုနှစ်မှာ ပြည်ထောင်စုရှေ့နေချုပ်ရုံး (ယခင် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့)က ဥပဒေအရာရှိ အဆင့်(၄) ရာထူးမှာ ခန့်ထားခြင်းခံခဲ့ရပြီး ဖောင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်မှာ (၄)လခွဲ တက်ရောက်အောင်မြင်ပြီးမှ လုပ်ငန်းခွင်သင်တန်းကို ဆက်တက်ရပါတယ်။

လုပ်ငန်းခွင်သင်တန်းကို ရှေ့နေချုပ်ရုံးရဲ့ ကြီးကြပ်မှုနဲ့ ဌာနတွင်းသင်တန်းအဖြစ် (၁)လ ဆက်တက်ရပါတယ်။ အဲဒီလုပ်ငန်းခွင်သင်တန်းအပြီးမှာ တရားခွင်အမှု စစ်ဆေးခြင်း လက်တွေ့သင်ကြားရင်း အင်းစိန်CID (မှုခင်းတပ်ဖွဲ့)မှာ တရားခွင်လက်တွေ့မှုခင်းဆိုင်ရာများနဲ့ မူးယစ်ဆေးဝါးမျိုးစုံကို ကိုယ်တွေ့ကမျက်မြင် လေ့လာခွင့်ရရှိခဲ့ပါတယ်။

အင်းစိန် CID (မှုခင်းတပ်ဖွဲ့)ရုံးဝင်းထဲမှာ ခင်းကျင်းပြီး ပြသထားရာမှာ မူးယစ်ဆေးဝါးမျိုးစုံ၊ ဘိန်းဖြူ၊ ဘိန်းမည်း၊ ကိုကင်း၊ ဆေးခြောက် စသည့်ဖြင့် နောက်ဆုံး (Heroin No.4) ထည့်ထားတဲ့ စီးကရက်များကို ကိုင်တွယ်ကြည့်ခွင့် ရခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



**မည်သူမည်မျှ တော်စေကာမူ ငါက ဆရာပဲ၊ ငါအကုန်သိတယ်၊ တတ်တယ်၊ ငါ့ကို သတိပေးစရာမလိုဟု ခံယူပြီး မည်သူ၏ဆုံးမမှုကိုမျှ မခံယူပါက ပဲ့ပြင်ဆုံးမမှုဘောင်အတွင်းမှ လွတ်သွားကာ ဆင်ခြင်တုံတရား ကင်းမဲ့သွားသည်နှင့် ထိုလူတော်သည် လူဆိုးဖြစ်သွားရတော့မည်မှာ သေချာလှပါ၏ . . .**



ဒီအချိန်မှာ စာရေးသူက မိမိရဲ့ဆရာများနဲ့ CID က ဆရာများကို မေးကြည့်မိသည်မှာ "ကျွန်တော် အခု ပြထားတဲ့ (Heroin No.4) ထည့်ထားတဲ့ စီးကရက်လေးကို နည်းနည်းလေး စမ်းသောက်ကြည့်လို့ရမလား"လို့ မေးကြည့်လိုက်ရာ CID က ဆရာများနဲ့ အခြားဆရာအားလုံးက "ဟာ.....မလုပ်နဲ့.....မလုပ်နဲ့၊ ခင်ဗျား ချက်ချင်း တစ်ရှူတစ်ရှိုက်နဲ့ မူးယစ်ဆေးဝါးရဲ့ သားကောင်ဖြစ်သွားမယ်"ဆိုပြီး အတင်းတားမြစ်ခဲ့ကြလို့ နည်းနည်းလေးတောင် မမြည်းကြည့်လိုက်ရပါ။ ကံကောင်းလိုက်တာ။ အခုမှ အဲဒီအချိန်က တားမြစ်ခဲ့တဲ့ ဆရာများကို အထူးကျေးဇူးတင်နေမိပါတယ်။ အဲဒီတုန်းကများ တစ်ရှူတစ်ရှိုက်ပဲ၊ ဘာမှမဖြစ်ပါဘူးလို့ ဆရာတွေက ခွင့်ပြုခဲ့ရင် ကျွန်တော့်ဘဝ မတွေးဝံ့တော့ပါ။

ဒါနဲ့ တစ်ဆက်တည်းမှာပင် စာရေးသူကဲ့သို့ တံလျှပ်ရေထင် ရွှေသမင်အလိုက်မှားသည့် ဆရာဝန်တစ်ဦးကို လွန်ခဲ့သော နှစ်အနည်းငယ်က မန္တလေးမှာ တွေ့ဖူးခဲ့ပါတယ်။ သူကတော့ ယခင်တုန်းက အလွန်နာမည်ကြီးတဲ့ ဆရာဝန်တစ်ယောက်လို့ သိရပါတယ်။ ထိုဆရာဝန်သည် နံပါတ်ဖိုးစွဲနေသူများ၊ အခြားမူးယစ်ဆေးဝါးစွဲနေသူများကို မူးယစ်ဆေးပြတ်အောင် ကုသပေးရာတွင် အလွန်တော်သည့်အတွက် သူဌေးသူကြွယ်များ၊ ငွေရှင်ကြေးရှင်များနှင့် အရာရှိကြီးများသည် ဆေးစွဲနေသည့် သူတို့သားသမီးများကို ထိုဆရာဝန်ထံ ကုသမှုခံယူစေကြလေ၏။

တစ်နေ့တွင် ထိုဆရာဝန်သည် လူငယ်တွေ ဘာ့ကြောင့် မူးယစ်ဆေးဝါးစွဲနေရသည်ကို တွေးတောရင်းမှ လက်တွေ့သိလိုသောဆန္ဒကြောင့် ကိုယ်ကိုယ်တိုင် စမ်းသပ်သုံးစွဲကြည့်မိသည်။ ထို့ပြင် ထိုဆရာဝန်သည် သူ့ကိုယ်သူ အထင်ကြီးနေဟန်ရှိပြီး "ငါ မူးယစ်ဆေးစွဲနေသူတွေကို ဆေးကုသပေးနေတာပဲ၊ ငါကိုယ်တိုင် မူးယစ်ဆေးဝါးရဲ့ သားကောင်မဖြစ်နိုင်ပါဘူး"ဟု သူ့ကိုယ်သူ အပိုင်တွက်ထားခဲ့သည်။ သို့သော် ထိုဆရာဝန်

www.burmeseclassic.com

www.burmeseclassic.com



ဆေးလိပ်နှင့်အရက်လိုပင် လူတို့စွဲသော ဓာတုဗေဒပစ္စည်းများရှိသည်။ တရားဝင်၊ တရားမဝင် ဆေးများဖြစ်ရာ ယခင်က "မူးယစ်ဆေးဝါးစွဲလမ်းမှု" ဟုခေါ်သည်။ ယခုမူ မူးယစ်ဆေးဝါး ဟုတ်ဟုတ်၊ မဟုတ်ဟုတ် စွဲလမ်းကြသဖြင့် "ပစ္စည်းစွဲလမ်းမှု"(ဝါ) "ပစ္စည်းအလွဲသုံးမှု" ဟုခေါ်သည်။

သည် ဆေးစွဲမှန်းမသိ စွဲသွားတော့သည်။ နောက်ဆုံးတွင် သူ့မိသားစုဝင်များ သိသွားသဖြင့် ဆေးရုံပို့ကာ ဆေးဖြတ်ရတော့သည်။ ဆေးကုသခွင့်လိုင်စင်(ဆမ) လည်း သိမ်းဆည်းခံရသည်။

ထို့ကြောင့် မည်သူမည်မျှ တော်စေကာမူ ငါက ဆရာပဲ၊ ငါအကုန်သိတယ်၊ တတ်တယ်၊ ငါ့ကို သတိပေးစရာမလိုဟု ခံယူပြီး မည်သူ၏ဆုံးမမှုကိုမျှ မခံယူပါက ပဲ့ပြင်ဆုံးမမှုဘောင်အတွင်းမှ လွတ်သွားကာ ဆင်ခြင်တုံတရား ကင်းမဲ့သွားသည်နှင့် ထိုလူတော်သည် လူဆိုးဖြစ်သွားရတော့မည်မှာ သေချာလှပါ၏။

ဒါကြောင့်လည်း **"မူးယစ်ဆိုက ဆန့်ကျင်ကြ"**၊ **"ရှောင်လေဝေးဝေး မူးယစ်ဆေး"**စသည်ဖြင့် နိုင်ငံတော်မှ ကြီးမှူးပြီး မူးယစ်ဆေးဝါးဆန့်ကျင်ရေး စီမံချက်လုပ်ငန်းအမျိုးမျိုးအပြင် မူးယစ်ဆေးဝါးနှင့် ပတ်သက်သော ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာစပ်ဆိုပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများကို နှစ်စဉ်နှစ်တိုင်း နိုင်ငံတစ်ဝန်းလုံးမှာ ကျင်းပနေကြခြင်းဖြစ်ပါတယ်။ ဒီ့အပြင် နိုင်ငံတော်ပိုင်းအနေဖြင့်လည်း ၁၉၉၃ ခုနှစ်မှာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေကို ပြဋ္ဌာန်းလျက် မူးယစ်ဆေးဝါးဆိုင်ရာမှုခင်းများကို ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ်များ ချမှတ်လျက်လည်းကောင်း၊ နိုင်ငံတစ်ဝန်း သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးအပြင် ဆက်စပ်ပစ္စည်းအားလုံးကိုလည်း နှစ်စဉ်အခမ်းအနားဖြင့် မီးရှို့ဖျက်ဆီးခြင်းများကိုလည်းကောင်း၊ ဘိန်းစိုက်ခင်းများကိုလည်း စီမံချက်စစ်ဆင်ရေးအမျိုးမျိုးဖြင့်လည်းကောင်း စဉ်ဆက်မပြတ် ဖျက်ဆီးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပေသည်။

ထို့ပြင် ဆေးလိပ်နှင့်အရက်လိုပင် လူတို့စွဲသော ဓာတုဗေဒပစ္စည်းများရှိသည်။ တရားဝင်၊ တရားမဝင် ဆေးများဖြစ်ရာ ယခင်က "မူးယစ်ဆေးဝါးစွဲလမ်းမှု" (Drug Abuse) ဟုခေါ်သည်။ ယခုမူ မူးယစ်ဆေးဝါး ဟုတ်ဟုတ်၊ မဟုတ်ဟုတ် စွဲလမ်းကြသဖြင့် "ပစ္စည်းစွဲလမ်းမှု"(ဝါ)"ပစ္စည်းအလွဲသုံးမှု" (Substance Abuse) ဟုခေါ်သည်။ ဤစွဲလမ်းမှုမှာ ကမ္ဘာတစ်ဝန်းဖြစ်နေသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကုလသမဂ္ဂ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး "World Health Organization"(WHO)၊ နိုင်ငံတကာအစိုးရများက ဝိုင်းအဖြေရှာ နှိမ်နင်းနေရသည်။ အမေရိကန်အစိုးရက ပိုအရေးယူသည်။ အကြောင်းမှာ သူ့နိုင်ငံတွင်းသို့ ထိုခွဲဝေသော ပစ္စည်း၊ ဓာတုများကို သွင်းရောင်းမှုများလွန်း၍ အမေရိကန်လူကြီးလူငယ်တွေ စွဲကြလွန်း၍ဖြစ်သည်။ ဘိန်းမှထွက်သော ဟဲရိုးယင်း (Heroin ဟီးရိုးအင်းဟုအသံမထွက်ပါ)၊ ကုတ်ကိန်း(Cocaine)နှင့် စိတ်လှုံ့ဆော်ဆေး အမ်ဖီတမင်း (Amphetamine) တို့ ပါဝင်သည်။ မြန်မာနိုင်ငံက ယခင်က ပူးတွဲလုပ်ခဲ့သော မူးယစ်ဆေးဝါး နှိမ်နင်းရေးလုပ်ငန်း (၁၉၉၉-၂၀၁၄)ကို နောက်ထပ် ၅ နှစ်တိုးလုပ်ရန် (၂၀၁၉)ပြည်ထဲရေးဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ၂၀၁၂ ခု၊ အောက်တိုဘာလ ၆ ရက်နေ့က လက်မှတ်ရေးထိုးခဲ့သည်။



**မူးယစ်ဆေးဝါး (ဝါ) ဓာတုပစ္စည်း အလွဲသုံးစွဲမှု လက္ခဏာများ** (Abuse)

(၁) ကျောင်း၊ အိမ်၊ အလုပ်ခွင်၌ တာဝန်လစ်ဟင်းခြင်း။

(၂) ဓာတုပစ္စည်းသုံး၍ အန္တရာယ်ရှိသောအလုပ်ကို လုပ်နေခြင်း၊ ဥပမာ-ကားမောင်းခြင်း၊ စက်ပစ္စည်းသုံးခြင်း။

(၃) ဓာတုပစ္စည်းသုံး၍ ဥပဒေချိုးဖောက်မှုကြောင့် အရေးယူခံရခြင်း။

(၄) ဓာတုပစ္စည်းသုံးသဖြင့် မိမိအိမ်သား၊ သူငယ်ချင်း၊ လုပ်ဖော်ကိုင်ဖက်၊ သူစိမ်းတစ်ရံဆံများနှင့် ခိုက်ရန်ဖြစ်ပွားခြင်း။

**မူးယစ်ဆေးဝါး(ဝါ) ဓာတုပစ္စည်းစွဲလမ်းမှုလက္ခဏာများ** (Addication)

(၁) ယင်းဓာတုပစ္စည်းကို သုံးစွဲနေလို့ရခြင်း၊ နေကောင်းရန် ပိုပိုသုံးလာရခြင်း။

(၂) ယင်းဓာတုပစ္စည်းကို မသုံးရက နေလို့မရဘဲ ပျို့ခြင်း၊ စိတ်ဂနာမငြိမ်ခြင်း၊ အိပ်မရခြင်း၊ စိတ်ဓာတ်ကျခြင်း၊ ချွေးထွက်ခြင်း၊ တစ်ကိုယ်လုံးတုန်လှုပ်ခြင်း၊ ပူပင်သောကများခြင်းတို့ဖြစ်လာခြင်း။

(၃) ထိုဓာတုပစ္စည်းကို မသုံးဘဲမနေနိုင်၊ အမြဲသုံးနိုင်ခြင်း၊ ပိုပိုသုံးလာခြင်း။

(၄) ယင်းဓာတုပစ္စည်းရရန်၊ ဝယ်ရန်၊ သုံးရန်သာ စိတ်ကဝင်စားနေခြင်း၊ လုပ်နေခြင်း။

(၅) ယင်းဓာတုပစ္စည်းသုံးနေ၍ ရှေးကလုပ်နေကျ အားကစား၊ ပေါင်းသင်းမှုအလုပ်များ မလုပ်တော့ခြင်း။

(၆) ယင်းဓာတုပစ္စည်းများသုံး၍ မူးမေ့ခြင်း၊ ဖျားခြင်း၊ စိတ်ပြောင်းလဲခြင်း၊ ငိုလိုက်၊ ရယ်လိုက် ပျော်လိုက်ဖြစ်ခြင်း၊ သူများကို တလွဲထင်ခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ဖြစ်သည့်တိုင် ဆက်လက်၍သုံးစွဲခြင်း။

**ဆေးပညာအရ သိနိုင်သော ဆေးစွဲလက္ခဏာများ**

(၁) မျက်စိရဲနေခြင်း

(၂) သူငယ်အိမ်ကျယ်လွန်း(သို့မဟုတ်)ကျဉ်းနေခြင်း

(၃) ခံတွင်းပျက်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ အိပ်ရေးပျက်ခြင်း

(၄) မိမိကိုယ်ကို ခေါင်းဖြီး၊ ရေချိုး၊ ဝတ်စားဆင်ယင်မှု မရှိခြင်း

(၅) ပါးစပ်မှ အနံ့ထွက်ခြင်း

(၆) လက်တုန်ခြင်း

(၇) စကားပြောလျှင် နှေးကွေးခြင်း၊ မပီခြင်း

(၈) အပြုအမူ ပြောင်းလဲမှုများရှိခြင်း

(၉) စိတ်ပြောင်းလဲမှုများရှိခြင်း

**အသုံးများသော စွဲတတ်သည့် ဓာတုပစ္စည်းများ၏ လက္ခဏာများ**

**(က) ဆေးခြောက်** (Marijuana)

(၁) ပြောင်လက်နီရဲသော မျက်လုံးရှိခြင်း

(၂) ကျယ်လောင်စွာ စကားပြောခြင်း

(၃) အကြောင်းမရှိဘဲ အော်ရယ်၊ နောက်အိပ်ခြင်း

(၄) ပတ်ဝန်းကျင်ကို စိတ်မဝင်စားခြင်း

(၅) အလုပ်လုပ်လိုစိတ်မရှိခြင်း

(၆) ကိုယ်အလေးချိန်တိုးလာခြင်း(ဝါ)လျော့ခြင်း

(၇) လိင်ဘက်မှာ စိတ်ထက်သန်ခြင်း

**(ခ) စိတ်ငြိမ်ဆေး** (Depressants)

ဥပမာ **Xanax,Valium,GHB**

(၁) သူငယ်အိမ်ကျဉ်းလွန်းခြင်း

(၂) ရေသောက်ခက်ခြင်း

(၃) ကိုယ်လက်လှုပ်ရှားမှု တုံ့ဆိုင်းခြင်း

(၄) စကားမပီခြင်း၊ လေးခြင်း

(၅) အမြဲအိပ်နေလိုခြင်း

**(ဂ) စိတ်လှုံ့ဆော်ဆေးများ** (Stimulants)

ဥပမာ–Amphetamine,Cocaine,Crystal Meth

(၁) သူငယ်အိမ်ကျယ်လွန်းခြင်း

(၂) လှုပ်ရှားတက်ကြွနေခြင်း

(၃) စကားများများပြောခြင်း

(၄) အပျော်လွန်နေခြင်း

(၅) ပြီးလျှင် စိတ်ဓာတ်ကျခြင်း၊ အိပ်ခြင်း

(၆) အစာမစားဘဲနေခြင်း

(၇) ပိန်လာခြင်း

(၈) အာခြောက်ခြင်း

**မူးယစ်ဆေးဝါးဆိုလျှင်**
**ဝေးဝေးကပင် ရှောင်ကြပါ။**
**တစ်ရှူ၊ တစ်ရှိုက်မျှပင်**
**စမ်းမကြည့်လိုက်ပါနဲ့လို့**
**ကိုယ်တွေ့နှင့်ယှဉ်၍**
**တင်ပြကန့်ကွက်လိုက်ပါတယ်။**
**မိမိကိုယ်မိမိ အထင်ကြီးပြီး**
**မတော်တဆ စမ်းသပ်၊**
**သုံးစွဲလိုက်မိပါမူ**
**. . .**

www.burmeseclassic.com

www.burmeseclassic.com


**(ဃ) ရှူဆေးများ (Inhalants)**

**ဥပမာ–ကော် နှာဖျန်းဆေးအငွေ့များ**

(၁) မျက်ရည်ယိုခြင်း

(၂) အမြင်မကြည်လင်ခြင်း

(၃) မှတ်ဉာဏ်ချွတ်ယွင်းခြင်း

(၄) နှာခေါင်းခြောက်၍ နှာပိတ်ခြင်း

(၅) ခေါင်းမူးခြင်း၊ ကိုက်ခြင်း

(၆) ပျို့ခြင်း

(၇) ခြေလက်လှုပ်ရှားမှုမမှန်ခြင်း

(၈) ခံတွင်းပျက်ခြင်း

(၉) အိမ်မှာစွဲသောဓာတ်ငွေ့ဘူးများပုံနေခြင်း (ဓာတ်ဆီ၊ တာပင်တိုင်ဆီစွဲကြသည်။)

**(င) စိတ်ထင်ယောင်ထင်များဖြစ်စေသောဆေးများ** (Hallucinogens)

ဥပမာ–LSD,PCP

(၁) သူငယ်အိမ်ကျယ်လွန်းခြင်း

(၂) အမူအရာမမှန်ခြင်း

(၃) တလွဲထင်ခြင်း

(၄) သူများကို ဇော်ကားခြင်း

(၅) ပျော်လိုက်၊ စိတ်ညစ်လိုက် စိတ်ပြောင်းလဲခြင်း

(၆) လေးလံသောစကားပြောခြင်း၊ မပီခြင်း

(၇) စိတ်ရှုပ်ထွေးခြင်း

**(စ) ဟဲရိုးယင်း (Heroin)**

(၁) သူငယ်အိမ်ကျဉ်းခြင်း၊ အလင်းရောင်မတုံ့ပြန်ခြင်း

(၂) လက်၊ တင်ပါး၊ ပေါင်မှာ ဆေးထိုးအပ်ရာများရှိခြင်း

(၃) အိပ်ချိန်မဟုတ်ဘဲ အိပ်နေခြင်း

(၄) ချွေးထွက်ခြင်း

(၅) အန်ခြင်း

(၆) ချောင်းဆိုးခြင်း၊ ချေခြင်း

(၇) ကြွက်သားများ အလိုလိုရှုံ့ခြင်း၊တွခြင်း

(၈) အစားပျက်ခြင်း

(၉) လူပိန်လာခြင်း

**(ဆ) ဆရာဝန်ညွှန်းသောဆေးများကိုစွဲခြင်း**

(Addiction of Prescription Drugs)

(၁) Codeine ပါသောဆေးများ ဥပမာ ချေ္ချောင်းဆိုးပျောက်ဆေး၊ APC,Codeine-Phos ချောင်းဆိုးပျောက်ဆေး၊ Comethzine

(၂) အနာအကျင်ပျောက်ဆေးများ ဥပမာ Darvon, Vicodin Morphine, Pethidine

(၃) ဦးနှောက်လုပ်ငန်းနှိမ်ဆေးများ (CNS Depressants)

(၄) ဘာဘီကျူရိတ်အိပ်ဆေးများ ဥပမာ– Phenobarbital (Luminal) Pentobarbital (Nembuta)

(၅) ဦးနှောက်လှုံ့ဆော်ဆေးများ (Stimulant) ဥပမာ–Ritalin,Dexedrine

(၆) ချောင်းဆိုးပျောက်ဆေး DMX (Dextromethophan)

(၇) အခြားဆေးများ

**"ကုသမှု"**

မိမိ၏သားသမီး၊ ဆွေမျိုး၊ မိတ်သင်္ဂဟတစ်ဦးကို ဓာတုပစ္စည်းတစ်ခုစွဲသည်ထင်က သက်ဆိုင်ရာအာဏာပိုင်အဖွဲ့(သို့မဟုတ်) စိတ်ကျန်းမာရေးဆေးရုံပို့ပါ။ ဖုံးမထားပါနှင့်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မူးယစ်ဆေးဝါးဆိုလျှင် ဝေးဝေးကပင် ရှောင်ကြပါ။ တစ်ရှူ၊ တစ်ရှိုက်မျှပင် စမ်းမကြည့်လိုက်ပါနဲ့လို့ ကိုယ်တွေ့နှင့်ယှဉ်၍ တင်ပြကန့်ကွက်လိုက်ပါတယ်။ မိမိကိုယ်မိမိ အထင်ကြီးပြီး မတော်တဆ စမ်းသပ်၊ သုံးစွဲလိုက်မိပါမူ **"တံလျှပ်ရေထင်၊ ရွှေသမင်အလိုက်မှားသကဲ့သို့"**ဘဝမှာ ပြင်လို့မရသည့် နောင်တဖြင့် အဆုံးသတ်သွားနိုင်ကြောင်း စေတနာကောင်းဖြင့် တင်ပြလိုက်ပါတယ်။

ဦးသန်းထွန်း (ဦးပဒေ)

www.burmeseclassic.com

www.burmeseclassic.com



# ချစ်ဝေမောင်

## အကာယ်၍ ငါသည်သာလျှင် . . .

ရာသီဥတုကပူနေတဲ့ကြားက လမ်းလယ်ပေါ် ဂျာနယ်၊ သတင်းစာရောင်းသူက အပူဒဏ်ကိုမမှုဘဲ ဝမ်းရေးအတွက် လှုပ်ရှားနေရသည်။ သတင်းထောက်တွေကလည်း သတင်းရဖို့အရေး နေပူအလယ် လှုပ်ရှားသွားလာလျက်။ ဩော်.....လူ့ဘဝသည်ကား'' ဟူ၍တွေးကာ ဟူးခနဲ သက်ပြင်းတစ်ချက်ကို မှုတ်ထုတ်လိုက်သည်။

ဩော်.....ဟိုတုန်းက တို့မြန်မာပြည်မှာ သတင်းထောက်တွေဆိုတာ ခုလိုမမြင်တွေ့ခဲ့ဖူးပါလား။ ခုတော့ဖြင့် အနယ်နယ်အရပ်ရပ်က အဖြစ်အပျက်တွေ၊ အကြောင်းအရာတွေကို ထိုင်နေရင်း သိနိုင်ခဲ့လေပြီ။ သို့သော် စည်းကမ်းလိုက်နာဖို့တော့ အများကြီးလိုလိမ့်ဦးမည်။ သတင်းထောက်တစ်ယောက်က သတင်းတစ်ပုဒ်ကို ဘက်မလိုက်ဘဲ ပြည်သူအလယ်ချပြဖို့ လိုလိမ့်မည်။ ပုဂ္ဂိုလ်ရေးတွေ၊ မာန်မာနတွေ၊ အတ္တာတွေမပါဘဲ သတင်းချပြဖို့လိုလိမ့်မည်။

ပြည်သူဆိုတာ သတင်းစာမျက်နှာပေါ်ပါလာတဲ့ သတင်းလေးတွေကို ဖတ်ရင်း အကြောင်းအရင်းလေးတွေ၊ အဖြစ်အပျက်တွေ၊ နိုင်ငံ့ဝန်ထမ်းတွေနဲ့ပတ်သက်ပြီး ကောင်းသတင်း၊ မကောင်းသတင်းက အစုံပါပဲဗျ။ အဲဒီသတင်းတွေကို ဝေဖန်ကြမယ်၊ ယုံစားကြမယ်။ ဒီလိုသတင်းပေါင်းစုံတွေကြားထဲက တချို့သတင်းကတော့ စာဖတ်သူကို ဖမ်းစားနိုင်ခဲ့တယ်။ တရားခံလာဖမ်းတဲ့ ရဲတွေကို ရွာသားတွေကဖမ်းထားလို့ သွားကယ်ရတဲ့ အဖြစ်အပျက်၊ လုံခြုံရေးတာဝန်ကျနေတဲ့ ရဲတွေကို ရိုက်သွားတဲ့အဖြစ်အပျက်၊ တာဝန်ထမ်းဆောင်နေတဲ့ ယာဉ်ထိန်းရဲတွေကို ရိုက်သွားတဲ့အဖြစ်အပျက် စုံလို့ပါပဲ။ ဒီသတင်းကို ဖတ်မိခဲ့စဉ်ကတော့ မယုံခဲ့မိပါဘူးဗျာ။ တို့မြန်မာပြည်ဟာ ဒီလောက်တောင် ဖြစ်သွားကြပြီလား၊ တရားဥပဒေစိုးမိုးမှု မရှိနိုင်တော့ဘူးလားဆိုတဲ့အတွေးတွေ ဝင်လာမိတယ်။

''ရဲ''ဆိုတာ ရေးဆွဲထားတဲ့ ဥပဒေတွေကို စောင့်ထိန်းဖို့ ဖွဲ့စည်းထားတဲ့ ပြည်သူထဲက မွေးဖွားလာတဲ့ ပြည်သူ့အဖွဲ့အစည်းတစ်ခုပါ။ ပြည်သူတွေရဲ့ ရင်သွေးတွေပဲမဟုတ်ပါလား။

''ရဲ''ဆိုတာ ပြည်သူတွေရဲ့ မုန်းတီးရွံရှာစရာကောင်းတဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်နေသလောဟူသည့် အတွေးများဖြင့် စဉ်းစားမိသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုတာ တစ်ချိန်တုန်းက ကိုလိုနီအမွေဆိုးတွေ၊ မြန်မာတွေ

www.burmeseclassic.com



ရဲ့သွေးမှာ "ပုလိပ်"ဆိုတဲ့ခေတ်က သွေးလန့်ခဲ့တဲ့အဖြစ်တွေ၊ ကိုလိုနီအမွေဆိုးတွေကိုကြောက်ပြီး ရွံ့မုန်းခဲ့တာတွေ၊ အဲဒီရဲ့အမွေတွေ မြန်မာသွေးထဲ ဆက်ခံခဲ့တာတွေပဲဆိုခဲ့ရင်ကော.....။

ဒါပေမဲ့ ရဲတပ်ဖွဲ့တစ်ဖွဲ့လုံး ခြောက်ပစ်ကင်း၊ သဲလဲစင် ကောင်းတယ်လို့ မထင်ရက်ပါ။ စနစ်ဆိုးရဲ့ အမွေဆိုးကို ဆက်ခံပြီး ကြီးနိုင်ငယ်ညှဉ်း ရှိနေဆဲပဲဟုဆိုလျှင် ဟူသောအတွေးနှင့်အတူ တစ်ဖက်မှာလည်း ပြည်ထောင်စုသမ္မတ ဒီမိုကရေစီမြန်မာနိုင်ငံတော်ဆိုတဲ့ ခေါင်းစဉ်တစ်ခုအောက်မှာ ဒီမိုကရေစီနိုင်ငံတော်ရဲတပ်ဖွဲ့ပီပီ ဥပဒေရှေ့က မားမားမတ်မတ်ရပ်ပေးမယ့် ခေါင်းဆောင်ကောင်းတော့ ရှိသင့်သည်ဟူသော အတွေးတွေကြားမှ မလူးသာမလွန့်သာရှိနေခဲ့သည်။

ရပ်ရေးရွာရေး စကားပိုင်းတစ်ခုမှာ စကားစပ်မိရင်း "ရဲ"တွေရဲ့ လုပ်ပိုင်ခွင့်လေးတွေ သိသလောက်၊ မှတ်သလောက် ဆွေးနွေးခွင့်ရခဲ့တော့ တို့မြန်မာပြည်သူတွေဟာ တို့မြန်မာပြည်မှာနေထိုင်တဲ့ ပြည်သူတွေအတွက် ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို တော်တော်များများက မသိကြဘူးဖြစ်နေတယ်။ ဝမ်းနည်းခဲ့ရပေစွ။ စာရေးသူကား အတတ်ကြီး၊ အသိကြီးမဟုတ်။ သို့သော်ငြား မတတ်သူက မသိတဲ့သူကို လိမ်စားမခံရအောင်တော့ လေ့လာမိခဲ့သည်ဆိုလျှင် လွန်မည်မထင်ပါ။

တကယ်တော့ ဒီကနေ့ မြင်တွေ့နေရတဲ့ ရဲတပ်ဖွဲ့ဝင်တွေဟာ ပွင့်လင်းမြင်သာတဲ့ ရဲလုပ်ငန်းစနစ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ရင်း ဥပဒေဆိုတဲ့ ဓားသွားတစ်လက်ထက်မှာ အတိမ်းစောင်းမခံဘဲ တည့်မတ်စွာ လျှောက်လှမ်းနေကြရသူတွေလို့ မြင်မိခဲ့တယ်။ ဘာကြောင့်လဲ။ တစ်ဖက်ကို ရဲလုပ်ငန်း တိမ်းစောင်းသွားရင် အရေးယူတဲ့ ရဲစည်းကမ်းဥပဒေ၊ နယ်ဘက်ဥပဒေတွေ။ နောက် တစ်ဖက်ဥပဒေရဲ့ တရားခံတွေကြားကို တိမ်းစောင်းခဲ့ရင် အသက်ပေးရမယ့် အန္တရာယ်နဲ့ ရင်ဆိုင်ရတဲ့အဖြစ်။ "မတစ်ထောင် တစ်ကောင်ဘွား" စုန်းပြူးတွေတော့ ရှိမှာပေါ့ဗျာ။ ငါသိ၊ ငါတတ် အားအားယားယား ရေးချင်တိုင်းရေးပြီး တိုင်လို့ရတဲ့ နေရာတိုင်းကို တိုင်ချင်တိုင်း တိုင်နေကြရင်း တိုင်းပြည်အုပ်ချုပ်တဲ့သူတွေကလည်း နိုင်ငံတော်တိုးတက်ရေးကို မလုပ်အားဘဲ တိုင်စာထိုင်ဖတ်နေရုံနဲ့ အချိန်ကုန်ရမလိုဖြစ်နေတယ်။ မဟုတ်ဘူးလား အရပ်ကတို့ရယ်။ တကယ်ညစ်ပတ်တဲ့ ဝန်ထမ်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းတွေ ချိုးဖောက်တဲ့ ဝန်ထမ်းသာဆိုလို့ကတော့ လုပ်လိုက်ကြပေတော့ မောင်မင်းတို့ရယ်လို့ မြှောက်တောင်မြှောက်ပေးလိုက်ဦးမယ်။ ဒါမှ တို့နိုင်ငံကြီး ဣန္ဒြေရလာမှာကိုး အရပ်ကတို့ရယ်။

တို့မြန်မာပြည်သူတွေအနေနဲ့ ပွင့်လင်းမြင်သာတဲ့ ရဲလုပ်ငန်းတွေကို ရဲတွေက အကောင်အထည်ဖော်ဆောင်ရွက်နေချိန်မှာ တို့ပြည်သူအနေနဲ့ တစ်တပ်တစ်အား တိုင်းကျိုးပြည်ကျိုး တို့များပိုင်းဝန်း သယ်ပိုးနိုင်အောင်၊ ရဲတွေက လုပ်ချင်တိုင်းလုပ်နေကြရတာမဟုတ်ဘဲ ဥပဒေက ပြဋ္ဌာန်းထားတဲ့အတိုင်း ဆောင်ရွက်နိုင်အောင် စာရေးသူ သိသလောက်၊ မှတ်သလောက်လေး ပြည်သူတွေ သိထားသင့်တယ်ထင်တဲ့ ပြည်သူနဲ့ မြန်မာ "ရဲ"တွေကြား စကားဖောက်သည်လေးချလိုက်ကြရအောင်။

ကဲ.....ညီနောင်သားချင်းတို့ရေ

ပြည်သူတွေက အမှုဖြစ်တဲ့အခါ ရဲစခန်းသွားတိုင်ရင် ရဲက ရဲအရေးယူပိုင်ခွင့်ဖြစ်မှုရှိသလို ရဲအရေးမပိုင်တဲ့ ပြစ်မှုတွေ ရှိတယ်ဗျ။ ရဲအရေးမပိုင်တဲ့ ပြစ်မှုတွေဆိုရင် ရဲတပ်ဖွဲ့က ကျင့်ထုံးဥပဒေပုဒ်မ ၁၅၅ အရ တရားရုံးကို ဦးတိုက်လျှောက်ဖို့ လမ်းညွှန်ပေးတယ်။ (က)(ခ) ပုံစံနဲ့ တရားရုံးကို လျှောက်ပေးတယ်။ ဒါပေမဲ့ ပြည်သူတွေက ရဲစခန်းအမှုသွားတိုင်ရင် အမှုဖွင့်မပေးဘူး၊ တရားရုံးကိုပဲလွှတ်တယ်၊ ရဲတွေက အလုပ်မလုပ်ဘူးတဲ့။ ဒါမျိုးလည်း မထင်လိုက်ပါနဲ့နော်။ မိမိကိုယ်တိုင်ကလည်း ဒါ ရဲအရေးပိုင်၊ မပိုင်၊ ရာဇဝတ်မှုမြောက်၊ မမြောက် သိထားရမယ်။ ထပ်ဆင့်ပြီးတော့ ရဲတွေက ဥပဒေနှင့်အညီသာ လုပ်ရတာလို့ သိထားစေချင်တယ်။ ပြည်သူတွေဖြစ်ချင်တိုင်းလိုက်လုပ်ဖို့ "လူ့အလို နတ်မလိုက်နိုင်" ဆိုတဲ့ မြန်မာစကားပုံလေးကိုတော့ သတိရလိုက်စေချင်တယ်။

ဒါပေမဲ့ ရဲအရေးပိုင်တဲ့ ပြစ်မှုတွေနဲ့ ပတ်သက်လာ

www.burmeseclassic.com

ရင်တော့ "ရဲ"တွေက ရဲလက်စွဲ အပိုဒ် ၁၄၁၄ နှင့် အညီ ကျင့်ထုံးဥပဒေပုဒ်မ ၁၅၄ အရ ပထမသတင်းပေးတိုင်တန်းချက် (F.I.R= First Information Report) ရေးဖွင့်ဆောင်ရွက်ပြီး ကျင့်ထုံးဥပဒေပုဒ်မ ၁၅၇(၁)အရ အခင်းဖြစ်နေရာကို သွားရောက်စစ်ဆေးကြရပါလိမ့်မယ်။ **ပထမသတင်းပေးတိုင်တန်းချက်ကို လီဆယ်တိုင်တန်းခဲ့ရင်တော့ ပုဒ်မ ၁၈၂ အရ အရေးယူနိုင်တယ်ဆိုတာကိုပါ တို့ပြည်သူတွေ သတိတော့ထားပေါ့ဗျာ။**

ဒီနေရာမှာ တပ်တဲ့ပုဒ်မတွေက ရဲတွေက တပ်ချင်တိုင်း တပ်လို့မရဘူးနော်။ ပထမသတင်းပေးတိုင်တန်းချက်အပေါ် အခြေခံပြီးမှ ရဲစခန်းမှူးတွေက ဥပဒေက ပြဋ္ဌာန်းချက်အတိုင်း ပုဒ်မကို သတ်မှတ်ပေးရတာ၊ ဘာနဲ့ဖွင့်ပေးပါဆိုပြီး သွားမလုပ်နဲ့၊ လူ့စည်း၊ ဘီလူးစည်းတော့ထားနော်။

အမှုနှင့်လိုအပ်တဲ့သက်သေတွေကို ကျင့်ထုံးဥပဒေပုဒ်မ ၁၆၀ အရ သက်သေတွေကို အမိန့်စာနဲ့ ဆင့်ဆိုနိုင်တယ်ဗျ။ **အဲဒီလိုဆင့်ဆိုထားတာကို ငြင်းဆန်လာလျှင်တော့ ပြစ်မှုပုဒ်မ ၁၇၄ အရ အရေးယူနိုင်ပါတယ်။** တချို့က ရှိတာပေါ့ဗျာ၊ ငါမသွားရင် ဘာဖြစ်မှာမို့လဲ၊ ငါ့မှာဘယ်သူရှိတယ်၊ ဒါမျိုးတွေပေါ့ဗျာ။ ဥပဒေအထက်မှာ ဘယ်သူမှမရှိဆိုတဲ့အတွေး တို့မြန်မာပြည်သူတွေဦးနှောက်ထဲ ထည့်သွင်းနေပြီ၊ တစ်ဦးချင်းစီ တို့တွေဝိုင်းပြီး စိတ်ဓာတ်လေးတွေ ပြင်ဆင်သင့်ပြီလို့ အကြံပြုလိုက်ပါရစေ။ အဲဒီ ဆင့်ဆိုထားတဲ့ သက်သေတွေကို "ရဲ"တွေက ကျင့်ထုံးဥပဒေပုဒ်မ ၁၆၁ အရ စစ်မေးနိုင်လိမ့်မယ်။

ဥပဒေချိုးဖောက်သူတွေအတွက် ရဲတွေကို ကျင့်ထုံးဥပဒေပုဒ်မ ၄၆ အရ ဖမ်းဆီးရာတွေမှာ လိုအပ်တဲ့နည်းကို သုံးခွင့်ပြုထားတယ်။ အဲဒီမှာပေါ့ တရားခံဖမ်းတယ်ဆိုမှတော့ တရားခံရှိတဲ့အချိန်ပဲ ဖမ်းမှာပေါ့။ ဥပဒေမှာ ညဖမ်းရမယ်၊ နေ့ဖမ်းရမယ်ဆိုတာ မရှိပါဘူး။ လိုအပ်ရင် ပစ်ခတ်၍လည်း ဖမ်းနိုင်ပါတယ်။ တို့ပြည်သူတွေက ဥပဒေကို လေးစားရမယ်။ အိမ်ထဲရှိတဲ့ တရားခံတွေကို ရဲတွေက အိမ်ထဲဝင်ရှာတဲ့အခါ ကျင့်ထုံးဥပဒေပုဒ်မ ၄၇ အရ ဝင်ရောက်ရှာဖွေလိမ့်မယ်။ အိမ်ထဲဝင်ရှာလို့ ရဲတွေဝင်လို့မရခဲ့ရင် ကျင့်ထုံးဥပဒေပုဒ်မ ၄၈ အရ တံခါးတွေကို ချိုးဖျက်ဝင်နိုင်တယ်။ အိမ်ထဲမှာ ပိတ် မိနေခဲ့ရင်လည်း ကျင့်ထုံးဥပဒေပုဒ်မ ၄၉ အရဖွင့်ချိုးပြီးထွက်နိုင်တယ်။ အိမ်ပိုင်ရှင်က သူနစ်နာတယ်ဆိုပြီး ရဲတွေကို လီဆယ်တိုင်တန်းမှုတွေရှိပါတယ်။ ဥပဒေကို လေးစားသင့်ပါတယ်။ မိမိအတ္တတစ်ခုကြောင့် နိုင်ငံတော်က ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေကို မချိုးဖောက်သင့်ပါဘူး။ အတ္တတွေ ဒီအချိန်၊ ဒီကာလတွေမှာ ဖျောက်လိုက်ကြပါစို့။ ထိုတာဝန်ရှိ"ရဲ"နေရာမှာ အကယ်၍ ငါသာဆိုလျှင်.....ဆိုတဲ့အတွေးတော့ တွေးပေါ့ဗျာ။

ရဲတွေက ဖမ်းဆီးခြင်းခံရသူကို ကျင့်ထုံးဥပဒေပုဒ်မ ၆၀ အရ စခန်းမှူးထံခေါ်ဆောင်သွားပြီး ကျင့်ထုံးဥပဒေပုဒ်မ ၁၆၇ အရ တရားခံ ရမန်ယူစစ်ဆေးရမည့်အမှုဖြစ်က ရမန်ယူစစ်ဆေးရလိမ့်မယ်။ မှားတာ၊ မှန်တာ တရားသူကြီးက ဆုံးဖြတ်ချက်ပေးလိမ့်မယ်။ ရဲတွေရဲ့ အလုပ်က တိုင်ချက်ရှိရင် လုပ်ထုံးလုပ်နည်းတွေအရ အမှုကိုစစ်ဆေးမယ်၊ သက်သေခံစုဆောင်းမယ်၊ ပြဋ္ဌာန်းထား

**ဒီခေတ်မှာတော့ ပင်စင်ယူ၊ ရဲတပ်ဖွဲ့ထဲက ဖြုတ်ပစ်ခြင်းခံရတာတွေကြောင့် မရှိသလောက်ရှားနေတဲ့အတွက် ကျန်ရှိတဲ့ အမွေဆိုးတွေကိုလည်း ဖော်ထုတ်အရေးယူလျက် ရှိနေတာကို တို့များပြည်သူတွေ လက်တွေ့လည်း မြင်နိုင်ကြားနိုင်ကြလျက် ကျန်ရှိတဲ့ အဲဒီအကျင့်ဆိုး ရဲကြီးများဟာလည်း ဒီနေရာတွေမှာ အကယ်၍ ငါသာဆိုလျှင်...**

www.burmeseclassic.com

www.burmeseclassic.com

တဲ့ ဥပဒေအရ ဖမ်းပါဆိုတဲ့သူကို ဖမ်းကိုဖမ်းရမယ်။ အာမခံပေးရမယ့်သူကို ပေးကိုပေးရမယ်။ ရဲလုပ်ငန်းတွေ ပြီးပြည့်စုံရင်တော့ တရားသူကြီးထံကို တရားစွဲဆိုတင်ပို့လိမ့်မယ်။

ဒီဟာတွေ လုပ်တဲ့အချိန် အမှုလိုက်ရဲတွေ ကြုံတွေ့ရတဲ့ အခက်အခဲတွေက ပတ်သက်ရာ ပတ်သက်သူတွေက အပေါ်စီးကနေ "အဲဒါငါနဲ့ဘာယ်လိုက္ကု၊ မလုပ်နဲ့"ဒါမျိုးတွေပေါ့။ ဥပဒေကို ၎င်းသူ ပြင်ဆင်လို့ရနိုင်သလား။ ဒီနေရာမှာ အမှုလိုက်တာဝန်ရှိ"ရဲ"နေရာမှာသာ ငါသည်သာဆိုလျှင်.....ဒါလေးတွေတော့ ဖြည့်တွေးပေးလိုက်ပေါ့။

အမှုနဲ့လိုအပ်လို့ ရဲတွေက ရှာဖွေတဲ့အခါ တို့ပြည်သူတွေက ကျင့်ထုံးဥပဒေပုဒ်မ ၁၀၂ အရ လွတ်လပ်စွာ ဝင်ရောက်ရှာဖွေခွင့်ပြုပြီး ရှာဖွေရာတွင် ကူညီရမှာဖြစ်တယ်ခင်ဗျ။ ဒါကိုလည်း တို့ပြည်သူများ ပြဋ္ဌာန်းထားတဲ့ဥပဒေကို လေးစားသင့်ပါတယ်။ ဒါကို တာဝန်သိတို့ပြည်သူများကတော့ ကူညီဖို့နေနေသာသာ မရှိမဲ့ရှိမဲ့စိတ်တွေနဲ့ ရဲတွေကို ဥပဒေအထက်စကားလုံးတွေနဲ့ပြောကြကြောင်း ကြားနေမိပါလေရဲ့ဗျ။ သူပြောတဲ့သူဟာ ဥပဒေအထက်မှာ ရှိနေသလား။ ပြဋ္ဌာန်းထားတဲ့ ဥပဒေကို လေးစားကြပါ။ ထိုရဲသာ အကယ်၍ ငါသာဆိုလျှင် ဆိုတဲ့အတွေးလေး တွေးစေချင်ပါတယ်။ ကဲ...တို့ပြည်သူများရယ်။

အမှုဖြင့် ရဲတွေက ကျင့်ထုံးဥပဒေပုဒ်မ ၁၀၃ အရ ရှာဖွေတဲ့အခါ သက်သေတွေရှေ့မှာ ရှာဖွေရလိမ့်မယ်။ ရဲတွေက ကျင့်ထုံးဥပဒေပုဒ်မ ၁၆၅ အရ မိမိနယ်မြေအတွင်းမှာ သက်သေခံပစ္စည်း ရှာဖွေနိုင်ပြီး ကျင့်ထုံးဥပဒေပုဒ်မ ၁၆၆ အရ အခြားနယ်မြေအတွင်း ဝရမ်းမပါဘဲ ရှာဖွေနိုင်ပါတယ်။ နောက်ဆုံး ရဲလုပ်ငန်းတွေ ပြီးပြည့်စုံခဲ့ရင်တော့ ကျင့်ထုံးဥပဒေပုဒ်မ ၁၇၀၊ ၁၇၃ အရ တရားရုံးသို့ တင်ပို့တရားစွဲဆိုလိမ့်မယ်ပေါ့။

ဒါတွေကို တို့ပြည်သူတွေ သိနားလည်ထားမှ ပွင့်လင်းမြင်သာတဲ့ တို့ပြည်သူတွေအတွက် ပြဋ္ဌာန်းထားတဲ့ ဥပဒေကို လေးစားရာရောက်မှာပေါ့ဗျာ။ နိုင်ငံတော်ကြီးရှေ့ဆက်မယ့်ခရီးမှာ တရားဥပဒေစိုးမိုးမှုရှိအောင် တာဝန်သိ တို့ပြည်သူများ အကယ်၍ ငါသာဆိုလျှင်ဆိုသည့် အတွေးများဖြင့်ဖြည့်တွေးရင်း ပူးပေါင်းဆောင်ရွက်ကြစေချင်ပါတယ်။

တို့နိုင်ငံတော်က တို့ပြည်သူတွေ အေးချမ်းသာယာစွာ နေနိုင်ရေးအတွက် ရဲတွေကို ကူညီရင်းနဲ့ ရဲတပ်ဖွဲ့ဝင်တွေအပေါ် နားလည်ပေးစေချင်ပါတယ်။ စုံစမ်းဖော်ထုတ် တရားစွဲဆိုတာ ရဲအလုပ်ပါ။ ရဲတပ်ဖွဲ့ဝင်တစ်ဦးအနေနှင့် ဆုံးဖြတ်ပိုင်ခွင့်မရှိပါဘူး။ ပြဋ္ဌာန်းထားတဲ့ ဥပဒေကို တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ဆောင်၍ ဥပဒေကို စောင့်ထိန်းနေရတဲ့ အဖွဲ့အစည်းတစ်ခုအတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဆီသို့ ချီတက်ရင်း အတိတ်ဆိုးတွေ ဖျောက်နိုင်ကြပါစေဟူသော ဆုတောင်းမေတ္တာပို့ရင်း တာဝန်ရှိရဲတပ်ဖွဲ့ဝင်တွေဟာ လုပ်ထုံးလုပ်နည်း၊ ကျင့်ဝတ်၊ ဥပဒေများကြားမှာ ပြည်သူကြားထဲက ခက်ခက်ခဲခဲ ဆောင်ရွက်နေကြရပြီး ယနေ့ ရဲတွေက ဥပဒေမဲ့ လုပ်လို့မရတဲ့အပြင် ပုလိပ်ကျင့်၊ ပုလိပ်ကြံ အရိုးစွဲနေတဲ့ ရဲအိုကြီးတွေ၊ ရဲတပ်ဖွဲ့ဝင်တွေဟာ ဒီနေ့၊ ဒီခေတ်မှာတော့ ပင်စင်ယူ၊ ရဲတပ်ဖွဲ့ထဲက ဖြုတ်ပစ်ခြင်းခံရတာတွေကြောင့် မရှိသလောက်ရှားနေတဲ့အတွက် ကျန်ရှိတဲ့ အမွေဆိုးတွေကိုလည်း ဖော်ထုတ်အရေးယူလျက် ရှိနေတာကို တို့များပြည်သူတွေ လက်တွေ့လည်း မြင်နိုင်ကြားနိုင်ကြလျက် ကျန်ရှိတဲ့ အဲဒီအကျင့်ဆိုး ရဲကြီးများဟာလည်း ဒီနေရာတွေမှာ အကယ်၍ ငါသာဆိုလျှင်.....ဟူသော အတွေးများဖြင့် တိုင်းကျိုးပြည်ကျိုး သယ်ပိုးနိုင်ကြပါစေဟု။ ။

စေတနာ၊ မေတ္တာ အရင်းခံဖြင့်
**ချစ်ဝေအောင်**

www.burmeseclassic.com

# ရဲတို့၏ခဏ

မျိုးမြင့်ကြိုင် (သစ်)



ကျွန်တော်တို့နေထိုင်သော အင်းစိန်မြို့သည် ရှေးယခင်ကတည်းကပင် အထင်အရှားရှိခဲ့၏။ လွတ်လပ်ရေးရပြီးခေတ်ကလည်း ထင်ရှားကျော်ကြားခဲ့ပေသည်။ အင်းစိန်မြို့နယ်တွင် မှုခင်းတပ်ဖွဲ့ (C.I.D)နှင့် အင်းစိန်အကျဉ်းထောင်ကြီးလည်းရှိသော နေရာဖြစ်သည်။ ယခုလည်း စက်မှုဇုန်များနှင့် ထင်ရှားပေသည်။ အင်းစိန်မြို့နယ်ရှိ နေထိုင်သူများ၏ စရိုက်မှာ တောမကျ၊ မြို့မကျဖြစ်သည့်အတွက် အမှုအခင်းများပေါ များပေသည်။ အထူးသဖြင့် အိမ်နီးနားချင်း၊ ရပ်ကွက်နေပြည်သူအချင်းချင်း ဖြစ်သောအမှုများလည်း များပေသည်။ အရက်လေးသောက်လိုက်၊ ရန်ဖြစ်လိုက်၊ မိန်းမချင်း အတင်းပြောလိုက်၊ ရန်ဖြစ်လိုက်နှင့် ဖြစ်၏။

ကျွန်တော်သည်လည်း မိတ်ဆွေတစ်ဦး၏မိန်းမမှာ မိန်းမချင်း ရန်ဖြစ်ရာမှ ရဲစခန်းရောက်သွားသဖြင့် အားနာပါးနာနှင့် လိုက်လာခဲ့၏။ ရဲစခန်းရောက်ရောက်ချင်းအမှုစစ်မှာ လုံခြုံရေးတာဝန်ယူနေသဖြင့် ခဏစောင့်ပါဟု ရဲမေတစ်ဦးကပြောသဖြင့် ကျွန်တော်နှင့် မိတ်ဆွေ၊ သူ့မိန်းမတို့ ရဲစခန်းဘေးရှိ လက်ဖက်ရည်ဆိုင်တွင်ထိုင်နေမိ၏။ ထိုအချိန်တွင် စခန်းအတွင်းမှ စခန်းမှူးက ထွက်လာသည်ကိုတွေ့ရ၏။

''ဆရာတို့ ခဏလောက်အကူအညီပေးကြပါဦး''

ဟု စခန်းမှူးကိုယ်တိုင် ကျွန်တော်နှင့် မိတ်ဆွေ၊ နောက်ပြီး ဘေးဝိုင်းမှလူငါးဦးကို ပြောလိုက်၏။

''ဘာကိစ္စ ကူညီရမှာလဲ''

ကျွန်တော့်မိတ်ဆွေက ပြန်မေးလိုက်၏။

''ခဏလေးပါ၊ လူတန်းစီပြချင်လို့ပါ''

ဟု အကြောင်းရင်းကို ပြောလိုက်၏။

''ရပါတယ်''

ကျွန်တော့်မိတ်ဆွေ၊ ကျွန်တော်နှင့် တစ်ဖက်ဝိုင်းမှလူများ ထ၍ စခန်းမှူးနောက်လိုက်လာ၏။ အားလုံးပေါင်း (၇)ဦးမျှရှိသည်။

စခန်းမှူး၏ ဦးဆောင်မှုနောက်မှ လိုက်လာရာတွင် တာဝန်မှူးအခန်းကို ဖြတ်ကျော်၍ အမှုစစ်များထိုင်နေသောအခန်းသို့ ရောက်လာ

www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ကျွန်တော်တို့အပြင် လူငါးဦးခန့် ရောက်နှင့်နေသည်ကို တွေ့ရပြီး ရဲတပ်ဖွဲ့ဝင်များနှင့် တစ်ဖက်တစ်ချက်စီ ထိုင်နေကြသည်ကိုတွေ့ရ၏။

"ကဲ.....ခင်ဗျားတို့လည်း ဒီမှာထိုင်ပါ"

စခန်းမှူးက နေရာပြ၍ ထိုင်ခိုင်းလိုက်၏။ ကျွန်တော်တို့ ပိုင်းထိုင်လိုက်ရာ လူ (၁၂)ဦးခန့်ဖြစ်သွား၏။

"ခင်ဗျားတို့အထဲက သက်သေနှစ်ယောက်လုပ်ဗျာ"

လူနှစ်ဦးအား တစ်ဖက်ထိုင်ခိုင်းလိုက်၏။ ထိုအချိန်တွင် တိုက်ပုံအင်္ကျီအမည်း ဝတ်ဆင်ထားသည့် လူနှစ်ဦး ဝင်လာ၏။

"သြော်.....တရားသူကြီးတွေတောင် ရောက်လာကြပြီ၊ ဆရာတို့ဒီမှာထိုင်ကြပါ"

စခန်းမှူးက နေရာပေးလိုက်၏။ တရားသူကြီးများမှာ ကျွန်တော်တို့ရှေ့တည့်တည့်တွင် ထိုင်လိုက်၏။

"ဆရာတို့နှစ်ဦး ဒီကိုကြွပါ"

စခန်းမှူးက သက်သေနှစ်ဦးအား တရားသူကြီးရှေ့သို့ ပြောင်း၍ထိုင်ခိုင်းလိုက်၏။ တရားသူကြီးမှာ စာရွက်ထဲတွင် အမည်၊ နေရပ်လိပ်စာ၊ မှတ်ပုံတင်အမှတ်တို့ကို ရေးသွင်းလိုက်၏။

"ခင်ဗျားတို့ကို လူတန်းစီပြသရာမှာ သက်သေအဖြစ် ထည့်သွင်းရတာပါ၊ တညင်းကုန်းမှာ လူသတ်မှုဖြစ်သွားပါတယ်၊ အဲဒီအမှုမှာ လူတစ်ယောက်ရဲ့အမည်ကိုသိပြီး ကျန်လူတစ်ယောက်ကို တရားလိုက မြင်ရင်မှတ်မိပါတယ်လို့ပြောတာနဲ့ တရားသူကြီးရှေ့မှာ လူတန်းစီပြသရခြင်းဖြစ်ပါတယ်"

စခန်းမှူးက အားလုံးကို လူတန်းစီပြသခြင်းအကြောင်း ရှင်းပြခဲ့၏။ အားလုံးမှာ ထိုအချိန်မှ လူတန်းစီပြရာတွင် အကူအညီခေါ်မှန်း သိရတော့၏။ ကျွန်တော့်အနေဖြင့် ဘာပဲဖြစ်ဖြစ် ဗဟုသုတရတာပဲဟု မှတ်ယူလိုက်၏။

ခဏအကြာတွင် စခန်းမှူးမှာ တရားသူကြီးရှေ့မှောက်သို့ အမျိုးသမီးတစ်ဦးကို ခေါ်လာပြန်၏။

အသတ်ခံရသူ၏မိန်းမဟု စခန်းမှူးကပြောပြ၍ တရားသူကြီးနှင့် မိတ်ဆက်ပေးလိုက်၏။ တရားသူကြီးက အမည်၊ နေရပ်လိပ်စာတို့ကို မေးလိုက်၏။

"ခင်ဗျား အခင်းဖြစ်ပြီးနောက် အခုဓားနဲ့ထိုးသူကို ဘယ်နှခါမြင်ဘူးသလဲ"

တရားသူကြီးက မေးလိုက်၏။

"အဲဒီနောက်မှာ တစ်ခါမှမမြင်ရတော့ပါဘူး"

တရားလိုအမျိုးသမီးက ပြန်ပြောလိုက်၏။ ကျွန်တော်တို့အားလုံးလည်း တစ်ခါမှမတွေ့ဘူးသဖြင့် မြင်မြင်သမျှ အဆန်းဖြစ်နေ၏။

"ဒါဆိုရင် ဆွဲပြနိုင်ပါ့မလား"

တရားသူကြီးက မေးလိုက်ပြန်၏။

"ဟုတ်ကဲ့"

ထိုသို့ပြောသဖြင့် တရားသူကြီးက စခန်းမှူးအား မျက်ရိပ်ပြလိုက်၏။

"ကဲ...ညီမ၊ ဒီဘက်ကိုလာ"

စခန်းမှူးက အခန်းတစ်ခန်းထဲသို့ အမျိုးသမီးရဲမေနှင့်အတူ ဝင်ရောက်ရန် ပြောလိုက်၏။

"အချုပ်ထဲက တရားခံထုတ်ခဲ့"

စခန်းမှူးက ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ပြောလိုက်၏။

ခဏအကြာတွင် အချုပ်ခန်းအတွင်းမှ လူတစ်ယောက်အား ရဲတပ်ဖွဲ့ဝင်တစ်ဦးက ခေါ်လာ၏။

တရားသူကြီးနှင့် သက်သေနှစ်ဦးအား ပြသ၏။ ထို့နောက် ကျွန်တော်တို့ထိုင်နေသောလူများကိုခေါ်၍ တန်းစီလိုက်၏။ စခန်းမှူးမှာ တရားသူကြီးပြသသောနေရာတွင် တရားခံအား ထားလိုက်၏။

"စခန်းမှူး ရပြီ"

တရားသူကြီးက ပြောလိုက်၏။

"ကဲ...ဟိုအခန်းထဲက အမျိုးသမီးကို ခေါ်ခဲ့"

ရဲမေတစ်ဦးအား ပြောလိုက်၏။ ရဲမေက အမျိုးသမီးအား ခေါ်လာပြီး တရားသူကြီးရှေ့တွင် ရပ်ခိုင်းလိုက်၏။

"ကဲ...နောက်လှည့်ပြီး သမီးယောက်ျားကို ဓားနဲ့ထိုးတဲ့သူကိုပြပါ"

တရားသူကြီးက ပြောလိုက်၏။ အမျိုးသမီးက နောက်သို့လှည့်ကာ ကျွန်တော်တို့အား တစ်ဦးချင်း

www.burmeseclassic.com

ကြည့်ပြီးနောက် တစ်ခါပြန်ကြည့်ပြန်၏။ ဇဝေဇဝါဖြစ်နေပုံရသည်။ ထို့နောက် လူတစ်ယောက်ဆီသို့သွား၍ လက်ဆွဲပြလိုက်၏။

“ဒီလူပါ”

ဟု ပြောလိုက်၏။

ထိုအခါ အားလုံးမှာ ပျော်သွားကြ၏။ အမှန်ကိုဆွဲပြနိုင်၍ ကျွန်တော်လည်း စိတ်သက်သာရာရမိခဲ့၏။ နစ်နာသူအတွက် အဆင်ပြေမှ ကောင်းမည်ဖြစ်သည်။ စခန်းမှူးက တရားလိုအမျိုးသမီးအား ရဲမေတစ်ဦးနှင့်အတူ မူလ မမြင်နိုင်သည့် အခန်းထဲသို့ ပြန်ခေါ်သွားပြန်၏။ ထို့နောက် ပြန်ထွက်လာကာ တရားခံအား အင်္ကျီအဝတ်အစားများ လဲစေပြန်၏။ အဝတ်အစားလဲပြီးနောက် တရားသူကြီးပြသသောနေရာတွင် တရားခံကိုပြန်ထားပြီး ကျွန်တော်တို့အားလည်း တစ်ယောက်အဝတ်အစား တစ်ယောက်လဲဝတ်စေပြန်၏။ အားလုံးပြီးနောက်တွင် အစကတစ်ဖန် ပြစေပြန်၏။ တရားလိုအမျိုးသမီးသည် ဒီတစ်ခါတွင်လည်း သေချာပြန်ကြည့်ပြန်၏။

“ဒီလူပါပဲ”

ဟု ထပ်ဆွဲပြပြန်၏။ တရားသူကြီးနှင့် သက်သေများမှာ ခေါင်းတညိတ်ညိတ်လုပ်နေ၏။ နောက်တစ်ခါ အဝတ်အစားလဲ၊ လူနေရာလဲသော်လည်း ထိုသူကိုသာ ပြန်ဆွဲပြပြန်၏။ အမျိုးသမီးအား တစ်နေရာတွင်ထားပြီး တရားခံအား တရားသူကြီးရှေ့ ပို့ပြန်၏။

“မင်းကို တရားလိုက သုံးခါဆွဲပြတာနဲ့ပတ်သက်လို့ ဘာပြောစရာရှိလဲ”

တရားသူကြီးက မေးလိုက်၏။

“မရှိပါဘူး”

ထိုသူက ပြန်ဖြေ၏။

“ရပြီ စခန်းမှူး”

တရားသူကြီးက စခန်းမှူးအား ပြောလိုက်၏။ စခန်းမှူးက ရဲတပ်ဖွဲ့ဝင်တစ်ဦးအား တရားခံပြန်ခေါ်သွားရန် ပြောလိုက်၏။ စခန်းမှူးက အမျိုးသမီးအားခေါ်ပြီး တရားသူကြီးရှေ့ ပြန်ပို့လိုက်၏။

“သမီး သူ့ကိုဘာလို့မှတ်မိတာလဲ”

“သူ့မျက်နှာမှာ မှဲ့ကြီးတစ်လုံးပါလို့ပါ”

“ဘယ်လိုမြင်တာလဲ”

“မီးရောင်ကြောင့်မြင်တာပါ”

ဟု ပြန်ပြောလိုက်၏။ တရားသူကြီးက ရေးမှတ်စရာများကို ရေးမှတ်လိုက်၏။

“ကဲ.....အားလုံးပြီးပါပြီဗျာ၊ ကျေးဇူးပါပဲ”

စခန်းမှူးက ကျွန်တော်တို့အားလုံးကို ပြောလိုက်၏။

ထို့နောက်တွင် ကျွန်တော်တို့လည်း ရဲစခန်းထဲမှထွက်၍ လက်ဖက်ရည်ဆိုင်ဘက် ပြန်သွားကြ၏။

“ဗဟုသုတ တော်တော်ရတာပဲ”

ကျွန်တော့်မိတ်ဆွေက ပြောလိုက်၏။

“ဟုတ်တယ်နော်၊ ကျွန်တော့်မှာ လူမှားဆွဲမှာကို စိတ်ပူနေရတာ”

ဟု ပြန်ပြောလိုက်၏။

“ဒါနဲ့ ကျွန်တော့်ကိုခေါ်တဲ့ ဆရာ ရောက်ပြီလား မသိဘူး၊ မေးကြည့်လိုက်ဦးမယ်”

လက်ဖက်ရည်ဆိုင်တွင် ကျွန်တော့်ကိုထား၍ မိတ်ဆွေက ရဲစခန်းထဲ ပြန်ဝင်သွား၏။ ကျွန်တော့်မှာ ထိုအချိန်မှ နာရီကိုကြည့်ရန် သတိရမိ၏။

“ဟာ.....နှစ်နာရီလောက်ကြာသွားပါလား၊ ကြာမှန်းမသိ ကြာသွားပါလား”

ဟု ညည်းတွားမိ၏။ နောက် သူငယ်ချင်းတစ်ဦးပြောသည့် ရဲခဏကို သတိရသွားမိ၏။

“အင်းလေ၊ ဗဟုသုတရတာပဲ၊ အင်း.....ရဲခဏ”

ဟု စိတ်ထဲရေရွတ်မိ၏။

မျိုးမြင့်ကြိုင် (သင်)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



"ကကြီး...ခခွေး...ဂငယ်....ဃကြီး....."

"က.....ကာ.....ကား၊ ခ.....ခါ.....ခါး"

ညောင်လေးပင်မြို့နယ်၊ ရေဖြူသောင်ကျေးရွာ၊ ရွာဦးမူလတန်းကျောင်းမှ ကလေးများ၏ စာအော်ဆိုသံများဖြစ်ပါသည်။ ကလေးများ၏ စာအော်ဆိုသံများကို ကြားမိတိုင်း မအေး၏ရင်ဝယ် မချိအောင်ခံစားရပြီး စိတ်ထဲဝယ် ပြင်းပြသောခံစားမှုတစ်ရပ် ဖြစ်ပေါ်လာပါသည်။ ထိုသို့ဖြစ်နေရခြင်းမှာလည်း မအေး၏ဘဝ အသက်ရှင်လာမှုနှင့် ဘဝရပ်တည်မှုကို နာကြည်းစွာဖြင့် ဖြတ်သန်းလာခဲ့ရခြင်းကြောင့် ခံစားမှုဝေဒနာလှိုင်းက မြင့်မားနေရခြင်းဖြစ်ပါသည်။ ဒါကလည်း မအေး၏အတိတ်ဘဝကံအကြောင်းမကောင်းလို့ပဲလား၊ (သို့) ဤကဲ့သို့ ခက်ခဲစွာ ဘဝရုန်းကန်မှု ဖြစ်လာစေရန်လူဖြစ်လာရတာလားကိုတော့ မအေးလည်း ကောင်းစွာမသိဟုဆိုရမည်ဖြစ်ပါသည်။

ငယ်စဉ် ၅ နှစ်အရွယ်ခန့်ကပင် ဖခင်ဆုံးပါးခဲ့ရပြီး မိခင် ဒေါ်တောကျော်နှင့်အတူ ဘဝကို ခက်ခဲစွာ ရုန်းကန်လာရမှုကြောင့်လည်း ဖြစ်ပါသည်။ ကိုယ့်အဖေကို စိတ်ထဲဝယ် ဝိုးတဝါးဖြင့် မှတ်မိပျောက်ကွယ်သွားခဲ့ရပြီး လောကအလယ်တွင် အမေတစ်ခု၊ သမီးတစ်ခုဘဝဖြင့် ရုန်းကန် ရှင်သန်လာခဲ့ရသည်မှာလည်း ယနေ့တိုင်ဖြစ်ပါသည်။ ဖခင်၊ မိခင်ဘက်မှ ဆွေမျိုးအသိုင်းအဝိုင်းကလည်း ဤရေဖြူသောင်ရွာတွင် မရှိသဖြင့် တစ်ဝမ်းတစ်ခါးအဆင်ပြေစေရေးအတွက် မအေးကငယ်စဉ်ကပင် အရွယ်နှင့်မလိုက်အောင် ပင်ပန်းခဲ့ရခြင်းဖြစ်ပါသည်။

အခြား မအေးနှင့်ရွယ်တူကလေးများ ကျောင်းတက်စာသင်နိုင်ခဲ့သော်လည်း မအေးဘဝကဘယ်လိုမှ သင်ကြားခွင့်မရခဲ့ပါ။ မိခင်၏ ဝမ်းရေးအဆင်ပြေအောင်လုပ်ကိုင်ရသည့် အခြေအနေများတွင် နေ့ရှိသရွေ့ ကူညီနေရခြင်းကြောင့်ဖြစ်သည်။ ဤသို့မှ မကူညီပြန်လျှင်လည်း နေ့စဉ် ထမင်းနပ်မှန်မည်မဟုတ်ပါ။ မိခင်ကလည်းသားအမိနှစ်ဦး ဘဝရပ်တည်ရေးအတွက် တောထဲဝင်၊ ဟင်းရွက်ခူး၊ မျှစ်ချိုး၊ နေ့စား အငှားလိုက်စသည့်လုပ်ငန်းများမှ ရရှိငွေကြေးလေးများဖြင့် သားအမိနှစ်ဦး မသေရုံတမယ် ဘဝကို ခက်ခဲစွာရပ်တည်ခဲ့ရခြင်းများကြောင့်လည်း တွေးမိသည့်အခါတိုင်း ခံစားမှုလှိုင်းတံပိုးက ပိုမို၍ မြင့်တက်လာခြင်းဖြစ်ပါသည်။

မအေးတို့သားအမိ ယခုနေထိုင်သော တဲလေးက ဖခင်မသေမီက ဆောက်ခဲ့သော အိမ်ကလေးဖြစ်ပါသည်။ နှစ်ကြာလာ၍ ယိုင်နဲ့စလည်းပြုလာပါသည်။ အမိုးကလည်းတောင်ထန်းမိုးဆိုတော့ မိုးယိုသည့်နေရာများတွင် ဝါးဖက်များဖြင့်အစားထိုးဖာထေးထားသောကြောင့်တစ်အိမ်လုံးအား အောက်မှကြည့်လျှင် ဝါးဖက်ရွက်တွေကတောင်တဖြည်းဖြည်း များလာပြီဖြစ်သည်။ ဒါတွေကလည်း ဖခင်ရှိခဲ့လျှင်တော့ စိတ်မပူရပါ။ ယခု မအေးတို့ကလည်း မိန်းမသားများဖြစ်နေသည့်အပြင် စားရေးကိုပင် အချိန်နှင့်အမျှ လုံးပန်းနေရသဖြင့် အိမ်ပြင်ဆင်ရေးအတွက် လှည့်မကြည့်နိုင်ခဲ့ဘဲ ဖြစ်သလိုပင် စိုတစ်ခါ၊ ခြောက်တစ်လှည့်ဖြင့် နေထိုင်လာခဲ့ခြင်းဖြစ်ပါသည်။

ယခု မအေးက အပျိုဖော်ဝင်စအရွယ်ရောက်လာသော်လည်း မအေးတွင် အဝတ်အစား ကောင်းကောင်းမရှိ။ အမေဝတ်ပြီးသားအင်္ကျီများကိုသာ အဆင်ပြေသလိုဖာထေးပြီး ဝတ်နေရခြင်းဖြစ်ပါသည်။ မအေး ဘဝင်မကျဆုံးကတော့ ဒီစာသင်ကျောင်းမှကလေးများ စာအော်ဆိုသံကြားတိုင်း သူမစာမသင်ခဲ့ရသည်ကိုတွေးပြီး ပို၍ခံစားရခြင်းဖြစ်သည်။ ဖြစ်နိုင်လျှင်ကလေးများ စာအော်ဆိုသံ မကြားရမည့် ကမ္ဘာ၏တစ်ဖက်ခြမ်းသို့ပင်ပြေးသွားပြီး ပုန်းနေလိုက်ချင်သည်။

မအေးတို့အိမ်ခြံစည်းရိုးက စာသင်ကျောင်းခြံစည်းရိုးနှင့် ကပ်လျက်ဖြစ်သည်။ ဒီနေရာလေးမှာ နေ၍ရအောင် ဖခင်က ဘယ်လိုကြိုးပမ်းခဲ့သည်ကို မသိရပါ။ အိမ်အနောက်ဘက်တွင် သီးပင်၊ စားပင်တချို့ကို စိုက်ခဲ့ခြင်းကြောင့် ရာသီချိန်တွင် ဟင်းတစ်ခွက်ဖြစ်အောင်တော့ ကြံဖန်ချက်ပြုတ်စားသောက်၍ ရခဲ့ပါသည်။

မအေးတို့သားအမိဘဝက အသားဟင်းချက်စားဖို့ဆို ဝေလာဝေး။ ရွာအလှူရှိမှသာ အတိုးချစားရမည့် အခြေအနေရှိသော်လည်း အနေဆင်းရဲသဖြင့် မည်သူကမျှ ဖိတ်ကြားခြင်းမရှိ။ အလှူရှိသော်လည်း အလှူသွားရန် ဝတ်စရာအင်္ကျီ၊ ထဘီက နွမ်း။ အညှော်ခံ၊ အနံ့ခံအဆင့်နှင့်သာ ပြီးခဲ့ရသည့်အချိန်၊ နေ့ရက်လည်း မရေတွက်နိုင်အောင် ဖြစ်ခဲ့ရပါသည်။

မအေးကိုတော့ စာသင်ကျောင်းမှ ကလေးများက မှတ်မိကြပါသည်။ မုန့်စားလွှတ်ချိန်များတွင် မအေးက ဟင်းရွက်တောင်း ခေါင်းပေါ်တင်၍ ရွာထဲဘက်သို့ ထွက်ထွက်သွားသည်ကို မြင်နေကျမို့ မှတ်မိနေခြင်းဖြစ်ပါသည်။ မအေးက အသားဖြူပြီး ကရင်သွေးစပ်သဖြင့် ကိုယ်လုံးကိုယ်ထည်က ပုရိသယောကျာ်းသားများအတွက် စွဲမက်စရာအနေအထားရှိပါသည်။ သို့သော်လည်း တောနေလူများအဖို့ နှုတ်ခမ်းပဲ့ချင်း မီးမှုတ်ရမည့် အခြေအနေမျိုးကြောင့် ရွာကာလသားများကလည်း ချစ်စိတ်ကို မျိုသိပ်ပြီး မသိသလို အနေအထားဖြင့်သာ နေထိုင်ကြပါသည်။ မအေးကလည်း အရွယ်ရောက်ပေမယ့် ဒီစိတ်တွေ သူမမှာ မလွှမ်းမိုးနိုင်သေးပါ။

တစ်နေ့လုပ်မှ တစ်နေ့စားရသည့် အခြေအနေမို့ နေ့စဉ် ထမင်းနပ်မှန်ရေးကိုသာ ဦးတည် ဆောင်ရွက်နေခြင်းများကြောင့် အိမ်ထောင်သားမွေးကိစ္စအား မည်သို့မျှ ခေါင်းထဲသို့ ရောက်မလာခဲ့ပါ။ မိမိလက်ရှိဘဝအပေါ်သာ နာကြည်းမှုဖြစ်နေပြီး တစ်ခါတစ်ရံ မထင်မှတ်သော စိတ်ရိုင်းများကလည်း ပေါ်ပေါက်လာတတ်သဖြင့် မိမိကိုယ်ပိုင်အသိလေးများနှင့် ထိန်းသိမ်းနေခဲ့ရပါသည်။ ဤသို့နှင့် မအေး၏ဘဝက နေ့ကိုရက်စား၊ ရက်ကိုလစားဖြင့် အချိန်များကုန်လွန်ခဲ့ရပါသည်။

ယနေ့ညနေ ၅ နာရီခန့်တွင် ရေဖြူသောင်ကျေးရွာအတွင်း တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသည့်အသံများက တစ်စတစ်စ ဆူညံလာပါသည်။ ရွာကလည်း ရွာတန်းရှည်ဖြစ်သဖြင့် တစ်အိမ်နှင့် တစ်အိမ်ကလည်း သိပ်မဝေးလှသည်မို့ ရွာသူရွာသားများ ပြောဆိုနေကြသည့် အသံများက တဖြည်းဖြည်း ကျယ်လောင်လာပြီး ပြတ်သားစွာ ကြားသိလာရပါသည်။

"ရွာမြောက်ပိုင်းက ကိုသောင်းတင်သမီးလေး ပျောက်နေတယ်၊ ညနေဘက် ကျောင်းကပြန်မလာဘူး"

"ဒီကလေးမလေးကလည်း ဘယ်များလျှောက်သွားနေလဲ"

"တခြားတစ်စိမ်းတစ်ယောက်ယောက်များ ခေါ်သွားတာလား"

"ဆရာမကပြောတော့ ညနေဘက် ကျောင်းဆင်းတဲ့အချိန်ထိရှိတယ်တဲ့"

"အေးဟယ်၊ ကိုသောင်းတင်၊ မရွှေမှုံတို့လင်မယားတော့ ဗျာများနေကြရောပေါ့"

"အေးလေ၊ ဒီသမီးလေးတစ်ယောက်တည်းရှိတာ"

"ကျေးရွာလူကြီးအိမ်မှာတော့ သူတို့လင်မယား ရောက်နေတယ်တဲ့"

စသည့်ပြောဆိုသံများကို ဆူညံစွာ ပြောဆိုနေကြခြင်းဖြစ်သည်။ ပြောဆိုနေကြသော အကြောင်းအရာကို ထောက်ရှုခြင်းဖြင့် ကိုသောင်းတင်၊ မရွှေမှုံတို့၏ (၈)နှစ်အရွယ်သမီးဖြစ်သူ မသဇင်မိုးမှာ ညနေ ကျောင်းလွှတ်ကတည်းက အိမ်ပြန်မရောက်သဖြင့် တစ်ယောက်တစ်ပေါက် ပြောဆိုနေကြခြင်းဖြစ်ပါသည်။ သူငယ်ချင်းများနှင့် လိုက်ဆော့နေသည်မှာလည်း မဖြစ်နိုင်။ နေ့စဉ် ကျောင်းလွှတ်တိုင်း အချိန်မှန်ပြန်နေကျဖြစ်ပြီး ယနေ့ကျ ပြန်လာနိုး၊ ပြန်လာနိုးဖြင့် စောင့်နေရာမှ ညနေစောင်းသွားသော်လည်း ပြန်ရောက်လာခြင်းမရှိသဖြင့် မိဘများက စိတ်ပူ၍ လိုက်လံရှာဖွေနေကြခြင်းလည်းဖြစ်ပါသည်။ ကျေးရွာ

www.burmeseclassic.com



လူကြီး ဦးစောအောင်အိမ်တွင် ကိုသောင်းတင်၊ မရွှေမှုံနှင့် ရွာသူရွာသား ၁၀ ဦးခန့်လည်း ရောက်နေကြပါသည်။ မရွှေမှုံကတော့ ငိုသံပါဖြင့်.....

''လုပ်ပါဦး ဦးစောအောင်ရယ်၊ ကျွန်မသမီးလေး အခုအချိန်ထိ ပြန်မရောက်ဘူးဖြစ်နေတယ်၊ ကျွန်မတို့လည်း ခေါင်းမီးတောက်နေပြီ၊ ဘယ်လိုလုပ်ရပါ့မလဲ၊ ရွာထဲလိုက်ရှာတာလည်း မတွေ့ဘူးဖြစ်နေတယ်၊ လိုက်ရှာပေးကြပါဦး''

ကျေးရွာလူကြီး ဦးစောအောင်ကတော့ မိမိအိမ်တွင် ရောက်ရှိနေကြသော ရွာသူရွာသားများကိုကြည့်ရင်း.....

''အေး၊ ကလေးက တို့ရွာထဲ တစ်အိမ်အိမ်မှာများ ဆော့နေကြသလားကွာ၊ သေသေချာချာရော မေးကြည့်၊ ရှာကြည့်ကြပြီးပြီလား''

''ရွာမှာရှိတဲ့ အိမ်ကတော့ ကုန်သွားပြီ ဦးစောအောင်၊ ဘယ်အိမ်မှာမှ မရှိဘူး၊ ကလေးက ကျောင်းလွှတ်တာနဲ့ အိမ်ပြန်နေကျပါ၊ ဒီနေ့မှ ဘယ်လိုဖြစ်ရလဲမသိဘူး''

ကျေးရွာလူကြီး ဦးစောအောင်က ရွာသားတစ်ဦးပြောကြားချက်ကို နားထောင်ရင်း စဉ်းစားပြီး.....

''ကဲ.....ဒီလိုလုပ်ကြရအောင်ကွာ၊ ဒီအတိုင်းနေလို့တော့ မပြီး ဘူး၊ ကျေးရွာမှာရှိတဲ့ အရွယ်ရောက်လူငယ်တွေ၊ လူကြီးတွေစုကွာ၊ ပြီးရင် လူစုခွဲပြီး ရွာပတ်ဝန်းကျင်ကို လိုက်ရှာကြတာပေါ့၊ တော်ကြာ မိုးချုပ်သွားရင် ခက်မယ်''

''ဟုတ်တယ်၊ အဲဒီလိုလုပ်တာကောင်းတယ်''

''အေး ဒီတော့ ရွာဆော်မောင်းသြကိုခေါ်ကွာ၊ အခုချက်ချင်း ရွာထဲမှာ အားတဲ့လူငယ်လူရွယ်တွေ ငါ့အိမ်ကို အခုချက်ချင်း လာစုဖို့ လိုက်အော်ကွာ''

မကြာမီ ရွာဆော်မောင်းသြ၏ ဆော်သြဖျိုးဟစ်မှုကြောင့် လူငယ်လူရွယ် ၁၅ ဦးခန့် ဦးစောအောင်အိမ်သို့ ရောက်ရှိလာကြသည်။ ထိုအခါ ဦးစောအောင်က.....

''ကဲ.....အချိန်မရှိဘူးဟေ့၊ ငါးယောက်တစ်ဖွဲ့ ဖွဲ့ပြီး ရွာနောက်ဖျား၊ ရှေ့ဖျား၊ လယ်ကွင်းတွေဘက် လူခွဲပြီးရှာကြကွာ၊ လက်နှိပ်ဓာတ်မီးနဲ့ ဓားလေးဘာလေးလည်း ယူသွားကြကွာ၊ ထူးတာနဲ့ အမြန်ဆက်သွယ်ကြဟေ့၊ ကိုမောင်ဆင့်က လူငါးယောက်စီဖွဲ့ပြီး စလွှတ်တော့''

ကျေးရွာဆယ်အိမ်မှူး ကိုမောင်ဆင့်က ရောက်ရှိလာသော လူငယ်လူရွယ်များအား ငါးယောက်တစ်ဖွဲ့ ဖွဲ့ပြီး ရွာပတ်ဝန်းကျင်၌ ရှာဖွေရန် လူခွဲစေလွှတ်လိုက်ပါသည်။ ရွာသူ/ရွာသားများလည်း ကိုယ့်အဖွဲ့လိုက် အမြန်ပင် ထွက်သွားကြသည်။

''ကဲ....သောင်းတင်နဲ့ ရွှေမှုံတို့ကတော့ ငါ့အိမ်မှာပဲစောင့်ကြကွာ၊ သိပ်လည်းစိတ်မပူပါနဲ့ကွာ၊ တို့ရွာမှာ တစ်ခါမှ ကလေးမပျောက်ဖူးပါဘူး''

''ဟုတ်ပါတယ် အုပ်ချုပ်ရေးမှူးကြီးရယ်၊ ကျွန်တော့်သမီးလေး ကျမှ ပျောက်ရတယ်လို့၊ ဒီနေ့မနက် ကျောင်းသွားခါနီးမှာ ကျွန်တော့်ကို ပြောသွားသေးတယ်၊ ညနေကျောင်းပြန်လာရင် သူ့ဖို့ မုန့်ဝယ်ထားပါတဲ့''

ကိုသောင်းတင်ကလည်း မျက်နှာညှိုးငယ်စွာဖြင့် မျက်ရည်မထွက်ရုံတမယ် ဝမ်းနည်းစွာနှင့် ပြောဆိုနေပါသည်။ မရွှေမှုံကတော့ မိန်းမသားပီပီ မျက်ရည်တွေသာ တွင်တွင်ကျပြီး ငိုယိုနေပါတော့သည်။ အပူသောကတွေ ကြုံလာသည့်အခါတိုင်း မိဘတိုင်း ဖြစ်လေ့ဖြစ်ထရှိသော အခြေအနေတွေပါ။ မည်သည့်မိဘမဆို ကိုယ့်ရင်သွေးသားသမီးများအား စိုးရိမ်လွန်ကဲစွာဖြင့် မိမိမျက်စိအောက်က အပျောက်မခံချင်ကြပါ။ အင်အားကြီးမားသော မေတ္တာတရားနှင့်သာ လွှမ်းခြုံထားချင်ကြပါသည်။ ယခု သမီးလေး မသဇင်မိုးက အခုမှ စကားပြောတတ်ကာစ၊ ကျောင်းမှသင်ပေးလိုက်သော စာများကို အိမ်ပြန်ရောက်လျှင် မိဘကို ဆိုပြနေကျ၊ မပီကလာပီကလာဖြင့် ဆိုပြနေသံလေးကို မိဘများက နားထောင်ပြီး စမ်းရေစီးသံကဲ့သို့ ကြည်နူး၊ ပြုံးရွှင်စွာဖြင့် နားထောင်နေကျဖြစ်သည်။

ဤသို့နှင့် ရှာဖွေသူများ ပြန်ရောက်ချိန်ကို လည်တဆန့်ဆန့် စောင့်နေခဲ့သော်လည်း ည ၉ နာရီထိုးသည်အထိ ရှာဖွေတွေ့ရှိသည်ဆိုသော သတင်းက မရောက်ရှိလာခဲ့ပါ။ အချို့ ရှာဖွေရေးအဖွဲ့များလည်း ပြန်ရောက်ရှိလာကြပြီး ကလေးအား မတွေ့ရှိကြောင်းသာ

www.burmeseclassic.com

www.burmeseclassic.com

စိတ်မကောင်းစွာနှင့်ပြောဆိုပြီး အိမ်ပြန်သွားကြပါသည်။ ကိုသောင်းတင်နှင့် မရွှေမှုံတို့ကတော့ စိတ်သောကကြီးစွာနဲ့သာ လက်မှိုင်ချ ငိုယိုနေကြပါသည်။ ဦးစောအောင်ကတော့ စိတ်သက်သာရာရစေကြောင်း စကားများဖြင့် ဖျောင်းဖျပြောဆိုနေပါသည်။ ည ၁၀ နာရီခန့်တွင် ကျေးရွာသေယ်အိမ်မှ ကိုမောင်ဆင့်နှင့်အဖွဲ့ ရောက်ရှိလာပြီးသည့်နောက်တွင်.....


"ကဲ.....ကိုဆင့်ရေ ဒီနေ့ကတော့ အချိန်မရှိတော့ဘူး ကလေးကို နတ်စောင့်ပါတယ်ကွာ၊ ထမ်းနေရာရောက် ကလေးက ပျောက်နေမှာပဲ။ ဒီတော့ တို့ မနက်ဖြန်ကို ညောင်လေးပင်ရဲစခန်းသွားပြီး အကြောင်းကြား အမှုဖွင့်ထားရင်ကောင်းမယ်၊ ကျန်တဲ့လူတွေကတော့ ဆက်ရှာထားနိုင်ကြပေါ့"

"ဟုတ်တယ် ဦးစောအောင် ဖြစ်သော်ရှိ မဖြစ်သော်ရှိပေါ့လေ၊ တကယ်လို့ ဒိုးပွားသွားတယ်ဆိုရင်လည်း ဥပဒေအရ အရေးယူလို့ရတာပေါ့"

"ကဲ...ဟုတ်ပြီ သောင်းတင်နဲ့ ရွှေမှုံတို့ ကလေးဓာတ်ပုံရှိရင် ယူကိုလာခဲ့ထားကြပြီး မနက်ဖြန် တို့ ညောင်လေးပင်စခန်းသွားကြမယ်၊ ကဲ....ကဲ ဖြစ်သမျှအကြောင်း အကောင်းချည်းပေါ့ကွယ်၊ တရားနဲ့သာဖြေပြီး ဘုရားမှာသာ ကလေးသာမှုဖြစ်ဖို့ ဆုတောင်းကြပေါ့ကွယ် အခု အချိန်လည်းမရှိတော့ဘူး ပြန်အိပ်ကြတော့"

ကိုသောင်းတင်နှင့် မရွှေမှုံတို့လည်း မျက်ရည်စက်လက်ဖြင့် အိမ်ပြန်သွားကြပါသည်။ ဦးစောအောင်ကသာ ပြန်အိပ်တော့ဟု ပြောပေမယ့် သူတို့ကတော့ အိပ်ပျော်ကြမည်မထင်ပါ။ ဦးစောအောင်က သူတို့နောက်ကျောကိုကြည့်ရင်း သက်ပြင်းရှည်ချလျက် မိမိရွာတွင် တစ်ခါမှ ဒီလိုမဖြစ်ခဲ့ဖူး၍ အံ့သြစိုးရိမ်နေမိပါသည်။ ကလေး၏အသက်အန္တရာယ်များ စိုးရိမ်ဖွယ်ရာ မပြောကောင်း မဆိုကောင်း ဖြစ်ခဲ့သော် ဘုရား.....ဘုရား ဆက်မတွေးဝံ့

ဒုစရိုက်သမား
ဆိုတာ
ထူးခြားပြီး
ချိုပါတာမှတ်လို့ဗျာ၊
ဒီအထဲပိုဆိုးတာက
ရွက်ပုန်းသီး
လူဆိုးတွေပဲဗျ၊
ကျွန်တော်တို့
ရဲစခန်းမှာတောင်
အဲဒီရွက်ပုန်းသီး
လူဆိုးစာရင်းကို
သီးခြားပြုစုထားရတယ်
...



www.burmeseclassic.com



တော့ပါ။ ကလေး၏ကံကြမ္မာ၊ မိဘများ၏ အတိတ်ကုသိုလ်ကံမကောင်းဟုသာ ဆိုရမည်ဖြစ်ပါသည်။ ဦးစောအောင်မှာ အကြောင်းမျိုးစုံ တွေးတောပြီး တော်တော်ညဥ့်နက်မှအိပ်ပျော်သွားပါတော့သည်။

“အဖြစ်ကတော့ အဲဒါပါပဲ ဆရာရယ်၊ ကျွန်တော်တို့ ဘယ်လိုလုပ်ရင်ကောင်းမလဲလို့ ရဲစခန်းကို လာခဲ့တာပါ၊ ဒီနေ့လည်း ရွာမှာ လူဆိုး ထပ်ရှာခိုင်းထားပါသေးတယ်”

ရေဖြူသောင်ကျေးရွာလူကြီး ဦးစောအောင်က စိတ်မကောင်းခြင်းကြီးစွာနှင့် ပြောပြပြီး ပျောက်ဆုံးကလေးဓာတ်ပုံအား ညောင်လေးပင်ရဲစခန်းတာဝန်မှူး ဒုရဲအုပ် သိန်းရွှေ (ရဲအုပ်၊ သတင်းတပ်ဖွဲ့၊ ကွယ်လွန်)အား ပြသပေးလိုက်ပါသည်။ ဒုရဲအုပ် သိန်းရွှေက ဓာတ်ပုံအား ကြည့်ရှုပြီးနောက်.....

“ကလေးက ချစ်စရာလေးပဲ၊ အားပေါ့လေ၊ အရွယ်လေးကလည်း မိဘတွေ ချစ်မဝတဲ့အချိန်အခါဆိုတော့ ပိုပြီးစိတ်ထိခိုက်ကြမှာပဲ၊ ဒါနဲ့ စကားမစပ် ကလေးကိုယ်မှာရော တန်ဖိုးရှိတဲ့ပစ္စည်းတွေများ ဆင်ထားကြသေးလား”

“ဟုတ်ကဲ့၊ ဆရာမေးမှသတိရတော့တယ်၊ တန်ဖိုးရှိတာတော့ သိပ်မရှိပါဘူး၊ ဒါပေမဲ့ ကလေးနားမှာ တစ်ဖက်တစ်ပဲသားလောက်ရှိတဲ့ ရွှေနားကွင်းလေးတွေတော့ရှိတယ်၊ ကျန်တာတော့ မရှိပါဘူး”

“ဟုတ်ပါပြီ၊ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ၊ ပြစ်မှုကျူးလွန်သူက သူ့မှာ တကယ်လိုအပ်လာရင် တန်ဖိုးနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ ကျူးလွန်မိမှာပဲ၊ အတ္တတရား ကြီးမားလာရင် တစ်ဦးဦးကတော့ မုချသားကောင်ဖြစ်လာမှာပဲ”

“ဟုတ်ပါတယ်၊ ဆရာပြောတာလည်း ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ဆရာရယ် ကျွန်တော့်ရွာထဲမှာတော့ ဒီလောက် လက်ရဲဇက်ရဲနဲ့လုပ်တတ်တဲ့ လူစားမျိုးတော့ မရှိဘူးထင်ပါတယ်၊ ကိုယ့်ရွာအကြောင်း ကိုယ်သိတာမို့ ကျွန်တော် ရဲရဲကြီးအာမခံတာပါ၊ ဒါပေမဲ့ အခြားရွာကဆိုရင်တော့ ကျွန်တော်လည်း မတတ်နိုင်ဘူးလေ”

ဒုရဲအုပ် သိန်းရွှေက ကျေးရွာလူကြီး ဦးစောအောင်ကိုကြည့်ပြီး ပြုံးလျက်.....

“ဒုစရိုက်သမားဆိုတာ ထူးခြားပြီး ချိုပါတာမှတ်လို့ဗျာ၊ ဒီအထဲပိုဆိုးတာက ရွက်ပုန်းသီးလူဆိုးတွေပဲဗျ၊ ကျွန်တော်တို့ရဲစခန်းမှာတောင် အဲဒီရွက်ပုန်းသီးလူဆိုးစာရင်းကို သီးခြားပြုစုထားရတယ်”

“ဟုတ်ပါတယ် ဆရာရယ်၊ အဲဒီတော့ ကျွန်တော်တို့ ဘာဆက်လုပ်ရမှာလဲ၊ ပြောပါဦး”

ဒုရဲအုပ် သိန်းရွှေက စာရေးဖိုင်အား လှမ်းယူပြီးနောက်

“အခုတော့ ကလေးရဲ့အမည်၊ အသက်၊ အဖေ၊ အမေ၊ ဆွေမျိုးစာရင်းလေးတွေ ပေးထားခဲ့ပါ၊ ကျွန်တော်တို့ရဲစခန်းမှာ လူပျောက်အနေနဲ့ မှတ်တမ်းဖော်ပြထားပါမယ်၊ နောက်ပြီး ကလေးဓာတ်ပုံကို မိတ္တူကူးပြီး နီးစပ်ရာရဲစခန်းတွေကို ကူညီစုံစမ်းပေးဖို့ အမြန်ပို့ပါ့မယ်၊ နောက်ပြီး ကျွန်တော်တို့မြို့နယ်ထဲမှာရှိတဲ့ ပြွန်တန်ဆာ၊ ပိန်းဇလုပ်၊ တော်ဝိ၊ မဒေါက်စတဲ့ ရဲစခန်းတွေကိုလည်း လှေဆိပ်၊ ဘူတာရုံတွေမှာ ရှာဖွေခိုင်းပါ့မယ်၊ တစ်ဦးဦးက ကလေးကို ချော့မော့ပြီး ခိုးယူခေါ်သွားရင်တော့ တွေ့မှာပါ၊ စခန်းမှူး ရဲအုပ် စိန်ညွှန့်(ရဲမှူး၊ ကွယ်လွန်)ကိုလည်း သေသေချာချာ တင်ပြလိုက်ပါ့မယ်၊ ခင်ဗျားတို့ကတော့ ရွာပတ်ဝန်းကျင် ရှာဖွေမှုကိုတော့ ဆက်လုပ်ထားကြပါ၊ ထူးတာနဲ့ ကျွန်တော်တို့ဆီ ချက်ချင်းအကြောင်းကြားကြပေါ့”

“စိတ်ချပါ ဆရာ၊ အခုလည်း နောက်ပိုင်းမှာ ထပ်ပြီးရှာဖို့ ရွာကို ပြောထားခဲ့ပါတယ်၊ ထူးတာနဲ့ ချက်ချင်းသတင်းရောက်လာမှာပါ၊ ကျွန်တော်တို့ကိုလည်း ခွင့်ပြုပါဦး”

“ကောင်းပါပြီဗျာ၊ အမြန်ပြန်တွေ့ပါစေလို့ ဆုတောင်းလိုက်ပါတယ်”

ကျေးရွာလူကြီး ဦးစောအောင်တို့အဖွဲ့ ထွက်သွားပြီးနောက် ဒုရဲအုပ် သိန်းရွှေလည်း နီးစပ်ရာ ရဲစခန်းများသို့ သတင်းပေးရန် အကြောင်းကြားစာများ ရေးသားပါသည်။ ထို့ပြင် ပိန်းဇလုပ်၊ ပြွန်တန်ဆာရဲစခန်းများကိုတော့ တယ်လီဖုန်းဖြင့်ပင် ကလေးပုံသဏ္ဌာန်၊

www.burmeseclassic.com



အခြေအနေ ပြောပြပြီး ဖုန်းဆက်ပြောဆိုလိုက်ပါသည်။ ဤဖြစ်ရပ်မျိုးကလည်း အမြန်ဆောင်ရွက်ရမည်ဖြစ်သဖြင့် လက်လှမ်းမီသရွေ့အမြန်ဆက်သွယ်နေခြင်းဖြစ်ပါသည်။ သို့မဟုတ်ပါက ပြစ်မှုကျူးလွန်သူများအတွက် အချိန်ကြာလာသည်နှင့် အမှု အခွင့်အရေးများ ပိုမိုရရှိလာမည်ဖြစ်သောကြောင့်ဖြစ်ပါသည်။

✦ ✦ ✦

ယနေ့လည်း ဒုရဲအုပ် သိန်းရွှေ တစ်ယောက် နံနက် ၇ နာရီကတည်းက ရဲစခန်းရုံးရောက်နေပြီး မိမိစစ်ဆေးနေသော အမှုများ မှတ်တမ်းရေးသားနေသည်မှာ နံနက် ၁၁ နာရီ ထမင်းစားချိန်အထိဖြစ်သည်။ မိမိရေးလက်စအမှုများကို လက်စသတ်ပြီး အိမ်ပြန်ထမင်းစားသည်။ နေ့လယ် ၂ နာရီခန့် ရဲစခန်းရုံးပြန်ရောက်သည့်အချိန်တွင် ရဲစခန်းမှူး ရဲအုပ် စိန်ညွှန့်လည်း ၎င်း၏ရုံးခန်းအတွင်းရှိနေပြီး အုပ်ချုပ်မှုဆိုင်ရာ မှတ်ပုံတင်များ၊ အမှုစစ်များ၏အမှုတွဲများအား ဖတ်ရှုပြီး စိစစ်လက်မှတ်ရေးထိုးနေခဲ့သည်။ ဒုရဲအုပ် သိန်းရွှေက ရဲစခန်းဝရန်တာရှိ ခုံတန်းလျားတွင် ခဏထိုင်နေစဉ် ရဲစခန်းအနောက်ဘက်ဝင်ပေါက်မှ ရေဖြူသောင်ကျေးရွာလူကြီး ဦးစောအောင်နှင့်အဖွဲ့ မြန်မြန်လမ်းလျှောက်လာသည်ကို တွေ့ရသဖြင့် လွန်ခဲ့သောနေ့က တိုင်ထားသည့် ကလေးပျောက်ကိစ္စ ထူးခြားမှုရှိလာပြီဟု ဒုရဲအုပ် သိန်းရွှေ စိတ်ထဲမှတ်ယူလိုက်ပါသည်။ ရဲစခန်းရုံးပေါ်ရောက်သည်နှင့် ဒုရဲအုပ် သိန်းရွှေက သိလိုဇောဖြင့်.....

"ဘယ်လိုလဲ ဟိုနေ့ကပျောက်နေတဲ့ ကလေးမလေး တွေ့ပြီလား"

ဦးစောအောင်က ကပျာကယာ ခုံတစ်ခုံအား ယူ၍ထိုင်လိုက်ပြီး.....

"ထူးပါတယ် ဆရာရယ်၊ တစ်ဆက်တည်းပဲ စိတ်မကောင်းစရာပါ၊ ရွာအရှေ့ဘက် ကိုင်းတောထဲမှာရှိတဲ့ ဗွက်အိုင်အစပ်နား ဗွက်ထဲမှာ ကလေးကို မှောက်ခုံအနေအထားနဲ့ သေနေတာ တွေ့ရပါတယ် ဆရာ"

ဒုရဲအုပ် သိန်းရွှေမှာ အံ့အားသင့်သည့်အမူအရာဖြစ်သွားပြီး.....

"အိုဗျာ....စိတ်မကောင်းလိုက်တာ၊ ကလေးက ရေထဲဆင်းဆော့လို့ ရေနစ်တာလား၊ နောက်ပြီး ဘယ်လိုဖြစ်ပြီး ကလေးက အဲဒီကိုင်းတောထဲ ရောက်သွားရတာလဲ၊ တွေ့ရှိပုံကို သေသေချာချာ ပြောပြပါဦး"

"ဒီလိုပါခင်ဗျာ၊ ဆရာတို့ဆီကို လာတိုင်ပြီးတဲ့နောက်လည်း ကျွန်တော်တို့အဖွဲ့တွေ ဆက်ရှာကြပါတယ်၊ မနေ့ကလည်း တစ်နေ့လုံးရှာတာ မတွေ့လို့ ကျွန်တော်တို့လည်း ဒီနေ့ လူထပ်စုပြီး မနက် ၇ နာရီကတည်းက ပိုက်စိပ်တိုက်ရှာတဲ့အခါ စာသင်ကျောင်းဝင်း အရှေ့ဘက် ကိုင်းတောကို မွှေပါတယ် ဆရာ၊ အဲဒီမှာ အပုပ်နံ့နည်းနည်းရတာနဲ့ ဆယ်အိမ်ခေါင်း ကိုဆင့်နဲ့အဖွဲ့က အပုပ်နံ့ရတဲ့ဘက်ကို ဖြည်းဖြည်းတိုးပြီးရှာတော့ ကလေ[...] အလောင်းကို တွေ့တာပါပဲ ဆရာ[...] ကျွန်တော်တို့လည်း ဘာမှမကိုင[...] သေးဘဲ ဒီအတိုင်းပဲ နေရာမပျက်[...] ထားပါတယ်၊ ဆရာတို့ပဲ လိုက်[...] ဆေးပေးပါဦး၊ ကလေးအမေလည်[...] ကလေးတွေ့တာနဲ့ တစ်ခါတည်း [...] ပြီးတက်သွားလိုက်တာ၊ မနည်း[...] ပြုစုနေရတာနဲ့ နည်းနည်းနောက်[...] ကျသွားတာပါ"

"အေးပေါ့ဗျာ၊ ကိုယ်ချင်းစာပါ[...] တယ်၊ ကျွန်တော် အခုချက်ချင်း[...] စခန်းမှူးကို သတင်းပို့ပြီး လိုက်ခဲ့[...] ပါ့မယ်"

ဒုရဲအုပ် သိန်းရွှေက စခန်းမှူး[...] ရုံးခန်းထဲဝင်သွားပြီး ချက်ချင်း[...] သတင်းပို့လိုက်သည့်အခါ စခန်းမှူး[...] ရဲအုပ် စိန်ညွှန့်လည်း အပြင်သို့[...] လိုက်ထွက်လာပြီး.....

"ကျွန်တော်တို့လည်း ခင်ဗျား[...] တို့နဲ့ တစ်ခါတည်းလိုက်ခဲ့ပါ့မယ်၊ ဟို[...] မှာတော့ နေရာမပျက်အောင် အစောင့်ချထားတယ်မဟုတ်လား"

"ချထားပါတယ် ဆရာ၊ ရွာက လူတွေကိုလည်း အနားသိပ်မကပ်[...] ဖို့နဲ့ အချင်းချင်း သတင်းစုံစမ်းထား[...] ကြဖို့ မှာထားခဲ့ပါတယ်"

စခန်းမှူး ရဲအုပ် စိန်ညွှန့်ကလည်း ဒုရဲအုပ် သိန်းရွှေတို့နှင့်အတူ နယ်ထိန်းတပ်ကြပ်ကြီး လှဝင်း(ကွယ်လွန်)တို့အဖွဲ့ပါ တစ်ပါတည်းခေါ်[...] လျက် ရေဖြူသောင်ကျေးရွာသို့ စက်ဘီးနှင့် အမြန်နင်းလာခဲ့ကြပါသည်။

ညနေ ၃ နာရီခန့်တွင် ရေဖြူ[...]

www.burmeseclassic.com



သောင်ကျေးရွာသို့ ရောက်ရှိပြီး အခင်းဖြစ်ပွားရာနေရာသို့ ကျေးရွာဥက္ကဋ္ဌ(ယခု အုပ်ချုပ်ရေးမှူး)ဦးစောအောင်က ဦးဆောင်ခေါ်သွားပါသည်။ ကလေးငယ်အလောင်းတွေ့ရှိသည့်နေရာမှာ ကျေးရွာစာသင်ကျောင်းဝင်း၏အရှေ့ဘက်၌ရှိသော ကိုင်းတောအတွင်း၌ဖြစ်ပါသည်။ ကိုင်းတောမှာ လူတစ်ရပ်ကျော်ခန့်မြင့်မားပြီး ကိုင်းတောအတွင်းဝင်ရောက်လိုက်ပါက ဝင်သွားသူများအား မမြင်ရတော့ဘဲ ပျောက်သွားပါသည်။ ကိုင်းတောအတွင်း သက်ငယ်ပင်များပါ ရောနှောပေါက်နေသဖြင့် သက်ငယ်ရိတ်မည့် လူသွားလမ်းလေးများကိုလည်း နေရာအနှံ့တွေ့ရှိရသည်။ တစ်ဖာလုံခန့် လူသွားလမ်းအတိုင်း ဝင်သွားပါက ကိုင်းတောများအလယ်တွင် ကွဲလူးအိုင်ပုံစံဖြစ်နေသော ရေအိုင်ငယ်နှစ်ခု တွေ့ရှိပါသည်။ သေဆုံးသူကလေးငယ်အလောင်းမှာ မြောက်ဘက်ရေအိုင်စပ်အနီး ဗွက်ထဲ၌မှောက်ခုံအနေအထားဖြင့် အရှေ့ဘက်ခေါင်းပြုပြီး သေဆုံးနေပါသည်။ နေပူရှိန်နှင့် သုံးရက်ခန့်ကြာပြီဖြစ်သဖြင့် ကလေးငယ်ထံမှအပုပ်နံ့အနည်းငယ်ရရှိနေပါသည်။

ရဲစခန်းမှူး ရဲအုပ် စိန်ညွန့်နှင့် ဒုရဲအုပ် သိန်းရွှေတို့က ကလေးအလောင်းအား ပက်လက်လှန်ခြင်း မပြုသေးဘဲ အလောင်းပတ်ဝန်းကျင်အခြေအနေအား သေချာစွာစစ်နေပါသည်။ ကလေး၏ဦးခေါင်းမှာ ရေအိုင်အစပ် ဗွက်ထဲတွင် တစ်ဝက်ခန့် နစ်မြုပ်နေပြီး ဦးခေါင်းအား တစ်ဦးဦးက ဖိနှိပ်သဖြင့် အသက်ရှူလမ်းကြောင်းပိတ်ပြီး သေဆုံးခြင်းဖြစ်နိုင်သည်ဟု သုံးသပ်ကြသည်။ ကလေးအလောင်းအား ပက်လက်လှန်စစ်ဆေးရာတွင် နှာခေါင်းပေါက်မှသာ သွေးအနည်းငယ်ထွက်နေပြီး ထူးခြားသောဒဏ်ရာများ မတွေ့ရှိပါ။

သို့သော် ကလေး နားနှစ်ဖက်တွင် ဝတ်ဆင်ထားသော ရွှေနားကွင်းနှစ်ခုမှာ ဖြုတ်ယူခံထားရကြောင်း စိစစ်တွေ့ရှိရသည်။ ဤသို့ဆိုလျှင် သေဆုံးသူသည် လူမမည်ကလေးသူငယ်ဖြစ်ခြင်းကြောင့် ရန်ငြိုးရန်စရှိ၍ အသတ်ခံရခြင်း မဖြစ်နိုင်ဘဲ ရွှေနားကွင်းအား ယူလိုမှုကြောင့် ရေအိုင်ဗွက်ထဲတွင်နှစ်ပြီး သတ်ဖြတ်ခဲ့သလားဟု ယူဆနိုင်ပါသည်။

ထိုအချိန် ဒုရဲအုပ် သိန်းရွှေက စခန်းမှူး ရဲအုပ် စိန်ညွန့်အနားသို့ တိုးကပ်ပြီး တီးတိုးပြောဆိုလိုက်ရာ ရဲအုပ် စိန်ညွန့်က ခေါင်းတညိတ်ညိတ်ဖြင့် လုပ်ပါသည်။ မကြာမီ ကလေးအလောင်း၏ ခေါင်းရင်းဘက်သို့သွားကာ ကလေးခေါင်းအား လက်ဖြင့်ထိ၍.....

"ကဲ.....သမီးလေး၊ အဘက ဒီနယ်မြေကို အုပ်ချုပ်တဲ့ ရဲစခန်းမှူးဖြစ်တယ်၊ သမီးကို ဒီလိုအဖြစ်ဆိုးမျိုးဖြစ်အောင် လုပ်သွားတဲ့ တရားခံကို အဘတို့ အမြန်ဖမ်းချင်တယ်၊ အဲဒီတော့ သမီးက ဖမ်းမိအောင် အဘတို့ကို ကူညီပေးပါ၊ ဒါ အဘ အမိန့်ပဲ"

ဟုပြောဆိုပြီး ကလေးခေါင်းအား သုံးချက်ပုတ်လိုက်ပြီးနောက် ကလေးခေါင်းမှ ဆံပင်နှစ်ချောင်းအားနုတ်၍ ဒုရဲအုပ် သိန်းရွှေအား ပေးလိုက်ပါသည်။ ဒုရဲအုပ် သိန်းရွှေက စခန်းမှူးပေးသော ဆံပင်အား စက္ကူဖြင့်ထုပ်ပြီး ၎င်း၏လွယ်အိတ်ထဲ၌ ထည့်ထားလိုက်သည်။

ရဲစခန်းမှူး ရဲအုပ် စိန်ညွန့်နှင့် အဖွဲ့က အခင်းဖြစ်အရပ်အား စစ်ဆေးပြီးနောက် ကလေးအလောင်းအား ဆေးစာဖြင့် ဆေးရုံပို့ရန် စီစဉ်ခိုင်းလိုက်ပါသည်။ ထို့နောက် ကျေးရွာဥက္ကဋ္ဌ(ယခု အုပ်ချုပ်ရေးမှူး) ဦးစောအောင်အိမ်သို့ ဆက်ထွက်လာကြပါသည်။ ဦးစောအောင်အိမ်တွင် ကျေးရွာသူ၊ ကျေးရွာသားများက ကလေးသေဆုံးမှုနှင့်ပတ်သက်၍ စစ်ဆေးမှုအား နားထောင်ရန် စုရုံးရောက်ရှိနေကြသည်။ စခန်းမှူး ရဲအုပ် စိန်ညွန့်က လူအုပ်ကြီးအားကြည့်ပြီး.....

"ကဲ ဦးစောအောင်ရေ၊ အိမ်မှာရှိနေကြတဲ့ ရွာသားတွေကိုရှင်းပေးပါဦး၊ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြရင် ကျွန်တော်တို့ ဘယ်လိုမှ စစ်လို့ရမှာမဟုတ်ဘူး၊ ကျွန်တော်တို့ စစ်ဆေးမေးမြန်းမယ့် သက်သေတွေပဲ ခေါ်ပေးထားပါ"

ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောအောင်က လာရောက်နားထောင်နေသည့် ရွာသူ/ရွာသားများအား မိမိအိမ်သို့ပြန်ကြရန်နှင့် ကလေးမိဘများ၊ ကျောင်းမှ ဆရာ/ဆရာမများ၊ ကလေးအလောင်း

www.burmeseclassic.com

www.burmeseclassic.com



စတင်တွေ့ရှိသူတို့သာ နေခဲ့ရန်ပြော ကြားပြီး ပြန်လည်စေလွှတ်လိုက်ပါ သည်။

စခန်းမှူး ရဲအုပ် စိန်ညွှန့်၊ ဒု ရဲအုပ် သိန်းရွှေတို့က ကလေးမိဘ များဖြစ်သော ကိုသောင်းတင်၊ မရွှေ မှုံ၊ ကျောင်းဆရာမ မသီတာနှင့် မန္တယ်နွယ်၊ ကျောင်းအုပ်ဆရာကြီး ဦးမြတ်သာ၊ ကလေးအလောင်း စ တွေ့သည့် ရွာသားများအား စစ် ဆေးရာတွင် ထူးခြားသောသဲလွန်စ မရရှိခဲ့ပါ။ သေဆုံးသူ မသဇင်မိုး၏ အတန်းပိုင်ဆရာမ ဒေါ်သီတာက လည်း ကျောင်းဆင်းချိန်အထိတွေ့ မိလိုက်ကြောင်းနှင့် ယခင်ကလည်း အိမ်ပြန်နေကျဖြစ်၍ သတိမထားမိ သော အချက်အလက်များသာ ရရှိ ခဲ့ပါသည်။

စခန်းမှူး ရဲအုပ် စိန်ညွှန့်၏ စိတ်ထဲတွင် ကလေးသေဆုံးမှုသည် တစ်စုံတစ်ဦးမှ ကလေးနားဆွဲအား ယူလိုမှုကြောင့် ချော့မော့၍ တော ထဲခေါ်သွားပြီး သတ်လိုက်သည်ဟု ယူဆထားပြီး ထုတ်ဖော်ပြောဆို ခြင်းတော့ မရှိခဲ့ပါ။ သို့သော် ဤသို့ လူမဆန်သောလုပ်ရပ်ကို ပြုလုပ်သူ အား မပေါ်ပေါ်အောင်စုံစမ်းမည်ဟု စိတ်ထဲ၌ ဆုံးဖြတ်ချက်ချထားပါ သည်။ နယ်ထိန်းအဖွဲ့အား ရွာ တွင်းသို့စေလွှတ်ပြီး အခြေအနေ မသင်္ကာသူများအား လျှို့ဝှက်စုံ စမ်းရန်ကိုလည်း တာဝန်ပေးလိုက် သည်။

သို့သော် ယနေ့လည်း အချိန် မရှိတော့သဖြင့် အုပ်ချုပ်ရေးမှူး ဦး စောအောင်အား အမှုဖွင့်ရန်အတွက် ကလေးမိဘများ ရဲစခန်းသို့ ချက် ချင်းစေလွှတ်ရန်နှင့် နောက်နေ့ နံ နက် ၈ နာရီခန့်တွင် သေဆုံးသူ မသဇင်မိုးနှင့်အတူ ကျောင်းတက်ခဲ့ ကြသည့် ခင်မင်သည့် အတွဲအများ ဆုံးသော ကလေးများအား ၎င်းတို့ ၏အတန်းပိုင်ဆရာမနှင့် ညှိနှိုင်းပြီး ရဲစခန်းသို့ ခေါ်လာရန် မှာကြား လျက် ရဲစခန်းသို့ ပြန်လာခဲ့ကြပါ သည်။ ရဲစခန်းရောက်သည့်အခါ စခန်းမှူး ရဲအုပ် စိန်ညွှန့်က ဒုရဲအုပ် သိန်းရွှေအား.....

"ဟိုကလေးဆီက အမိန့်ပေး ပြီး နုတ်လာတဲ့ ဆံပင်လေးကို ရဲ စခန်းရုံးထဲ မယူလာနဲ့နော်၊ စခန်း ဝင်းရှေ့က ကုက္ကိုပင်မှာ ခဏထား လိုက်ပါ၊ တော်ကြာ ကလေးသရဲ ရဲစခန်းထဲ ရောက်နေဦးမယ်"

"ဟုတ်ကဲ့ပါ ဆရာ၊ စခန်းရုံး ထဲ မယူခဲ့ပါဘူး၊ စခန်းဝင်းရှေ့က ကုက္ကိုပင်မှာ ထားခဲ့ပါတယ်"

ဟု ပြုံးလျက်ပြောလိုက်ပါ သည်။ စခန်းမှူး ရဲအုပ် စိန်ညွှန့် က.....

"ဒါတွေကလည်း မယုံလို့မရ ဘူးဗျ၊ ရှေးရိုးကြီးတွေရဲ့အစဉ်အလာ ပဲဗျ၊ ဘယ်လိုပဲဖြစ်ဖြစ် အမှုပေါ် ပေါက်အောင်၊ တရားခံဖမ်းမိအောင် တစ်နည်းမဟုတ် တစ်နည်းတော့ သွယ်ဝိုက်တဲ့နည်းနဲ့ ကူညီကြတာပဲ ဗျ"

"ဟုတ်ပါတယ် ဆရာ၊ ကျွန် တော်လည်း ယုံပါတယ်၊ အပြစ် ကင်းတဲ့ကလေးမို့အစောင့်အရှောက် တွေကလည်း ကူညီကြမယ်ထင်ပါ တယ်"

"ကဲ.....ကဲ လုပ်စရာရှိတာ ဆက်လုပ်ပါဗျာ၊ ဒီအမှုကိုလည်း ခင်ဗျားပဲ ကျွန်တော့်ကိုယ်စားစစ် ဆေးပါဗျာ၊ ကျွန်တော် မြို့နယ်မှူး အိမ်ဘက်ကို သွားလိုက်ပါဦးမယ်"

စခန်းမှူး ရဲအုပ် စိန်ညွှန့် ထွက်သွားပြီးနောက် ဒုရဲအုပ် သိန်း ရွှေလည်း အမှုနှင့်ပတ်သက်၍ အစီ ရင်ခံစာများ ရေးသားဆောင်ရွက် ရန် စခန်းရုံးခန်း၌ ကျန်နေခဲ့ပါ သည်။

❧ ❧ ❧

နောက်နေ့နံနက် ၈ နာရီခန့် တွင် ဒုရဲအုပ် သိန်းရွှေ ရဲစခန်းရုံး ၌ ရှိနေပါသည်။ ယနေ့တွင် ရေမြေ သောင်ကျေးရွာမှ သက်သေများကို ချိန်းဆိုထားသဖြင့် စောင့်မျှော်နေ ခြင်းလည်းဖြစ်ပါသည်။ စိတ်ထဲတွင် လည်း ဒီနေ့တော့ တစ်ခုခု ထူးခြား နိုင်သည်ဟုလည်း ခံစားနေမိပါ သည်။

မကြာမီ ကျေးရွာအုပ်ချုပ်ရေး မှူး ဦးစောအောင်နှင့်အတူ ဆရာမ ဒေါ်သီတာ၊ သေဆုံးသူ မသဇင်မိုး နှင့် အတူကျောင်းသွားဖော် တစ် တန်းတည်းဖြစ်သော ကလေးငယ် မညိုချော၊ ဘုတ်ဆုံမ၊ မမဲလုံး မောင်ကျော်စွာမိုး၊ မောင်သူရအောင် တို့ ရောက်လာကြပါသည်။ ကလေး ငယ်များမှာ အသက်(၅)နှစ်ကျော် အရွယ်ခန့်သာရှိကြသဖြင့် ဤကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



ခေန်းရုံးကို ခေါ်လာသည့်အခါ ခေန်းရုံးပေါ်ရှိ ယူနီဖောင်းဝတ်ရဲများကိုကြည့်ပြီး ကြောက်ရွံ့နေပုံသည်း ပေါ်ပေါက်နေပါသည်။

အထူးအဆန်းသဖွယ် တောင်ကြည့်၊ မြောက်ကြည့် အနေအထားဖြစ်နေကြပါသည်။ ၎င်းတို့၏ ဆရာမကို ကြောက်ရွံ့၍သာလိုက်လာရသည့် အနေအထားဖြစ်ပါသည်။ ဒုရဲအုပ် သိန်းရွှေက ကလေးငယ် ဘုတ်ဆုံမ၊ မမဲလုံး၊ မောင်ကျော်စွာမိုးနှင့် မောင်သူရအောင်တို့အား ချော့မော့မေးမြန်းခဲ့ရာတွင် ကလေးများမှာ ကြောက်ရွံ့နေသည်က တစ်ကြောင်း၊ မရောက်ဖူးသည့်နေရာကို ရောက်ရှိနေသည်ကတစ်ကြောင်းကြောင့် ထူးခြားသောထွက်ဆိုချက်များ မရရှိခဲ့ပါ။ သို့သော် ကလေးငယ် မညိုချောအား မေးမြန်းခဲ့ရာတွင်.....

"သမီးနာမည် ဘယ်လိုခေါ်လဲ"

"ညိုချော"

"သမီး ဒီနေ့ ဘာစားခဲ့လဲ"

"ထမင်း"

"ဘာဟင်းနဲ့စားလဲ"

"ငါးပိ"

"သမီးက လှတယ်နော်"

ကလေးက သဘောကျဟန်ဖြင့် ပြုံးပြပါသည်။

"သမီးက စာသင်ခန်းထဲမှာ ဘယ်သူနဲ့အတူထိုင်လဲ၊ ဘဘကို ပြောပြပါဦး"

"သဂျင်မိုး"

ဟု သေဆုံးသူ ကလေးငယ် မသဇင်မိုး၏အမည်အား မပီကလာ ပီကလာနှင့်ပြောပါသည်။

"ကဲ..ဟုတ်ပါပြီ သမီးသူငယ်ချင်း သဂျင်မိုးကို ချစ်လား"

မညိုချောက ခေါင်းညိတ်ပြပါသည်။

"သမီး ကျောင်းဆင်းရင်ဘယ်သူနဲ့ပြန်လဲ"

"သဂျင်မိုး"

"ကဲ.....ဟုတ်ပြီ၊ ကျောင်းဆင်းတော့ သဂျင်မိုးကို ဘယ်သူခေါ်သွားတာတွေ့လဲ"

ကလေးငယ် ညိုချောက သူ့ဆရာမကိုတစ်လှည့်၊ သဇင်မိုး၏မိဘများ၊ အုပ်ချုပ်ရေးမှူး ဦးစောအောင်တို့ကိုကြည့်ပြီး ဘာမှမပြောပါ။ ထိုအချိန် ဦးစောအောင်က....

"သမီး ပြောလိုက်လေ၊ ဘာမှမကြောက်နဲ့နော်၊ နောက်ပြီးရင် ဘဘတို့ မုန့်သွားဝယ်စားကြမယ်နော်"

ကလေးငယ် မညိုချောက ၎င်း၏လက်ညှိုးအား ပါးစပ်တွင်ထည့်လျက်ကိုက်နေသဖြင့် ဒုရဲအုပ် သိန်းရွှေက.....

"ပြောပြပါ သမီးရယ်၊ သမီးသူငယ်ချင်း သဂျင်မိုးကို ဘယ်သူခေါ်သွားလဲလို့၊ ဒါမှ သမီးသူငယ်ချင်းကို ဘဘတို့ ပြန်ခေါ်ပေးမှာ"

ကလေးငယ် မညိုချောက တစ်အောင့်ခန့်အကြာတွင်.....

"သဂျင်မိုးကို မမအေး ခေါ်သွားတယ်"

ထိုအခါ ဆရာမ၊ ဦးစောအောင်နှင့် ဒုရဲအုပ် သိန်းရွှေတို့ အံ့အားသင့်ပြီး စိတ်ဝင်စားစွာဖြင့် ဆက်လက်မေးကြပါသည်။

"မမအေးက ဘယ်ကိုခေါ်သွားလဲ သမီး"

ကလေးက ၎င်း၏ဘယ်ဘက်လက်ကိုတန်းပြီး လက်ညှိုးထိုးလျက်ပြောပြခဲ့သည်။

"ဟိုး တောထဲကိုခေါ်သွားတာ"

"သမီး သေသေချာချာတွေ့လိုက်တာလား"

မညိုချောလေးက ဘာမှမပြောတော့ဘဲ ခေါင်းညိတ်ပြပါသည်။

ဒုရဲအုပ် သိန်းရွှေက ကလေးထံမှရရှိလာသော သဲလွန်စအမည်နှင့်ပတ်သက်ပြီး.....

"ကဲ.....အုပ်ချုပ်ရေးမှူးကြီး၊ ကလေးက မမအေးလို့ပြောနေတယ်၊ ဘယ်မမအေးလဲ"

"ကျွန်တော့်အထင် ကျောင်းအနောက်ဘက် ခြံစည်းရိုးမှာ ကပ်လျက်နေတဲ့ ဒေါ်တောကျော်တို့သားအမိဖြစ်မယ်ထင်တယ်၊ သူ့သမီးအမည်က မအေးလေ၊ ကလေးပြောပုံအရဆိုရင် တော်တော်တောင် စဉ်းစားရမလိုဖြစ်နေပြီ"

"လုပ်စမ်းပါဦး၊ ဘယ်လိုအခြေအနေ ဖြစ်နေလို့လဲ"

"ဒီလိုပါ၊ ဒီဒေါ်တောကျော်တို့က ကျွန်တော်တို့ရွာဇာတိတော့ မဟုတ်ဘူး၊ သူ့ခင်ပွန်းကတော့ ကျွန်တော်တို့ရွာဇာတိပါ၊ မအေးအဖေကတော့ ကွယ်လွန်တာကြာပါပြီ၊ သူတို့သားအမိက ကြိုးကြုပန်းပဲ လုပ်ကိုင်စားသောက်ကြပါ

www.burmeseclassic.com

www.burmeseclassic.com

တယ်၊ စီးပွားရေးအခြေအနေက တော့ ဘာမှမရှိပါဘူး၊ မအေးက ရိုးရိုးသားသားလေးပါပဲ၊ ရွာမှာတော့ ဘာနာမည်ပျက်မှ မရှိပါဘူး၊ သူတို့က ဆင်းရဲလွန်းတော့ ရွာကလူတွေနဲ့လည်း နည်းနည်းကင်းကွာပါတယ်၊ ဒါပေမဲ့ ဒီလောက်အထိ ကလေးကို ရက်ရက်စက်စက်သတ်လိမ့်မယ်လို့ မထင်ပါဘူး''

''ကျွန်တော် အရင်ပြောသလို ပေါ့ဗျာ၊ လူဆိုးဆိုတာ ချိုပါတာ မှတ်လို့၊ နောက်ပြီး မကောင်းမှု လုပ်တာကလည်း ဆိတ်ကွယ်ရာ အရပ်မှာ ဖြစ်နေတယ်၊ သူနဲ့ရွယ်တူလည်းမဟုတ်ဘူး၊ အလွယ်ရရင် သူကြွယ်တောင် မနေနိုင်ဘူးလို့ စကားပုံရှိတယ်လေ၊ အခုလည်း ဘယ်လိုပဲ အကျင့်စာရိတ္တကောင်းကောင်း အခွင့်အရေးရလာတဲ့အခါကျတော့ မှားတတ်ကြတာပဲလေ၊ အခုလည်း မညိုချောက သဇင်မိုးကို မမအေး ခေါ်သွားတာတွေ့တယ်လို့ ပြောနေပြီ၊ ဟုတ်တာမဟုတ်တာ အပထား၊ ကလေးဆိုတာတော့ အမှားပြောခဲတယ်ဗျ''

''အင်းပေါ့လေ၊ ဆရာပြောသလိုဆိုတော့လည်း စဉ်းစားရမှာ ပေါ့၊ မအေးကိုတော့ အချိန်မရွေး ခေါ်စစ်လို့ရပါတယ်''

''ဒါဆိုရင် ခင်ဗျားလည်း ရွာပြန်ပြီး ထပ်မံသတင်းစုံစမ်းပါ၊ နောက်နေ့မှာ မအေးကိုခေါ်ပြီး ရဲစခန်းကို လာခဲ့ပါဦးဗျာ၊ ကျွန်တော်တို့ စောင့်နေပါ့မယ်''

''ဒါဖြင့်ရင် ကျွန်တော်တို့ကို ခွင့်ပြုပါဦး''

ဦးစောအောင်တို့အဖွဲ့ ပြန်သွားပြီးနောက် ဒုရဲအုပ် သိန်းရွှေက စဉ်းစားမိသည်မှာ ကလေးငယ် အလောင်းရှေ့တွင် စခန်းမှူး ရဲအုပ် စိန်ညွန့်က ခေါင်းကိုင်ပြီး အမိန့်ပေးလိုက်လို့ သဲလွန်စလေးများ ပေါ်လာတာလားဟု စိတ်ထဲတွေးတော ရင်း အမှုနှင့်ပတ်သက်၍ မှတ်တမ်းများ ဆက်လက်ရေးသားနေခဲ့၏။

* * *

နောက်နေ့နံနက် ၉ နာရီခန့်တွင် ရေဖြူသောင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစောအောင်၊ ဆယ်အိမ်မှူး ကိုဆင့်တို့နှင့်အတူ အပျိုပေါက်အရွယ် အမျိုးသမီးတစ်ဦးတို့ရောက်ရှိလာကြပါသည်။ ရဲစခန်းရုံးခန်းအတွင်း ရောက်သည်နှင့် ဦးစောအောင်က.....

''ဆရာတွေ့ချင်တယ်ဆိုတဲ့ ဒေါ်တောကျော်ရဲ့သမီး မအေးပါ''

''ကဲ.....ထိုင်ပါ၊ အမောဖြေပါဦး''

မအေးအား ဒုရဲအုပ် သိန်းရွှေက အကဲခတ်ပါသည်။ မိမိ၏ ရဲလုပ်သက်အတွေ့အကြုံနှင့်ယှဉ်ပြီး မေးခွန်းများကို မေးမြန်းမည်ဟု စိတ်ကူးထဲ၌ အကောင်အထည်ဖော်နေပါသည်။ မအေးအရွယ်မှာ အသက် ၁၈ နှစ်ခန့်ရှိပြီး မျက်နှာဝိုင်းဝိုင်းဖြင့် အသားဖြူပါသည်။ ကိုယ်လုံးကိုယ်ထည် အချိုးအစား သင့်တင့်မှုရှိပြီး ဘဝတစ်ခုကို ခက်ခဲစွာ ရုန်းကန်လှုပ်ရှားရသူဖြစ်ကြောင်း ၎င်း၏ အသားအရေ၊ ဝတ်စားပုံကိုကြည့်ပြီး ခန့်မှန်းမိပါသည်။

သို့သော် မျက်လုံးများက စူး... တောက်ပနေပြီး ဂနာမငြိမ်ပါ။ တစ်ခုခုကို စိုးရိမ်ပူပန်နေသည့်ပုံစံပေါက်နေပါသည်။ ထို့နောက် ဒုရဲအုပ် သိန်းရွှေကပင် လျှပ်တစ်ပြက်မေးခွန်းကို စတင်မေးလိုက်ပါသည်။

''မအေးက နေ့တိုင်းဈေးရောင်းထွက်သလား''

''မထွက်ပါဘူးရှင့်''

''ဈေးရောင်းတာ အဆင်ပြေရဲ့လား''

''သိပ်မပြေပါဘူးရှင်၊ အမေ တစ်လှည့်၊ ကျွန်မတစ်လှည့်ရောင်းပါတယ်၊ ထမင်းနပ်မှန်ရုံပါပဲ၊ ငွေကြေးအရင်းအနှီးမရှိတော့လည်း ရ... တာလေးနဲ့ပဲ အဆင်ပြေအောင်နေ... ရပါတယ်''

''မအေးက ဈေးမရောင်းတဲ့နေ့ဆို ဘယ်သွားလဲ''

''ဘယ်မှမသွားပါဘူး၊ အိမ်မှာပဲနေပါတယ်''

''စာသင်ကျောင်းခြံဝင်းအရှေ့ဘက် ကိုင်းတောထဲကို ရောက်ဖူးလား''

''ရောက်ဖူးပါတယ်၊ တစ်ခါတစ်ခါ ကိုင်းမှိုတွေ တွေ့မလားလို့ ရှာဖူးပါတယ်''

''တစ်ယောက်တည်းသွားတာလား၊ မကြောက်ဘူးလား''

''မကြောက်ပါဘူးရှင့် သွားနေကျမို့ပါ''

''ဒီမှာ ဦးအခုမေးမယ့် မေး

ခွန်းကိုတော့ သေသေချာချာဖြေနော်''

မအေးက ဒုရဲအုပ် သိန်းရွှေ၏ မျက်နှာကို စူးစူးဝါးဝါးကြည့်မိပြီး...

''ကျွန်မ ဘာကိုဖြေရမှာလဲရှင့်''

''အခု ရွာထဲမှာ ကလေးမလေး မသဇင်မိုးတစ်ယောက် ကိုင်းတောဖွက်အိုင်ထဲမှာ နစ်ပြီးသေတာကြားမှာပေါ့''

''ဟုတ်ကဲ့၊ ကြားပါတယ်''

''ဒါဖြင့်ရင် အဲဒီ မသဇင်မိုးဆိုတဲ့ ကလေးကိုခေါ်ပြီး လွန်ခဲ့တဲ့ သုံးရက်လောက်က ကိုင်းတောထဲသွားတယ်ဆိုတာ ဟုတ်သလား''

မအေးမှာ ရုတ်တရက် အံ့အားသင့်သွားပြီး.....

''ဘယ်သူပြောလဲ၊ ကျွန်မ သွားပါဘူး၊ အိမ်မှာပဲရှိနေပါတယ်''

''မအေးနဲ့ ကလေးမလေး သဇင်မိုးတို့ ညနေကျောင်းအဆင်းမှာ အတူသွားတာကို တွေ့လိုက်တဲ့သူတွေ အများကြီးရှိတယ်လေ၊ အဲဒါ ကလေးကိုခေါ်ပြီး ဘာသွားလုပ်တာလဲ''

မအေးတစ်ယောက် ငိုင်သွားပါတော့သည်။ တော်တော်နှင့်မဖြေပါ။ ခေါင်းငိုက်စိုက်ဖြင့် အကြောင်းမဲ့ လက်ဖဝါးအချင်းချင်း ပွတ်နေပါသည်။ နဖူးမှ ချွေးစလေးများစို့လာပြီး မျက်နှာပြင်တစ်ခုလုံး ပန်းရောင်သန်းလာကာ သက်ပြင်းခဏခဏချနေပါသည်။ ဒုရဲအုပ် သိန်းရွှေက မအေး၏သွင်ပြင်အား အကဲခတ်ပြီးနောက် အခွင့်ကောင်းတစ်ခု ရလာပြီဟု ယူဆလျက်.....

''ဦးတို့က အစိုးရဝန်ထမ်းတွေပါ၊ အခုဆို မသဇင်မိုးရဲ့ဝိညာဉ်ကို အမိန့်ပေးထားတယ်၊ သူ့ကို ဖွက်ထဲမှာနစ်သတ်တဲ့လူကို အမြန်ဝင်စီးပြီး ပြောပါလို့ အမိန့်ပေးထားတယ်၊ အဲဒီနေ့က ကလေးဆံပင်လေးနုတ်ပြီး ဟိုရဲစခန်းရှေ့ ကုက္ကိုပင်ခွကြားမှာ ထားထားတယ်၊ မအေးတို့လာတာတွေ့တော့ ကလေးက တမလွန်ဘဝက ကြည့်နေမှာပေါ့နော်''

ထိုသို့ ဒုရဲအုပ် သိန်းရွှေက ပြောလိုက်သည်နှင့် မအေးမှာ ဂနာမငြိမ် ဖိုဖြစ်လာပါသည်။ ရဲစခန်းရှေ့ရှိ ကုက္ကိုပင်ဆီသို့ မကြာခဏ လှမ်းကြည့်နေပါတော့သည်။

''ကဲပါ မအေးရယ်၊ ဖြစ်ပြီးမှတော့ ဘယ်တတ်နိုင်မှာလဲ၊ အဖြစ်မှန်ကို ပြောပြနော်''

မအေးက ပါလာသော လက်ကိုင်ပဝါဖြင့် ပါးစပ်ကိုအုပ်ပြီး ချုံးပွဲချငိုပါတော့သည်။ ဒုရဲအုပ် သိန်းရွှေကလည်း မအေး၏အားနည်းချက် အခွင့်ကောင်းကို ထက်ကြပ်မကွာ သတိပြုရင်း ဆက်ပြောလိုက်ပါသည်။

''လူဆိုတာ အမှားရှိတတ်ပါတယ်ကွာ၊ မှားတဲ့အခါလည်းမှားမှာပေါ့၊ အဲဒီမှားတဲ့အချက်က ကိုယ်မှားချင်လို့ မှားတာမှမဟုတ်ဘဲလေ၊ ကလေးရဲ့ကုသိုလ်ကံရယ်၊ မအေးရဲ့ အတိတ်ကကံတရားတွေနဲ့ ဆက်စပ်နေတယ်လေ၊ ဖြစ်ပြီးမှတော့ မအေးအနေနဲ့ အမှန်တရားပြောရင် ဦးတို့လည်း ဥပဒေအရ ကူညီလို့ရတယ်လေ''

ဒုရဲအုပ် သိန်းရွှေ၏ ရှည်လျားစွာ ပြောဆိုချက်များကြောင့် မအေးတစ်ယောက် အကြိမ်ကြိမ် သက်ပြင်းချလိုက်ပြီး မျက်ရည်များကို သုတ်လိုက်ပါသည်။

''ဟုတ်ကဲ့၊ ဆရာပြောတာကို ကျွန်မ သဘောပေါက်ပါတယ်၊ ကျွန်မ ပြောပြပါ့မယ်၊ ဒီလိုဖြစ်လိမ့်မယ်လို့ ကျွန်မလည်း မထင်ခဲ့ပါဘူး၊ ကျွန်မတို့ရဲ့ ဆင်းရဲတဲ့ ဖိစီးမှုဒဏ်က ကျွန်မကို စိတ်ရိုင်းပေါ်ပေါက်အောင် တွန်းပို့ခဲ့သလို ဖြစ်သွားပါတယ်၊ ဟုတ်ပါတယ်၊ လွန်ခဲ့တဲ့ သုံးရက်၊ ကျောင်းဆင်းတဲ့နေ့မှာ ကျွန်မက မသဇင်မိုးကို ပန်းသွားခူးမယ်လို့ ပြောပြီး ကိုင်းတောဘက်ခေါ်သွားပါတယ်၊ ကျွန်မ ကိုင်းတောထဲရောက်တဲ့အခါ ကျွန်မစိတ်တွေ ဘယ်လိုဖြစ်မှန်း မသိပါဘူး၊ ကလေးကို ကျွဲလူးအိုင်အစပ်နားရောက်တော့ တွန်းလှဲလိုက်မိတယ်၊ ကလေးက မှောက်ခုံလဲသွားတော့ ငိုတာပေါ့၊ မျက်နှာက ဖွက်ထဲကို စိုက်ကျသွားတော့ ကျွန်မလည်း ကလေးဇက်ပိုးပေါ်ကနေ ခြေထောက်နဲ့ ဖိထားလိုက်တယ်၊ တအောင့်အကြာ ကလေးလည်း အော်သံပျောက်ပြီး ငြိမ်သွားပါတယ်၊ အဲဒီမှာတင် ကျွန်မလည်း သူ့နားမှာဆွဲထားတဲ့ နားကွင်းလေးနှစ်ဖက်ကို ဖြုတ်ယူလိုက်ပြီး အမြန်ပြေးထွက်လာခဲ့ပါတယ်၊ အိမ်ရောက်တော့ ကိုယ့်ကိုယ်ကိုယ်လည်း မယုံနိုင်အောင် ဖြစ်နေတယ်၊ ဘာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လို့များ ကလေးကို ဒီလိုလုပ်မိတာလဲ လို့ အကြိမ်ကြိမ်စဉ်းစားခဲ့ပါတယ်''

''ဒါနဲ့ စကားမစပ် အဲဒီကလေး နားကွင်းလေးရော ဘယ်မှာလဲ''

မအေးက ၎င်း၏ချွေးခံအင်္ကျီ အောက်နားကိုနှိုက်ပြီး စက္ကူဖြင့်ထုပ် လျက် အထုပ်လေးကို လှမ်းပေး သဖြင့် ဖွင့်ကြည့်ရာတွင် မသဇင်မိုး ၏ ရွှေနားကွင်းနှစ်ခုဖြစ်နေပါ၏။

''ကလေးကို ရွာကလူတွေ လိုက်ရှာနေကြတုန်းက ကျွန်မ ဘာ မှမဖြစ်ဘူး၊ မသိသလိုဘဲ နေလိုက် တယ်၊ အဲဒီနောက်ပိုင်း ဆရာတို့ရဲ့ အဖွဲ့တွေ လာပြီးကတည်းက ယနေ့ အချိန်အထိ ကျွန်မ အိပ်လို့မရခဲ့ပါ ဘူး၊ ညဘက်ရောက်တိုင်း မကောင်း ဆိုးဝါးတွေက အမြဲခြောက်လှန့်နေ သလို ခံစားရပါတယ်၊ နင်သတ် တယ်လို့ မြန်မြန်ပြောလိုက်လို့ပြော နေကြတယ်၊ ကျွန်မကတော့ အဲဒီ အချိန်ကတည်းကစပြီး စားမဝင်၊ အိပ်မပျော်ဖြစ်နေရတာ ဒီနေ့အထိ ပါပဲ ဆရာရယ်''

''ကဲ.....ဟုတ်ပါပြီ၊ အခုပြော ပြတဲ့ ဖြစ်စဉ်အတိုင်း တရားရုံးတော် မှာလည်း ပြောပြပေါ့၊ ဦးတို့လည်း ဥပဒေအရ အတတ်နိုင်ဆုံး ကူညီ ပေးပါ့မယ်''

''ဟုတ်ကဲ့ပါရှင်၊ ကျွန်မအမှန် အတိုင်း ပြောပြပါ့မယ်ရှင်''

ဒုရဲအုပ် သိန်းရွှေက ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစောအောင်အား ''ကဲ.....ဘယ့်နှယ်ရှိစ''ဟူသော သဘောဖြင့် ပြုံး၍ကြည့်လိုက်သည်။ ယခု မအေးက သူမ၏ဘဝ ဆင်းရဲ နွမ်းပါးမှုကိုအကြောင်းပြုပြီး ရုတ် တရက်ပေါ်လာသော စိတ်ရိုင်းဒေါသ ကြောင့် လူမမည်အရွယ် မသဇင် မိုးတစ်ယောက် သားကောင်ပမာ ဖြစ်ခဲ့ရပါသည်။ လူတို့၏စိတ်က တော်တော်ကိုပင် ဆန်းကြယ်ပါ သည်။ တစ်ဦးနှင့်တစ်ဦး ရန်ငြိုးရန်စ မရှိပါဘဲ တဒင်္ဂဖြစ်ပေါ်လာသော စိတ်ဆင်ရိုင်းကို မထိန်းသိမ်းနိုင်ခဲ့ ခြင်းကြောင့် လူ့အသက်တစ်ချောင်း ဆုံးရှုံးခဲ့ရပါသည်။

ထိုသို့ အတ္တလောဘ လွန်ကဲ မှုများကို မထိန်းသိမ်းနိုင်ရခြင်းမှာ လည်း ဘာသာတရားအခြေခံနည်း ပါးမှု၊ ပညာအသိမရှိမှုနှင့် အတိတ် ကုသိုလ်ကံ အကြောင်းတရားများ တိုက်ဆိုင်မှုကြောင့်ဟုပင် ဆိုရမည် ဖြစ်ပါသည်။

တစ်နည်းဆိုပါသော် မအေး က သူကိုယ်တိုင် ဖြတ်သန်းနေရ သော ဘဝအပေါ် နာကြည်းမှုများ ကြောင့် ထွက်ပေါက်အဖြေ ရှာကြည့် ခြင်းဟုပင် ယူဆ၍ရပါသည်။ သို့ သော် မအေးကိုယ်တိုင် ရှာဖွေခဲ့ သော ထွက်ပေါက်က သူမ မျှော် မှန်းသလို လွတ်မြောက်ခြင်းမဖြစ် လာခဲ့ကြောင်းကိုတော့ မအေးတစ် ယောက် သဘောပေါက်သွားပြီဖြစ် ပါသည်။

ယခုလည်း ဒုရဲအုပ် သိန်းရွှေ က သေဆုံးသူ မသဇင်မိုးခေါင်းမှ နုတ်ယူလာခဲ့သော ဆံပင်ထားရှိရာ ကုက္ကိုပင်ဘက်သို့ ထွက်လာပြီး ဆံ ပင်လေးကိုယူ၍.....

''ကဲ.....သမီးရေ၊ သမီးကို သတ်တဲ့ တရားခံလည်း မိပါပြီ၊ သမီးကို ကျေးဇူးလည်းတင်ပါတယ်၊ သမီးလည်း လွတ်လွတ်လပ်လပ်နဲ့ သွားလိုရာ သွားပါတော့၊ ဦးတို့ခွင့် ပြုလိုက်ပါတယ်၊ သမီးမသဇင်မိုး တစ်ယောက် ကောင်းရာသုဂတိ လားပါစေလို့ ဆုတောင်းလိုက်ပါ တယ် သမီးရယ်''

ဟူ၍ စိတ်ထဲတွင် နှုတ်ဆက် ပြောကြားလိုက်ပါတော့သည်။

(စာရေးသူ ညောင်လေးပင် ရဲ စခန်း အချုပ်ထောင်တွင် အချုပ် အုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ် က လူသတ်မှုဖြင့်ရောက်ရှိလာသော တရားခံအမျိုးသမီးတစ်ဦး၏ ပြော ဆိုချက် ဖြစ်ရပ်မှန်အား ပြန်လည် ခံစား ရေးဖွဲ့ထားခြင်းဖြစ်ပါသည်။)

နေမျိုးကြီးဝင်းဦး (ငြိမ်း)

www.burmeseclassic.com


## ဒီမျိုးပြဿနာကြုံနေလား(ကိုယ်စား)လုပ်ပေးလို့ရတယ်

◇ အစွပ်အစွဲ၊ အတိုင်အတော၊ အစစ်အဆေးပြဿနာကြောင့် စိတ်ဆင်းရဲ သောကကြုံနေရတဲ့ ကိုယ့်ချစ်သူ (သို့)သားသမီး(သို့)ခင်ပွန်းအတွက် အဲဒီပြဿနာတွေ အဆင်ပြေစွာ အမြန်ဆုံးပြီးပြတ်ကင်းရှင်းပြီး စိတ်ချမ်းသာလာစေဖို့။ Hအတိုက်အခံ အနှောင့်အယှက် အခက်အခဲ အကျပ်အတည်း၊ အမှုအခင်း၊ အချုပ်အနှောင်၊ ထောင်တန်းကိစ္စမျိုး ကြုံတွေ့နေရတဲ့ ကိုယ့်ချစ်သူ/ခင်ပွန်း/သားသမီးကို အဲဒီကိစ္စတွေထဲက အမြန်ဆုံး ရုန်းထွက် ကျော်လွှား လွတ်မြောက်ပျော်ရွှင်စေချင်သလား။ (အစွမ်းထက် ဂန္ဓာရီပညာ ယတြာ အစီအရင်နဲ့ ပံ့ပိုးကူညီလိုအပ်ရင် ယခုပင်လာခဲ့ပါ)။ [ဗျာနွန်းပြည့်နီးပါး မှန်ကန်ကြောင်း အာမခံသည့် ကံကြမ္မာအဟော လက်ဆောင်ထည့်ပေးသည်။]

**ဆရာကြီးဦးအောင်မြိုင်(ဥပဒေဘွဲ့)၊ (လက္ခဏာဗေဒင်ပညာ သုတေသီ)**

• အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
-၀၉၅၀၆၂၈၄၃၊ ၀၉၅၁၇၇၆၂၂၊ ၀၉၇၃၀၀၅၉၂၄၊ ၀၁-၅၈၆၇၀၄



## အကြောဝေဒနာရှင်များဝမ်းမြောက်ဖွယ်

နှစ်ပေါင်း(၇၀)မှယနေ့ထိတိုင်အကြောဝိဇ္ဇာ **ဆရာကြီးဆရာလှ** အကြောပြုပြင်ရာဌာနမှ-
ဆရာကြီး၏သား **ဆရာဦးရဲဝင်း**
ကိုယ်တိုင်အောက်ပါအကြောရောဂါများကို တာဝန်ယူ ကုသပေးနေပါသည်။
ဒူးနာ ၊ ဒူးကိုက် ၊ ခါးနာ ၊ အကြောသေ ၊ အကြောတက် ၊ ထုံနာ ၊ကျင်နာ ၊
ခြေသေလက်ကစ် ၊ လေငန်းရောဂါ ၊ အာရုံကြောနှင့်သက်ဆိုင်သောရောဂါများကိုအချိန်တိုတိုဖြင့်
ထိရောက်စွာ ကုသပေးနေပါသည်။ အခြားအကြောနှင့်သက်ဆိုင်သော ဝေဒနာများကိုလည်းကုသပေးနေသည်။

**ဆေးခန်းတည်နေရာ**
၇/၁၂၀၊ မိုလ်ချုပ်လမ်း၊ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။
အမှတ် (၄၃) ဒေဟာသိကားစီး၍ဖွယ်သာဂီမှတ်တိုင်တွင်ဆင်းပါ။
ဖုန်း - ၀၉ ၇၃၁၀၀၂၅၁၊ ၀၉ ၂၅၄၄၉၃၁၈၉

ဆေးခန်းဖွင့်ချိန်။ ။ နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ၊ (စနေ နေ့တိုင်း ဆေးခန်းပိတ်သည်။)
အကြောဝိဇ္ဇာဆရာကြီးဆရာလှအကြောလိမ်းဆေးကြီး
ဤဆေးခန်းတွင် ရနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com



အခန်းဆက်ဝတ္ထုရှည်

# ထက်ထက်ဦးဝေ

# နွေအလွန်



www.burmeseclassic.com

www.burmeseclassic.com



သခင်လမှအဆက်

**ဒေါက်တာဖုန်သုံ့မှန်**

ကျွန်မဘဝ၏ စတုတ္ထတွေ့ခဲ့ရသော ချင်းကလေးတစ်ယောက်ပါ။ ဆေးရုံတွင် မျက်နှာလွှဲရလောက်အောင် လူချစ်လူခင်ပေါ်များသည့် ဆရာဝန်တစ်ယောက်ဖြစ်သလို မြို့ခံလူဖြစ်၍လည်း ကျွန်မအဖို့ အကူအညီများစွာရခဲ့သည်။ ထိုမှ ချင်းစကားမတတ်သည့် ကျွန်မနှင့် တောင်ပေါ်ကချင်းကလေးတစ်ယောက် ရင်းနှီးကျွမ်းဝင်ရာမှ အချစ်သည် ကျွန်မ၏ နှလုံးသားတံခါးကို တိုးတိတ်စွာ ခေါက်လာပြန်လေသည်။

"ဆရာမလေးတို့ စားကြပါ၊ အားမနာပါနဲ့နော်တဲ့ ဒေါက်တာ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်လို့ ပြောပေးပါ ဒေါက်တာ"

သူ့ရှေ့ရှိ ချင်းအဘိုးအိုအား ချင်းစကားဖြင့်ပြောလိုက်ရာ အဘိုးအိုက တပြုံးပြုံးနှင့် ကျွန်မတို့ကို ငေးခံရှာသည်။ တောင်ပေါ်တိုင်းရင်းသားများ၏ ရိုးသားမှုလေးကို တွေ့မြင်ခွင့်ရ၍ ချင်းပြည်နယ်သို့ ရောက်လာသည်မှာ ကျွန်မအတွက် စိတ်ချမ်းသာမှုအပြည့်အဝရရှိသော နေရာလေးတစ်ခုဖြစ်ကြောင်း မှတ်ချက်ချမိ၏။

နယ်လှည့်ဆင်းသည့်အခါတိုင်း သူမပါလျှင် မပြီးပါ။ ဒေါက်တာဖုန်သုံ့မှန်က English Speaking ကျွမ်း၏။ ချင်းဘာသာစကား နားမလည်သည်ကို သူက စကားပြန်သဘောမျိုး ရှင်းပြပေးပါသည်။ ထို့အတူ မြန်မာစကားမတတ်သည့် ချင်းလူမျိုးများကိုလည်း မြန်မာလို ပြန်ရှင်းပြပေးတတ်၏။ အပြန်တွင် လက်ဆောင်ပေးလိုက်သော အသီးအနှံများက သယ်၍ပင်မနိုင်ပါ။

"အားနာလိုက်တာ ဒေါက်တာရယ်၊ ဒါတွေကို ကျွန်မတို့ဘယ်လိုသယ်နိုင်မှာလဲ"

"လိုက်ပို့ပေးကြမှာပါ၊ မပူပါနဲ့ဒေါက်တာ၊ ကျွန်တော်တို့ ချင်းတိုင်းရင်းသားတွေက ခင်မင်ဖော်ရွေကြပါတယ်၊ ပေးတာကိုလက်ခံမှ ပေးရတဲ့သူအတွက် အကျိုးရှိမှာပေါ့"

လတ်ဆတ်သော အသီးအနှံများက ကျွန်မအတွက် အံ့ဩထူးဆန်းနေသည်။

တောင်ခြေများမှ ဟိုတစ်စု၊ သည်တစ်စု ရွာကလေးများနှင့် တောင်ကိုပတ်ပြီး စိုက်ပျိုးထားသည့် သီးပင်၊ စားပင်များကိုလည်း တွေ့မြင်နေရသည်။ ချင်းပြည်နယ်၏ အလှအပသည် ချင်းတောင်တန်းကြီးများနှင့် တောင်ဇလပ်ပန်းများပဲ ဖြစ်ကြ၏။ တောင်ပေါ်ဒေသဖြစ်၍လည်း အမြဲလိုလို ချမ်းအေးစိမ့်နေ၏။ ရောက်စကဆိုလျှင် ကျွန်မ မနေတတ်ခဲ့ပေ။ ချမ်းလွန်း၍ အိပ်မရခဲ့။ ကျွန်မလို တာဝန်ကျ၍ ရောက်လာကြသူများမှလွဲ၍ နေရာတိုင်းတွင် ချင်းလူမျိုးများသာ ရှိနေကြသည်။ သူတို့ဘာသာစကားကို နားမလည်၍ အကြိမ်ကြိမ် စိတ်ပျက်ခဲ့ဖူး၏။ ထို့ကြောင့် ဒေါက်တာဖုန်သုံ့မှန်သည် ကျွန်မအတွက် အထောက်အကူများစွာ ရခဲ့ရလေသည်။

"အရင်က ဒီနေရာမှာ တံတားမရှိခဲ့ဘူး ဒေါက်တာ၊ အခုတော့ နိုင်ငံတော်အစိုးရရဲ့ကျေးဇူးကြောင့် တံတားတွေဆောက်၊ လမ်းတွေဖောက်နေကြပြီလေ၊ တစ်နေရာနဲ့တစ်နေရာ ဆက်သွယ်သွားလာလို့ရနေကြပြီပေါ့၊ နောင်ဆို တိုးတက်ခေတ်မီလာကြတော့မှာပါ"

"ဟုတ်တယ်နော်၊ ချင်းပြည်နယ်ကြီးဟာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲလို့ ဘယ်သူတွေမှမလာချင်ကြဘူး၊ ကျွန်မ ချင်းပြည်နယ်ကို တာဝန်ကျတော့ သူငယ်ချင်းတွေက မသွားစေချင်ကြဘူး၊ ဒီလို ဝေးလံခေါင်ဖျားနေရာမျိုးကို လာရဲလို့ အံ့ဩနေကြတယ်"

ကျွန်မ၏စကားပြောဟန်လေး

www.burmeseclassic.com

www.burmeseclassic.com



ကို ဆိတ်ငြိမ်စွာကြည့်ပြီး တစေ့တစောင်း အကဲခတ်နေသည်။ တိုးတက်ပြောင်းလဲနေပြီဖြစ်သော သူတို့ဒေသလေးအတွက် ကျေနပ်ဝမ်းမြောက်ခြင်း အရိပ်အယောင်လေးများကို သူ့မျက်နှာပေါ်တွင် ထင်ဟပ်နေ၏။ စိမ်းညိုအုံ့မှိုင်းနေသော တောင်တန်းများနှင့် မြူနိုးဝေနေသော ခပ်ဝေးဝေးရှိ ရှုမျှော်ခင်းအား တငေးတမော ငေးမျှော်ကြည့်မိသည်။

''ဟုတ်ပါတယ်၊ ကျွန်တော်တို့ဒေသကို ဘယ်သူတွေမှ ရောက်မလာချင်ကြပါဘူး၊ ဒေါက်တာလာခဲ့တဲ့အတွက် ကျေးဇူးတင်ပါတယ်၊ အခွင့်အခါသင့်ရင် ချင်းပြည်နယ်ကြီးဟာ အရင်လိုမဟုတ်တော့တဲ့ အကြောင်း ပြောပြပေးစေချင်ပါတယ်''

''ဒေါက်တာ ဟိုးတောင်ကမ်းပါးယံမှာ စိုက်ထားတဲ့ စိုက်ခင်းလေးက ဘာပင်တွေလဲဟင်''

''အဲဒါ စပါးပင်တွေပါ၊ လှေကားထစ်စိုက်နည်းနဲ့ စိုက်ပျိုးထားတာပါ၊ အထွက်လည်းကောင်းတယ်၊ နိုင်ငံတော်ရဲ့စေတနာတွေပေါ့ ဒေါက်တာရယ်''

''ကြည့်လို့လှတယ်နော်''

တောင်စောင်းပေါ်မှ စပါးခင်းလေးများမှာ သဘာဝပန်းချီကားတစ်ချပ်နှယ် ကြည့်၍မဆုံးနိုင်ပါ။

''ဒေါက်တာ့ကို တောင်ပေါ်စေတီလေးဆီ ဖူးမြော်ဖို့ လိုက်ပို့ရဦးမယ်၊ ပင်ပန်းနေမလားလို့''

''ဖူးထိုက်လို့ ဖူးရတာပဲမဟုတ်လား၊ ဘုရားဖူးတာ ကုသိုလ်ရတဲ့အလုပ်ပဲ ဒေါက်တာရယ်၊ ပင်ပန်းလည်း ဖူးရမှာပဲ''

ကျွန်မ၏စကားကို သဘောကျသွားပြီထင့်။ ဒေါက်တာဖုန်သုံမှုန်၏ ဟန်ပါသော အပြုံးတစ်ခုကိုတွေ့ရသည်။ သူ့ကြောင့် တောင်ပေါ်စေတီလေးများကို ဖူးမြော်ခွင့်ရ၍ အနီးအနားမြို့ကလေးများကို လည်းလည်ပတ်ခွင့်ရခဲ့၏။ ကြာတော့ တောင်ဇလပ်ပန်းများပွင့်သည့် ချင်းတို့မြေတွင် ပျော်မွေ့လာခဲ့သည်ကို တော့ မငြင်းနိုင်ပါ။

ဤသို့ ခင်မင်ရင်းနှီးလာရာမှ အနေကြာလာသည်နှင့်အမျှ သံယောဇဉ်ငြိတွယ်လာရသူက ဒေါက်တာဖုန်သုံမှုန်ပင်။ သူ၏ကြင်နာမှုများနှင့် သူ၏မျက်ဝန်းမှအဓိပ္ပာယ်များကို ကျွန်မ နားလည်မိသည်။ ရှည်သောအရပ်၊ ဖြူသောအသားအရေနှင့် ယောက်ျားပီသသော မျက်နှာထားကို ပိုင်ဆိုင်ထား၏။ သူသည် လွန်စွာမှ ချင်းတောင်တန်းကြီးများကိုချစ်သော ဆရာဝန်တစ်ယောက်ဖြစ်လေသည်။

''ကျွန်တော်တို့ချင်းပြည်နယ်မှာ တောင်ဇလပ်ပန်းတွေ ထာဝရပွင့်နေသလို ဒေါက်တာ့နွေအလွန်ကိုလည်း ဒီမှာအမြဲရှိစေချင်တယ်''

''ဒေါက်တာရော တခြားဒေသတစ်ခုခုကို မသွားတော့ဘူးလား''

ခေါင်းကို ဘယ်ညာခါယမ်းပြ၏။ ပြီးမှ စကားကို ပွင့်လင်းစွာဆိုလာလေသည်။

''ကျွန်တော်ဟာ ချင်းတောင်တန်းကြီးပေါ်မှာ မွေးဖွားခဲ့တာပါ၊ ကိုယ့်ဒေသကို ပစ်ခွာပြီး တခြား ထွက်သွားဖို့ မဖြစ်နိုင်ပါဘူး၊ ကျွန် တော်တို့ ချင်းပြည်နယ်ကိုရောက် လာတဲ့ ဆရာဝန်၊ ဆရာမတွေဟာ အချိန်တန်ရင် အိမ်ပြန်ကြမယ့် ဧည့် သည်တွေပါပဲ''

သူ့သဘောထားကို သိခွင့်ရခဲ့ ၏။ ထိုမျှသာမကသေးပေ။ သူ့ဘဝ သူ့အကြောင်း တစေ့တစောင်းကို လည်း ကြားခဲ့ရသည်။

''ကျွန်တော့်မိဘတွေဟာ တောင်ယာထဲမှာ အလုပ်လုပ်ရင်းနဲ့



www.burmeseclassic.com



ဦးထိပ်ပြီး သေဆုံးခဲ့ကြရတယ်၊ လမ်းခရီးခက်ခဲတာကတစ်ကြောင်း၊ ဆရာဝန်ရှားပါးတဲ့အရပ်ဒေသဖြစ်တာကတစ်ကြောင်းကြောင့် လမ်းခုလတ်မှာပဲ ရှေ့ဆင့်နောက်ဆင့်သေဆုံးသွားခဲ့ရပါတယ်၊ ဆရာဝန်သာ အချိန်မီကယ်တင်နိုင်ရင် ဒီလိုအဖြစ်ဆိုးခဲ့မှာမဟုတ်ပါဘူး၊ အဲဒီအချိန်ကတည်းက ကျွန်တော့်နှလုံးသားထဲမှာ စွဲသွားစေခဲ့ရတာက ကိုယ့်မိဘခံစားခဲ့ရသလို ကိုယ့်တိုင်းရင်းသားတွေ မခံစားစေရဘူး၊ သူတို့ကို ကယ်တင်နိုင်ဖို့ ဆရာဝန်ဖြစ်စေရမယ်ဆိုတဲ့ အသိတစ်ခု ဝင်လာခဲ့ရတယ် ဒေါက်တာ''

''ဒေါက်တာ့ရည်ရွယ်ချက်က မြင့်မြတ်ပါတယ်၊ ကျွန်မတို့ကတော့ ပွင့်ပွင့်လင်းလင်းပြောရရင် ဘာရည်ရွယ်ချက်မှ မရှိခဲ့ပါဘူး၊ အမှတ်ကောင်းလို့ ဆရာဝန်ဖြစ်လာခဲ့ရသူပါပဲ''

''ဒါပေမဲ့ ဒေါက်တာ့မှာလည်း မြင့်မြတ်တဲ့စေတနာ ရှိခဲ့တာပဲ၊ လူနာတွေအပေါ် စေတနာထားပြီး ကြင်နာတတ်တာဟာ ဆရာဝန်တစ်ယောက်နဲ့တစ်ယောက် မတူကြပါဘူး၊ တချို့က ဝတ်ကျေတမ်းကျေသဘောမျိုးနဲ့ စေတနာမပါကြဘူး၊ ဒေါက်တာ့ရဲ့ မြင့်မြတ်စိတ်ကလေးကို ကျွန်တော်သိမြင်ပြီးသားပါ၊ ပြီးတော့ ဆရာဝန်တိုင်းမလာချင်ကြတဲ့နေရာမျိုးကို လာရောက်တာဝန်ထမ်းဆောင်နိုင်တာကိုက ဒေါက်တာ့မှာ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ရှိခဲ့လို့ပဲပေါ့''

**ကျွန်တော်တို့ကို နိုင်ငံတော်က ဆရာဝန်ပညာကို သင်ပေးလိုက်တာဟာ တခြားနိုင်ငံအတွက် မဟုတ်ပါဘူး၊ ဆေးပညာတိုးတက်အောင် လေ့လာသင်ကြားချင်တဲ့ ဆန္ဒကလွဲပြီး ကိုယ့်နိုင်ငံအပေါ် ဘယ်တော့မှ သစ္စာမဖောက်ဘူး...**

ကျွန်မ၏ရှက်စိတ်ကို ပေါ့စေရန် ပြောလာတတ်သည့် ဒေါက်တာဖုန်သုံမှုန်ကို လေးစားမိပါ၏။ သူသည် ကျွန်မထက် မြင့်မြတ်စိတ်ပိုရှိကြောင်း အငြင်းပွားရန် မလိုအပ်ပေ။ လူတစ်ယောက်လုပ်ဆောင်မှုသည် ထိုသူ၏ အရည်အချင်းကို ဖော်ပြနေတတ်ပါသည်။ သူနှင့်စကားပြောမှ ကျွန်မအသိထဲတွင် နိုင်ငံနှင့်ပတ်သက်၍ အသိအမြင်၊ အတွေးအခေါ်ကောင်းများ ရခဲ့လေ၏။

''အခုလို သွားလာရေးလွယ်ကူတော့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတွေ တိုးတက်ခဲ့ရတာပေါ့၊ အခုဆိုရင်လည်း တိုက်နယ်ဆေးရုံတွေ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့လို့ ချင်းတိုင်းရင်းသားတွေရဲ့ ကျန်းမာရေးကို ဆောင်ရွက်နိုင်ခဲ့ရပြီပေါ့ ဒေါက်တာရယ်''

သူ့ရင်ထဲတွင် ပီတိများစွာဖြစ်ပေါ်ခံစားနေမည်မှာ သူပြောသောစကားနှင့် မျက်လုံးများက သက်သေပြနေကြသည်။ နိုင်ငံအနှံ့အပြားတွင် နိုင်ငံတော်၏စေတနာများကို လမ်းတစ်လျှောက်လုံးတွင် တွေ့မြင်ခဲ့ရလေပြီ။ ရန်ကုန်မြို့ကြီးပင် ယခင်ကလို မဟုတ်တော့ပေ။ ခေတ်မီမြို့တော်ကြီးအဖြစ် ပြောင်းလဲနေပေပြီ။

''ကျွန်တော်ဟာ ခရစ်ယာန်ကျောင်းမှာ ကြီးပြင်းခဲ့ရပြီး ဖာသာရဲ့ပံ့ပိုးမှုကြောင့် ဆရာဝန်ဖြစ်ခဲ့ရတာပါ၊ ကျွန်တော်က မြန်မာခရစ်ယာန်ပါ၊ ခုဆိုရင် ဖာသာလည်းမရှိတော့

www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ တစ်ခါလောက်တော့ ကျွန်တော်တို့ဘုရားကျောင်းလေးဆီ ဒေါက်တာ့ကို ခေါ်သွားရမယ်''

''ဒါဆို ဒေါက်တာက ချင်းလူမျိုးအစစ်မဟုတ်ဘူးပေါ့နော်''

''အဖေက ချင်းလူမျိုး၊ အမေက ဗမာလေ၊ ချင်းပြည်နယ်မှာ တာဝန်ကျတဲ့ ကျောင်းဆရာမလေးတစ်ယောက်ဟာ တောင်သူ ချင်းတိုင်းရင်းသားကြီးနဲ့ ဖူးစာဆုံခဲ့ကြတာပေါ့၊ ကျွန်တော့်ကိုလည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးထားတော့ မြန်မာခရစ်ယာန် ဖြစ်ခဲ့ရတာပေါ့ ဒေါက်တာရယ်''

သူ့စကားနှင့်သူ သဘောကျနေတော့သည်။ ကျွန်မလည်း သူနှင့်အတူ ရယ်မောမိ၏။ ဒေါက်တာ ဖုန်သုံမှုန်သည် ဆေးပညာတွင် တော်သလို စကားပြောရာတွင်လည်း နားထောင်ကောင်း၏။

''နိုင်ငံခြားသွားဖို့ရော စိတ်ကူးမရှိဘူးလား ဒေါက်တာ''

''ဟင့်အင်း။ ကျွန်တော်တို့ကို နိုင်ငံတော်က အားကိုးတကြီး ဆရာဝန်ပညာကို သင်ပေးလိုက်တာဟာ တခြားနိုင်ငံအတွက် မဟုတ်ပါဘူး၊ ဆေးပညာတိုးတက်အောင် လေ့လာသင်ကြားချင်တဲ့ ဆန္ဒကလွဲပြီး ကိုယ့်နိုင်ငံအပေါ် ဘယ်တော့မှ သစ္စာမဖောက်ဘူး''

တည်ကြည်ပြတ်သားသော စကားများကို ကြားရ၍ ကျွန်မ စကားပြောမှားသွားပြီလားဟုတွေးမိသည်။

''တချို့က ကိုယ်တတ်ထားတဲ့ ပညာကိုမှ အားမနာဘဲ လျော်ကြေးပေး၊ တိုင်းတစ်ပါးကိုထွက်သွားပြီး အောက်ခြေသိမ်းအလုပ်ကို လုပ်နေကြတာဟာ ရှက်စရာကောင်းသူတွေပါပဲ၊ ကျွန်တော့်သူငယ်ချင်းတစ်ယောက်လည်း ဒီအတိုင်းပါပဲ၊ ပင်ပင်ပန်းပန်းအလုပ်လုပ်ပြီး ငွေစုနေတာ၊ ဆရာဝန်ဘွဲ့ကိုမှမထောက်၊ ဘယ်လောက်နှမြောစရာကောင်းသလဲ ဒေါက်တာ''

သူ့မေးကြောများပင် ထောင်လာ၏။ ခံစားမှုတစ်ခုက သူ၏နှလုံးသားတွင် ငြိတွယ်သန္ဓေတည် နိုင်ထားပုံရပါသည်။ သူ၏မျက်နှာထားမှာ သုန်မှုန်နေ၏။ နေဝင်ဖျိုးဖျဆည်းဆာချိန်ဟူ၍ မတွေ့မြင်ရသလောက် ချင်းတောင်တန်းကြီးများ၏ အုံ့မှိုင်းမြူခိုးဝေနေခြင်းနှင့် အပြိုင် ချင်းပြည်နယ်၏ ဆောင်းရာသီသည် အေးခဲချမ်းစိမ့်နေလေသည်။

''ကျွန်တော် မီးဖိုပေးမယ်၊ ဒါမှ နွေးနေမှာ''

''ရပါတယ် ဒေါက်တာ၊ ကျွန်မ ဘာသာ ဖိုလိုက်ပါ့မယ်''

''ဒေါက်တာက အားနာနေလို့လား''

ပြောလည်းပြော၊ သစ်တုံးကြီးများကိုစီပြီး မီးဖိုပေးနေပြန်တော့သည်။ တော်တော်နှင့် မီးမစွဲသည့် သစ်တုံးကြီးများက ခဏချင်းပင် မီးစွဲလာစေ၏။ ထို့အတူ ကျွန်မ၏ အေးစက်မာကျောနေသော နှလုံးသားများက သူ့ကြောင့် နွေးထွေးခြင်းတစ်ခုကို ဖြစ်ပေါ်ခံစားလာမိခဲ့ပြီလားမသိပါ။

* * *

''ဒေါက်တာရေ.....မနေ့က မွေးလူနာတစ်ယောက် ရောက်လာတယ်၊ ညက အမြွှာလေးတွေမွေးတယ်လေ၊ ချစ်စရာလေးတွေ''

''ဟုတ်လား''

အနီဝတ်သူနာပြုဆရာမလေး ပြောလာ၍ မွေးခန်းထဲ ပြေးဝင်ကြည့်မိရာ ချစ်စရာချင်းမောင်နှမ နှစ်ယောက်ကို တွေ့ရသည်။ အမိဝမ်းထဲမှ ကျွတ်ကာစဖြစ်ပြီး ချမ်းအေးမှုကြောင့် သူတို့လေးတွေ၏ အသားလေးများသည် တုန်နေရှာကြ၏။

''ညက ကျွန်မကို ဘာလို့လာမခေါ်တာလဲ နှာ့စ်''

''ဒေါက်တာဖုန်သုံမှုန်ကမခေါ်နိုင်းတာပါ၊ ဒေါက်တာအနားယူပါစေတဲ့''

သူ၏စေတနာကို ကျွန်မလေးစားမိသည်။ ထိုမွေးလူနာပင်မဟုတ်ပါ။ အချိန်မရွေးမှ ရောက်လာတတ်သည့် မည်သည့်လူနာမျိုးမဆို ကျွန်မကို လာမခေါ်တတ်ပေ။ ညှာတာခြင်း၊ စာနာထောက်ထားခြင်းများဖြင့် ကျွန်မဘက်က အားနာနေမိ၏။ ဆေးရုံလေးသည် ခုတင် (၂၀) ဆံ့ တိုက်နယ်ဆေးရုံလေးဖြစ်၍ ဆရာဝန်ဟူသည် နည်းပါးပါသည်။ ရေများရာမိုးရွာဆိုသကဲ့သို့ မြို့ကြီးပြကြီးများတွင် ဆရာဝန်ပေါများတတ်၍ ထိုဆရာဝန်များသာ တောင်

www.burmeseclassic.com

တန်းဒေသလေးများပေါ် ရောက်လာပါက မည်မျှကောင်းလိုက်ပါမည်နည်း။ ရင်မှာဆန္ဒဖြစ်မိ၏။

"ဟော.....ဒေါက်တာရောက်လာပြီ၊ Morning ဒေါက်တာ"

လူနာခန်းထဲဝင်လိုက်သည်နှင့် လူနာရှင်များနှင့် စကားပြောနေသော ဒေါက်တာဖုန်သုံ့မှုန်က ကျွန်မ ကို နှုတ်ဆက်လာ၏။

"Morning ပါ ဒေါက်တာ၊ အမြွှာလေးတွေ မွေးတယ်ဆို"

"ဟုတ်တယ် ဒေါက်တာရဲ့၊ ကျွန်တော်တို့ဆေးရုံအတွက် လာဘ်ကောင်းတာပေါ့၊ ဒေါက်တာနဲ့မိတ်ဆက်ပေးရဦးမယ်၊ ဟောဒါ ဒီချင်းတောင်တန်းကြီးကိုချစ်တဲ့ ကျောင်းဆရာလေး ကိုမျိုးဝေပါ၊ ဒီမှာပဲ အိမ်ထောင်ကျပြီး သူ့အမျိုးသမီးလည်း ကျောင်းဆရာမပဲလေ၊ သူတို့က မြေပြန့်မှာ ဖူးစာမဆုံကြဘဲ ချင်းပြည်နယ်မှာ ဖူးစာဆုံခဲ့ကြတာပေါ့ဗျာ"

"ဟုတ်ကဲ့၊ တွေ့ရတာဝမ်းသာပါတယ် ကိုမျိုးဝေ၊ ကျွန်မ ဒေါက်တာနွေအလွန်ပါ"

"ဝမ်းသာစရာပေါ့ ဒေါက်တာရယ်၊ ကျွန်တော်တို့လို မြေပြန့်က ဝန်ထမ်းတွေ အခုလို တောင်ပေါ်ဒေသလေးတွေဆီကို ရောက်လာကြတာ နိုင်ငံအတွက် အင်အားတစ်ရပ်ပဲပေါ့၊ ပြီးတော့ ချင်းတိုင်းရင်းသားတွေအတွက်လည်း ဂုဏ်ယူအားထားစရာ လေးစားထိုက်သူတွေပါပဲ၊ ကျွန်တော်တို့လိုသာ အသိမျိုးရှိတတ်ကြမယ်ဆိုရင် နိုင်ငံ



အတွက် ဘယ်လောက်အကျိုးရှိလိုက်မလဲ၊ ဒါပေမဲ့ဗျာ ကျွန်တော်တို့လိုအတွေးမျိုး လူတိုင်းမှာ မရှိတတ်ကြပါလား"

ကိုမျိုးဝေ၏ သက်ပြင်းချလိုက်ပုံက သူ့ရင်ထဲတွင် ဝေဒနာတစ်ရပ် ခံစားခဲ့ရလိမ့်မည်ဟု ကျွန်မ ရိပ်စားမိပါသည်။ ကျွန်မက ခုတင်ပေါ်မှ ကိုမျိုးဝေ၏ အမျိုးသမီးကို လှမ်းကြည့်ပြီး.....

"ကျွန်မက ကလေးတွေကို ချင်းကလေးတွေပဲထင်နေတာ၊ ကိုမျိုးဝေအမျိုးသမီးလည်း ဗမာပဲပေါ့နော်"

"ဟုတ်ပါတယ် ဒေါက်တာ၊ သူက ချင်းပြည်နယ်မှာ ဆရာမ လာလုပ်ရင်းနဲ့ ကျွန်တော်နဲ့တွေ့ခဲ့ကြတာပါ၊ သူနဲ့ကျွန်တော်က ရည်ရွယ်ချက်ချင်းတော့ မတူဘူးပေါ့၊ သူက သူငယ်ချင်းတွေနဲ့ ချင်းပြည်နယ်ကို အလည်လာရင်း တွဲဖက်ကျောင်းလေးမှာ လုပ်အားလာပေးပြီး ပျော်သွားတာ၊ နောက်တော့ အစိုးရခန့် ဆရာမလေး ဖြစ်သွားတယ်လေ"

"ဒါပေမဲ့ ချင်းတောင်တန်းကြီးကို သံယောဇဉ်ရှိပုံချင်းတော့ တူတာပေါ့ ကိုမျိုးဝေရယ်၊ ကျွန်မ ကြားဖူးတာက လင်မယားတွေမှာ စိတ်ချင်း၊ သဘောထားချင်း၊ အမြင်ချင်း တူညီကြတယ်တဲ့၊ အသွင်မတူ အိမ်သူမဖြစ်ဆိုတဲ့စကားလည်း ရှိထားတာပဲလေ၊ ကိုမျိုးဝေ မေ့နေပြီနဲ့တူတယ်"

"ဟုတ်ပါတယ် ဒေါက်တာ၊ ဒေါက်တာ့စကားကို ကျွန်တော်လက်ခံပါတယ်"

ကျွန်မစကားကြောင့် ဝမ်းသာအားရ ပြောလာရှာတော့သည်။ သို့သော်လည်း သူ့ရင်ထဲရှိနေမည့် အစိုင်အခဲတစ်ခုကိုတော့ သိချင်လာစိတ် ဖြစ်ပေါ်မိ၏။

"အခုတော့ သားသမီးလေးတွေနဲ့ ကျွန်တော့်ဘဝလေး ပြည့်စုံခဲ့ရပြီလေ၊ သားနဲ့သမီးကိုတော့ ဆရာဝန်တွေဖြစ်လာအောင် ကြိုးစားရမယ် ဒေါက်တာ၊ ဒေါက်တာတို့ကို အားကျလို့လေ"

ကိုမျိုးဝေ၏ သဘောကျစွာ ရယ်မောသံကြောင့် သူ့အမျိုးသမီးမှာ နိုးလာတော့သည်။ ကိုမျိုးဝေလည်း အနားရောက်သွား၏။

"မိန်းမ..သက်သာရဲ့လားဟင်"

www.burmeseclassic.com

www.burmeseclassic.com

အားအင်ချည့်နဲ့သောအပြုံးဖြင့် ခေါင်းလေးညိတ်ပြရှာ၏။ မျက်နှာပေါ်တွင် ဖြူရော်နေသော်လည်း ကိုမျိုးဝေ၏ ကြင်နာမှုကြောင့် ဝေဒနာအားလုံး သက်သာစေပါလိမ့်မည်။ ထို့ထက်သက်သာစေနိုင်မည့်အရာမှာ သားသမီးများ၏မျက်နှာပင်ဖြစ်သည်။ "သားတို့ရုပ်ရည် သီတာမည်သား ရေကြည်ချမ်းမြ တစ်ပေါက်ကလေးကျရုံနဲ့ မိဘတို့ဝမ်း ငြိမ်းစတမ်း"ဆိုသည့် စကားလေးအတိုင်း သားသမီးလေးတွေ၏မျက်နှာသည် မိဘတို့၏ရင်တွင်း ငြိမ်းချမ်းစေပါမည်။

"ကလေးတွေလည်း ကျန်းကျန်းမာမာပဲ မိန်းမ၊ မွေးခန်းထဲမှာ သူနာပြုဆရာမတွေ ခေါ်ထားတယ်၊ ဒီက ဒေါက်တာတို့က မိန်းမကိုမွေးပေးခဲ့တာလေ"

"ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မက သားဦးမို့ ကြောက်နေတာ၊ ချောချောမောမောမှ မွေးနိုင်ပါ့မလားလို့ စိုးရိမ်နေမိတာပါ"

ဖျော့တော့တော့အပြုံးတစ်ခုဖြင့် ယွဲ့ယွဲ့လေး ပြုံးပြရှာပြန်သည်။ လူနာအား သက်သာစေမည့်စကားလေးတစ်ခွန်းကိုတော့ ကျွန်မ ပြောပြမိသည်။

"ကိုယ်ဝန်သည်တိုင်းဟာ မမွေးခင်မှာ ဒီလိုပဲ စိုးရိမ်တတ်ကြပါတယ်၊ ဒါပေမဲ့ မွေးဖွားချိန်မှာတော့ စိုးရိမ်ပူပန်ခြင်းတွေ မရှိတော့ သလောက် ခွန်အားသစ်တွေ ဖြစ်ပေါ်စေခဲ့တာ သားသမီးနဲ့ မိခင်ကြားမှာ ရှိနေတဲ့ မမြင်နိုင်တဲ့ သံ

**ဆရာဝန်ဆိုသည်မှာ လူတစ်ယောက်၏ ရောဂါဝေဒနာ ပျောက်ကင်းစေရန် ဆေးဖြင့်ကုစားခြင်းထက် စိတ်ဖြင့်ကုစားခြင်းက ချက်ချင်းသက်သာနိုင်စွမ်းရှိကြောင်း အငြင်းပွားစရာမလိုပါ။ ဆရာဝန်တစ်ဦးတွင် ထိုသို့သော အရည်အချင်းမျိုး ရှိထားဖို့လိုအပ်ပါ၏ . . .**

ယောဇဉ်ကြိုးလေးကြောင့်ပါပဲ၊ တစ်နည်းအားဖြင့် မိခင်မေတ္တာပေါ့ အစ်မရယ်"

"ဟုတ်ပါတယ် ဒေါက်တာ၊ မိခင်မေတ္တာကို ကျွန်မလည်း နားလည်ခဲ့ရပါပြီ၊ ကျွန်မလေ ဗိုက်နာစဉ်က 'အမေ'လို့ခေါ်ပြီး ကျွန်မရဲ့ မိခင်ကြီးကို တမ်းတမိခဲ့တယ်၊ အဲဒီအချိန်မှာ ငါတို့မွေးတုန်းက ငါ့အမေလည်း ဒီလိုပဲ နာကျင်မှုဝေဒနာကို ခံစားခဲ့ရမှာပဲလို့ ပြန်တွေးမိတယ် ဒေါက်တာရယ်၊ ပြီးတော့ ကိုယ်ချင်းလည်းစာမိပါပြီ"

"မိန်းမက သူ့အမေကို စိတ်ဆိုးနေတာ ဒေါက်တာရဲ့၊ ကျွန်တော့်ကို လက်ထပ်လိုက်လို့ သူတို့ဘက်က သဘောမတူကြဘူးလေ၊ သူကလည်း မိဘအပေါ် မာနနဲ့အဆက်အသွယ်မလုပ်ခဲ့ဘူး၊ မမွေးခင်နှစ်လလောက်ကတော့ သူ့အမေဆီက စာလာခဲ့သေးတယ်၊ ဒါပေမဲ့ စာမပြန်ခဲ့ဘူး"

"သားသမီးနဲ့မိဘဟာ စိတ်ဆိုးလည်း ခဏပါပဲဗျာ၊ ရေကိုသာ ဖြတ်လို့ ရချင်ရမယ်၊ မိဘက သားသမီးအပေါ် ဘယ်တော့မှ မပြတ်နိုင်ပါဘူး"

ဒေါက်တာဖုန်သုံမှုန်၏ ဖြေသိ
စကားလေးကြောင့် သူမသည် မိ
အမှားကို နားလည်စွာဖြင့် ကျွန်မတို့
အား ကတိပေးရှာသည်။

"မှန်ပါတယ် ဒေါက်တာ
ကျွန်မရဲ့အမှားကိုလည်း သိမြင်ခဲ့
ပါပြီ၊ ဒါကြောင့်မို့ မိဘအပေါ် ဖြစ်
မှားမိခဲ့သမျှ ဝန်ချတောင်းပန်မှာပါ
ကိုမျိုး..သီတာလေ အမေ့ကိုတောင်း
ပန်ချင်တယ်"

ကိုမျိုးဝေက ဖနီးသည်၏လက်
ကလေးအား ဆုပ်ကိုင်ပြီးနောက် တိုး
တိုးလေး ပြောလိုက်ရှာသည်။

"သီတာအပြစ်တင်ရင်လည်း
ကိုမျိုးခံပါ့မယ်၊ ဒီမနက်ကပဲ သီတာ့
မေမေ ကိုမျိုးယောက္ခမကြီးကို သံ
ကြိုးရိုက် ခေါ်ထားပြီးပါပြီ၊ မကြာ
ခင် ရောက်လာတော့မှာပါ"

သူတို့နှစ်ဦး၏ အပြန်အလှန်
အပြုံးလေးများက ကျွန်မ၏ရင်ဝယ်
စိတ်ချမ်းမြေ့စေခဲ့ရသည်ကိုဖြင့်
မငြင်းနိုင်ပါ။ ထို့ကြောင့် ဒေါက်တာ
ဖုန်သုံမှုန်ထံလှမ်းကြည့်လိုက်ရာ သူ
လည်း ကျွန်မနည်းတူ ခံစားနေရ
မည်ပင်။ သူ့မျက်နှာပေါ်တွင် ကြည်

www.burmeseclassic.com



ခိုပ်များကို တွေ့မြင်နေရ၏။

"ဟော.....မေမေနိုးလာပြီ၊ သားသားကိုနို့တိုက်ချိန်ရောက်နေပြီ ကွဲ"

"ဒီကမီးမီးလေးလည်း နို့ဆာနေပြီနော်"


သူနာပြုဆရာမများ၏လက်ထဲတွင် ကလေးငယ်တစ်ဦးစီ ချီလာပြီး နို့တိုက်ရန် ခေါ်လာကြသဖြင့် မိဘနှစ်ဦးမှာ စောစောက ချမ်းမြေ့မှုဆက်ပိုသော အပြုံးများက သူတို့၏မျက်ဝန်းများတွင် အရောင်တဖိတ်ဖိတ်တောက်နေကြလေပြီ။ ကလေးများကို တစ်ယောက်တစ်ဦးစီ ယူချီလိုက်ပြီး ပီတိအပြုံးလေးများကိုယ်စီဖြင့် ရွှန်းရွှန်းစားစား ကြည့်နေကြလေသည်။

"သားနဲ့သမီးက သီတာနဲ့ပိုတူတယ်နော်"

"ကိုမျိုးနဲ့လည်း တူပါတယ်၊ ခြေတံလက်တံ ရှည်ကြတယ်နော်"

သူနာပြုဆရာမနှစ်ဦးမှာ အလိုက်တသိ ထွက်သွားကြသဖြင့် ကျွန်မတို့လည်း သူတို့ဇနီးမောင်နှံ အနီးမှခွာပြီး တခြားခုတင်များရှိ လူနာများဆီသို့ လှည့်လည်စစ်ဆေးရန် ထွက်လာခဲ့ရ၏။

ဆရာဝန်ဆိုသည်မှာ လူတစ်ယောက်၏ ရောဂါဝေဒနာ ပျောက်ကင်းစေရန် ဆေးဖြင့်ကုစားခြင်းထက် စိတ်ဖြင့်ကုစားခြင်းက ချက်ချင်းသက်သာနိုင်စွမ်းရှိကြောင်း အငြင်းပွားစရာမလိုပါ။ ဆရာဝန်တစ်ဦးတွင် ထိုသို့သောအရည်အချင်းမျိုး ရှိထားဖို့လိုအပ်ပါ၏။



နေ့လယ်ထမင်းစားချိန်တွင် ကိုမျိုးဝေနှင့်ပတ်သက်ပြီး ကျွန်မ သိချင်သမျှကို မေးကြည့်မိသည်။

"ကိုမျိုးဝေက သူ့ရင်ထဲမှာ ခံစားချက်တစ်ခုခုရှိခဲ့ရမယ်လို့ ကျွန်မ ထင်မိတယ် ဒေါက်တာ"

"ဘယ်လိုခံစားချက်မျိုးလဲဟင်"

"ချင်းပြည်နယ်ကိုရောက်လာတဲ့ ရည်ရွယ်ချက်လေးပေါ့"

ကျွန်မ၏စကားကို သဘောကျစွာဖြင့် ရွှန်းရွှန်းဝေသည့် အကြည့်တစ်ချက်ဖြင့် ကျွန်မမျက်နှာကို ခိုးငုံကြည့်လာ၏။

"ဒေါက်တာက လူကဲခတ်မဆိုးဘူး။ ဟုတ်ပါတယ်၊ ကိုမျိုးဝေဟာ ကျွန်တော်တို့လို တစ်ကောင်ကြွက်ပါပဲ၊ အစက ဘကြီးဖြစ်သူရဲ့ အုပ်ထိန်းမှုအောက်မှာ ကြီးပြင်းလာခဲ့ပြီး ဘွဲ့ရအောင် ကြိုးစားခဲ့တယ်၊ သူ့ဘကြီးက စစ်ပြန်၊ စစ်မှုထမ်းတစ်ယောက်ပေါ့ဗျာ၊ ဒီတော့ သူ့ရင်ထဲမှာ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်လေးက အလိုလိုရှိနေပြီးသားလေ"

ဒေါက်တာဖုန်သုံမှုန်သည် ထမင်းကို ဆက်မစားသေးဘဲ ကိုမျိုးဝေအကြောင်းကို စိတ်ဝင်တစားပြောပြနေ၏။ ကျွန်မလည်း ဇွန်းနှင့်ခက်ရင်းကိုကိုင်ကာ နားထောင်မိသည်။

"ကိုမျိုးဝေမှာ အဲဒီအချိန်က ချစ်သူရှိခဲ့ဖူးတယ် ဒေါက်တာရဲ့၊ သူ့ချစ်သူက ဘွဲ့လွန်ဆက်တက်နေပြီး အခုဆို တက္ကသိုလ်မှာ ကထိကတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ဖြစ်နေပြီပေါ့၊ ကိုမျိုးဝေရဲ့ စိတ်ဓာတ်က မဖွံ့ဖြိုးသေးတဲ့ ဒေသလေးမှာ သူတတ်တဲ့ပညာနဲ့ တိုင်းပြည်အတွက် အလုပ်အကျွေးပြုချင်ခဲ့တယ်၊ အဲဒီမှာ ချစ်သူနဲ့ သဘောထားကွဲလွဲခဲ့ရတယ်ဆိုပါတော့"

ကိုမျိုးဝေ၏ဇာတ်လမ်းလေးသည် မထူးဆန်းသော်လည်း စာနာခြင်းဖြစ်ခဲ့ရ၏။

မြင့်မြတ်စိတ်ဟူသည် လူတိုင်းတွင် ထားရှိနိုင်ပေမယ့် လက်တွေ့ပြုလုပ်ရန် ခက်ခဲတတ်သည့်အရာတစ်ခုပဲဖြစ်လေသည်။

"ပိုဆိုးဝါးလာတာက သဘောထားညှိနှိုင်းမရတဲ့အပြင် ချစ်သူရဲ့ တစ်ယူသန်စိတ်နဲ့ မိဘသဘောကျသူကို လက်ထပ်သွားတာပါပဲ၊ ပြီးတော့ သူ့ဘကြီး ဆုံးခဲ့ပြန်တယ်၊ ဒီတော့ သူ တော်တော်လေး ခံစားခဲ့ရတာပေါ့ ဒေါက်တာရယ်၊ နောက်တော့ သူ့ရည်ရွယ်ချက်ကို အပျက်မခံဘဲ စိတ်ဓာတ်ပြင်းပြစွာနဲ့ ချင်းတောင်တန်းကြီးမှာ သူ့ဘဝလေးကို မြှုပ်နှံဖို့ဆုံးဖြတ်ပြီး ရောက်လာတာလေ"

"ဩော်.....ဒါကြောင့်လည်း သူ့ဇနီးနဲ့ ရည်ရွယ်ချက်ချင်းမတူဘဲ ရောက်လာခဲ့ရတယ်လို့ ပြောတာပေါ့နော်၊ ဒါပေမဲ့ ကိုမျိုးဝေတို့က ဝန်ထမ်းတွေမဟုတ်လား၊ အထက်က ပြောင်းရွှေ့ခွင့်ပေးရင် သွားရမှာပဲပေါ့"

ထိုစကားလေးကြောင့် ဒေါက်တာ ဖုန်သုံမှုန်၏ ခပ်သော့သော့အပြုံးတစ်ခုကို တွေ့လိုက်မိ၏။

"ကိုယ့်ဒေသ ဖွံ့ဖြိုးတိုးတက်စေဖို့ ရောက်လာတဲ့သူတွေကို အမြဲတမ်း ကြိုဆိုနေကြတဲ့ ဖော်ရွေသူ ချင်းလူမျိုးတွေပါ ဒေါက်တာရယ်၊ တစ်သက်လုံး နေသွားနိုင်ရင် ပိုပြီး သဘောကျတာပေါ့၊ ဒါကြောင့် မူလတန်းပြကျောင်းဆရာလေးဘဝကနေ တစ်ဆင့်ဆင့် တိုးတက်ခဲ့ပြီး အခုဆို အထက်တန်းပြဆရာ ဖြစ်နေပါပြီ၊ ကျွန်တော်တို့ချင်းလူမျိုးတွေရဲ့ ဓလေ့ထုံးစံတွေကို နောင်ဆို ဒေါက်တာ အများကြီးတွေ့မြင်လာရမှာပါ"

"ဒေါက်တာလည်း ထမင်းစားလိုက်ဦးလေ၊ အေးကုန်တော့မယ်၊ ကျွန်မကြောင့် ဒေါက်တာ ထမင်းစားပျက်နေပြီ"

"ရပါတယ်ဗျာ၊ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးအကြောင်းကိုသာပြောပြရရင် ထမင်းမစားရလည်း နေနိုင်ပါတယ်"

"ဒေါက်တာကတော့ ပိုပြီ"

ထိုနေ့က ထမင်းစားနေစဉ် အရေးပေါ်လူနာရောက်လာ၍ ဆက်မစားနိုင်ကြတော့ပါ။ ထို့ကြောင့် လက်ကိုစင်စင်ဆေးပြီး အရေးပေါ်ခန်းထဲသို့ ရောက်လာကြရတော့သည်။

"ဘာကေ့စ်လဲ ဒေါက်တာ"

"မားထိုးမှုလေ၊ သက်ဆိုင်ရာတွေလည်း ရောက်နေကြတယ်"

ရိုးရိုးဝေဒနာဖြစ်လာလျှင်တော့ အကြောင်းမဟုတ်။ ယခုလိုမှုခင်းနှင့်ပတ်သက်ပြီး ရောက်ရှိလာသည့် လူနာမျိုးဆိုလျှင် ကျွန်မတို့မှာ အလွန်ပင် သတိထားရပါသည်။

ကိုယ့်ဘက်က မှားပြီးဆုံးဖြတ်၍ ... ကိုယ့်အဆုံးအဖြတ်မှားမိလျှင် ကာ... ကံရှင်အတွက် နစ်နာစေနိုင်၏။

ညနေစောင်းလေးတွင် ကို... ဝေတို့ လူနာခုတင်တွင် ကျောင်းသူ... ကျောင်းသားများနှင့် ဆရာ၊ ဆရာ... များ ရောက်နေသည်ကို တွေ့ရ... သည်။ စားစရာအသီးအနှံများ... လည်းပါ၏။ ဤသည်မှာ ဒေါ... တာဖုန်သုံမှုန်ပြောပြသော ချင်းတိုင်... ရင်းသားများ၏ ချစ်စရာဓလေ့... ရပ်ပဲ ဖြစ်မည်ထင်ပါသည်။ တခြ... ခုတင်များရှိ လူနာရှင်များ၏ ကျ... မာရေးအတွက် နားကြပ်ကိရိယာ... လေးဖြင့် စမ်းသပ်စစ်ဆေးနေရာ... ကိုမျိုးဝေ၏စကားပြောသံကိုကြား... နေရသည်။

"ဒါတွေဘာလို့ယူလာကြတာ... လဲ ကလေးတို့ရာ၊ လာကြည့်တယ်... ဆိုရင်ပဲ ဆရာကျေနပ်ပါပြီကွာ"

"ကျွန်တော်တို့မိဘတွေက... ဆရာတို့အတွက်နဲ့ ဆေးရုံမှာ တာ... ဝန်ကျနေတဲ့ ဆရာဝန်၊ ဆရာမတွေ... အတွက်ပါ ပေးလိုက်တာပါ၊ အပန်း... မကြီးပါဘူး ဆရာရယ်၊ ကျွန်တော်... တို့စေတနာကိုတော့ အသိအမှတ်ပြု... ပါ"

အပြန်အလှန် စေတနာစကား... လေးများကြောင့် မုဒိတာဖြစ်ခဲ့ရ၏... ကလေးငယ်လေးများကိုချော့မြှူနေ... ကြသည့် ချင်းတိုင်းရင်းသူ၊ တိုင်းရင်း... သားများမှာ သူတို့၏ဘာသာစကား... ကိုတော့ ကျွန်မ နားလည်သော်... လည်း သိနေသလိုပါ။

"ဆရာကြီးကလည်း မှာလိုက်...

www.burmeseclassic.com



သေးတယ် ဆရာ၊ ကျောင်းအတွက် နောက်ဆံမတင်းပါနဲ့တဲ့၊ ပြီးတော့ ဆရာတို့အတန်းတွေကိုလည်း ကျွန်မတို့ ဝိုင်းဝန်းထိန်းပေးထားကြပါတယ်၊ ဆရာတို့သားသမီးတွေကလည်း လိမ္မာကြပါတယ်''

''အရမ်းကိုကျေးဇူးတင်မိပါတယ် ဆရာမရယ်''

''ကျေးဇူးတင်ဖို့ မလိုပါဘူးရှင်၊ ကျွန်မတို့က ပညာရေးလုပ်သားတွေပဲမဟုတ်လား၊ တစ်ဦးနဲ့တစ်ဦး ကူညီရမယ့် ဝတ္တရားတွေရှိပါတယ်၊ ဒေါ်သီတာ ရှော့ရှော့ရှူရှူ မွေးဖွားနိုင်တာကိုပဲ ဝမ်းသာမိကြပါတယ်''

ဆရာမတစ်ဦး၏ သာယာဖွယ်ကောင်းသော အသံလေးကိုလည်း ကြားရပြန်သည်။ တခြားခုတင်များမှ လူနာများမှာ သူတို့ကို အားကျသည့်အလား ငေးမောကြည့်ရှုနေကြလေသည်။

''ဆရာက လောဘကြီးတယ်နော့၊ သူများတွေ တစ်ယောက်ပဲမွေးကြတာကို မင်းတို့ဆရာက နှစ်ယောက်ကြီးများတောင် မွေးလိုက်တာ၊ မင်းတို့ နှစ်ယောက်လုံးကို ထိန်းဖို့သာ ပြင်ထားကြတော့''

''ထိန်းမယ်.....ထိန်းမယ်''

ကလေးများ၏ သံပြိုင်အော်နေသံများက ကြည်နူးချမ်းမြေ့စိတ်ကို ဖြစ်ပေါ်စေရပြန်သည်။ ကျွန်မတို့လို ဆရာဝန်တွေအဖို့ ထိုမြင်ကွင်းမျိုးကို မြင်နေပြီဖြစ်သော်လည်း ယခုမြင်ကွင်းမျိုးသည် မရိုးနိုင်သော၊ လူတိုင်းနှစ်သက်စေနိုင်သော မြင်ကွင်းမျိုးပဲဖြစ်လေသည်။

''ဒေါက်တာလာနေပြီ ကလေးတို့၊ ခဏဖယ်ပေးကြဦးနော်''

ကိုမျိုးဝေက ဖယ်ရှားရှင်းလင်းပေးသောကြောင့် ဒေါ်သီတာခုတင်ဘေးသို့ ကျွန်မရောက်လာပြီး လိုအပ်သည်ကို စစ်ဆေးနေစဉ် အားလုံးက ကျွန်မ၏လှုပ်ရှားမှုများကို ငေးမောကြည့်ရှုနေကြ၏။

''ညဘက် အိပ်ပျော်အောင်အိပ်နော်၊ ဒါမှ အိပ်ရေးဝပြီး နို့ထွက်အားကောင်းမှာ၊ ကလေးက နှစ်ယောက်ဆိုတော့ မိခင်က အားရှိနေရမယ်လေ''

''ဟုတ်ကဲ့ပါ ဒေါက်တာ''

ဒေါ်သီတာက ကျွန်မကိုအပြုံးဖြင့်ဖြေရှာသည်။ သို့ပေမယ့် လူနာလာကြည့်သော ဆရာမတစ်ဦးက ကျွန်မအား မေးလာပါသည်။

''ဒေါက်တာ.....ကလေးနှစ်ယောက်က မိခင်နို့ရည်နဲ့လုံလောက်ပါ့မလား၊ နို့မှုန့်ဘူးကူရင် ကောင်းမယ်ထင်တယ်နော်''

ထိုစကားမျိုးသည် ကျွန်မတို့ လက်မခံနိုင်သော စကားမျိုးပဲဖြစ်၏။ စိတ်တိုလွယ်သော ဆရာဝန်မျိုးဆိုလျှင် အပြောက်ခံရမည်မှာ သေချာနေလေပြီ။

''မိခင်နို့ရည်ထက် ပိုကောင်းတဲ့အရာမရှိပါဘူး ဆရာမ၊ ဝမ်းထဲမှာနေတုန်းကလည်း မိခင်စားလိုက်တဲ့ အာဟာရတွေကို ချက်ကြိုးကတစ်ဆင့် စားသောက်ပြီး ကြီးပြင်းလာရတယ်မဟုတ်လား၊ သူတို့လေးတွေအတွက် လုံလောက်ပါတယ်၊ ကျွန်မက သဘာဝမိခင်နို့ရည်ထက် ဘာကိုမှ အားမပေးဘူး၊ မိခင်နို့ရည်မှာ အာဟာရဓာတ်အပြည့်အဝ ပါဝင်ပြီးသားပါရှင်၊ ပြီးတော့ ဒေါ်သီတာက ကျန်းမာရေးကောင်းတဲ့ မိခင်ပဲလေ၊ စိုးရိမ်စရာမရှိပါဘူး''

''ဟုတ်ကဲ့ပါ ဒေါက်တာ၊ ကျွန်မ မသိလို့မေးမိတာ တောင်းပန်ပါတယ်ရှင်''

ဆရာမသည် ကျွန်မအား စိတ်ဆိုးပြီဟု တွေးထင်ထားမိသည်ထင့်။ ကပျာကသီ တောင်းပန်ရှာပါသည်။ သူမအား အမြင်စောင်းသည့်အတွေးမျိုး ကျွန်မတွင်မရှိကြောင်း ရှင်းပြရ၏။

''မသိလို့မေးတာပဲ၊ ကျွန်မမှာ ရှင်းပြဖို့တာဝန်ရှိပါတယ် ဆရာမရယ်၊ ဒါဟာ စိတ်ဆိုးစရာမှမဟုတ်တာ၊ ဒီလိုမေးပေးလို့ ကျွန်မက ကျေးဇူးတောင်တင်မိတယ်၊ ဒါမှ တခြားမသိသေးတဲ့သူတွေလည်း သိလာကြမှာပါ၊ ပြီးတော့ တစ်ချိန်မှာ မိခင်လောင်းဖြစ်လာကြမယ့် ကျောင်းသူလေးတွေအတွက်လည်း ဗဟုသုတရတာပေါ့နော်''

ဆရာမမှာ ကျွန်မ၏စကားကြောင့် မျက်နှာမှာ ဝင်းလက်သွားပြီး ကျောင်းသူများဘက်သို့လှည့်၍ ချင်းစကားဖြင့် ဘာသာပြန်ရှင်းပြပေးနေ၏။

''ဒေါက်တာတို့အတွက်ပါ ကလေးတွေက အသီးအနှံလက်ဆောင်တွေ ယူလာပေးကြပါတယ်၊ ကျွန်တော် နားနေခန်းထဲမှာ ထားခဲ့တယ်''

www.burmeseclassic.com

www.burmeseclassic.com


"အားနာစရာရှင်"

ငြင်းပယ်၍မသင့်ကြောင်းသိ၍ သူတို့၏စေတနာကို အသိအမှတ်ပြုသည့်အနေဖြင့် ကလေးများအား အပြုံးဖြင့် တုံ့ပြန်လိုက်ရသည်။

"နှစ် ညှော်သည်တွေရှင်းရင် ဒေါ်သီတာကို ဆေးထည့်ပေးလိုက်ပါဦးနော်"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

ပြီးနောက် တခြားခုတင်များဆီသို့ ထွက်လာခဲ့လေသည်။ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် လှည့်လည်စစ်ဆေးပြီးလျှင် ဂျူတီချိန်ကုန်ဆုံးတော့ပေမည်။ ပြီးလျှင် ကိုယ့်အခန်းတွင် ပြန်နားရုံသာရှိတော့၏။ ထိုအလုပ်များသည် ကျွန်မ၏ နိစ္စဓူဝကိစ္စများပဲဖြစ်ကြ၏။ ဒေါက်တာဖုန်သုံ့မှုန်မှာ နေ့လယ်က ဓားထိုးခံရသည့်လူနာအတွက် သက်ဆိုင်ရာတို့နှင့် လိုက်ပါသွားခဲ့၍လည်း ပြန်မလာသေးပေ။ လက်မှနာရီကို ကြည့်လိုက်မိ၏။ ညနေစောင်းအချိန်သို့ပင် ရောက်နေလေပြီ။

"နှစ် အရေးပေါ်ကိစ္စဆိုရင် ကျွန်မကို လာခေါ်နော်၊ ဒေါက်တာဖုန်သုံ့မှုန်က ပြန်လာသေးတာမဟုတ်ဘူး"

"ဟုတ်ကဲ့ပါရှင့်၊ စိတ်ချပါ"

ဆေးရုံဝင်းလေးထဲရှိ ကွန်ကရစ်လမ်းလေးအတိုင်း ကျွန်မ၏ အခန်းလေးရှိရာသို့ ပြန်လာမိလေသည်။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်နေပြီး သန့်ရှင်းလတ်ဆတ်သည့် လေနုအေးကို အပြင်ရောက်မှ တဝကြီးရှူရှိုက်နေမိ၏။ သန့်ပြန့်သည့် ဆေးရုံဝင်းလေးသည် ကျွန်မ၏နောက်ပါး၌ တည်ငြိမ်စွာ ကျန်ရစ်ခဲ့လေပြီ။

* * *

"ဟော..ဒေါက်တာ၊ မနေ့က ဘယ်အချိန်မှ ပြန်ရောက်ခဲ့လဲဟင်"

"ညနေ ၆ နာရီလောက်ကပါဗျာ၊ ကျွန်တော့်ကို ချောချောမောမော ကားနဲ့ပြန်လိုက်ပို့ပေးကြပါတယ်"

ဆေးရုံအလာ ကွန်ကရစ်လမ်းလေးဆုံရာတွင် ဒေါက်တာဖုန်သုံ့မှုန်နှင့် ဆုံမိခဲ့ကြ၏။ ကျွန်မထွက်လာချိန်ကို ဒေါက်တာဖုန်သုံ့မှုန်က သူ့အခန်းလေးထဲမှ စောင့်ကြည့်နေပုံရသည်။ ဤသည်ကို မမေးဘဲနှင့် စိတ်မှအလိုလိုသိနေမိလေပြီ။

"မနေ့ကကိစ္စရော အဆင်ပြေရဲ့လား ဒေါက်တာ"

"အင်း.....လူသတ်တရားခံပါ မိခဲ့တယ်၊ တရားခံက ကိုယ်တိုင်ရဲစခန်းကို လာအဖမ်းခံတာပါ၊ သေတဲ့လူနဲ့က သူငယ်ချင်းလေ၊ စကားများရန်ဖြစ်ကြပြီး ဓားနဲ့ထိုးလိုက်မိတာတဲ့"

"ဘုရား...ဘုရား၊ ဒီလောက်ထိတောင် ဖြစ်ကြရသလား"

"ဒါသပေါ့ ဒေါက်တာရယ်၊ စိတ်ကိုလွှတ်မိပြီး ထိန်းမရရင် မောဟအမိုက်မှောင်ထဲ ရောက်သွားကြတာပဲပေါ့၊ ဒါကြောင့်လည်း စိတ်တစ်ခုဟာ အရေးကြီးပါတယ်၊ ဒီစိတ်ကို ထိန်းချုပ်နိုင်ဖို့ အသိတရားရှိဖို့လိုပါတယ်၊ တချို့က စိတ်ကြောင့် ရူးသွပ်ပြီး စိတ်မကျန်းမာသူအဖြစ် ဘဝကို အရှုံးပေးခဲ့ကြတတ်တာပေါ့လေ"

ကျွန်မကို ရှည်လျားစွာ ပြောပြလာ၏။ ထို့ကြောင့် စိတ်နှင့်ပတ်သက်သမျှကို သိလာရလေပြီ။ ကျွန်မတို့ဆရာဝန်များမှာ လူနာအမျိုးမျိုး၊ ဝေဒနာအမျိုးမျိုးနှင့် တွေ့ကြုံကြရသည်။ တချို့က သနားစရာလည်းကောင်း၊ စိတ်ညစ်စရာလည်းကောင်းကြသည်။ ကိုယ်ခန္ဓာတွင် ဖြစ်ပေါ်ခံစားနေရသော စိတ်မကျန်းမာသူတစ်ယောက်ကို စိတ်နှင့်ပင် ပြန်လည်ကုစား၍လည်းကောင်း၊ တတ်ကျွမ်းသော သမားတော်များနှင့်လည်းကောင်း ကုစားနိုင်ကြ၏။ ကျွန်မတို့လို အထွေထွေရောဂါကု ဆရာဝန်များအဖို့ စိတ်ကျန်းမာရေးဆေးရုံသို့ပြရန် ညွှန်ကြားပေးရုံပဲရှိလေသည်။

"ဩော်.....ဒေါက်တာ့ကိုပြောရဦးမယ်၊ ကျွန်တော်ပြန်လာတုန်းကလမ်းမှာ လူကြုံတွေ့လို့ ခေါ်တင်လာခဲ့မိတယ်၊ ကျွန်တော်တို့ဆေးရုံကို လိုက်လာတဲ့ ကိုမျိုးဝေရဲ့ယောက္ခမဖြစ်နေတယ် ဒေါက်တာ"

"အံ့ဩစရာပဲနော်၊ ကံကောင်းသွားတာပေါ့ရှင်"

"ဟုတ်တယ် ဒေါက်တာ၊ အဖက လမ်းမှာ ညအိပ်ပြီး မနက်မှလာဖို့ စီစဉ်နေတာတဲ့၊ ကားကြုံတာနဲ့ လိုက်လာကြတာပဲ"

"တစ်ယောက်တည်းလား ဒေါက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"အမျိုးသမီးကြီးတစ်ယောက်၊ ကလေးမလေးတစ်ယောက်ပါ"

"နှစ်ယောက်ပေါ့"

"ဟုတ်ပါတယ်၊ ညက အခန်းလွတ်တွေရှိတာနဲ့ တစ်ခါတည်း စီစဉ်ပေးခဲ့တယ်၊ အဆင်ပြေကြပါတယ်၊ ဒါပေမဲ့ ချမ်းလွန်းလို့ အိပ်ရေဖြစ်နေကြတာပေါ့ ဒေါက်တာရယ်"

မြေပြန့်မှလာသူများအတွက် အေးခဲသော ဆောင်းရာသီတွင် ချင်းတောင်နှင့် ကိုက်ညီမှုမရှိမှန်း သိနေမိ၏။ ကိုမျိုးဝေတို့မိသားစုသည် ကျောင်းဝင်းထဲတွင်နေပေမယ့် ဤတိုက်နယ်ဆေးရုံနှင့်အလှမ်းဝေးပါသည်။ ထို့ကြောင့်လည်း မွေးဖွားချိန်မှ ယနေ့ထိ ကိုမျိုးဝေမှာ အိမ်သို့မပြန်နိုင်ပေ။ ဇနီးအားစောင့်ရှောက်လျက် ခုတင်လွတ်တွင်ပင် ဖြစ်သလို အိပ်ခဲ့ရသည်။ နောက်နှစ်ရက်ဆိုလျှင် ပြန်ဆင်းခွင့်ရပေတော့မည်။ ဤသို့လည်း လူမှုရေးအရ ကူညီပေးခဲ့ရ၏။

"အန်တီတို့က မုံရွာကနေ လိုက်လာတာလေ၊ တစ်လမ်းလုံး သမီးအကြောင်းကို မနားတမ်းပြောလာတာ၊ ပြီးတော့ ချင်းပြည်နယ်ကြီးရဲ့ တိုးတက်မှုတွေကိုတွေ့ပြီး အံ့သြမဆုံးဖြစ်နေကြတာပေါ့လေ၊ ကျွန်တော်ကလည်း ကိုယ့်ဒေသအကြောင်း ပြောပြမိတော့ နားလည်သွားကြပါတယ်၊ မိဘဆိုတာ ကောင်းဆိုးပလုံးဆိုးသာ ပစ်ရိုးထုံးစံရှိပြီး သားဆိုးသမီးဆိုးကို ပစ်ရိုးထုံးစံမရှိဆိုတဲ့စကားဟာ သိပ်မှန်ပါလား။ မိန်းကလေးဆိုတော့လည်း ပူပန်စိတ်တော့ ရှိကြမှာပါ"

ဒေါက်တာဖုန်သုံ့မှုန်သည်မျှတသော အတွေးမျိုးဖြင့် ပြဿနာတစ်ရပ်ကို ခွဲခြမ်းစိတ်ဖြာ ပိုင်းခြားပြီး ပြောပြတတ်သည်။

"ကိုယ့်သားသမီးကို ဆင်စီးမြင်းရံစေချင်တာ မိဘတိုင်းရဲ့ဆန္ဒပါပဲ၊ ဘာပဲဖြစ်ဖြစ် သမီးတစ်ယောက်ကိုတော့ တောင်ပေါ်ဒေသတစ်ခုမှာ ဘဝကို မမြှုပ်နှံစေချင်ဘူးတဲ့၊ မသိတာဟာ အိမ်ကသဘောတူတဲ့လူကို မယူချင်လို့ သူငယ်ချင်းချင်းမလေးနဲ့ လိုက်လည်ရာက ဒီကိုရောက်လာခဲ့တာတဲ့ ဒေါက်တာ၊ ခုတော့လည်း ကိုမျိုးဝေကို သမက်အဖြစ် သတ်မှတ်နိုင်ပါပြီတဲ့"

"ဝမ်းသာစရာပေါ့ ဒေါက်တာရယ်"

ကိုမျိုးဝေအတွက် ဝမ်းသာရမည့် သတင်းတစ်ခုပဲဖြစ်နေလိမ့်မည်။ ခုချိန်ဆိုလျှင် ဒေါ်သီတာလည်း ကျေနပ်နေပေမည်။

"ညနေက ရောက်ရောက်ချင်း မြေးလေးတွေရဲ့ မျက်နှာလေးတွေကို တစိမ့်စိမ့်ကြည့်ပြီး ကျေနပ်နေလိုက်တာ၊ အန်တီ့ရဲ့မျက်နှာပေါ်မှာ ဖြစ်ပေါ်နေတဲ့ ခံစားမှုအပျော်တစ်ခုဟာ ကျွန်တော့်ရင်ထဲကို ကူးစက်စေရပါလား"

မြေးတွေကြောင့် မိခင်၏ အမျက်ဒေါသမှာ မြူတစ်မှုန်မျှပင် ကျန်ရစ်တော့မည်မဟုတ်ပေ။ သားအချစ်၊ မြေးအနှစ်စကားလည်းရှိထား၏။

ကျွန်မတို့နှစ်ဦးသားမှာ နားနေခန်းတွင် ထိုင်ကြပြီး လူနာမှတ်တမ်းများကို စစ်ဆေးကြည့်ရှုချိန်တွင် တာဝန်ကျ သူနာပြုနှစ်ဦးလည်း ရောက်လာကြသည်။ ညပိုင်းတာဝန်ကျသူနှင့် ဂျူတီချင်းလဲလိုက်ကြ၏။

"ဒေါက်တာ ဒီမနက် လူနာနှစ်ယောက် ဆင်းသွားကြပါပြီ"

"သြော်.....ဆန်လျှံထန်းနဲ့ ဦးထုံသင်းပါရဲမဟုတ်လား၊ ဟုတ်တယ်၊ ကျွန်တော် မနေ့က ပြောထားခဲ့တာလေ၊ အခြေအနေကောင်းတယ်မဟုတ်လား နော့စ်"

"ဟုတ်ကဲ့ ကောင်းပါတယ် ဒေါက်တာ၊ ကျွန်မတို့ ပြန်တော့မယ်နော်"

"ကောင်းပါပြီဗျာ"

သူတို့နေထိုင်ရာ အဆောင်ဆီသို့ ပြန်သွားကြ၏။ နံနက်ပိုင်း ဂျူတီလှည့်ချိန်တွင် လူနာခန်းများရှိရာသို့ ကျွန်မတို့နှစ်ဦး ထွက်လာကြရာ ကျွန်မတို့၏အနောက်တွင် သူနာပြုဆရာမ တစ်ယောက်စီ လိုက်ပါလာကြသည်။

"ကိုမျိုးဝေ၊ မနေ့က ဒေါ်သီတာရဲ့အမေ လိုက်လာပြီဆို၊ ပြန်ကြည်သွားကြပြီပေါ့နော်"

"သမီးနဲ့မြေးလေးတွေမျက်နှာမြင်လိုက်တာနဲ့ အရည်ပျော်သွားရတာပေါ့ ဒေါက်တာရယ်"

ကိုမျိုးဝေ၏ ဝမ်းသာအယ်လဲပြောလာသည့်စကားကြောင့် သူတို့ဇနီးမောင်နှံနှစ်ဦး၏မျက်နှာကို တစိမ့်စိမ့်ကြည့်မိရသည်။ မနေ့ကထက် သူတို့၏မျက်နှာများသည် ပို

www.burmeseclassic.com




ရှုပြုံးရွှင်ကြည်နူးနေသည်ဟု ထင်မိပါ၏။

"ညက အိပ်ပျော်တယ်မဟုတ်လား ဒေါ်သီတာ"

"စိတ်ချမ်းသာပြီး အိပ်လို့ကောင်းလိုက်တာ ဒေါက်တာရယ်"

"မိဘမေတ္တာကြောင့်ပေါ့ ဒေါ်သီတာရယ်၊ ကလေးတွေလည်း ကျန်းမာပြီး ရောဂါကင်းကြပါတယ်၊ ဒီချင်းတောင်တန်းကြီးရဲ့ သာယာလှပ အေးမြမှုကြောင့် သဘာဝလေကို အပြည့်အဝ ရှုရှိုက်ခွင့်ရလို့ ကျန်းမာစွာ မွေးဖွားနိုင်တာပါ၊ မသန့်ရှင်းတဲ့လေကို ရှုရှိုက်နေရတဲ့ မြို့ပြနဲ့တော့ အများကြီးကွာခြားနေရတာပေါ့လေ"

"ဟုတ်တယ်နော်၊ ကိုယ်ဝန်ဆောင်မိခင်တစ်ယောက်ဟာ သန့်ရှင်းတဲ့လေကို အပြည့်အဝရဖို့လည်း လိုအပ်ပါတယ်၊ သီတာ့အတွက်တော့ တကူးတက သွားစရာမလိုဘဲ ချင်းပြည်နယ်မှာ ထာဝရတိုက်ခတ်နေတဲ့ အေးမြသန့်ရှင်းတဲ့လေကို ရှုရှိုက်ခွင့်ရနေတာပေါ့နော်"

ဒေါ်သီတာအတွက် လိုအပ်သည့် ကျန်းမာရေးကိစ္စကို စစ်ဆေးနေရင်းက သူတို့ပြောနေသည့်စကားများကို နားထောင်နေမိ၏။

"သားနဲ့သမီးအတွက် အမှတ်တရလေးဖြစ်အောင် ကိုမျိုးတို့က ချင်းနာမည်လေးပေးရအောင်လား သီတာ"

"ကိုမျိုးသဘောလေ"

ကျွန်မ တွေးမိပါ၏။ ကိုမျိုးဝေသာ တက္ကသိုလ်မှ ကထိကဆရာမလေးနှင့် ဖူးစာဆုံမိကြလျှင် ဤသို့ ပျော်ရွှင်ချမ်းမြေ့မှုကို ခံစားခွင့်ရနိုင်ပါမည်လား။ သူတို့နှစ်ဦးသည် စိတ်တူ၊ ကိုယ်တူ ချစ်ကြသူများဟု ကျွန်မ မြင်မိပါသည်။

"ဒေါက်တာတို့ကိုလည်း သိ... ကိုကျေးဇူးတင်ရပါတယ်၊ အစ... အရာရာ ကူညီပေးကြလို့ သီတာတို့... က အားနာနေမိတာ၊ မနက်ဖြ... ဆင်းခွင့်ရရင် ဆင်းခွင့်ပေးပါ ဒေါက်... တာ၊ ဒီမှာက နေရေးထိုင်ရေး... အဆင်ပြေပေမယ့် စားရေးသောက်... ရေးက ရှိသေးတယ်မဟုတ်လား... ကျွန်မတို့လင်မယားနှစ်ယောက်က... အကြောင်းမဟုတ်ပါဘူး၊ မေမေနဲ့... ညီမလေးက ရှိနေသေးတယ် ဒေါက်... တာ"

"ဆင်းချင်ရင်တော့ ရပါပြီ... ကျွန်မတို့ဆေးရုံလေးတော့ ဒေါ်သ... တာတို့မရှိရင် ပြန်ပြီး တိတ်ဆိတ်... သွားမှာပဲ၊ ကျွန်မအတွက်တော့ မြေ... ပြန့်က မိတ်ဆွေတွေနဲ့ စကားပြော... ခွင့်ရမှာမဟုတ်တော့ဘူးပေါ့၊ ဒီမှာ... က ရောက်စကဆိုရင် ချင်းစကား... နားမလည်တော့ တော်တော်လေး... အခက်အခဲဖြစ်ခဲ့ရတယ်၊ ဒေါက်တာ... ဖုန်းသုံးမှန်ရှိနေလို့ တော်သေးတာပေါ့... လေ"

"ဒေါက်တာက ဘယ်မြို့ဇာတိ... လဲဟင်"

ကျွန်မကို စိတ်ဝင်စားစွာမေး... လာသည့် ဒေါ်သီတာအား တစ်ချက်... လှမ်းကြည့်ပြီး လက်ထဲက... ကြ... လေးကို လည်ပင်းတွင်ချိတ်ဆွဲလိုက်... ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဇာတိကတော့ မိတ္ထီလာက ပါ။ အရွယ်ရောက်လာတော့ ပြည်ကိုရောက်လာတယ်၊ ရန်ကုန်မှာ ဆေးတက္ကသိုလ်တက်ခဲ့ပြီး ချင်းပြည်နယ်ကို တာဝန်နဲ့ ပြောင်းလာခဲ့ရတာပါပဲ ဒေါ်သီတာ၊ ကျွန်မကို ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ဒေါ်လေးလည်း မရှိတော့ပါဘူး"

"ဪ....စိတ်မကောင်းစရာပါပဲလား၊ ဒါနဲ့ ဒေါက်တာက ပြည်မှာနေဖူးတယ်ဆိုတော့ မေမေ့ကို သိချင်သိနေမှာပါ၊ ကျွန်မကတော့ ဒေါက်တာ့ကို မမြင်ဖူးဘူး"

"ဘယ်သူများလဲဟင်"

"ဒေါ်ခင်မာလာပါ၊ အထက်တန်းပြဆရာမလေ၊ ဒေါက်တာ သိလားဟင်"

နားထင်မှ သွေးကြောပေါင်းများစွာသည် ဦးနှောက်ဆီသို့ တိုးဝင်ဆောင့်လိုက်သလို ပြင်းထန်စွာ ခံစားသွားရလေပြီ။ အဘယ်ကြောင့်ဆိုသော် ဒေါ်ခင်မာလာသည် ကျွန်မကိုအမုန်းဆုံး၊ အငြိုးအကြီးဆုံး၊ အတ္တအကြီးဆုံး နောင်ရိုး၏မိခင်ဖြစ်နေလို့ပါပဲလေ။ ဪ.....တိုက်ဆိုင်လွန်းလှပါလား။

"ဟော...ဟိုမှာ မေမေနဲ့ ညီမလေးစန္ဒာတို့ လာနေကြပြီ ဒေါက်တာ"

အံ့ဩမှုမဆုံးမီတွင် ဝင်လာကြသော ဆရာမတို့ကို တွေ့နေရလေပြီ။ ဆရာမက ကျွန်မကို မမြင်သေးပေ။ သမီးနှင့်သမက်ရှိရာသို့ တန်းတန်းမတ်မတ် လျှောက်လာကြ၏။ ဆရာမ၏ရုပ်သွင်သည် ဖျော့ကြောင့် အိုမင်းရင့်ရော်သည့်အသွင်ကိုဆောင်နေသော်လည်း ချောတုန်း၊ လှတုန်း၊ ကျက်သရေရှိတုန်းပါပဲလား။ သိုးမွေးထည်ပဝါကို အနွေးထည်ပေါ်မှထပ်ခြုံကာ ချင်းပြည်နယ်၏ ဆောင်းရာသီဒဏ်ကို ကာကွယ်ထားသော်လည်း ခံနိုင်ရည်ရှိပုံမရပေ။ ခေါင်းနှင့် ခြေလက်တို့တွင်လည်း ခေါင်းစွပ်၊ ခြေအိတ်၊ လက်အိတ်များဖြင့် အအေးဒဏ်ကို ကာကွယ်ထားသေးသည်။ ဆရာမနှင့်အတူပါလာသူမှာ စန္ဒာဖြစ်ကြောင်း ကျွန်မ မှတ်မိနေ၏။ သူမက ကျွန်မကို သိချင်မှသိပါလိမ့်မည်။ ထိုစဉ်က စန္ဒာသည် အလယ်တန်းကျောင်းသူသာရှိသေးသည်။ ကျွန်မက နောင်ရိုးနှင့်ပတ်သက်၍ ဆရာမနှင့် စန္ဒာကို သတိထားသိနေမိပါ၏။

"ညက အိပ်ပျော်ရဲ့လား မေမေ"

ဆီးကြိုမေးလိုက်ခြင်းကြောင့် ဆရာမက သူ့သမီး၏ ခုတင်နံဘေးခုံလေးတွင် ဝင်ထိုင်ပြီး.....

"ဘယ်အိပ်လို့ရပ့ါမလဲကွယ်၊ ရေပြောင်းမြေပြောင်းဆိုတော့ အိပ်လိုက်၊ နိုးလိုက်နဲ့ပါပဲ၊ ဒါတောင် ဟို ဒေါက်တာလေးက မီးလင်းဖိုလေး လာလုပ်ပေးလို့ အချမ်းပြေခဲ့ရတာ"

"မေမေ သူက ဒေါက်တာနွေ့ အလွန်ပါ၊ သမီးတို့ရဲ့ကျေးဇူးရှင်ပါပဲ၊ ဒေါက်တာလည်း ပြည်မှာနေဖူးတယ်တဲ့၊ မေမေ သိလားဟင်"

ထိုစကားလေးကြောင့် ဆရာမ၏အကြည့်သည် ကျွန်မထံ ရောက်လာပါပြီ။ ကျွန်မတို့နှစ်ဦး၏မျက်ဝန်း

ပြောချင်သည့်
စကားတစ်ခွန်းကို
ကျွန်မ သိနေသော်လည်း
ကိုယ်ကစတင်မမေးချင်ပေ။
ကျွန်မရင်၌
မည်သည့်ခံစားမှုမျိုးမှ
မရှိသော်လည်း
ဆရာမ၏ရင်ထဲ၌
နင့်နင့်သီးသီး
ခံစားချက်ရှိနေခဲ့လျှင်
ဝေဒနာဟောင်းတစ်ခုကို
ကိုယ်က
အစပြန်ဖော်မပေးချင်တော့
...

www.burmeseclassic.com

www.burmeseclassic.com



များဆုံမိရာ ဆရာမ၏ အံ့အားသင့်သွားသည့်ဟန်မျိုးဖြင့် တအံ့တသြလေးဖြစ်သွားသည့်အကြည့်များ ဆရာမ၏မျက်ဝန်းများသည် ပျာယီးပျာယာ ဖြစ်နေကြ၏။ ကျွန်မတွင် ဆရာမနှင့်ပတ်သက်ပြီး မည်သည့်အာဃာတမျှမရှိပါ။ ဆရာမကို ဝမ်းသာခြင်းများဖြင့် ကျွန်မက စတင်နှုတ်ဆက်ခဲ့ပါသည်။

"မင်္ဂလာပါ ဆရာမ၊ သမီး နွေအလွန်ပါ၊ ဆရာမ နေကောင်းတယ်နော်"

"ကောင်းပါတယ်ကွယ်၊ သမီးရော ဒီမှာအဆင်ပြေရဲ့လား"

နွေးထွေးသည့် မေတ္တာစကားလေးကို သံသယဖြစ်စရာမလိုတော့ပါ။ ဆရာမ၏ တဖျတ်ဖျတ်ခတ်နေသော မျက်တောင်လေးများတွင် ဝမ်းနည်းခြင်းအရိပ်အယောင်လေးကို တွေ့မြင်နေမိပြီး ခံစားချက်တစ်ခုကို ထိန်းထားပုံရပါ၏။ ဆရာမသည် ကျွန်မ၏လက်ကလေးကို အသာဖွဖွ ဆုပ်ကိုင်ပြီးနောက် ကျွန်မ၏မျက်နှာလေးကို မျက်မှန်ကြားမှ စူးစူးဝါးဝါးကြည့်နေရှာလေသည်။

"အဆင်ပြေပါတယ် ဆရာမ၊ ဒီက ရွာခံလူတွေက စောင့်ရှောက်ကူညီကြပါတယ်၊ အခုဆိုရင် သုံးနှစ်ပြည့်တော့မှာပါ"

"ဪ...သမီးတောင် ဆရာဝန်ဖြစ်နေပြီပဲ၊ ဆရာမ ဝမ်းသာပါတယ်ကွယ်၊ ကိုယ့်တပည့်တစ်ဦးရဲ့ အောင်မြင်မှုဂုဏ်သတင်းကို ကြားရတော့ ဆရာမရင်မှာ အတိုင်းမသိ ပီတိဖြစ်ခဲ့ရပါတယ်ကွယ်၊ ဆရာမလည်း မုံရွာကပဲ အငြိမ်းစားယူလိုက်တယ်လေ"

ဆရာမထံမှ ပြောချင်သည့် စကားတစ်ခွန်းကို ကျွန်မ သိနေသော်လည်း ကိုယ်ကစတင်မမေးချင်ပေ။ ကျွန်မရင်၌ မည်သည့်ခံစားမှုမျိုးမှ မရှိသော်လည်း ဆရာမ၏ရင်ထဲ၌ နင့်နင့်သီးသီး ခံစားချက်ရှိနေခဲ့လျှင် ဝေဒနာဟောင်းတစ်ခုကို ကိုယ်က အစပြန်ဖော်မပေးချင်တော့ပါ။ အတိတ်မှ ဝေဒနာတစ်ခုကို ပစ္စုပ္ပန်၊ အနာဂတ်အထိ မသယ်ဆောင်ချင်ပေ။

"ဆရာမတို့ ဘာလိုအပ်သေးလဲရှင်၊ အခက်အခဲရှိရင် သမီးကို ပြောပါနော်"

"မရှိပါဘူးကွယ်၊ အင်း...ချင်းတောင်တန်းကြီးတွေရဲ့ ပြောင်းလဲဖွံ့ဖြိုးတိုးတက်မှုက မယုံနိုင်စရာပဲလေ၊ ဆရာမက သမီးအစ်မကို ဒီနေရာမှာ ဆရာမ,လာလုပ်ရမလားဆိုပြီး ယူကျုံးမရဖြစ်နေမိတာပါ၊ အခုတော့ နားလည်သွားပါပြီကွယ်"

ဆရာမ၏ ရွှင်ပျသောမျက်နှာလေးသည် ချင်းတောင်တန်းကြီးများနှင့်အပြိုင် လှပနေသည်ဟု ကျွန်မ ထင်မှတ်မိ၏။ ထိုစကားလေးများသည် ဆရာမ၏ရင်မှ လှိုက်လှဲစွာပြောလာသည့်စကားဖြစ်မှန်း ကျွန်မသာမက ကိုမျိုးဝေနှင့်မသီတာလည်း သိနေပါလိမ့်မည်။

"ဆရာမ သမီးကို ခွင့်ပြုပါဦးရှင်၊ တခြားလူနာတွေကို သွားကြည့်ဖို့ တာဝန်ရှိနေသေးလို့ပါ"

"ကောင်းပါပြီကွယ်"

ဆရာမသည် ကျွန်မသွားရာသို့ မျက်စိတစ်ဆုံးကြည့်နေ၏။ တပည့်တစ်ယောက်၏ အောင်မြင်မှုကို ကျေနပ်ဝမ်းသာနေသည့် ပီတိအဟုန်မှာဆရာမ၏မျက်နှာပေါ်တွင် ထင်ဟပ်နေလေသည်။ ဪ..... ဆရာမပင် ကျွန်မနှင့်ပတ်သက်ပြီး အာဃာတအမုန်းများ ပျောက်ကွယ်ခဲ့ပြီလား။ နောင်ရိုးကြောင့် ဆရာမအား အားတုံ့အားနာဖြစ်ခဲ့မိသည်ကိုဖြင့် ဝန်ခံပါ၏။

* * *

ညနေစောင်း ဂျူတီဆင်းခါနီးတွင် အရေးပေါ်လူနာတစ်ယောက် ရောက်လာ၍ ခွဲစိတ်ခန်းတွင် ကျွန်မတို့ အလုပ်များခဲ့ရသည်။ ထိုလူနာအား စိတ်ချရသည့်အချိန်ရောက်မှ ကျွန်မနှင့် ဒေါက်တာဖုန်သုံ့မှုန်တို့ ကိုယ့်အဆောင်ရှိရာသို့ ပြန်လာခဲ့ရတော့သည်။ ရင်မှာနွမ်းချည့်နေသော်လည်း လူနာ၏အသက်ကို ကယ်တင်နိုင်ခွင့်ရခဲ့၍ အတိုင်းမသိ ပီတိဖြစ်ခဲ့ရပါ၏။

"ဒေါက်တာ ခရစ္စမတ်ညလေးကို ရောက်ပြန်တော့မယ်နော်၊ မနက်ဖြန် ဘုရားကျောင်းလေးကို သွားရဦးမယ်၊ ဒေါက်တာ လိုက်နိုင်မလားဟင်"

တိုးညင်းသောစကားလေးကို ကြားလိုက်ရသည်။ ဒေါက်တာဖုန်သုံ့မှုန်သည် ကျွန်မအား အကြည့်တစ်ခုကိုပို့ပြီး ပြေပြည်လေညင်းနှင့်

www.burmeseclassic.com

အပြုံင် ကျွန်မရင်ထဲတွင် တလှပ်လှပ်နှင့် ရင်တွေခုန်လာပြီး တသိမ့်သိမ့်ဖြစ်စေခဲ့သည်။ ကျွန်မနှင့်ဒေါက်တာဖုန်သုံမှုန်တို့၏ တအုံ့နွေးနွေးဖြစ်နေသော ဓာတ်လမ်းလေးအား ကျွန်မထံမှ တိတိကျကျအဖြေတစ်ခုကို သူ့ထံမှ ကြားချင်နေပုံရပေသည်။ သို့ပေမယ့် သူသည် ကျွန်မအား ယနေ့အချိန်ထိ ချစ်စကားတစ်ခုကို သူ့ထံမှ ဖွင့်ဟမလာသေးပေ။ ကျွန်မက မိန်းကလေးပဲလေ။ ကိုယ့်ကိုအဖြေတောင်းလာမည့်အချိန်ကိုသာ စောင့်ရပေလိမ့်မည်။ သူ့အမေးကို ကျွန်မ ပြန်မဖြေဘဲ ငြိမ်သက်နေမိ၏။

"ကျွန်တော်လေ ဒေါက်တာ့ကို အားနာနေမိပါတယ်၊ ကျွန်တော့်စကားတစ်ခွန်းကြောင့် ဒေါက်တာစိတ်ဆိုးသွားမှာကို မလိုလားပါဘူး၊ ချင်းတောင်တန်းကြီးတွေပေါ်မှာမွေးဖွားခဲ့တဲ့ ကျွန်တော်ဟာ ဒီချင်းတောင်တန်းကြီးပေါ်မှာပဲ ကျွန်တော့်ဘဝကို မြှုပ်နှံဖို့ ဆုံးဖြတ်ထားတော့ ရင်ထဲက ဆန္ဒတစ်ခုကို ထုတ်ဖော်ပြောပြရမှာ မဝံ့ရဲဘူး ဒေါက်တာရယ်၊ ဒါဟာ ကျွန်တော့်ရဲ့နားလည်မှုတစ်ခုပါ၊ မိန်းကလေးတစ်ယောက်ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ကို ကျွန်တော် လေးစားပါတယ်၊ လောကကြီးမှာ ကိုယ်ဖြစ်စေချင်တိုင်း ဖြစ်ခွင့်ရရင် ဘယ်လောက်ကောင်းလိုက်မလဲနော်၊ ဒါပေမဲ့ ကျွန်တော့်နှလုံးသားကို မညာချင်ဘူး ဒေါက်တာ"

ဒေါက်တာဖုန်သုံမှုန်သည် သူ့ရင်ထဲမှ ဆန္ဒတစ်ခုကို ကျွန်မ သိရှိလာစေရန် ပြောပြလာသည်။ တကယ်တော့ ချင်းတောင်တန်းကြီးအပေါ် သံယောဇဉ်ရှိလွန်းသော ယောကျ်ားတစ်ယောက်ကို ကျွန်မ ချစ်နိုင်ပါ့မလား။ ကျွန်မဘဝကိုလည်း ထိုချင်းတောင်တန်းကြီးများပေါ်တွင် ထာဝရမြှုပ်နှံရန် ကျွန်မ၌ စိတ်ကူးမရှိခဲ့ပေ။

"ဒေါက်တာက ဒီချင်းတောင်တန်းကြီးကို သိပ်ချစ်တယ်နော်"

သူ့ထံမှ သက်ပြင်းနွေးနွေးလေး ချလိုက်သည်ကိုပင် ကျွန်မ ကြားမိပါ၏။ နှေးကွေးသောခြေလှမ်းများလို သူ့စကားသံသည် လေးတွဲ့နေပြန်သည်။

"ကျွန်တော်က ချစ်တယ်ဆိုတာထက် သံယောဇဉ်ကြီးခဲ့တာပါ၊ တစ်ခါတစ်ခါတော့လည်း ပြန်စဉ်းစားမိရင် ကျွန်တော်ဟာ အတ္တကြီးတဲ့ လူတစ်ယောက်ဖြစ်နေပြီလား မသိဘူးနော် ဒေါက်တာ"

ထိုမေးခွန်းလေးကြောင့် နှုတ်ခမ်းလေးကို ကွေးညွတ်သည်အထိ ကျွန်မ ပြုံးမိပြန်သည်။ ကျွန်မဘဝတွင် အတ္တကို ရှေ့တန်းတင်လွန်းသော လူအမျိုးမျိုးနှင့် ကြုံဆုံခဲ့ဖူးပါပြီ။ ကျွန်မအဖို့ မထူးဆန်းတော့ပေ။ သို့ပေမယ့် နှစ်သိမ့်စေနိုင်သော စကားတစ်ခွန်းကိုတော့ သူစိတ်ချမ်းသာစေရန် ပြောပြခဲ့မိလေသည်။

"လူဆိုတာ ဘယ်သူမှ အတ္တနဲ့ မကင်းနိုင်ကြပါဘူး၊ လူတိုင်းမှာ အတ္တကိုယ်စီ ရှိတတ်ကြပါတယ် ဒေါက်တာ"

ထိုအပြောလေးကြောင့် သူ့မျက်လုံးများမှာ အရောင်တောက်လာကြ၏။ ကျွန်မကို နက်ရှိုင်းသော အကြည့်များဖြင့်ကြည့်ရင်း အလျင်အမြန် မေးလာတော့သည်။

"ဒါဆို ဒေါက်တာ့မှာလည်း အတ္တရှိခဲ့တာပေါ့နော်"

သူ့အမေးသည် ကျွန်မအတွက်တော့ အတိတ်ကို ပြန်ပြောင်းသတိရစရာ ဖြစ်ခဲ့ရ၏။ ထိုအချိန်တွင် ကျွန်မအတွေးထဲတွင် ပြေးမြင်မိသည်က ဒေါ်လေးမေမေနှင့် ဦးဖေသော်၏ ရုပ်သွင်ပဲဖြစ်သည်။

"ရှိခဲ့ဖူးတာပေါ့ ဒေါက်တာရယ်၊ ဒီအတ္တက ကျွန်မဘဝတစ်လျှောက်လုံးမှာ ယူကျုံးမရဖြစ်နေမိတဲ့၊ အစားထိုးလို့မရနိုင်တဲ့ ဆုံးရှုံးမှုကြီးတစ်ခုပါပဲ"

ကျွန်မ၏ တုန်ယင်သော အသံလေးကြောင့် ဒေါက်တာဖုန်သုံမှုန်သည် ကျွန်မအား ထူးဆန်းစွာကြည့်လာပြန်၏။ သူ့စိတ်ထဲတွင် တစ်မျိုးတစ်မည် ထင်မသွားစေရန် ကျွန်မက ရှင်းပြပေးမိ၏။

"ကျွန်မဟာ ငယ်စဉ်ကတည်းက အဒေါ့်လက်ပေါ်မှာ ကြီးပြင်းလာခဲ့တဲ့သူပါ ဒေါက်တာ၊ ဒေါ်လေးဟာ ကျွန်မကိုငဲ့ညှာပြီး သူ့ချစ်သူကို လက်မထပ်ခဲ့ပါဘူး၊ ကျွန်မကလည်း ဒေါ်လေးရဲ့အချစ်ကို ထာဝရမရမှာ စိုးရိမ်ပြီး အတ္တကြီးခဲ့တယ်၊ ကျွန်မ ဆယ်တန်းအောင်တော့လည်း ကိုယ်ဆရာဝန်ဖြစ်ရေးအတွက် ပြန်ဆုံလာခဲ့ကြတဲ့ ချစ်သူနှစ်ဦးအပေါ် ကျွန်မရဲ့အတ္တနဲ့ အနိုင်ယူခဲ့မိတယ်၊ ငွေ

www.burmeseclassic.com

www.burmeseclassic.com



ကြေးအဆင်မပြေတာကို ကျွန်မက မသိခဲ့ဘူးပေါ့ ဒေါက်တာရယ်၊ ဒေါ်လေးရဲ့ ရှိသမျှပစ္စည်းလေးတွေ ကုန်နေမှာကိုတော့ သိနေမိတယ်၊ ဒီတော့ အဝေးကနေ ငွေပို့ပေးနေတဲ့ ဒေါ်လေးဒုက္ခကို ကျွန်မက မသိခဲ့ဘူးပေါ့လေ''

စကားကို မောသွားဟန်ဖြင့် ခဏနားလိုက်သည်။ မီးရောင်များ တလက်လက်ဖြင့် ဆေးရုံလေးကို ခပ်ဝေးဝေးမှ တွေ့မြင်နေပြီဖြစ်သော်လည်း ပတ်ဝန်းကျင်တွင် အမှောင်ထုပင် စိုးမိုးနေလေပြီ။

''ကျွန်မ ဒေါ်လေးဆီ လိုက်သွားတဲ့တစ်နေ့မှာ ဒေါ်လေးဟာ လူ့လောကကြီးထဲကနေ ထွက်ခွာသွားခဲ့ပါပြီ၊ အဲဒီအချိန်ကိုရောက်မှ ဒေါ်လေးချစ်သူရဲ့ စေတနာနဲ့မေတ္တာကို ကျွန်မ သိသွားခဲ့ရတယ် ဒေါက်တာ၊ ပြီးတော့ ဒေါ်လေးဟာ သူ့ချစ်သူကို လက်ထပ်ခဲ့တာကလည်း ကျွန်မရဲ့ နောင်ရေးကိုကြည့်ပြီး ကျွန်မ မသိအောင် တိတ်တဆိတ်ဖုံးကွယ်ထားခဲ့ရှာတာပါ၊ ဒါဟာလည်း ဒေါ်လေးအပေါ် နားလည်မှုမပေးခဲ့တဲ့ ကျွန်မရဲ့ အတ္တအမှားပဲလေ၊ ဒီအတ္တတွေကြောင့် ကျွန်မစိတ်နဲ့ ဒေါ်လေးဟာ နှလုံးရောဂါရခဲ့ရတာ၊ ဆရာဝန်ဖြစ်တဲ့ ကျွန်မ သိနေမိတယ်၊ ကျွန်မရဲ့ အမှားကို တောင်းပန်ချင်ပေမယ့် ဒေါ်လေးသိအောင် ပြောခွင့်မရခဲ့ဘူးပေါ့ ဒေါက်တာရယ်''

ကျွန်မထံ ဆွေးမြည့်စွာကြည့်ပြီး နားလည်စာနာစိတ်နှင့်အတူ သက်ပြင်းလေးကို ချလိုက်လေသည်။ သူနှင့်ကျွန်မ အတ္တချင်းမတူညီကြသလို ခံစားချက်ချင်းလည်း တူညီနိုင်မည်မဟုတ်ပေ။ သို့ပေမယ့် ကျွန်မ၏ အတ္တအမှားကို သူသိစေချင်၏။ ထိုအတ္တကို သူ့ထံဝန်ချမိခြင်းအတွက် ကျွန်မရင်တွင်းဝယ် ပေါ့ပါးသွားသလိုတော့ ခံစားမိပါပြီ။

မကြာမီ သူနှင့်ကျွန်မ လမ်းခွဲရမည့်နေရာလေးသို့အရောက်တွင် ခြေစုံရပ်လိုက်မိပြီး.....

''ကျွန်မကို လိုက်မပို့နဲ့တော့လေ၊ ဒေါက်တာလည်း ပင်ပန်းနေပြီမဟုတ်လား၊ ဒီည အပြည့်အဝ အနားယူဖို့သင့်ပါပြီ၊ Good Night ဒေါက်တာ''

'' Good Night,See you tomorrow ဒေါက်တာ''

သူ ရပ်ကြည့်လျက် ကျန်ရစ်ခဲ့ရှာပါသည်။ ကျွန်မလည်း သွက်လက်ပေါ့ပါးသော ခြေလှမ်းများဖြင့် အဆောင်ဆီသို့ လျှောက်လှမ်းလာခဲ့လေပြီ။

* * *

ညက အတွေးပေါင်းစုံ ဝင်ရောက်လာကြသဖြင့် အိပ်မပျော်ခဲ့ပေ။ ထိုအတွေးထဲတွင် ကျွန်မ၏ ဖြတ်သန်းခဲ့သော ဘဝခရီးတစ်ခုကို ပြန်ပြောင်းသတိရမိရင်းက တလူးလူး၊ တလွန့်လွန့်ဖြင့် ကောင်းစွာ အိပ်မရနိုင်ခဲ့ပါ။ ဒေါ်လေးမေမေအား သတိရမိပေမယ့် ဆရာဝန်တစ်ယောက်နှင့် သေခြင်းတရားသည် မထူးဆန်းတော့ပေ။ လူတွေသည် မွေးဖွားခြင်းမှ သေဆုံးခြင်းအထိ သောက၊ ဒုက္ခမျိုးစုံကို တွေ့ကြုံခံ စားခဲ့ကြရသည်။ လောကဓံတရား၏ ထုထောင်းနှိပ်စက်မှုအောက်တွင် ညက်ညက်ကြေအောင် ရင်ဆိုင်ခံ စားခဲ့ကြရသူများပင်။ ထိုနှစ်ခုကြား တွင် တရားအသိရှိမည်ဆိုပါလျှင် သောကတစ်ခုကို ဖြေဖျောက်နိုင်ကြ ပေမည်။

အိပ်ရာထချိန်တွင် ရေနွေးအိုး ပလပ်ထိုးပြီး တည်ထားပြီးမှ မျက်နှာကို ခေတ်ဘူးထဲမှ ရေနွေးဖြင့် ရောစပ်ပြီး မျက်နှာသစ်၊ သွားတိုက် ခြင်းစသည့် တစ်နေ့တာလုပ်နေကျ အလုပ်များကို တရစပ်လုပ်နေမိပြန် သည်။ ဒါတောင် စားသောက်ရေး အတွက် ပူပင်စရာမလိုပါ။ ဆေးရုံ မှ စီစဉ်ပေးခဲ့၍ အဆင်ပြေခဲ့ရ၏။

''သမီး....နွေအလွန်၊ သမီး''

အခန်းဝမှအသံသည် ဆရာမ ၏အသံဖြစ်မှန်းသိနေ၍ ဆေးရုံသို့ သွားရန် အဆင်သင့်ဖြစ်နေသည့် ကျွန်မ ဆရာမထံသို့ ပြေးလာမိလေ ၏။

''သမီးကို လာနှုတ်ဆက်တာ ပါကွယ်၊ ဆရာမတို့ ပြန်တော့မယ် လေ''

ရင်မှာ ဆို့နင့်ကြေကွဲသွားမိ သည်။ ယခင်ကလည်း ပကတိ ကျန်းမာလာသော လူနာများထံမှ ဤသို့သော နှုတ်ဆက်စကားမျိုးကို ပီတိများစွာဖြင့် လက်ပြကျန်ခဲ့ရ သော်လည်း ယခုလို ဆရာမ၏ နှုတ်ဆက်စကားပြောလာခြင်းက ကျွန်မရင်မှာ လှိုင်းထကျန်ရစ်နေရ

www.burmeseclassic.com

www.burmeseclassic.com



ညည်ကိုဖြင့် မငြင်းနိုင်ပါ။

"ဟုတ်ကဲ့ပါ ဆရာမ"

ကျွန်မမှာ ဆရာမရှေ့တွင် သိုး ငယ်တစ်ကောင်ပမာ ငြိမ်သက်စွာ ထိုင်နေမိပြီး အပြစ်ရှိသမှု ခွင့်လွှတ် ပါ မျက်ဝန်းများဖြင့် တောင်းပန်နေ ခြင်းအတွက် ဆရာမက နားလည် ခွင့်လွှတ်သော အပြုံးတစ်ခုဖြင့် ကျွန်မ၏လက်အစုံကို ဆုပ်ကိုင်နှစ် သိမ့်ပေးလာလေသည်။

"သမီးကို ဆရာမ နားလည် ပါတယ်ကွယ်၊ ခွင့်လည်းလွှတ်ပါ တယ်၊ တကယ်တော့ ဆရာမရဲ့ အမှားလည်းပါပါတယ်၊ သားအပေါ် မှာ အတ္တကြီးခဲ့မိတဲ့အတွက် ဆရာမ ကိုယ် ဆရာမ ခွင့်မလွှတ်နိုင်လောက် အောင် ဖြစ်ခဲ့ရတာ သမီးက သိမှာ မဟုတ်ပါဘူးလေ"

ဆရာမ၏ မျက်ဝန်းလေးများ သည် ချက်ချင်းပင် မျက်ရည်များ စို့ဝဲလာကြလေပြီ။ ဤသည်ကို ကျွန်မ သိလိုက်ရသည်။

"နောင်ရိုးကို ကျောင်းပြောင်း ပြီးတဲ့နောက်မှာ တင်းကျပ်လွန်းတဲ့ စည်းကမ်းချက်တွေကြောင့် သူ့ရဲ့ ဘဝလေးကို ပိတ်ပင်တားဆီးခဲ့သလို ဖြစ်နေရတာ ဆရာမ မတွေးခဲ့မိဘူး။ သားက ဆရာမရဲ့စကားကို နား ထောင်ရှာပါတယ်လေ၊ သူ့ရဲ့ခံစားမှု ကို မေ့ပျောက်ပြီး စိတ်ကို စာထဲမှာ ပဲ နှစ်ထားခဲ့ရှာတာပါ၊ အဲဒီနှစ်မှာပဲ ဆယ်တန်းကို ဂုဏ်ထူးတွေနဲ့အောင် ခဲ့ပါတယ်၊ ဆရာမရဲ့ရည်မှန်းချက် ပြည့်ခဲ့တဲ့အတွက် ဝမ်းသာခဲ့ရပေ မယ့် သမီးနဲ့ပြန်ဆက်သွယ်မှာကို စိုးရိမ်ပြီး မုံရွာကိုပြောင်းလာခဲ့ချိန်မှာ သားရဲ့အထီးကျန်ခံစားခဲ့တဲ့ဝေဒနာ ကြောင့် မန္တလေးဆေးတက္ကသိုလ်ကို တက်ရမယ့်ဆဲဆဲမှာ သားလေးဟာ စိတ်ဝေဒနာကို အကြီးအကျယ် ခံ စားခဲ့ရပြီး အိမ်ကနေ ပျောက်သွား ခဲ့တယ် သမီးရယ်"

ဆရာမသည် အတိတ်ကိုလွမ်း မောဟန်ဖြင့် သက်ပြင်းလေးကို ချ လိုက်ပြန်ပါသည်။ နောင်ရိုးအတွက် ကျွန်မလည်း စိတ်မကောင်းဖြစ်ခဲ့ရ လေပြီ။ ဒီလောက်ထိ ခံစားခဲ့ရလား နောင်ရိုးရယ်။

"သူ့ရဲ့ခံစားမှုကို အိမ်သား တွေမသိအောင် ဆရာမ ဖုံးကွယ် ထားခြင်းဟာ သားရဲ့စိတ်ဝေဒနာ ဆိုးရွားလာအောင် တွန်းပို့လိုက်

ဆရာမ၏
ဆုတောင်းလေးသည်
ကျွန်မရင်မှာ
ပြင်းပြစွာ
ခံစားမိလေပြီ။
စိတ်မချမ်းမြေ့ခြင်းကြောင့်
သွေးပျက်လုမတတ်
ချောက်ချားနေရပြီး
မည်မျှအထိ ကျွန်မ
ခံစားနေရပြီမသိ
...



www.burmeseclassic.com

www.burmeseclassic.com



သလိုပါပဲလား၊ ဖြစ်စကသာ ကုသခဲ့ရင် ပျောက်ချင်ပျောက်သွားမှာပါကွယ်၊ သားဟာ မိခင်ဖြစ်စေချင်တဲ့ ဘ၀တစ်ခုကို ရောက်အောင်ကြိုးစားခဲ့ရှာပေမယ့် စိတ်ဆိုတာ မထိန်းနိုင်ရင် ဒုက္ခဖြစ်တတ်တာမျိုးပါ၊ တကယ်တော့ နောင်ရိုးဟာ သမီးအပေါ် သိပ်ချစ်ခဲ့ရှာသူပါပဲ၊ အဲဒါကြောင့် သမီးကိုလိုက်ရှာရင်း အိမ်ကနေထွက်သွားခဲ့တာနေမှာပါကွယ်''

ဆရာမ၏မျက်လုံးအိမ်တွင် မျက်ရည်များ စီးဆင်းကျလာ၍ မျက်မှန်ကိုချွတ်ပြီး ပါးပေါ်မှ မျက်ရည်စက်များကို လက်ကိုင်ပ၀ါလေးဖြင့် သုတ်လိုက်ရှာပါသည်။ ဆရာမထံမှ ကြားရဦးမည့် နောက်ဆက်တွဲစကားကို ရပ်သင်္ဂျှမောစွာ နားထောင်နေသည့် ကျွန်မမှာ ဆရာမ၏လှုပ်ရှားမှုများကို မမှိတ်မသုန် ကြည့်နေမိပါပြီ။

''သားကိုတွေ့ရချိန်မှာ သားလေးဟာ ကားတိုက်ခံရပြီး ဆေးရုံမှာ အသက်ပျောက်နေပြီလေ၊ ဆရာမရင်ထဲမှာ ဘယ်လောက်ထိခံစားသွားရမယ်ဆိုတာ သမီးတွေးမကြည့်ဘဲ သိနိုင်ပါတယ်ကွယ်၊ ဒါတွေဟာ ဘယ်သူ့ကြောင့်လဲလို့ ဆရာမ နောင်တအသိ ရမိချိန်ဟာ နှောင်းခဲ့ရပြီပေါ့လေ၊ သားဟာ အသက်ပေးပြီး အချစ်စိတ်ကို သက်သေပြသွားရှာသူပါ၊ အဲဒါ ဆရာမအမှားပဲ သမီး၊ ဒါပေမဲ့ အဲဒီအမှားဟာ ကောင်းစေချင်တဲ့ဆန္ဒနဲ့ ပြုပြင်ယူမိတဲ့အတွက် မိခင်တစ်ယောက်ရဲ့မေတ္တာကို သားသိအောင် ပြောပြခွင့်မရလိုက်ပါဘူး၊ ဒါကြောင့် သမီးကို တောင်းပန်ချင်တာက ဆရာမတစ်ချိန်က ပြောခဲ့ဆိုခဲ့တာတွေကို ခွင့်လွှတ်ပါ၊ သမီးတို့ရဲ့ အမြစ်တွယ်ခံစားနေကြတဲ့ အချစ်ကို ဖြိုခွဲခဲ့မိတဲ့အတွက် အဲဒီအပြစ်ကို ကြေကွဲ၀မ်းနည်းစရာကောင်းလောက်အောင် ဆရာမ ခံစားခဲ့ရပြီးပါပြီ၊ ဒီ၀ေဒနာဟာ ဆရာမနှလုံးသားထဲမှာ ထာ၀ရရှိနေမယ့် ဒဏ်ရာဟောင်းတစ်ခုပါပဲ သမီးရယ်''

ယိုစီးကျလာသော မျက်ရည်များကို နောက်ဆုံးအကြိမ်သုတ်ပြီးနောက် မျက်ရည်စများဖြင့် ပြုံးပြလာသည်။ ဆရာမသည် ရင်ထဲမှ ခံစားချက်တစ်ခုကို မည်သူမျှသိအောင် ပြောပြထားပုံမရပေ။ သို့သော်လည်း ကျွန်မထံတွင် ရင်ဖွင့်ခဲ့ရ၍ ကျေနပ်သွားပုံမျိုးဖြင့် နောက်ဆုံးအကြိမ် နှုတ်ဆက်သွားခဲ့၏။

''ဆရာမ ပြန်မယ်နော် သမီး၊ သမီးရဲ့ဘ၀လေး သာယာစိုပြည်ပါစေကွယ်''

ကျွန်မ၏နဖူးလေးအား တစ်ချက်နမ်းပြီး ကျွန်မ၏ရှေ့မှ တရွေ့ရွေ့ လျှောက်လှမ်းသွားရှာသည်။ မှင်တက်စွာ ငေးငိုင်ကျန်ရစ်ခဲ့ပေမယ့် ဆရာမ၏ ဆုတောင်းလေးသည် ကျွန်မရင်မှာ ပြင်းပြစွာ ခံစားမိလေပြီ။ စိတ်မချမ်းမြေ့ခြင်းကြောင့် သွေးပျက်လုမတတ် ချောက်ချားနေရပြီး မည်မျှအထိ ကျွန်မခံစားနေရပြီမသိ။ ဆရာမအား နှုတ်ဆက်ရန် သတိရမိချိန်တွင် ဆေးရုံလမ်းလေးမှ အပြေ လေးထွက်သွားသော ဂျစ်ကားလေ ကိုသာ ကျွန်မ တွေ့ခဲ့ရတော့သည် ကိုမျိုးဝေနှင့် မသီတာထံသို့ပင် ကျွန်မ သွားရောက်မနှုတ်ဆက်မိ လိုက်ပေ။

''ဟော....ဒေါက်တာက အ မှလာတယ်၊ ကိုမျိုးဝေတို့ အခုလေ တင် ပြန်သွားကြပြီ၊ ဒေါက်တာ့ကို နှုတ်ဆက်သွားတယ်လို့ ပြောလိုက် ပါတဲ့''

ဒေါက်တာဖုန်းသုံ့မှုန်၏စကားကို လည်း ကျွန်မ မကြားနိုင်တော့ပေ ကျွန်မ၏စိတ်သည် ဆရာမနှင့်အတူ လိုက်ပါသွားခဲ့လေပြီ။ ရင်မှာဟာ တာတာနှင့် ကျန်ရစ်ခဲ့ရသည်ကို တော့ စိတ်မှာသိနေမိပါ၏။

''ကျွန်တော့်တစ်သက်မှာ ဒီလို စိတ်ချမ်းသာမှုမျိုးကို တစ်ခါမှမတွေ့ ကြုံခဲ့ရဖူးဘူး ဒေါက်တာ၊ ဆေးရုံက ဆင်းသွားကြတဲ့ လူနာတွေရဲ့အပြုံး ဟာ ကျွန်တော့်ရင်ကို ဒီတစ်ကြိမ် မှာ ထိထိခိုက်ခိုက် အခံစားရဆုံးပဲ ဗျာ''

သူလည်း ကျွန်မလိုပါပဲလား။ ဒေါက်တာဖုန်းသုံ့မှုန်အား မျက်လုံး ဝိုင်းလေးများဖြင့် လှမ်းကြည့်မိတော့ သည်။

ဒေါက်တာဖုန်းသုံ့မှုန်သည် ရစ္စ မတ်ညတိုင်း ကျွန်မထံ ပို့စကာဒ် လေးများ ပို့တတ်၏။ နှစ်ကုန်ပိုင်းတွင် ဘုရားကျောင်းလေးသို့ သွားတတ်

www.burmeseclassic.com

www.burmeseclassic.com



သေးရာ ကျွန်မက သူတို့နှင့်အတူ လိုက်ပါခဲ့မိသည်။ သို့ပေမယ့် စောစီးစွာပင် ပြန်လာခဲ့၏။ သူတို့၏ဘာသာရေးနေ့တစ်နေ့ဖြစ်၍လည်း ဆေးရုံတွင် ကျွန်မရှိနေသင့်သလို အရေးပေါ်ရောက်လာမည့် လူနာတွေအတွက် ဆရာဝန်မရှိ၍ မဖြစ်ပေ။

ဘုရားကျောင်းလေးသည် တောင်ကုန်းမို့မို့လေးနှစ်ခုကြားတွင် ရှိ၏။ တစ်ခါတလေ ထိုဘုရားကျောင်းလေးမှ ခေါင်းလောင်းသံလေးများကို ဆေးရုံမှ အတိုင်းသားကြားနေရတတ်ပါသည်။ ထို့အတူ ခရစ္စမတ်ညလေးတွင် ဘုရားကျောင်းလေးမှ ပျံ့လွင့်လာသော ခမ္မတေးသံသာများနှင့် ခရစ္စမတ်သီချင်းသံလေးများက ဘဝဂ်ညံ့ကာ ကောင်းကင်ထက်မှ သာယာနာပျော်ဖွယ်ကောင်းလောက်အောင် နားထောင်၍ကောင်းလှပါသည်။ ထိုမျှသာမကသေးပေ။ ဆေးရုံဝင်းလေးထဲတွင်လည်း ခရစ္စမတ်ညကို သီချင်းလေးများဖြင့် မီးပုံပွဲလေးတစ်ခုကို ကျင်းပတတ်ကြသည်မှာ ပျော်စရာကောင်းသော ညချမ်းလေးဖြစ်ခဲ့ရ၏။

ယနေ့ညလည်း ဒေါက်တာဖုန်သုံမှုန်တို့အဖွဲ့၏တီးဝိုင်းမှ တေးသီချင်းလေးများကို နားထောင်ကြရဦးမည်ပင်။

ကျွန်မ ဆေးရုံသို့ပြန်လာချိန်တွင် ကျန်းမာရေးဦးစီးဌာနမှ ရန်ကုန်သို့ပြောင်းရွှေ့ရန် အမိန့်ကျသည့်စာလေးကို လက်ခံရရှိခဲ့၏။ ရင်မှာ ဝမ်းသာပျော်ရွှင်ခြင်းနှင့်အတူ ထခုန်မိမတတ် ဝမ်းမြောက်မိလေပြီ။ ကျွန်မ၏လုပ်ဖော်ကိုင်ဖက်များမှာ ကျွန်မအတွက် ဝမ်းသာနေကြသော်လည်း ဝမ်းနည်းခြင်းအရိပ်အယောင်လေးများကို တွေ့ရသည့်အခါတွင် ကျွန်မရင်တွင် ဝမ်းသာဝမ်းနည်းဖြစ်ခဲ့ရပြန်သည်။ သူနာပြုဆရာမလေး ထန်ဖုန်ဘောက်ဆိုလျှင် ခွဲခွာရမည်ဆိုသည့်အသိဖြင့် ငိုခဲ့ရှာလေသည်။ သံယောဇဉ်တစ်ခုကို ရုတ်တရက်ဖြတ်တောက်သွားရမည်ဆိုသည့် အသိကြောင့် စိတ်မကောင်းဖြစ်ခဲ့ရပါသည်။ ထန်ဖုန်ဘောက်အား ကျွန်မ နှစ်သိမ့်ပေးမိသည်။

"တိတ်ပါ ညီမရယ်၊ ဝန်ထမ်းဆိုတာ ထားရာနေ၊ စေရာသွားရမယ့် ဘဝတွေမဟုတ်လား။ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ပြန်ဆုံချင်ဆုံကြရမှာပါ၊ မမလည်း စိတ်မကောင်းပေမယ့် ပေးအပ်တဲ့တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ဖို့ သွားရမှာပါ၊ မမနေရာမှာ တခြားဆရာဝန်တစ်ယောက် ရောက်လာပါလိမ့်မယ်ကွယ်"

ထိုနေ့ညနေက ဆေးရုံရှိ လူနာများအား နောက်ဆုံးအနေဖြင့် ကျွန်မမှာ လိုက်လံနှုတ်ဆက်မိလေသည်။ ထန်ဖုန်ဘောက်မှာ ကျွန်မနှင့်အတူ မျက်ရည်စက်လက်ဖြင့် လိုက်ပါခဲ့ရှာသေး၏။ ချင်းတောင်တန်းကြီးနှင့် ချစ်ခင်ဖော်ရွေသော ချင်းလူမျိုးများကို ခွဲခွာရမည်ဆိုခြင်းကြောင့် ကျွန်မလည်း ခံစားခဲ့ရပါသည်။ ကျွန်မ၏ ပြောင်းရွှေ့ခြင်းကိစ္စအား ဒေါက်တာဖုန်သုံမှုန်မှာ မသိရှာသေးပါ။ သူ့ကို အသိပေးပြောပြရမည်ကိုပင် ကျွန်မ မဝံ့ရဲပါ။ မည်သို့ပင် ခံစားနေရပါစေ ကျွန်မ ချင်းတောင်တန်းကြီးပေါ်တွင် ရှိရမည့်အချိန်လေးသည် ဒီခရစ္စမတ်ညလေးပါပဲလား။ မနက်ဖြန်မနက်တွင် ဤမြေမှ အပြီးအပိုင် ထွက်ခွာရပေတော့မည်။ ထို့ကြောင့် အခန်းသို့ပြန်လာပြီး သိမ်းဆည်းစရာရှိသည်များကို သိမ်းဆည်းနေမိသည်။

ည ၇ နာရီခန့်တွင် ဒေါက်တာဖုန်သုံမှုန်တို့အဖွဲ့ ပြန်ရောက်လာကြသော်လည်း ကျွန်မ၏ကိစ္စကို မသိကြသေးပေ။ ပျော်ရွှင်စရာကောင်းသော မီးပုံပွဲလေးကို အဆောင်များရှေ့တွင် ကျင်းပရန် ပြင်ဆင်နေကြတော့သည်။

"ဒေါက်တာ၊ ကျွန်တော်တို့သီချင်းသံလေးကို လာအားပေးပါဦးဗျာ၊ သီချင်းဆိုဖို့ အဆင်သင့်ဖြစ်နေကြပါပြီ"

ဒေါက်တာဖုန်သုံမှုန်က ဝမ်းသာစွာပြောလာသော စကားလေးနှင့်အတူ ကျွန်မထံ ရွှန်းရွှန်းစားစားကြည့်လာ၏။ ပြီးနောက် ကျွန်မ၏လက်ထဲသို့ ဒိုင်ယာရီစာအုပ်လေးတစ်အုပ်ကို ထည့်ပေးပြီး ပြန်ထွက်သွားလေသည်။ သူပေးလာသည့် အိတ်သွတ်ရ ဒိုင်ယာရီစာအုပ် အညိုရောင်လေးကို ကိုင်ထားသော ကျွန်မ၏လက်ကလေးများမှာ တုန်ယင်နေမှန်း သတိထားမိ၏။ ထိုဒိုင်ယာရီလေးအား မျက်တောင်မခတ်ဘဲ တွေတွေကြီး ငေးတက်စွာ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမိပြန်သည်။ သူတို့ထံမှ တေးသီချင်းသံလေး ကြားရခြင်းကြောင့် ကျွန်မ၏ ပျံ့လွင့်သွားသော စိတ်အား ပြန်လည်စုစည်းပေးလိုက်သကဲ့သို့ ကျွန်မ၏အသိမှာ ဒိုင်ယာရီလေးထံသို့ ကျရောက်သွားရလေပြီ။

ဒိုင်ယာရီလေးကိုဖွင့်ပြီး ပထမဆုံးစာမျက်နှာလေးအား လှန်လိုက်သည့်အခါတွင်.....

"Diary=Darling,I always remember you"

ဟု ရေးထားသည့် စာကြောင်းလေးကို ဖတ်လိုက်ရ၏။

"Darling တဲ့လား ဒေါက်တာရယ်"

ရင်မှာ လွမ်းမောဆွေးမြည့်စွာ ခံစားသွားမိသည်။ တကယ်ဆိုလျှင် သူနှင့်ကျွန်မမှာ ဆုံစည်းခွင့်မှ မရှိတော့တာပဲလေ။ ဒေါက်တာဖုန်သုံမှုန်အတွက် အမှတ်တရတစ်ခု ဖြစ်မနေစေချင်တော့ပါ။ ခံစားမှုတစ်ခုကြောင့် သူ့အသည်းနှလုံးတွင် မည်သည့်ခံစားမှု၊ ဝေဒနာမျိုးဖြစ်စေမည့် ဒဏ်ရာလေးများ မရှိစေချင်ပေ။ ကံတရားသည် ကျွန်မအား ဒေါက်တာဖုန်သုံမှုန်နှင့် ဝေးကွာစေရန် ဖန်တီးပေးခဲ့လေပြီ။ ဒိုင်ယာရီလေးကို ပြန်ပိတ်လိုက်၏။

သီချင်းတစ်ပုဒ်အဆုံး၌ အပြင်သို့ထွက်လာမိရာ ခရစ္စမတ်သီချင်းလေးကို သီဆိုရန် အဆင်သင့်ဖြစ်နေသော ဒေါက်တာဖုန်သုံမှုန်သည် ကျွန်မထံ အကြည့်တစ်ချက်ပို့ကာ ဂီတာကို စတင်တီးခတ်၍ သီဆိုနေလေသည်။ သူ့သီချင်းလေးကို ခံစားမှုဖြင့် နားထောင်နေရာ မီးပုံလေးမှ တောက်လောင်နေသော မီးတောက်လေးသည် ကျွန်မ၏ရင်ထဲတွင် ခံစားနေရသော ဝေဒနာထက်ပူလောင်နိုင်မည်မဟုတ်ပေ။

အေးစိမ့်သောအချမ်းဒဏ်ကို မီးတောက်လေးဖြင့် ကာကွယ်ထားသော်လည်း ကျွန်မ၏နှလုံးသားမှ ခံစားမှုကို မည်သည့်အရာနှင့်မျှ ကာကွယ်ထားနိုင်မည်မဟုတ်ပါ။ ဒေါက်တာဖုန်သုံမှုန်သည် အဆိုပိုင်သော ဆရာဝန်တစ်ယောက်ဖြစ်ကြောင်း သူ့သီချင်းသံလေးများက သက်သေပြနေ၏။ အားလုံးမှာ သူ၏သီချင်းလေးထဲတွင် စီးမျောနေကြပြီး တချို့က လိုက်ဆိုနေကြလေသည်။

အင်္ဂလိပ်တေးသီချင်းလေးဖြင့် သီဆိုပြီးချိန်တွင် အားလုံးကမြန်မာသီချင်းလေးဖြင့် ဖြေဖျော်ရန် ဝိုင်းပြီးတောင်းဆိုကြရာ.....

"ဟုတ်ကဲ့ပါ၊ ကျွန်တော်အခုဆိုမယ့် သီချင်းလေးကတော့ ကိုင်ဇာ သီဆိုထားတဲ့ သီချင်းရှင်ကို ကြင်နာပါတေးသီချင်းလေးပဲဖြစ်ပါတယ်ခင်ဗျာ၊ နားဆင်ကြည့်ကြပါ"

သူကိုယ်တိုင် ဂီတာလေးဖြင့် သီဆိုလာသော ထိုသီချင်းလေးကို ကျွန်မလည်း နှစ်သက်မိပါသည်။ သီချင်းလေးကို သီဆိုနေရင်းမှ ကျွန်မထံ ရွှန်းစိုသော မျက်ဝန်းများဖြင့် စူးစိုက်စွာကြည့်လာလေသည်။ သူ၏အကြည့်ကြောင့် ရင်မှာရှိန်းခနဲဖိန်းခနဲ ဖြစ်ခဲ့ရသည်ကိုတော့ ဝန်ခံပါ၏။

"သီချင်းလေးတွေတီးလို့....
ကိုယ်မောစဉ်မှာ....အပြုံးလေးတွေ
အားပေးသလိုဖြစ်လာ.....အသည်း
တစ်နေရာဝင်လာပြီး.....သူဘယ်
အချိန်ကများ.....စိုးမိုးသွား မသိနိုင်
ပြီ တစ်ခါ.....ဒီလိုအမြဲတမ်းပဲ အား
ပေးခဲ့ရင်....ကိုယ့်ရင်တွင် သိပ်သိ
ပျော်မှာ....သီချင်းတွေကိုခင်တွယ်
တတ်သလို...သီချင်းရှင်ကို ကြင်နာ
လှည့်ပါ....."

ထိုအပိုဒ်လေးအရောက်တွင် ဒေါက်တာဖုန်သုံမှုန်၏ စူးရှသော အကြည့်ကြောင့် အားတုံ့အားနာဖြစ် မိပြီး ရှိုးတိုးရှန့်တန့်ဖြစ်နေရပြန်ပါ သည်။ ကျွန်မ၏ ရှက်ကိုးရှက်ကန် အမူအရာလေးသည် သူ့ထံမှ ချစ် စကားလေးကို ရိပ်ဖမ်းသံဖမ်း ကြား ရသလိုမျိုးဖြင့် ကျွန်မ၏ မာကျော သော နှလုံးသားကို ကိုင်လှုပ်နေ သည့်သဘော တဒင်္ဂလှုပ်ရှားသွားရ ၏။

အို.....ကျွန်မ ဘာကြောင့် သူ့ အပေါ် တိမ်းညွတ်နေမိပါလိမ့်။ သူ နှင့် ကျွန်မက မျှားမကြာမီတွင် အဝေးဆုံးကိုရောက်ပြီး ခွဲခွာသွားရ ဦးမည်ပဲလေ။ သာယာမိန်းမောမှုကို အသိစိတ်ဖြင့် ချုန်းအုပ်မိရသည်။ ထို နောက် ကျွန်မနံဘေးတွင် ထိုင်နေ ရှာသော သူနာပြုဆရာမလေး ထန် ဖုန်ဘောက်၏ မျက်ရည်များကြောင့် သူမ၏ပခုံးလေးအား ဖွဖွကိုင်ကာ နှစ်သိမ့်ပေးမိပြန်၏။

"မမ နောင်ဆို ဒီလိုခရစ္စမတ် ညတိုင်းမှာ မမ ရှိနေတော့မှာမဟုတ် တော့ဘူးနော်၊ ခရစ္စမတ်ညရောက်

www.burmeseclassic.com

www.burmeseclassic.com



တိုင်း မမကို သတိတရရှိနေမှာပါ၊ အဟင့်.....ဟင့်''

''ဒီလိုပျော်စရာအချိန်လေးမှာ ဝမ်းနည်းစရာတွေ မတွေးနဲ့လေ၊ မမလည်း သတိတရရှိနေမှာပါပဲ''

''ကျွန်မလေ ဝမ်းနည်းလွန်းလို့ပါ၊ ဘာကြောင့်လဲဆိုရင် ဒေါက်တာ ဖုန်သုံမှုန်အတွက် စိတ်မကောင်းဘူး မမ၊ ဒေါက်တာက မမအပေါ် သံယောဇဉ်တွယ်နေတဲ့ သူပါ''

သက်ပြင်းတစ်ချက်ကို လေးတွဲ့စွာ ချမိတော့သည်။ ကျွန်မနှင့် ဒေါက်တာဖုန်သုံမှုန်၏ မရေမရာ ဇာတ်လမ်းလေးတစ်ခုကို သူတို့ရိပ်မိပုံရပါသည်။ သည်အတွက် ကာယကံရှင်ကိုယ်စား ခံစားဝမ်းနည်းပေးခြင်းကို နားလည်ပါသည်။ ကျွန်မ၏အသည်းနှလုံးလည်း ဘာသားနှင့်ထုထားတာမို့လဲလေ။ သူတို့နည်းတူ ခံစားနေရပါပြီ။

''ညီမရယ် ဒေါက်တာက မမကို စာနာမှုနဲ့ ကူညီနေတာပါ''

''ဟင့်အင်း၊ ထန်ဖုန်ဘောက် သိပါတယ်၊ ဒေါက်တာက မမကို ချစ်နေတာပါ၊ အားလုံးသိနေကြတယ်''

သေချာစွာပြောလာသည့် စကားလေးကို ကျွန်မ ငြင်းချက်ထုတ်ဖို့ မလိုအပ်တော့ပါ။ ငြိမ်သက်စွာနေခြင်းသည် အမှန်ကိုဝန်ခံသည့်



သဘောမျိုးပဲဖြစ်၏။ ခဏအကြာတွင် သူ့သီချင်းသံလေး ပြီးဆုံးသွား၍ ကျွန်မ၏အနီးတွင် ဝင်ထိုင်ချိန်တွင် ထန်ဖုန်ဘောက်သည် ကျွန်မတို့အနီးမှ ထပြေးသွားရှာပါသည်။ ဤသည်ကို ဒေါက်တာဖုန်သုံမှုန်က ကြောင်တောင်တောင်ဖြစ်သွားပြီး ကျွန်မအားမေးလာ၏။

''နှ့စ်က ဘာကြောင့် ငိုပြီး ပြေးသွားတာလဲ ဒေါက်တာ''

''စိတ်မကောင်းစရာအဖြစ်လေးတစ်ခုကို ခံစားသွားရလို့ပါ ဒေါက်တာ''

ကျွန်မပြော၍ ပို၍နားရှုပ်သွားဟန်တူသည်။ သူ့ထံမှ နားမလည်သည့်အကြည့်မျိုးကြောင့် သူ့အား အသိမပေးရက်သော ကိစ္စတစ်ခုကို နှုတ်မှ အလိုအလျောက်ထွက်သွားမိ၏။

''ကျွန်မ ရန်ကုန်ကို ပြန်ပြောင်းရတော့မယ် ဒေါက်တာ၊ ဒီနေ့ပဲ အမိန့်စာရောက်လာတယ်''

''ဟင်.....''

အလန့်တကြားဖြင့် ကြည့်လာသော သူ့အကြည့်သည် ကြောင်အမ်းအမ်းဖြစ်သွားခဲ့လေပြီ။ ထိုစကားလေးသည် သူ့ရင်ထဲတွင် အဏုမြူဗုံးတစ်လုံး ပေါက်ကွဲသွားသည့်အလား အထိတ်တလန့်ဖြစ်သွားမည်မှန်း သိနေမိပြန်သည်။ သူ့အကြည့်မှာ မီးပုံလေးဆီသို့ ရောက်သွားပြီး ခံစားမှုကြောင့် တွေဝေငြိမ်သက်သွားရှာ၏။ ယခုမှ ထန်ဖုန်ဘောက်ခံစားမှုကို သူလည်းနားလည်သွားလိမ့်မည်ပင်၊ နှုတ်ခမ်း

www.burmeseclassic.com

www.burmeseclassic.com



လေးများ တရှူရှူဖြင့် ကတုန်ကယင်ဖြစ်သွား၏။

စောစောက သူပေးလာသည့် ခရစ္စမတ်လက်ဆောင် ဒိုင်ယာရီစာအုပ်လေးကို သူ့ထံပြန်အပ်ပြီး....

"ပြန်လည်ပေးဆပ်ခွင့်မရှိတဲ့ အချစ်တွေနဲ့ ဘဝတစ်ကွေ့မှာ ခဏတွေ့ခဲ့ရသူအဖြစ် ကျွန်မနှလုံးသားထဲမှာ ထာဝရတည်ရှိနေမယ်ဆိုတာ ယုံပါ ဒေါက်တာ၊ မနက်ဖြန် ကျွန်မ ရန်ကုန်ကို ပြန်သွားရတော့မယ်လေ"

ထိုစကားလေးကိုတော့ သူသိစေရန် တစ်ဆက်တည်း ပြောချလိုက်မိသည်။ ကျွန်မအား တွေတွေကြီး ငေးကြည့်နေရှာပြီး သူ့နှလုံးသားထဲမှ ခံစားမှုကြောင့် ပေါက်ခနဲထွက်ကျလာသော မျက်ရည်စက်များကို အံ့သြစွာတွေ့နေရသည်။ ကျွန်မအား တော်တော်နှင့် သူ စကားမပြောနိုင်ရှာပါ။ အချိန်ကြာမြင့်စွာ တိတ်ဆိတ်သွားပြီးမှ အားယူပြောလာ၏။

"ကျွန်တော် ဖလမ်းလေဆိပ်အထိ လိုက်ပို့ပေးမယ်လေ"

"နေပါစေ ဒေါက်တာ၊ မနက်ဖြန် ဖလမ်းထိသွားမယ့် ကားကြုံရှိနေတယ်၊ ကျွန်မတို့ရဲ့ ခွဲခွာခြင်းကို ဒီနေရာလေးမှာပဲ အဆုံးသတ်ခဲ့ပါရစေတော့၊ ကျွန်မကို ခွင့်လွှတ်ပါ ဒေါက်တာရယ်"

သူ့အနီးမှ ထွက်လာချိန်တွင် ကျွန်မရင်ထဲ၌ ဖော်မပြနိုင်သည့် ခံစားမှုတစ်ခုကို ရခဲ့မိသည်။ ထိုခံစားမှုလေးကိုတော့ သူမသိစေချင်တော့ပါ။ သို့ပေမယ့် ရင်ထဲတွင် အလိုအလျောက် ဖြစ်တည်လာသော အချစ်တစ်ခုကို ထိန်းချုပ်နိုင်ရန်မှာ ခက်ခဲသောအလုပ်တစ်ခုပင်ဖြစ်ကြောင်း ကျွန်မ နားလည်ခဲ့ရပါပြီ။

ခပ်လှမ်းလှမ်းအရောက်တွင် ကျွန်မ၏နောက်မှ လိုက်ပါလာသော ခြေသံနှင့်အတူ.....

**ကျွန်တော်ဟာ**
**ချင်းတောင်တန်းကြီး**
**တွေပေါ်မှာ**
**မွေးဖွားခဲ့တာပါ၊**
**ကိုယ့်ဒေသကို**
**ပစ်ခွာပြီး**
**တခြားထွက်သွားဖို့**
**မဖြစ်နိုင်ပါဘူး၊**
**ကျွန်တော်တို့**
**ချင်းပြည်နယ်ကို**
**ရောက်လာတဲ့**
**ဆရာဝန်၊ ဆရာမတွေဟာ**
**အချိန်တန်ရင်**
**...**

"ဒေါက်တာ....."

သူ၏ခေါ်သံသဲ့သဲ့ကြောင့် လှည့်ပြန်လှည့်ကြည့်မိသည်။ ရပ် နေသော ကျွန်မ၏အရှေ့သို့ သူ ရောက်လာလေသည်။

"ကျွန်တော် ဒေါက်တာ့ကို သိပ်ချစ်တယ်"

သူ့ထံ အကြည့်စူးစူးလေးနှင့် တုံ့ပြန်မိ၏။ သို့သော် ကျွန်မ၏ အကြည့်တွင် အဓိပ္ပာယ်များစွာ ကြောင်း သူ မသိခဲ့ပေ။ ကျွန်မက လည်း ပြောမပြချင်တော့ပါ။ သူ့ရှေ့ တွင် တုံဏှိဘာဝေ ရပ်နေမိ၏။

"ဒီစကားလေးကိုတော့ ဒေါက် တာ သိသွားစေချင်ပါတယ်၊ Good Luck ပါ ဒေါက်တာ"

ထိုမှ ချင်းတောင်တန်းကိုချစ် သည့် ဖုန်သုံမှုန်နှင့် ခဏတာ နာ ခိုခဲ့ရသည့် ကျွန်မတို့ အပြီးတိုင်ခေ ကွာခြင်းဖြင့် အဆုံးသတ်ခဲ့ရတော့ သည်။ လေယာဉ်ပေါ်မှ ချင်းတောင် တန်းကြီး၏အလှကို တွေ့မြင်နေရ ချိန်တွင် တစ်ခုသော တိုက်နယ်ဆေး ရုံလေးတွင် တာဝန်ထမ်းဆောင်နေ မည့် ဒေါက်တာဖုန်သုံမှုန်ကို အတွေး ထဲတွင် မြင်ယောင်နေမိပြန်သည်။ ပြီးနောက်.....

"ကျွန်တော်တို့ချင်းပြည်နယ်မှာ တောင်ဇလပ်ပန်းတွေ ထာဝရပွင့် နေသလို ဒေါက်တာ့ကိုလည်း ဒီမှာ အမြဲရှိနေစေချင်တယ်"

ထိုစကားလေးကို ပြန်လည် ကြားယောင်နေမိပြန်သည်။ ဟုတ်ပါ ရဲ့။ ချင်းတောင်တန်းကြီးတွေပေါ်မှာ လှပစွာဖူးပွင့်နေရှာတဲ့ တောင်ဇလပ်

www.burmeseclassic.com



ပန်းတွေကို လေယာဉ်ပေါ်မှ လှမ်းမြင်နေရ၏။ ထိုတောင်ဇလပ်ပန်းလေးများသည် ချင်းပြည်နယ်ကြီးတွင် ထာဝရပွင့်နေမည့် ပန်းလေးများဖြစ်ကြပြီး ချင်းတောင်တန်းကြီးများပေါ်၌သာ လိုက်ဖက်တင့်တယ်နေကြပါလိမ့်မည်။ ချင်းပြည်နယ်တွင် တောင်ဇလပ်ပန်းများ ထာဝရသန်းဆန်းစေချင်ပါသည်။

"ကျွန်တော်ဟာ ချင်းတောင်တန်းကြီးတွေပေါ်မှာ မွေးဖွားခဲ့တာပါ။ ကိုယ့်ဒေသကို ပစ်ခွာပြီး တခြားထွက်သွားဖို့ မဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့ ချင်းပြည်နယ်ကိုရောက်လာတဲ့ ဆရာဝန်၊ ဆရာမတွေဟာ အချိန်တန်ရင် အိမ်ပြန်ကြမယ့် ဧည့်သည်တွေပါပဲ"

သူ့စကားလေးကိုကြားယောင်လာမိရင်းက မျက်လုံးလေးကိုမှိတ်ကာ မျက်ရည်ဝဲမိရသည်။

"ကျွန်တော်က ချင်းတောင်တန်းကြီးတွေကို ချစ်တယ်ဆိုတာထက် သံယောဇဉ်ကြီးခဲ့တာပါ။ တစ်ခါတစ်ခါတော့လည်း ကျွန်တော်ဟာ အတ္တကြီးတဲ့လူတစ်ယောက်ဖြစ်နေပြီလားမသိဘူးနော် ဒေါက်တာ"

ရယ်သွမ်းသွေး၍ပြောလာသော စကားလေးကိုလည်း သတိရမိပြန်သည်။ သို့ပေမယ့် ထိုသတိတရဖြစ်စရာအားလုံးကို ချင်းတောင်တန်းကြီးပေါ်တွင်ပဲ ထားရစ်ခဲ့ပါရစေတော့လေ။

"နှုတ်ဆက်ခဲ့ပါတယ် ချင်းတောင်တန်းကြီးရယ်"

စိတ်မှာရည်ရော်မှန်းဆ နှုတ်ဆက်လိုက်မိလေပြီ။ ချင်းပြည်နယ်ကြီးသည် ကျွန်မနှင့်အဝေးဆုံးတွင် ကျန်ရစ်ခဲ့ရတော့၏။

ရှေ့လဆက်ဖတ်ပါရန်
လေးစားစွာဖြင့်
ထက်ထက်ဦးဝေ


အရေပြားရောဂါအတွက် စိတ်အချရဆုံးမှာ လီယိုမက်
နှင်းခူ၊ ပွေး၊ ဝဲလိမ်းဆေး ဟိမဝန္တာသွေးသန့်ဆေး

ခရုသင်း သမင်ဖြူ

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်010Y978/ 0102Y3654
ထုတ်လုပ်ခွင့်လိုင်စင်-အမှတ်(၄/၉၈)တဆထလ(၀၈၇)

ခရုသင်း၊ သမင်ဖြူ၊ နီ၊ နက်ကွက်များ၊ အနာကြီးရောဂါ၊ ဆိုရီရေးစစ်ရောဂါ၊ မှို့စွဲရောဂါ၊
ခြေလက်အက်ကွဲရောဂါ၊ ဝက်ခြံ၊ တင်းတိတ်၊ ညှင်း၊ ပွေး၊ ဝဲ၊ ယားနာ၊ နှင်းခူနှင့်
အရေပြားရောဂါမျိုးမျိုး **ကာလသားရောဂါ၊** ဆီးပူညောင်းကျ၊ ဂနိုရီးယားရောဂါ၊ ဆစ်ဖလစ်၊
ရင်ကချိုက်၊ရေယုန်၊ မက်ခရု၊ ကြွက်နို့၊ ငါးမျက်စိ၊ ဝဲ၊ ရိုဖြူဆင်းရောဂါ
အသားအရေမည်းခြင်း၊ ခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါများကို
**အဆင့်မြင့် အိန္ဒိယ ယူနာနီ** တိုင်းရင်းဆေး နည်းပညာ၊ အစွမ်းထက်သော
တိုင်းရင်းဆေးကုထုံးများဖြင့် ကုသပေးနေပါသည်။

**လီယိုမက်** အရေပြားရောဂါအထူးကုဆေးတိုက်
အမှတ် (၂၂၁)၊ ၃၂-လမ်း(ထက်)၊ ၃-ထပ်၊ ရန်ကုန်မြို့။ **PH: 252598, 243851**
နယ်မှ ဝေဒနာရှင်များ ကြိုတင်ငွေပို့စနစ်ဖြင့် စာတိုက်မှတဆင့်မှာ ယူနိုင်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com


## နေ့စဉ်ငွေဝင်လာဘ်ရှင်/ရောင်းကောင်းသွက်လက်/စီးပွားတိုးတက်အောင်

◇ ကုန်မျိုးစုံ၊ လျှပ်စစ်ပစ္စည်းဆိုင်၊ အီလက်ထရောနစ်ပစ္စည်းဆိုင်၊ ချုပ်ပြီးအဝတ်အထည်မျိုးစုံဆိုင်၊ အထည်အလိပ်ဆိုင်၊ ဖန်စီပစ္စည်းဆိုင်၊ ဆန်+ဆီဆိုင်၊ စက်သုံးဆီဆိုင်၊ရွှေဆိုင်၊ဖက်ရှင်ပစ္စည်းဆိုင်၊ အလှကုန်ဆိုင်၊ ဆေးမျိုးစုံဆိုင်၊ ဖိနပ်ဆိုင်၊ ဆောက်လုပ်ရေးပစ္စည်းဆိုင်၊ စိုက်ပျိုးရေးသုံးဆေးနှင့် ဓာတ်မြေဩဇာဆိုင် စသည်ဖြင့် ကုန်ပစ္စည်းအရောင်းဆိုင်မျိုးမှာ တစ်နေ့ကုန် ထိုင်နေလို့မှ ဈေးဦးတောင်မပေါက်ဘူးဆိုရင် ရူးနိုင်တယ်။ ဈေးဦးတောင်မပေါက်တဲ့ရက်တွေ များလာရင် စိတ်ဓာတ်ကျလာမယ်၊ သူများဆိုင်မှာ ရောင်းအားကောင်းပြီး ကိုယ့်ဆိုင်မှာ ရောင်းအားတစ်ဝက်မက ကျသွားရင် ထွက်ပြေးချင်စိတ်ပေါက်လာမယ်။

နေ့စဉ် ဈေးဦးပေါက်ကောင်း၊ ငွေဝင်လာဘ်ရှင် ရောင်းကောင်းရောင်းသွက် စီးပွားတိုးတက်လာချင်ရင်....

**ရပ်ဝေးနယ်မြို့များမှလည်း ဆက်သွယ်နိုင်သည်။**

ဆရာဦးပိုင်ဇအောင် (ဝိဇ္ဇာဘွဲ့) (လက္ခဏာဗေဒင်ဟောခန်း)
တိုက်(၄၀)B-1၊ မြေညီထပ်၊ ဦးဝိစာရလမ်း၊ မဟာမြိုင်အိမ်ရာထပ်၊ (၄၁)ရပ်ကွက်၊
မြောက်ဒဂုံမြို့နယ်။ ဖုန်း-၀၉-၇၃၁၁၄၀၂၄၊ ၀၉-၅၀၉၃၇၉၁။



# ခရုသင်း၊ သမင်ဖြူ

ခရုသင်း၊ သမင်ဖြူ၊ ပွေး၊ ဝဲ၊ ညှင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နှင်းခူ၊ သဲဝဲစား၊ ရေဝဲစား၊ အနာစို၊ အနာစက် နှင့် သွေးမသန့်ရှင်းမှုကြောင့် ဖြစ်ပေါ်သော အရေပြားရောဂါများကိုကုသပေးပါသည်။

BURMESE CLASSIC

**ဆက်သွယ်ရန်လိပ်စာ**

ခရုသင်း၊ သမင်ဖြူ အရေပြားဆေးတိုက်

- တိုက်(၁)၊အခန်း(၀၁၁)၊၄-လွှာ၊စက်ရုံလမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။ ဖုန်း-၀၁-၂၀၀၄၉၁။
- အမှတ်(၂၀၃)၊ပထမထပ်၊ယုဇနပလာဇာရှေ့၊ဗညားဒလလမ်း၊တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၄၁၂၃၈။


www.burmeseclassic.com

www.burmeseclassic.com





# အိမ့်(ရူပဗေဒ)
# ခိုကိုးမဲ့မျက်ရည်

ကျုပ် သမီးငယ်လေးကို ကျန်သား သမီးတွေထက် ပိုချစ်တယ်။ အငယ်ဆို တော့ သိတယ်မဟုတ်လား။ မိဘညီအစ် ကို မောင်နှမတွေအပေါ် နွဲ့ဆိုး ဆိုးတယ်၊ လိုချင်တာမရရင် စိတ်ကောက်တယ်။ ဒီ တော့ အလိုလိုက်မိတဲ့ကျုပ်ကြောင့် ကျုပ် သမီးငယ်လေးက အနိုင်းစိတ်ဝင်လာပြီး မိုက်ရိုင်းသွားပြီပေါ့၊ ဒါပေမဲ့ ဖခင်တစ် ယောက်အနေနဲ့ ကျုပ်က ခွင့်လွှတ်ပါ တယ်လေ။

ˎˎˎ

ကျုပ်သမီးငယ်လေး အိမ်ထောင်ပြု မယ်ဆိုတော့ ကျုပ်ခံစားသွားရတယ်။ သမီးလေးကို နှမြောတာထက် သူ့ခင် ပွန်းက ကျုပ်လို နားလည်ခွင့်လွှတ်တတ် ပါ့မလားလို့ တွေးမိလို့ပါ။ အဲဒီနောက် ဖခင်တစ်ယောက်ရဲ့မေတ္တာကို ကျုပ်သမီး လေး သိသွားမှာပဲလို့ ကျုပ် ဝမ်းသာမိတ် ဖြစ်မိပါရဲ့ဗျာ။

“အခုတော့ အိမ်ထောင်ရေး အကြောင်း သိပြီမဟုတ်လား သမီး”

သမီးငယ်က ပြုံးနေတော့တယ်။ အိမ်ထောင်ပြုတာ လွယ်တယ်လို့ထင်ပေ မယ့် သူ့ဘက် ကိုယ့်ဘက် မျှတအောင် ဆက်ဆံနိုင်ပြီမလားလို့ ကျုပ်ကတွေးပြီး စိတ်ပူမိပြန်တယ်။ ကျုပ်လိုစိတ်မျိုးရှိရင် တော့ အဆင်ပြေမှာပေါ့ဗျာ။ ကျုပ်က သား သမီးတွေလိုအပ်ချက်ကို အမြဲဖြည့်ဆည်း ပေးနေတဲ့ ဖခင်တစ်ယောက်ပဲ။

ˎˎˎ

ကျုပ်အချစ်ဆုံး မြေးလေးရပြီဆို တော့ ကျုပ်ရင်ထဲ ပျော်သွားမိတယ်။ ကျုပ်ရဲ့မျိုးဆက်လေးပေါ့။ ဒါပေမဲ့ ကျုပ်မြေးက ကျုပ်နဲ့မတူဘူး၊ သမီးငယ် က သူ့ခင်ပွန်းကို တော်တော်ချစ်ပုံရပါ တယ်။ ကျုပ် သမက်နဲ့ တစ်ပုံစံတည်းပဲ။ အင်း...ကျုပ် တွေးမိနေတော့ အဘိုးတစ် ယောက်အနေနဲ့ ချစ်ရတာပဲပေါ့။

“သမီးငယ်”

“ရှင်.....အဖေ”

“ကလေးကို ချစ်သလားကွဲ့”

“ဘယ်လိုပြောလိုက်တာလဲ အဖေ ရယ်၊ သမီးမွေးတဲ့ကလေးပဲ ချစ်တာပေါ့”

ကျုပ်က ကျေနပ်အပြုံးနဲ့ လှောင် ပြုံးလိုက်မိတယ်။ ကျုပ်အပြုံးကို သမီး ငယ်က သဘောပေါက်သွားပုံရပါတယ်။ မျက်လွှာချပြီး ခေါင်းလေးငုံ့သွားတော့ တယ်။ ဒါပေမဲ့ သမီးငယ် စိတ်မကောင်း ဖြစ်မှာစိုးလို့ ကျုပ်က မပြောရက်တော့ဘူး။ ကျုပ်ကသာ ချစ်နေရတာပါဗျာ။ သမီးငယ် ကတော့ သူ့မိသားစုနဲ့ ပျော်နေပြီး မိဘ ဆီ ဖုန်းတောင်ဆက်ဖော်မရပါလား။ ကျန် သားသမီးတွေကတော့ကျုပ်ဆီအကြောင်း ပြချက်အမျိုးမျိုးနဲ့ လာတောင်းကြတာ ကျုပ်သိတာပေါ့။ သူတို့မတောင်းလည်း ကျုပ်က မနေနိုင်ပါဘူး။ လက်ထဲငွေလေး ရတာနဲ့ ပေးကမ်းချင်နေတာပါဗျာ။ ဒီတော့ အိမ်ကိုရောင်းချပြီး သားသမီးတွေကိုအမွေ ခွဲပေးလိုက်တယ်။ သူတို့လည်း စိတ်ချမ်း သာသွားကြပြီပေါ့ဗျာ။

ˎˎˎ

ကျုပ် အငြိမ်းစားဖြစ်သွားပြီး အား ကိုးရမဲ့ချိန်မှာ ကျုပ်က သားသမီးတွေကို မျှော်လင့်ရပြီပေါ့ဗျာ။ ဒါပေမဲ့ ဘယ်သား သမီးမှ ကျုပ်အနားကို ရောက်မလာကြ တော့ပါလား။ သူတို့ရင်ထဲမှာ ကျုပ်လို ပူပန်စိတ်မျိုးမရှိတာတော့ သေချာပါတယ်။

“သမီးဆီကို ဖုန်းခဏခဏ မဆက် ပါနဲ့ အဖေရယ်၊ ဒီမှာလည်း ကလေးတွေ အလုပ်နဲ့ မအားဘူး၊ အဖေ့သမက်လည်း ခရီးထွက်သွားတယ်”

ကျုပ်သိပ်ချစ်ရတဲ့ သမီးငယ်ရဲ့မျက် နှာကို အံ့ဩတဲ့မျက်ဝန်းတွေနဲ့ ကျုပ်က ကြည့်မိတယ်။ သမီးငယ်စကားက ကျုပ် ရင်ဝကို ခြေနဲ့ကန်လိုက်သလိုပါပဲ။ နှလုံး သားထဲအထိ နင့်နင့်နဲနဲ ခံစားသွားရတော့ တယ်။ စိတ်မကောင်းဖြစ်လွန်းလို့ စကား တောင်ပြန်မပြောဘဲ ပြန်ခဲ့တယ်။ ဒါနဲ့ သမီးကြီးအိမ်ကို ဖုန်းဆက်ပြန်တော့.....

“အဖေ့ရဲ့အချစ်ဆုံးသမီးလေးဆီမှာ သွားနေပါလား၊ သမီးလည်း အလုပ်ကိစ္စ နဲ့ အိမ်ကပ်ရတယ်ကိုမရှိဘူး၊ အဖေ့ဆီ လာဖို့ အချိန်မှမရတာ အဖေရယ်”

ကျုပ်ကို စကားနာထိုးတော့တာပေါ့။ ကျုပ်လေ အံကိုကြိတ်ပြီး မျက်ရည်ကျရ ပြီပေါ့။ တစ်ချိန်က သူတို့ရင်မှာ ဖြစ်တည် နေတဲ့ အကြိတ်အခဲကို ကျုပ်သိအောင် ဖွင့်ချလာကြတယ်။ ကျုပ်အကြောင်းနဲ့ ကျုပ်ပဲပေါ့ဗျာ။ နောက်ဆုံး သားငယ်ဆီ ကျုပ်ကိုယ်တိုင် ရောက်သွားတယ်။

“အဖေ ထမင်းမစားရသေးဘူး သား”

BURMESE CLASSIC

“ခဏနော် အဖေ”ဆိုပြီး သားက အိမ်ထဲဝင်သွားလိုက်တာ တော်တော်နဲ့ ပြန်ထွက်မလာဘူး။ ထွက်လာတော့ ကျုပ် က ဆာလောင်မွတ်သိပ်စိတ်နဲ့ မျှော်လင့် တကြီးပေါ့လေ။ ထမင်းဝိုင်းကို တန်းခေါ် သွားမလားမှတ်တယ်။ သားက.....

“အဖေ ရော့.....ထမင်းဖိုး၊ လမ်း ဘေးဆိုင်မှာသာ ဝယ်စားပြီး ပြန်ပါတော့ ဗျာ၊ သားဆီလာနေလို့ မဖြစ်ဘူး အဖေ”

“ဩော်.....အေး.....အေး၊ အဖေ ပြန်ပါ့မယ် သားရယ်”

ကျုပ်က သားငယ်လိုက်ပေးတဲ့ ထမင်းဖိုးကိုမယူဘဲ ထွက်လာခဲ့တယ်။ ကျုပ်ရဲ့ရင်နာတဲ့ မျက်ရည်တွေက မျက် လုံးအိမ်ကနေ ခြေခုံပေါ်ခုန်ဆင်းသွားကြ တယ်။ ဘယ်မှာလဲ ရတနာ၊ ကျုပ်အဘ က ကျုပ်အပေါ် ကျေးဇူးကန်းကြတဲ့ ရတနာ သားသမီးတွေပါဗျာ။

အိမ့်(ရူပဗေဒ)

www.burmeseclassic.com


www.burmeseclassic.com



# နှင်းစက်

(လားရှိုး)

# စိမ့်စမ်းရေ



www.burmeseclassic.com

“မေမေ...မေမေ၊ ကျွန်တော် စကောလားရှစ်ရခဲ့တယ် မေမေ”

စက်ဘီးဒေါက်ကို မထောက်နိုင်ပါဘဲ အိမ်၏ဖိနပ်ချွတ်ခုံပေါ် မှေးထားခဲ့ကာ အိမ်ပေါ်သို့ အမြန်ရောက်ရေး ကြိုးစားနေမိပါသည်။ သုံးခုမြောက်လှေကားထစ်မှာပဲ သူ့ပုဆိုး၏ အောက်နားစကို သူပြန်နင်းမိကာ မှောက်လျက်သား လဲကျတော့မလို ဖြစ်ရပြန်လေသည်။

သော့ခတ်ထားသော တံခါးကို မြန်မြန်ဖွင့်ကာ ဒိုင်းခနဲ အိမ်ပေါ်ပြေးတက်မိတော့ ကြမ်းပြင်ပေါ်က ဖုန်တွေထဲ ခြေရာလှမ်းတိုင်း ကွက်ခနဲ ထင်းခနဲ။

“မေမေ...ကျွန်တော်တကယ်ပြောတာ မေမေရဲ့၊ ကျွန်တော် စကောလားရှစ် တကယ်ရခဲ့တာပါ မေမေရယ်”

တစ်အိမ်လုံးတိတ်ဆိတ်ခြောက်ကပ်နေတာမို့ သူ့မှာ ဝမ်းနည်းသွားရပါသည်။ အပျော်လုံးဆို့ပြီး ပြေးလာရသဖြင့် မောပန်းနေတာထက် သူ စကောလားရှစ်ရခဲ့တာကို ဂုဏ်ယူပေးမည့်သူတွေ ရှိမနေတာကိုပဲ ဝမ်းနည်းသွားရပါသည်။

“မေမေ ဝမ်းမသာဘူးလားဟင်၊ ဝမ်းသာတယ်မဟုတ်လား မေမေ”

“မေမေ ကျွန်တော့်ကို ညှပ်ပေးပါဦး”

မေမေ့ဆီသို့ လက်သည်းညှပ်လေး လှမ်းပေးလိုက်ပါသည်။ မေမေက သူ့ကို သား၊ သား ဆိုသော အသုံးအနှုန်းအစား ကျွန်တော်၊ ကျွန်တော်ဟူသော နာမ်စားကိုသာ သင်ပေးခဲ့တာ ဘာကြောင့်မှန်း နားမလည်နိုင်ခဲ့။ အလုပ်များသော မေမေ့ကိုလည်း မမေးရဲခဲ့။

“ဩော်.....သားရဲ့ခြေသည်း၊ လက်သည်းတွေ ရှည်နေပြီပဲ”

မနက်ဖြန် တနင်္လာနေ့။ ကျောင်းကို ကျောင်းကျန်းမာရေး စစ်ဆေးရေးအဖွဲ့တွေ လာမှာနော်လို့ ဆရာမက မှာလိုက်သည်။ မနေ့က ညှပ်ဖို့မေ့နေသည်။ မေမေသည်လည်း လက်သည်းရှည်ရှည်တွေကို ရွံတတ်မှန်း သူသိနေပါသည်။

“သန့်လေးသန့်တဲ့ သားရယ်၊ လက်သည်းရှည်ထဲမှာ သန်ကောင်ဥတွေ၊ မစင်ပိုးတွေ ခိုအောင်းနေတတ်တယ်”

“____”

“သား ကိုယ်နိုင်က လေးတန်းရှိနေပြီနော်၊ အသက်က မငယ်တော့ဘူး။ သားက ကိုယ့်ခြေသည်း၊ လက်သည်းညှပ်ဖို့ သင်ယူနိုင်ပြီမို့ အခု မေမေညှပ်ပြတာကို ကြည့်ထားချေ”

ပြောရင်း မေမေက ချုပ်လက်စ အဝတ်အဟောင်းများကိုချကာ သူ့ကို လက်သည်းလေးများ မနာကျင်ရအောင် ညှပ်ပေးနေတော့သည်။ နောက်ဆိုလျှင် သူ့ဘာသာသူ ညှပ်ရတော့မည်ဆိုတော့ ဂရုတစိုက်ကြည့်နေရပါ၏။

“တီ.....တီ”

သူ့လက်ချောင်းလေးဆယ်ချောင်း သန့်ရှင်းစင်ကြယ်သွားစဉ်မှာပဲ အိမ်ရှေ့မှာ ကားတစ်စီးရပ်တန့်သွားတာကို မြင်တွေ့လိုက်ရလေသည်။ အိမ်ကိုလာလေ့ရှိသော အန်တီဆရာမ ရွှေစင်ဦး။ အန်တီဆရာမ ရွှေစင်ဦးက ကျောင်းဆရာမဆိုသော်လည်း သူတို့ကျောင်းမှာ သင်တာတော့မဟုတ်။

လမ်းထဲမှာဆိုလျှင် အန်တီဆရာမ ရွှေစင်ဦးတို့၏တိုက်အိမ်က အကြီးဆုံး။ ကားတွေက ဘယ်နှစီးမှန်းမသိ။ ရပ်ကွက်ထဲကလူတွေ ပြောစကားအရ အန်တီဆရာမ ရွှေစင်ဦးတို့မိသားစုက ရတနာကုန်သည်တွေတဲ့။ အန်တီဆရာမကိုယ်တိုင် မောင်း၍စီးနေသော ကားအမည်က ပရာဒိုလို့ အိမ်နံဘေးက သူငယ်ချင်းကျော်ကိုကို ပြောတာကြားဖူးသည်။

www.burmeseclassic.com

www.burmeseclassic.com



"မမငြိမ်းရေ နောက်အပတ်ထဲမှာ ဖေဖေ့အသက် ခုနစ်ဆယ်ပြည့် မွေးနေ့အလှူကို ထမင်းတစ်ရက်စာလှူချင်လို့ လာတိုင်ပင်တာပါ၊ မမငြိမ်းဆီ ပရဟိတအဖွဲ့တွေလာကြတာရှိတယ်မဟုတ်လား"

"ခဝဲခြံက မျက်မမြင်ကျောင်းနဲ့ ဘိုးဘွားရိပ်သာတွေ၊ လူငယ်သင်တန်းကျောင်းတွေက အလှူရှင်တွေ ပြည့်နေတတ်တယ်၊ ဒါပေမဲ့ လိုက်စုံစမ်းကြည့်ဦးမယ်လေ၊ ခဏလေးစောင့်ပေးဦးနော်"

မေမေ
စကားပြော
လိုက်တိုင်း
လူတွေက
လက်ခံကြတာကို
သူ အံ့သြမိ
တာတော့
အမှန်ပင်
. . .



ပြောရင်း သူ့လက်ထဲသို့ မေ
မေ လက်သည်းညှပ်ပြန်ထည့်ပေ
လာသည်။

"နောက်မှပဲ သားရဲ့ခြေချောင်
လေးတွေကို ညှပ်ပေးတော့မယ်
နော်"

သူ ဘာလုပ်ရမှန်းမသိ။ မနက်
ဖြန် စစ်ဆေးရေးတွေလာမှာတဲ့။ ဟို
တစ်ခါကလည်း မေမေ ဒီလိုပဲ။ သူ
နားမလည်သော သင်္ချာပုစ္ဆာတစ်ပုဒ်
ကို မေမေရှင်းပြနေတုန်း အန်တီ
ဆရာမ ရွှေစင်ဦးရောက်လာပြီး အေ
သွေးဆိုလား။ အိုသွေးဆိုလား ရော
ဖြစ်မယ်ဆိုပြီး အပြေးလာပြော
သည်။ အန်တီဆရာမ၏အဖေ လူ
ကြီးရောဂါနှင့် မူးလဲသွားလို့တဲ့။

အိမ်မှာ ဖေဖေရှိမနေတော့ သူ
ပါ ကန့်လန့်ကန့်လန့်နှင့် သင်္ချာစာ
အုပ် အသာပိတ်၍ မေမေ့နောက်
လိုက်သွားရသည်။ ဆေးရုံကြီးက
ကြီးလိုက်တာလေ။ မေမေ့မှာ ဖုန်း
တစ်လုံးနှင့် ဟိုလူ့ဆီဆက်လိုက်၊ ဒီ
လူ့ဆီဆက်လိုက်နှင့်။ ဖေဖေက မေ
မေ့ကို ပြောတတ်တာရှိသေးသည်။

"အဲဒီဖုန်း ပြန်ရောင်းလိုက်
တော့၊ နားငြီးတယ်၊ တစ်နေ့တစ်
နေ့ ထမင်းမစားရ၊ ရေမသောက်ရ
အလုပ်တွေပဲ လိုက်လုပ်နေတာ၊
သိပ်ပြီးကြည့်မရချင်တော့ဘူး သိ
လား" တဲ့။

ခဏကြာတော့ မေမေဖုန်း
ဆက်ခေါ်လိုက်သော သွေးလှူရှင်
ရောက်လာသည်။ ဘ ကြီး၏
အသက်ကို ကယ်လိုက်နိုင်တာမို့ သူ
ပါရောယောင်ပြီး မင်းသာရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က အိမ်ပြန်မိုးချုပ်တာမို့ သူ့မှာ ခြေလက်ဆေး၍ ထမင်းစားပြီး အိပ်ပျော်သွားတာ သင်္ချာပြန်တွက်ဖို့ မေ့သွားခဲ့ပါသည်။ နောက်တစ်နေ့ ကျောင်းသွားခါနီး စာအုပ်တွေပြန်စစ်တော့မှ သတိရသည်။ သူ စိတ်ပူစွာဖြင့် မေမေ့ကို ပြောပြမိသည်။ ထမင်းချိုင့် ပြင်ပေးနေသော မေမေကတော့ စိတ်မပူသလိုမျိုး။

“အေးပါ သားရယ်၊ အခု ကျောင်းချိန်ကပ်သွားပြီဆိုတော့ သင်္ချာတွက်ဖို့ မမီတော့ဘူးလေ၊ သားရဲ့ဆရာမကို မေမေလိုက်ပြောပေးမယ်နော်”

သူ့မှာ စိတ်တထင့်ထင့်နှင့် မေမေသင်ပေးထားသော သမ္ဘုဒ္ဓေဂါထာကိုရွတ်ကာ ကျောင်းသို့လိုက်လာခဲ့ရသည်။ စိတ်က မပျော်ရွှင်ပါ။ ကျောင်းခန်းထဲမှာ သူ့အတန်းပိုင်ဆရာမ ရှိနေတာကို အဝေးကနေ လှမ်းမြင်နေရတာမို့ သူ့ရင်တွေ ဒိတ်ဒိတ်ခုန်နေရပါသည်။

“ဟော.....မင်းဆက်နိုင် ရောက်လာပြီလား”

“ဟုတ်ကဲ့”

အတန်းပိုင်ဆရာမ၏မျက်နှာကို သူရဲရဲမကြည့်ရဲပါ။

“တစ်လက်စတည်း ပြောထားဦးမယ်၊ အစ်မက အလုပ်များတဲ့သူဆိုတော့လေ၊ ဖိတ်စာတော့ ရိုက်ရသေးပါဘူး၊ လာမယ့်အပတ်ထဲမှာ ကျွန်မတို့အိမ် ဘုရားအနေအထားတင်ပွဲရှိတာကို ကြိုဖိတ်ထားချင်လို့ပါ”

“လာရမှာပေါ့ ဆရာမရယ်၊ ကူရမယ်ဆိုလည်း ပြောပါနော်၊ အားမနာပါနဲ့၊ ဒါနဲ့လေ လမ်းထဲက ဆရာမ ရွှေစင်ဦးရဲ့အဖေ မနေ့ညနေပိုင်းက မူးလဲသွားတယ်၊ လိုအပ်တာလေးတွေ ကူညီစောင့်ရှောက်ပေးနေရင်း မိုးချုပ်သွားလို့ သားကိုနိုင်ရဲ့ အိမ်စာသင်္ချာပုစ္ဆာတွေ မရှင်းပြလိုက်ရပါဘူး၊ အခု ကျောင်းကိုလာတော့လေ အိမ်စာမပြီးလို့ဆိုပြီး ကြောက်နေတာ”

မေမေက ဆရာမကို ထိုသို့ပြောလိုက်တော့ သူ့ရင်မှာ လှပ်ခနဲ။ အန်တီဆရာမ ရွှေစင်ဦးနှင့် သူ့အတန်းပိုင်ဆရာမ ဒေါ်နွယ်နီမြင့်တို့က ဆွေမျိုးတော်စပ်မှန်း သူသိထားပါသည်။

“သေရေးရှင်ရေးကိစ္စ ဖြစ်ခဲ့တာပဲ အစ်မရယ်၊ ကျွန်မတောင် ဒီ နေ့ကျောင်းဆင်းမှ ဆေးရုံကိုသွားကြည့်ရမှာ၊ အစ်မရဲ့ ပရဟိတအဖွဲ့ဝင်တွေရှိနေလို့သာပေါ့၊ ကဲ....သားရဲ့အမေကို ကြည့်ပါဦး၊ ဘယ်လောက်တော်လဲလို့၊ သားကို ဒီအတိုင်း ကျောင်းပို့ရုံပဲပို့ခဲ့ရင် အိမ်စာတွေ သူများဆီကနေ မှားမှန်းမသိ၊ မှန်မှန်းမသိ ကူးချထားမှာ၊ ကျောင်းတက်တာနဲ့ အဲဒီပုစ္ဆာကို ပြန်ရှင်းပြပေးမှာမို့ အဲဒီအခါမှပဲ တွက်ကြတာပေါ့နော်”

သူ ပျော်သွားရပါပြီ။ မေမေ စကားပြောလိုက်တိုင်း လူတွေက လက်ခံကြတာကို သူ အံ့သြမိတာတော့ အမှန်ပင်။ ဆရာမ ရှင်းပြသော ထိုသင်္ချာပုစ္ဆာကို တွက်ရတာလည်း အရမ်းလွယ်ကူသလို ခံစားမိပါသည်။ သူတွက်ထားပြီးသားသင်္ချာပုစ္ဆာကို အမှတ်ခြစ်ဖို့ စာအုပ်သွားထပ်တော့ ဆရာမက ပြောပါသေးသည်။

“မင်းဆက်နိုင် ဒီလိုအမေရတာ အရမ်းကံကောင်းတာပဲ”

အခု အိမ်စာမပါခဲ့ပေမယ့် အနည်းငယ်ရှည်နေပြီဖြစ်သော သူ့ခြေသည်းများကို ငုံ့ကြည့်ကာ အန်တီဆရာမနှင့် သူ့မေမေ အပြင်ထွက်သွားလျှင် အရင်တစ်ခါကလို မိုးချုပ်သွားမှာ စိုးမိပါသည်။

“ခဏလေးနော်၊ အဝတ်အစား လဲရုံတင်လေးပါ”

“ရပါတယ် မမငြိမ်းရဲ့ ကျောင်း ပိတ်ရက်ပဲဟာ”

အိပ်ခန်းထဲသို့ အဝတ်အစားလဲဖို့ မေမေဝင်သွားတော့ သူ့မှာ ကြံရာမရ။ ရုတ်တရက် ခြံထဲမှာရှိနေသော ဖေဖေ့ကို သတိရမိသည်။ ဖေဖေက သူ့သူငယ်ချင်းများနှင့် ခြံထဲက သစ်ပင်ကြီးအောက်မှာ ဝိုင်းဖွဲ့စကားပြောနေကြသည်။

“ဖေဖေ သားကို ခြေသည်းညှပ်ပေးပါဦး”

ဖေဖေ ရယ်မောနေရာက သူ့ကိုလှမ်းကြည့်သည်။

“မင်းအမေ ဘာလုပ်နေလို့လဲ”

“မေမေက အန်တီဆရာမနဲ့ အပြင်သွားမယ်ထင်တယ်”

“လုပ်ပြန်ပြီလား၊ ဒီအပြင်သွားဖို့ပဲ လမ်းရှာနေတယ်၊ ထမင်းဟင်းကော ချက်ခဲ့ရဲ့လား”

ဖေဖေ့အသံက မာမာထန်ထန်။

www.burmeseclassic.com



"ကျက်ပြီဖေဖေ၊ သားတောင် စားပြီးပြီ"

"ဒါဆိုလည်း မင်းအမေကို ဒီ ခြေသည်းပြီးအောင်ညှပ်ပြီးမှ လိုက် သွားလို့ ပြောလိုက်ကွာ၊ ဒီမှာ အရောင်းအဝယ်ကိစ္စ ပြောနေတာ၊ အရေးကြီးတယ်"

သူ ငိုချင်သွားမိပါသည်။ ဖေ ဖေ သူ့ကို တစ်ခါမှ ခြေသည်း လက်သည်း ညှပ်မပေးဖူးပါ။ ဒီတစ် ခါလည်း အော်ငေါက်လိုက်ပြန်တာ မို့ စိတ်မကောင်းဖြစ်မိပါသည်။ သူ ဖေဖေ့အနီးကနေ လေးလံစွာ လှည့် ထွက်ခဲ့ပါသည်။

"ကိုအောင်နိုင်ရဲ့အမျိုးသမီးက ခုမှ အသက်သုံးဆယ်ဆို၊ မိန်းမတွေ ရဲ့အလှက အသက်သုံးဆယ်မှပြည့် စုံတာတဲ့၊ ခုလိုတင့်တယ်တဲ့အချိန် မှာ ဒီအတိုင်းကြီး လွှတ်လွှတ်မထား နဲ့ဦး၊ စိတ်ဆိုတာ ရောင်စုံဗျ၊ ဗိုလ် အောင်ဒင်ဆိုသလိုပေါ့၊ ဘာတဲ့ မိန်းမဆိုတာ ဆောင်းလေပမာအညီ၊ အတွင်းသဘောရယ် ဘယ်မတည် ပြောင်းလဲတတ်သည်တဲ့၊ ဟား..... ဟား.....ဟား"

သူ့ခြေလှမ်းများ ရပ်တန့်သွား ရပါသည်။

"ကလေးထပ်ယူခိုင်းလေဗျာ"

ကလေးထပ်ယူခိုင်းတဲ့လား။ ဖေဖေတို့စကားဝိုင်းမှအသံတွေကို သူ နားတစွင့်စွင့်။ ဖြစ်နိုင်ပါ့မလား လေ။ ညီလေး၊ ညီမလေးတွေကို သူ လည်း လိုချင်တာပေါ့။ ဒါပေမဲ့.....

ဒါပေမဲ့ သူ့ကိုမွေးစဉ်အခါက မေမေ သေတော့မလိုဖြစ်ခဲ့တာတဲ့။ တစ်ခါက မေမေ သူ့အခန်းထဲမှာ လာဝင်ငိုနေတုန်းက ပြောတာလေ။ မေမေ ခုတလော မောမောနေတာ ကြောင့် ဆေးတွေသောက်နေရတာ ကိုလည်း သူသိပါသည်။

"သားရဲ့ဖေဖေကို စိတ်ချလက် ချ ရှိရမယ်ဆိုရင်လေ သားနဲ့ သုံး နှစ်ကြီး၊ သုံးနှစ်ငယ် ကလေးသုံး ယောက်လောက်ကို ဗိုက်ခွဲမွေးခဲ့ ပေးမှာပေါ့"

စိတ်ချလက်ချဆိုသော ဝေါ ဟာရကို သူ နားမလည်နိုင်သေးပါ။ မေမေကလည်း သူ့ကိုပြောဖူးပါ သည်။ သားရဲ့လေးတန်းအရွယ်က စကားအားလုံးကို အများကြီးမသိ နိုင်သေးဘူးတဲ့။

"အိမ်ကမိန်းမနဲ့ မငြိမ်းက ဆီ နဲ့ရေလိုပါပဲဗျာ၊ အင်း.....ခုနေခါမှာ ကိုအောင်နိုင် ရုတ်တရက် မပြော ကောင်းမဆိုကောင်း သေခဲ့ရင်လေ မငြိမ်းကို ကျုပ် ခိုးပြေးမှာဗျ"

ဖေဖေ့သူငယ်ချင်းက မေမေ့ ကို ခိုးပြေးမတဲ့လား။ သူ ဉာဏ်မမီ ပါ။ ဟိုတစ်နေ့ကလည်း ဖေဖေ့ကို မေမေက ပြောဖူးတာရှိသေးသည်။ မေမေ ဆယ်တန်းအောင်အောင် ပြန်ဖြေချင်သည်တဲ့။ ဖေဖေက မေ မေ့ကို အဲဒီအခါက ဒေါသတွေထွက် နေတာများ။

"ဘာလဲ၊ ဘွဲ့ရခဲ့ရင် ဂုဏ်ရည် တူတဲ့လူကြားထဲတိုးဝင်ပြီး ငါ့ထက် သာတဲ့ယောကျ်ား ရှာယူချင်နေတာ မဟုတ်လား၊ တက္ကသိုလ်နယ်မြေမှာ အချစ်သစ်၊ အချစ်စစ်တွေနဲ့ စိတ် တူကိုယ်တူ နှစ်ကိုယ်ကြည်ဖြူစရာ"

"နားရှုက်စရာတွေ မပြောစမ်း ပါနဲ့၊ အိမ်ထောင်ဦးစီးဖြစ်တဲ့ ရှင့်ကို မတိုင်ပင်ဘူးဖြစ်မှာစိုးလို့ပါ၊ ဆယ် တန်းကို မဖြေလည်း အချိန်ကုန်ခဲ့ တာပဲ၊ ဖြေနိုင်ခဲ့လို့ အောင်သွားခဲ့ ရင် အချိန်တွေ အလကားမဖြစ် တော့ဘူးပေါ့၊ စာတွေကို ကျွန်မက ပိုပြီးတော့တောင် မကျက်ချင်ပါဘူး လောင်းကစားလုပ်ပြီး အိမ်လည် အဖျင်းစကားပြောတဲ့ တန်ဖိုးမဲ့မိန်း မဖြစ်ရအောင် ကျွန်မကိုယ်ကျွန်မ ထိန်းသိမ်းချင်တယ်၊ လူဆိုတာ မအားဘူး၊ မအားဘူးပြောရင်းနဲ့ သေသွားကြရမှာပဲ၊ အခု အများ အတွက် ပရဟိတအလုပ်တွေလုပ် ရင်း ဘွဲ့လေးတစ်ဘွဲ့ ရခဲ့မယ်ဆိုရင် ကျွန်မမိသားစုရဲ့ ဂုဏ်သိက္ခာ....."

"ဘာဂုဏ်သိက္ခာလဲ၊ စာတွေ ဖတ်တယ်ဆိုတိုင်း စကားတတ်ပြီး လာမပြောနဲ့၊ မင်း အလှပြင်၊ နှုတ် ခမ်းနီဆိုးပြီး ဟိုကလာခေါ်ရင်လိုက် သွားလိုက်၊ ဒီကလာခေါ်ရင် လိုက် သွားလိုက်နဲ့ ပတ်ဝန်းကျင်ချဲ့နေတာ မင်းကို လူတွေက အကူအညီလာ တောင်းကြတယ်ဆိုတိုင်း မြှောက် မနေနဲ့၊ အဲဒါ မင်းကို ခိုင်းကောင်း လို့ ခိုင်းနေတာ၊ အသုံးချနေတာ မင်းမှာ အချိန်တွေအားနေရင်လည်း သားကိုပဲ အချိန်ပေးပြီး ဂရုစိုက် ဒါ ပဲ"

မေမေ သူ့ကိုဖက်ပြီးငိုခဲ့တာ အကြိမ်ကြိမ်။ တစ်ခါတလေ ဖေဖေ မူးလာတယ်ဆိုလျှင် သူ့အခန်းမှာ မေမေ လာအိပ်တတ်ပါသည်။ မေ့ မေ ဘီယာနံ့ကို အရမ်းမုန်းတယ်

www.burmeseclassic.com

www.burmeseclassic.com





တဲ့။ ဖေဖေ ကွမ်းယာမဝါးတတ်တာကိုတော့ မေမေ တဖွဖွ ပြောဆိုချီးမွမ်းတတ်တာတော့ သူ့နားနှစ်ဖက်သက်သေရှိပါသည်။

"အကျိုးဆောင်ပွဲစားဆိုတော့ ငွေရှင်ရင်လည်း ပျော်လို့သောက်တယ်၊ အရောင်းအဝယ် အဆင်မပြေပြန်တော့ စိတ်ညစ်ပြီးသောက်ပြန်ရော၊ သူရှာဖွေပေးနေရတယ်ဆိုတိုင်း မေမေ့ကို အနိုင်ယူချင်နေတာလေ၊ မေမေ ဈေးထဲမှာ ဈေးဆိုင်ခန်းငှားပြီး ဈေးရောင်းမယ်ဆိုတော့လည်း လူလုံးပြချင်နေတာတဲ့၊ သူနဲ့ပေါင်းတဲ့ သူငယ်ချင်းတွေကလည်း သူ့စရိုက်အတိုင်း ထူးမခြားနားတွေဆိုတော့ ဘေးကမြှောက်ပေးသမျှ အဟုတ်ကြီးထင်နေတာ၊ သူယုံနေတဲ့ အဲဒီသူငယ်ချင်းတွေဆိုတာကလေ မေမေ့ကို အမြဲတမ်းအကဲစမ်းနေတာမှမသိတာကို"

ပြောပြီး ရင်ဘတ်ကိုဖိကာ မေမေငိုနေပြန်ပါသည်။ မေမေ့ကို သူဘယ်လိုချော့ရမှန်းလည်းမသိပါ။ မေမေငိုတော့ သူပါငိုချင်မိသည်။ မေမေ့ကို သနားနေမိတာတော့ အမှန်ပင်။ ဖေဖေက မေမေ့ကို မချစ်ဘူးလို့ ယောင်ချာချာနှင့် သူတွေးမိပါ၏။

ဘိုးဘိုး၊ ဘွားဘွားတို့အိမ်မှာ ဈေးဆိုင်အကြီးကြီးဖွင့်ထားတာမို့ မေမေကလည်း ဈေးရောင်းချင်သည် ထင်ပါသည်။ ဟိုတုန်းကတော့ ဖေဖေက မေမေ့ကိုနှစ်သက်ပြီး ဈေးခဏခဏလာဝယ်ရင်း ခိုးပြေးသွားခဲ့တာလို့ ကြီးကြီးပြောပြတာကို သူနားထောင်ဖူးခဲ့ပါသည်။ ဖေဖေ့ကို သောက်သောက်စားစား လူ့မင်းသားလို့လည်း ကြီးကြီးတို့က ပြောပြပါသေးသည်။ ဖေဖေက တစ်ကောင်ကြွက်တဲ့။

ဖေဖေ ခရီးများထွက်၍ ကားသွားဝယ်ရသည်ဆိုသောအခါတိုင်းမှာ မေမေနှင့်သူ ဘွားဘွားတို့အိမ်သို့ သွားအိပ်ရပါသည်။ သူနှင့်မေမေ အိမ်မှာနှစ်ယောက်တည်းအိပ်ရတာကို ဖေဖေ ဘာကြောင့် စိတ်မချရတာပါလိမ့်လို့ သူစဉ်းစားတွေးတောခဲ့ဖူးပေမယ့် တိကျသောအဖြေကိုတော့ မရနိုင်ခဲ့သေး။

"မေမေ့ပတ်ဝန်းကျင်ထဲ ဆွဲခေါ်တာပဲ သားရယ်၊ အချိန်တွေသာကုန်သွားတယ်၊ သူက ပါမလာခဲ့ဘူး။ သွေးလှူပါလားလို့ တိုက်တွန်းမိပြန်တော့ အပိုအလုပ်တွေတဲ့၊ ခန္ဓာကိုယ်ထဲကသွေးကို ထုတ်လှူနေကြတာဟာ ရူးလို့တဲ့၊ အသေခံနေကြတာတဲ့လေ၊ မေမေ့ကိုလည်း အားမပေး၊ မကူညီတဲ့အပြင် သံသယစိတ်တွေနဲ့ အပြစ်မြင်နေသမျှ မေမေ့ဘဝ တိုးတက်လာမှာမဟုတ်ဘူး သားရယ်၊ မေမေ အခုတက္ကသိုလ်ဝင်တန်းစာမေးပွဲ ပြန်ဖြေချင်တယ်ဆိုတာကလည်း သားနဲ့ သားဖေဖေအတွက်ပါပဲ"

မေမေ စာမေးပွဲပြန်ဖြေချင်လာတာက သူတို့အတွက်ပါတဲ့လား။ သူနားမလည်နိုင်ပါ။ သူ့အတွက်က သူ့

www.burmeseclassic.com

www.burmeseclassic.com



ဘာသာ ကျောင်းတက်နေတာ မဟုတ်လား။ သူ့လစဉ်စာမေးပွဲရ မှတ်က အမြဲတမ်း (A)အဆင့်မှာပဲ ရှိနေတတ်ပါသည်။

''သားရဲ့ပညာရေးအတွက် အများကြီးဖိအားမပေးချင်ဘူး မမ ကြီးရယ်၊ နောက်နှစ်ဆိုရင်တော့ အလယ်တန်းရောက်ပြီမို့ ဆရာ ကောင်းကောင်းရှိတဲ့ဆီ ကျူရှင်အပ် မှာပါ''

''ကျူရှင်ဆရာကို အိမ်အထိ တော့ ခေါ်မသင်ပါနဲ့ ငြိမ်းရယ်၊ တို့ သာကေတမှာ ဆရာမ Guide တွေ အများကြီးပါ၊ ကျူရှင်ဆရာနဲ့ဆိုရင် ငြိမ်းကို ကိုအောင်နိုင်က သဝန်တို လိမ့်မယ်၊ ငါ့ညီမလေးငြိမ်းက ချော မောပြီး အပြောချိုတော့ အဲဒီလိုနဲ့ အနေနီးပြီး အကြောင်းပါသွားမှာစိုး မှာပေါ့၊ အရွယ်ကောင်းကိုး''

ကြီးကြီးစကားကြောင့် အိမ်ကို ကျူရှင်ဆရာ ခေါ်မသင်ရအောင် သူ စာကြိုးစားရတော့မည်ဆိုသည်ကို သိလိုက်ရပါပြီ။

''မေမေက နှလုံးသိပ်မကောင်း ဘူး သားရဲ့၊ သားကိုမွေးတုန်းက လည်း အရေးပေါ် ဗိုက်ခွဲမွေးခဲ့ ရတာ၊ ဆရာဝန်တွေကလည်း ကလေးထပ်ယူရင် အန္တရာယ်ရှိနိုင် တယ်တဲ့၊ မေမေက သားကိုအဖော် မဲ့အောင် တစ်ယောက်တည်းမွေး ထားတာမဟုတ်ပါဘူး၊ မေမေမွေး ပြီးခဲ့တဲ့ ဟောဒီသားလေးကိုပဲ အဖိတ်အစဉ်မဖြစ်ရအောင် ပြုစုပျိုး ထောင်နေရတာပါ၊ မေမေ နောက် ထပ် ကလေးမီးဖွားရင်း သေသွား ခဲ့ရင် သားရဲ့ဖေဖေက သင်ပေး၊ ပြင် ပေးနိုင်မှာမဟုတ်ဘူးလေ၊ အဲဒါ ကြောင့် သားကို တဖြည်းဖြည်းနဲ့ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည် နိုင်အောင်လို့ ပတ်ဝန်းကျင်ကောင်း တွေထဲ ဆွဲခေါ်နေရတာပါ၊ သားမှာ အစွမ်းအစတွေရှိတယ်လေ၊ ခုနေခါ မှာ မေမေသာ ဝုန်းခနဲ သေသွားခဲ့ ရင် သားဘာသာသား ရပ်တည်နိုင် အောင် ကြိုးစားရမယ်နော်''

မေမေ ပြောပြီး သူ့ကိုပွေ့ဖက် ထားပါတော့သည်။ ဖေဖေ့ကို သူ စိတ်ဆိုးချင်ပေမယ့် ဘိုးဘိုး၊ ဘွား ဘွားတို့အပေါ် ဖေဖေ့ဆက်ဆံမှုက တော့ ကောင်းလှပါသည်။ ဘိုးဘို တို့အိမ်အတွက် မုန့်ပုံးတွေ၊ အဝတ် လျှော်စက်တွေကို ဖေဖေဝယ်ပေ သည်။ ဖေဖေ့အသက်က မေမေ့ ထက် ဆယ်နှစ်ကျော်တောင်မှ ပို ကြီးသတဲ့။

ဟိုတစ်နေ့ကတောင် ဖေဖေက မေမေ့ကို ဆလွန်းကားတစ်စီး ဝယ် ပေးမယ်လို့ ပြောနေပါသေးသည် ခုတော့ မေမေ့ကို စိတ်မချလို့ ကား မဝယ်ပေးပြန်တော့ဘူးတဲ့။ စိတ်မချ ဘူးဆိုတာ ဘာလဲ။ မေမေ့ကို ကား မောင်းသင်ခိုင်းရင်း သူများတကာ ကို ဝင်တိုက်မိမှာစိုးလို့လား၊ ဒါမှ မဟုတ်.....ဒါမှမဟုတ်.....။ ထိုသို့ သောအတွေးများနှင့် သူအိပ်ပျော် သွားခဲ့ရပေါင်း များလှပြီ။

သူ့မှာ အတွေးနွံ့ထဲနစ်နေရင်း အနုတီဆရာမ ရွှေစင်ဦး၏ နံဘေး မှာ လက်သည်းညှပ်လေးကိုင်ထား ကာငိုချင်လာမိပါသည်။ သူခပ်ကုပ် ကုပ်လေးထိုင်နေမိတော့ အနုတီ ဆရာမက သူ့ခေါင်းကိုလှမ်းပုတ်

<u>မိန်းမတွေရဲ့အလှက အသက်သုံးဆယ်မှ ပြည့်စုံတာတဲ့၊</u>

<u>ခုလိုတင့်တယ်တဲ့အချိန်မှာ ဒီအတိုင်းကြီး လွှတ်လွှတ်မထားနဲ့ဦး၊</u>

<u>စိတ်ဆိုတာ ရောင်စုံဗျ၊ ဗိုလ်အောင်ဒင်ဆိုသလိုပေါ့၊</u>

<u>ဘာတဲ့ မိန်းမဆိုတာ ဆောင်းလေပမာအညီ၊ အတွင်းသဘောရယ် ဘယ်မတည်</u>

<u>ပြောင်းလဲတတ်သည်တဲ့ . . .</u>

www.burmeseclassic.com

www.burmeseclassic.com



ရင်း ပြုံးပြလာပါ၏။

"သား ဘာဖြစ်လို့လဲ"

အဝတ်အစားလှပစွာဖြင့် အခန်းထဲမှ မေမေထွက်လာသည်။

"မေမေက လက်သည်းမညှပ်ပေးဘူးတဲ့ မေမေ"

ပြောကာမှ သူ မျက်ရည်များ စီးကျလာခဲ့ရပါသည်။

"သားရယ် အဲဒီကိစ္စလေးကို များ ငိုရတယ်လို့၊ ကဲ..သားကိုနိုင် ကော အဝတ်အစားလဲလိုက်တော့၊ ဒီနှစ် သားရဲ့မွေးနေ့မှာ မေမေဝယ် ပေးထားခဲ့တဲ့ ဝတ်စုံလေးဝတ်ခဲ့နော်၊ လှမှဝန်ထမ်းကျောင်းဘက် သွားကြ ရအောင်လို့လေ၊ အဲဒီမှာ သား အရွယ် သူငယ်ချင်းတွေ အများကြီး ပဲ၊ သူတို့တွေရဲ့ဘဝကအရမ်းသနား စရာကောင်းတာ၊ သူတို့က ပြည့်စုံ တဲ့သားကို ငေးကြည့်နေကြမှာ"

သူ ပျော်ရွှင်စွာဖြင့် အဝတ် အစားလဲဖို့ အခန်းထဲပြေးဝင်လိုက် ချိန်မှာ လက်သည်းညှပ်ကို မေမေ ကောက်ယူလိုက်မှန်း သူ မြင်ဖြစ် အောင် မြင်လိုက်ရပါသည်။

"ကိုကို ငြိမ်း ခဏလိုက်သွား ဦးမယ်နော်"

မေမေ အပြင်ထွက်တိုင်း ဖေ ဖေ့ကိုပြောနေကျစကား။

"ကျွန်မ ပြန်ပို့ပေးမှာမို့ စိတ် ချပါနော် ကိုကြီးအောင်နိုင်"

"ဟာ.....ရပါတယ်ဗျာ"

အန်တီဆရာမရှေ့မှာတော့ မေမေက ဖေဖေ့မဟုတ်တော့သလို မျိုး။ ဖေဖေ့ကို သူ တော့တော့ပြုံးရင်း ရယ်ပြလိုက်ပါသည်။



ကားနောက်ခန်းမှာ ဝင်ထိုင် လိုက်သောအခါ မေမေက သူ့ခြေ ထောက်ကိုကောက်ယူကာ ခြေ သည်းညှပ်ပေးတော့ သူအံ့ဩသွား ရပါသည်။ အန်တီဆရာမတို့၏ခြံ ကြီးထဲရောက်တော့ သူ့ခြေချောင်း လေးများအားလုံး ညှပ်လို့ပြီးလေပြီ။ မေမေ ခြေသည်းစလေးတွေကို သွားလွှင့်ပစ်နေချိန်မှာ ဘဘကြီးက ကားခေါင်းခန်းမှာ လာဝင်ထိုင်ရင်း သူ့ကို တာတော်တာကြားကြောင်း၊ သူလိမ္မာကြောင်းကို ပြောပြနေပါ သည်။

"တက္ကသိုလ်ဝင်တန်းအောင် ရင် နိုင်ငံတကာမှာ ရွေးချယ်ပေးနေ တဲ့ စကောလားရှစ်တွေ ရအောင် ဖြေကွ၊ လွယ်လွယ်တော့မရဘူးပေါ့ ကွာ၊ စာတွေအများကြီးတော်အောင် ကြိုးစားရမှာကွ၊ ဝင်ခွင့်တွေအဆင့် ဆင့်ကို ကျော်လွှားနိုင်ရင် စကော လားရှစ် ရပြီကွ"

စကောလားရှစ်တဲ့။ နားထောင် လို့ အင်မတန်ကောင်းလှပါသည်။ သူမသိသော ထိုအကြောင်းအရာ များထဲမှ လွယ်လွယ်တော့မရဘူးဆို သည့်စကားကို သူစိတ်ဝင်စားမိ သည်။ ဘာပဲဖြစ်ဖြစ် 'စာတော်မှရ မည်'ဟူသော အသိစိတ်က သူ့ရှေ့ မှာရောက်နေသလိုမျိုး ခံစားမိပါ သည်။ ဘဘကြီး လက်မထောင်ပြ တော့ သူကလည်း ပြန်လည်၍ လက်မထောင်ပြလိုက်ပါသည်။

"ရော့.....သားအတွက်"

ဂွတ်မောနင်းက ထောပတ်သီး စုံကိတ်ချပ်လေးတွေ။

www.burmeseclassic.com

သူအရမ်းကြိုက်ရပါသော သီးစုံကိတ်။ အန်တီဆရာမကို သူ ကျေးဇူးတင်ပါတယ်နော်လို့ ပြောပြီးချိန်မှာ မေမေပြန်ရောက်လာပါသည်။ မေမေ လက်ဆေးခဲ့ပုံရပါသည်။

"အခု သားရဲ့ခြေသည်းညှပ်တဲ့ကိစ္စက သေးသေးလေးမှန်း သိပြီမဟုတ်လား။ ဖေဖေ ခြေသည်းညှပ်မပေးတာကို စိတ်မဆိုးရဘူးနော်၊ ဖေဖေက အခုလို သွားခွင့်ပေးလို့သာ သားနဲ့မေမေ အပြင်ထွက်ရတာမဟုတ်လား၊ ဘာမဆို တစ်ခဏလေးပါ သားရယ်"

ဘာမဆို တစ်ခဏလေးပါတဲ့။ မေမေဆုံးပြီဆိုသောစကားကို ဘိုးဘိုး၊ ဘွားဘွားနှင့် ကြီးကြီးတို့က ပြောတော့ သူလုံးဝမယုံနိုင်ခဲ့ပါ။ မနက်ကပဲ မေမေ သူ့အတွက် ကျောင်းထမင်းချိုင့်ပြင်ပေးလိုက်သေးတာ။ ကျောင်းမလွှတ်သေးခင်မှာပဲ သူ့ကိုခေါ်ဖို့ ကြီးကြီးတို့က ကျောင်းအုပ်ဆရာမကြီးဆီ ခွင့်တောင်းခဲ့ကြတာကို နားမရှင်းမိလိုက်။ အတန်းပိုင်ဆရာမက သူ့ကို ကြီးကြီးတို့နှင့်လိုက်သွားဖို့ ပြောလာသောအခါ သူ ကပျာကယာဖြင့် လွယ်အိတ်ထဲ စာအုပ်တွေ ထိုးထည့်လိုက်ရပါသည်။ အတန်းပိုင်ဆရာမ၏မျက်နှာ ညှိုးနေသဖြင့် သူ့စိတ်ထဲ ထင့်ခနဲ။

"အငယ်ဆုံးညီမလေးက အရင်ဦးဆုံး ထွက်သွားခဲ့ပြီပေါ့ ဆရာမရယ်"

ကြီးကြီးမှာ ပဝါတစ်ထည်ဖြင့် မျက်ရည်သုတ်ရင်း.....

"သူတော်ကောင်းမို့ အသေလုတယ်ပေါ့လေ"

အတန်းပိုင်ဆရာမ၏မျက်နှာသည်လည်း နီရဲလျက်။

ရှစ်တန်းကျောင်းသားမို့ ကြားသိသမျှတို့ကို အနည်းငယ်တော့ စဖွဲ့တတ်ခဲ့ပါပြီ။ ဒီရက်ထဲမှာ ဖေဖေ့ဒေါသတွေကို မြင်မြင်နေရတာမို့ သူ့စိတ်တွေ လေးလံခဲ့ရတာအမှန်။

ဖေဖေ ခရီးထွက်တာတွေစိပ်လာသည်။ မေမေနှင့်လည်း မကြာမကြာ စကားများနေတာကိုလည်း သိနေရပါသည်။ သူငယ်ငယ်တုန်းကလို မေမေက သူ့ကိုပွေ့ဖက်ပြီး မငိုတော့ပါ။ သူကြီးလာတာထက် မေမေ့မှာ ရင်မဖွင့်ရက်တော့တာများလေလား။ ဖေဖေနှင့်မေမေတို့ ခပ်တိုးတိုးရန်ပွဲမှာ KTV ဆိုတာလည်း ပါသည်။ ဆယ့်ရှစ်နှစ်ဆိုတာလည်း ပါပါသည်။

"ဟိုကောင်မလေးက အိမ်အထိလာရှာခဲ့တာ"

တစ်ရက် သူကျောင်းကအပြန် ဘွားဘွားတို့အိမ်ကိုဝင်မိတော့ ငရုတ်သီးမှုန့်များကို အထုပ်ငယ်လေးတွေ ထုပ်နေသော ကြီးကြီးနှင့်ဘွားဘွားတို့ ပြောနေကြသည့် စကားသံများ။ သူ မျက်ရည်များနှင့် တိတ်တိတ်လေး ပြန်ထွက်ခဲ့မိပါသည်။

"ယောက်ျားသားဆိုတာ မြာမကောင်းနိုင်ဘူးလေ၊ ငြိမ်းက သွေးလှူနေတော့ သူ့သွေးကို သန့်သန့်ရှင်းရှင်း ထားချင်တာ၊ လူတကာနဲ့ ထိတွေ့နေတဲ့ ကောင်မလေးအတွက်နဲ့တော့ သဘောထားကြီးဖို့အတွက် တော်တော်စဉ်းစားရမှာပေါ့"

"အခုခေတ်ကိုက အရောင်းအဝယ်၊ လုပ်ငန်းကိစ္စမှန်သမျှကို KTV တွေမှာ ပြောဆိုကြတာက ယဉ်ကျေးမှုလိုဖြစ်နေပြီ မေမေ ကောင်မလေးကလည်း တကယ်ချစ်မိသွားတာနဲ့တူပါတယ်၊ လက်မှတ်တောင်ထိုးပြီးခဲ့ပြီပဲ မေမေရယ်"

ဖေဖေ ရက်စက်လွန်းလှပါသည်။ သူ့ကိုပင် မညှာတာခဲ့ပြီ၊ သူ့မှာ ကျောင်းခန်းထဲ မျက်နှာဖော်ပြီး လမ်းမလျှောက်ရဲခဲ့သော နေ့ပေါင်းများစွာ။

အခုတော့ မေမေက ရဲရဲဝံ့ဝံ့ သက်သေပြလိုက်ပြီပေါ့။ မေမေသေမှ ဖေဖေ စိတ်ချမ်းသာမှာမဟုတ်လား၊ ဖေဖေ ပျော်ပါသလား။

"ငြိမ်းဘက်က ဘာအမှားများရှိခဲ့သလဲကွယ်၊ သူ့မှာ အများအတွက်ဆိုတဲ့စိတ်ပဲ ရှိခဲ့တာပါ၊ ငြိမ်းဖောက်ပြန်ချင်တယ်ဆိုရင် အောင်နိုင်ရဲ့မိတ်ဆွေ အရွယ်ကောင်းတွေ အိမ်မှာဝင်ထွက်နေတာပဲ၊ ငြိမ်းအနေအထိုင်တတ်တော့ ဘယ်ယောက်ျားလေးနဲ့မဆို စည်းခြားတာပဲ၊ ငြိမ်းကို ဘယ်သူကမှ မလေးမစား မပြောမဆိုရဲကြပါဘူး"

"----"

"နှလုံးမကောင်းတော့ ရင်ထဲမှာ ဖိစီးမှုတွေ ပြည့်နေမှာပေါ့၊ ငိုလွန်းတော့ အသက်ရှုကျပ်ပြီး သတိလစ်သွားရာကနေ အခုလို....."

www.burmeseclassic.com

www.burmeseclassic.com



"————"

"မောလိုက်တာ မမရယ်ဆိုပြီး ကျွန်မမျက်စိရှေ့မှာတင်...အီး..... ဟီး.....ဟီး"

ကြီးကြီး ငိုလိုက်၊ ပြောလိုက်နှင့်မို့ သူမကြားရက်ခဲ့။ မှန်အခေါင်းထဲမှာရှိနေသော မေမေကတော့ ငြိမ်သက်နေတာများ ကြီးကြီးပြောဆိုငိုယိုနေသမျှ မှန်ပါတယ်လို့ ဝန်ခံနေသလိုမျိုး။ မေမေ့နာရေးကို ဖေဖေ လုံးဝမလာခဲ့။

ဘွားဘွားအိမ်မှာပဲ မေမေ ခေါင်းချခဲ့သလို သူခေါင်းချရမယ့်နေရာကိုလည်း ရွေးချယ်ထားဖို့ လိုပါလိမ့်မည်။ မြင်းမိုရ်တောင်ကြီး ပြိုလဲခဲ့ရတာဟာ မည်သည့်ပယောဂကြောင့်ပါလဲ။ မေမေ့ကို တစ်သက်လုံး လွမ်းနေရတော့မည်ဆိုသောကြောင့် သူ ကြေကြေကွဲကွဲ လွမ်းလွမ်းဆွတ်ဆွတ် ငိုမိပါတော့သည်။



⁂

အိမ်ကို သူ့နာမည်နှင့် လွှဲထားပြီးသားမို့ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေပြဋ္ဌာန်းချက်အတိုင်း သူ့အသက် ဆယ့်ရှစ်နှစ်မှာ အမွေဆက်ခံ၍ ပိုင်ဆိုင်ခွင့်ရပါမည်။

မေမေ့ဝိညာဉ်ကို ရှက်နေမည့် ဖေဖေကတော့ သူတို့ရပ်ကွက်အတွင်းသို့ လုံးဝပြန်မလာခဲ့တော့ပါ။ တစ်ခါတစ်ရံ အပြင်မှာ သားအဖနှစ်ယောက် လက်ဖက်ရည်ဆိုင်မှာ တွေ့ကြလျှင်ပင် သူစိမ်းတွေလိုမျိုး။ ဖေဖေပေးသော မုန့်ဖိုးတွေကို ယူလာရတိုင်း မေမေ့ကို သတိရတမ်းတမိပါသည်။ ခြေသည်း၊ လက်သည်းတွေရှည်လာလို့ ညှပ်ရလေတိုင်း မေမေ့ကိုယ်သင်းရနံ့မွှေးမွှေးသင်းသင်းလေး စွဲကပ်လာသလို ခံစားမိရပါသည်။

"မေမေ မတက်ဖြစ်ခဲ့တဲ့ တက္ကသိုလ်ကို ကျွန်တော် ရောက်အောင်သွားမှာပါ၊ ဘွဲ့ရ ပညာတတ်ကြီးဖြစ်ခဲ့ရင် မေမေ့ထက်ပိုပြီးတော့ အများအတွက် ကူညီပေးနိုင်မှာ၊ နိုင်ငံတကာအထိပေါ့ ဖေဖေ၊ နောက်လမှာ စကောလားရှစ်ဖြေဖို့ နောက်ဆုံးအဆင့်ရောက်ပြီ၊ စာတွေလေ့လာကျက်မှတ်ရဦးမယ်၊ ဒီကြားထဲ ကျွန်တော့်စိတ်ကို ရှင်းထားချင်တယ်၊ ဖုန်းလည်းမဆက်ပါနဲ့၊ လာလည်းမတွေ့ပါနဲ့ဦး ဖေဖေ"

ဖေဖေ ခေါင်းညိတ်ပြီး ပြန်သွားတော့မှ သူ့မှာ အသက်ရှူဝသလို ခံစားရပါသည်။ ဖေဖေ့နှုတ်ကနေ ခွင့်လွှတ်ပါသားရယ်လို့ ဘယ်တော့များမှ ပြောမှာပါလိမ့်။ မေမေ့ကို အရမ်းချစ်ခဲ့ပါသည်ဆိုသော ဖေဖေက မေမေ့ထက်အရင် ဘာကြောင့်များ မချစ်ရက်ခဲ့တော့တာကို သူ ဉာဏ်မမီနိုင်ပါလေတော့။ သူ့အပေါ် ကံကြမ္မာက ငြိုးတေးရက်စက်လှပါသည်။

⁂

"မေမေ..သား စကောလားရှစ်ရတယ်တဲ့ မေမေ၊ မေမေ့အတွက်ပါ သား စာတွေကြိုးစားခဲ့ရတာပါ မေမေ၊ ဟင့်အင်း..သားမဟုတ်ဘူး၊ ကျွန်တော်ပါ၊ ကျွန်တော် စကောလားရှစ်ရခဲ့ပြီ မေမေ"

မေမေ့ဓာတ်ပုံတွေမှာ ဖုန်တွေညစ်လို့။ ဒါပေမဲ့ သူ့ကို မေမေ အလှပဆုံး၊ အခမ်းနားဆုံး ပြုံးပြနေမှန်း သိသာလှပါသည်။


"ကျွန်တော် သိပါတယ် မေမေရယ်၊ ကျွန်တော် ခုလို စကောလားရှစ်ရတာကို မေမေဝမ်းသာနေတယ်ဆိုတာကိုပေါ့"

နှင်းစက် (လားရှိုး)

www.burmeseclassic.com

**မောင်မောင်ခိုင်** (စစ်တွေ)

# သူလည်း သိလောက်ပါချေပြီ



www.burmeseclassic.com

www.burmeseclassic.com



''ဆရာ ဒီနေ့စစ်ရမယ့်အမှုတွေ''

မြို့နယ်ဥပဒေအရာရှိ ဦးဝင်းဖုံဦးသည် စီရင်ထုံးတစ်ခုကို စိတ်ဝင်စားစွာ ဖတ်ရှုနေရာမှ အမှုတွဲလာပေးသော အကြီးတန်းစာရေး ဦးသိန်းမောင်ကို တစ်ချက်ကြည့်လိုက်ပြီး.....

"စားပွဲပေါ်မှာ တင်ထားခဲ့ဗျာ"

ဟု ပြောလိုက်ရင်း ဖတ်လက်စ စီရင်ထုံးစာအုပ်ကိုပိတ်ကာ အမှုတွဲများကို ကြည့်လိုက်သည်။ ယနေ့ စစ်ဆေးရန် ချိန်းဆိုထားသောအမှုမှာ စုစုပေါင်း (၅)မှုသာဖြစ်သည်။ ထိုအမှုများအနက် ယနေ့မှ တရားလိုကို စတင်စစ်ဆေးရန် ချိန်းဆိုထားသည့် အမှုကတော့ တရားလို ဒေါ်မေဦးခိုင်နှင့် တရားလို မောင်ကျော်လတ်၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၃ အရ စွဲဆိုမှုပင်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၃ ဆိုသည်မှာ ဥပဒေနှင့်အညီ အုပ်ထိန်းသူထံမှ လူခိုးမှုဖြစ်သည်။ ဤဥပဒေအရ မည်သူမဆို အသက် (၁၄)နှစ်အောက် ယောကျ်ားလေးကိုဖြစ်စေ၊ အသက် (၁၆)နှစ်အောက် မိန်းကလေးကိုဖြစ်စေ အုပ်ထိန်းသူသဘောမတူဘဲခေါ်ဆောင်လျှင် ဥပဒေနှင့်အညီ အုပ်ထိန်းသူထံမှ လူခိုးမှုကို ကျူးလွန်သည်ဟု သတ်မှတ်သည်။ ထိုအမှုကို ကျူးလွန်လျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၃ အရ ခုနစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ဤအမှုသည် တရားမစွဲမီ ဥပဒေအကြံတောင်းစဉ်ကပင် ဦးဝင်းဖုံဦးကိုယ်တိုင် လေ့လာဖတ်ရှုပြီး ဥပဒေအကြံပေးခဲ့သောအမှုတစ်ခုပင်။

တရားလို ဒေါ်မေဦးခိုင်၏သမီးဖြစ်သူ မရတီမြတ်နိုးနှင့် တရားခံ မောင်ကျော်လတ်တို့သည် ချစ်သူများဖြစ်ကြသည့်အတွက် မောင်ကျော်လတ်က မရတီမြတ်နိုးကို ခိုးပြေးခဲ့သည်။ လူငယ်သဘာဝ ချစ်ကြိုက်ပြီးခိုးပြေးကြသည်မှာ အဆန်းမဟုတ်။ သို့သော် ခိုးပြေးစဉ်က မရတီမြတ်နိုးသည် အသက် (၁၆) နှစ်မပြည့်သေး။ ထို့ကြောင့် မရတီမြတ်နိုး၏မိခင် ဒေါ်မေဦးခိုင်က တရားလိုပြုလုပ်ပြီး ရဲစခန်းတွင်အမှုဖွင့်တိုင်တန်းသဖြင့် မောင်ကျော်လတ်ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၃ အရ အရေးယူခဲ့သောအမှုဖြစ်သည်။

အမှုစစ်အရာရှိကတော့ ရဲလုပ်ငန်းကို ကျွမ်းကျင်သူဖြစ်သဖြင့် အမှုကို ပြည့်ပြည့်စုံစုံ တည်ဆောက်ထားသည်။ တရားလို၊ တရားလိုပြသက်သေများနှင့် တရားခံတို့အား စစ်ဆေးထားပုံမှာ လစ်ကွက်၊ ဟာကွက်ပင်မရှိ။ ခိုးယူခံရသူ မရတီမြတ်နိုး၏ မွေးစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မွေးသက္ကရာဇ်ပါ ကျောင်းဝင်မှတ်ပုံတင်စာရင်း၊ ဆရာဝန်ဆေးစာပါ အသက်ထင်မြင်ချက်တို့ကို ရှာဖွေပုံစံဖြင့် စနစ်တကျ သိမ်းဆည်းထားသည်ကိုလည်းတွေ့ရသည်။ မိန်းကလေး၏အသက်ကို တွက်ချက်ရာတွင် ကလေးသူငယ် ဥပဒေပုဒ်မ ၆၈ အရ မွေးစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ကျောင်းဝင်မှတ်ပုံတင်နှင့် ဆရာဝန်ဆေးစာတို့ကို အစဉ်အလိုက်ကြည့်ပြီးမှ တွက်ချက်ရသည်။ ကျောင်းဝင်မှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် ဆရာဝန်ဆေးစာပါအသက်တို့ ကွဲပြားလျှင် ကျောင်းဝင်မှတ်ပုံတင်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့

www.burmeseclassic.com



သည် သက်သေခံဥပဒေပုဒ်မ ၃၅ အရ သက်သေခံဝင်သည့် အများပြည်သူဆိုင်ရာ မှတ်တမ်းများဖြစ်သည်။ ဆရာဝန်ဆေးစစ်ချက်မှာ ထင်မြင်ချက်သာဖြစ်သဖြင့် အခြားလွတ်လပ်သော အထောက်အထားရှိမှသာ အထောက်အကူအဖြစ် အသုံးပြုနိုင်ကြောင်း "ဦးတင်ငွေနှင့် ဒေါ်မြမြဝင်း(ခ)ဒေါ်သန်းဝင်း" စီရင်ထုံး၊ ၂၀၀၆ ခုနှစ်၊ မတစ (၁)တွင် ဖော်ပြထားပါသည်။

ဤအမှုတွင် မရတီမြတ်နိုး၏ အသက်မှာ ကျောင်းဝင်မှတ်ပုံတင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် မွေးစာရင်းတို့အရ (၁၆)နှစ်ပင်မပြည့်သေး။ ဆရာဝန်ဆေးစစ်ချက်တွင်လည်း အသက် ၁၄ နှစ်ခွဲနှင့် ၁၅ နှစ်ခွဲအတွင်းရှိ မြန်မာမိန်းကလေးနှင့်တူကြောင်း ထင်မြင်ချက်ပေးထားသည်။ ထို့ကြောင့် ခိုးယူခံရသူ မရတီမြတ်နိုး၏အသက်သည် မည်သည့်နည်းနှင့်မျှ (၁၆)နှစ် မပြည့်သေး။

တရားခံ မောင်ကျော်လတ် အနေဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၃ ကို ကျူးလွန်ခြင်းမရှိကြောင်း မည်သို့မျှ ထုချေဖြေရှင်းနိုင်မည် မဟုတ်။ ဦးဝင်းဖိုးအနေဖြင့် ဤအမှုကို နိုင်ငံတော်ကိုယ်စား တရားလိုဘက်မှ လိုက်ပါဆောင်ရွက်ရမည်ဖြစ်သည်။ သူသည် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၃ ကဲ့သို့အမှုမျိုးကို မလိုက်ချင်။ သို့သော်လည်း ဥပဒေအရာရှိတစ်ဦးဖြစ်နေသဖြင့် တာဝန်ကို ရှောင်လွှဲ၍မရပေ။ တရားခံ မောင်ကျော်လတ်သည် ဥပဒေကို နားမလည်မှု၊ နှလုံးသား၏ စေစားရာကို မလွန်ဆန်နိုင်မှုတို့ကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၃ ၏ ကျော့ကွင်းသို့ ဆင်းသက်ခဲ့ရသူတစ်ဦး ဖြစ်ပေလိမ့်မည်။

တစ်ချိန်က ဦးဝင်းဖိုးကိုယ်တိုင်လည်း မောင်ကျော်လတ်ကဲ့သို့ပင် ထိုကျော့ကွင်းရှေ့သို့ ရောက်ခဲ့ဖူးသည်။ သို့သော် သူသည် ဥပဒေကျောင်းသားတစ်ဦးဖြစ်သဖြင့် ဥပဒေကို နားလည်မှု၊ ဦးနှောက်ကို သုံး၍ ဆုံးဖြတ်နိုင်မှုတို့ကြောင့် ၎င်းကျော့ကွင်းကို ရှောင်ရှားနိုင်ခဲ့သည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၃ နှင့် ပတ်သက်လာလျှင် ဦးဝင်းဖိုးသည် ဘဝတစ်သက်တာ မမေ့နိုင်လောက်အောင် စိတ်ဒဏ်ရာရခဲ့သူ



တစ်ဦးပင်။ တစ်ဖက်သား၏ တို
ချက်ကို ပြန်လည်တိုက်ခိုက်နို
လောက်အောင် စားမပြောနိုင်၊ န
နိုင်လောက်အောင် ဒိုင်းလွှားပင်
သော တရားခံ မောင်ကျော်လတ်
အဖြစ်ကိုတွေးတောရင်း ဦးဝင်းဖို
၏ စိတ်အစဉ်လေညင်းသည် လွ
ခဲ့သော အနှစ်(၂၀)ကျော်ခ
အတိတ်လွင်ပြင်ကို ဖြတ်သန်းတို
ခတ်နေမိပါတော့သည်။

"မနှင်းဦးသစ်"

သည်အမည်မှာမူသည် ဦးဝင်
ဖိုးအတွက် မေ့၍မရသော အမည်
နာမတစ်ခုပင်။ အဘယ်ကြောင့်ဆို
သော် ၎င်းသည် ဥပဒေကျောင်
သားလေး မောင်ဝင်းဖိုး၏ ချစ်ဦ
သူ ဖြစ်သောကြောင့်တည်း။

တစ်သက်တာတွင် တစ်ဦ
တည်းသော ချစ်ခဲ့ဖူးသူဆိုလျှင်လည်
မှားမည်မဟုတ်။ ၎င်းတို့ ချစ်သူမျှ
စတင်ဖြစ်ခဲ့စဉ်က နှစ်ဦးစလုံးသည်
သယ်ကျော်သက်အရွယ်များပင်ဖြ
ကြသည်။ မောင်ဝင်းဖိုးက ဆယ်
တန်းကျောင်းသား။ မနှင်းဦးသစ်
က ရှစ်တန်းကျောင်းသူ။ အချိန်က
လည်း "ကလေးဆန်လွန်းသူ.....
အမိုက်ကလေးကိုမှ.....ကျွန်တော်
က ချစ်မိသွားပါကွယ်" ဆိုသည့် အ
တော် ကိုသန်းလှိုင်၏ "ချစ်ကြ
ကမ္ဘာများပြင် မခြားစေဘိပယ်" သီ
ချင်း ခေတ်စားသည့်ခေတ်ဖြစ်သည်
ထိုကြောင့်ပင်မိုက်တတ်အသက်

www.burmeseclassic.com



ယ်သူ မနှင်းဦးသဇင်ကို မောင်ဝင်းဖုံဦး ချစ်မိသည်မှာ အဆန်းတော့မဟုတ်။ တစ်မြို့တည်းနေကြသူများဖြစ်ကြသဖြင့် လွမ်းနိုင်ဝေသော နေ့ညများတွင် ချစ်သူနှစ်ဦးသည် မနှင်းဦးသဇင်တို့ အိမ်နောက်ခြံဝင်းထဲတွင် တိတ်တိတ်တွေ့ကြသည်။

ညလေးရေးရေး လလေးကွေးကွေးတွင် ခမွေးသင်ခန်းစာများ သင်ယူခဲ့ကြသည်။ ထိုနှစ်တွင်ပင် မောင်ဝင်းဖုံဦး ဆယ်တန်းစာမေးပွဲကို အောင်မြင်ခဲ့ပြီး ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်တွင် ဥပဒေပညာ သင်ကြားခွင့်ရခဲ့သည်။ သူသည် ရန်ကုန်တက္ကသိုလ်၊ စိတ်ကိုင်းဆောင်တွင် နေထိုင်ပြီး ပထမနှစ် ဥပဒေပညာသင်ကြားနေစဉ် ချစ်သူ မနှင်းဦးသဇင်နှင့် စာအဆက်အသွယ်မပြတ်ခဲ့။ ပထမနှစ်အပြီး ကျောင်းပိတ်၍ပြန်လာသည့်အခါ မနှင်းဦးသဇင်သည် ဆယ်တန်းကျောင်းသူပင် ဖြစ်နေပြီ။ ထုံးစံအတိုင်း ချစ်သူနှစ်ဦးတွေ့ကြရာ.....

"ကိုဦး ပိန်သွားတယ်နော်"

"သဇင့်ကိုလွမ်းလို့ပေါ့"

"တော်စမ်းပါ၊ ကိုဦးက ကိုကော်တော်မှာ အင်းလျားလေကိုရှူ၍ ပြီး သဇင့်ကိုတောင် သတိမရဘူး မဟုတ်လား"

"မဟုတ်ပါဘူး သဇင်ရယ်၊ ကိုကော်ပန်း ဘယ်လောက်ပဲလှလှ၊ ဘယ်လောက်ပဲမွှေးမွှေး ကိုဦးက သဇင်ပန်းကိုသာ မြတ်နိုးတာ"

"ကိုဦးက ဥပဒေကျောင်းသားပီပီ တော်တော်စကားတတ်တယ်"

> **"**
> **သတ္တိဆိုတာ အခြေအနေ၊ အချိန်အခါအလိုက် လိုအပ်ချက်အရသုံးစွဲမှ သတ္တိမည်တယ် သဇင်၊ မဟုတ်ရင်တော့ ဆင်ကန်းတောတိုး မိုက်မဲမှုသာဖြစ်မှာပေါ့**
> **"**

"ကိုဦးလေ တက္ကသိုလ်မှာ ကျောင်းသာတက်နေရတာ၊ ဒီက သဇင့်ကို စိတ်မချဘူး"

"ကိုဦးက သဇင့်ကို ကလေး ထင်နေလို့လား၊ သဇင့်ကိုလေ ဆောင်းရာသီ သဇင်တွေပွင့်တုန်းမှာမွေးလို့ နှင်းဦးသဇင်ဆိုတဲ့နာမည်ကို ပေးခဲ့တာ၊ လာမယ့်ဒီဇင်ဘာလဆိုရင် သဇင်အသက်(၁၆)နှစ်တောင် ပြည့်တော့မယ်"

အချစ်ခရီးလမ်းတို့မည်သည် အမြဲတမ်းမဖြောင့်ဖြူးဆိုသည့် အတိုင်း မောင်ဝင်းဖုံဦးတစ်ယောက် ဒုတိယနှစ် ကျောင်းပြန်တက်ခါနီး ချစ်သူနှစ်ဦး တွေ့ကြရာ.....

"သဇင်၊ လက်ဆွဲအိတ်ကြီးနဲ့ ပါလား"

"သဇင် ကိုဦးနဲ့ တစ်ခါတည်း လိုက်ခဲ့တော့မလို့"

မမျှော်လင့်သောစကားကြောင့် မောင်ဝင်းဖုံဦး အံ့ဩနေစဉ် သဇင်က ဆက်လက်၍.....

"ကိုဦးနဲ့ သဇင်တို့ကိစ္စကို ပါပါ၊ မေမေတို့ သိသွားကြပြီ၊ သဇင့်ကိုလေ ကိုဦးနဲ့ လုံးဝသဘောမတူနိုင်ဘူးတဲ့၊ ဒါကြောင့် သဇင်လေကို ဦးနောက်ကို တစ်ခါတည်းလိုက်ခဲ့တော့မယ်"

မောင်ဝင်းဖုံဦး မည်သို့ဆက်ပြောရမည်မှန်းမသိတော့။ ချစ်သူက မိမိနောက်ကို တစ်ခါတည်းလိုက်ခဲ့မည်ဆိုသောစကားကြောင့် ဝမ်းသာမိသည်ကတော့ အမှန်။

သို့သော် ဦးနှောက်ကို အသုံးပြု၍ စဉ်းစားကြည့်သည့်အခါ မိမိသည် တက္ကသိုလ်ကျောင်းသားဘဝသာရှိသေးသည်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်သူမဟုတ်သေး။ မိဘများအထောက်အပံ့ဖြင့် ပညာသင်ကြားနေသူ။ သဇင်၏မိဘများမှာ ကုန်သည်မျိုးရိုးဖြစ်၍ ချမ်းသာကြသူများဖြစ်သည်။ မိမိ၏ဖခင်မှာ နိုင်ငံ့ဝန်ထမ်းဖြစ်ခြင်းကြောင့် အရာရှိပင်ဖြစ်စေကာမူ ချမ်းသာသူမဟုတ်။ ထို့ကြောင့် မိမိအနေဖြင့် ဤသို့သော အခြေအနေမျိုးတွင် ချစ်သူကို တစ်ပါတည်းခေါ်သွား၍ ဖြစ်နိုင်မည်လား။ ချစ်သူမနှင်းဦးသဇင်သည် အသက် (၁၆)နှစ်ပြည့်ပြီလား၊ မိဘအုပ်ထိန်းမှုအောက်မှ လွတ်ကင်းပြီလား။ လားပေါင်းများစွာကို တွေးတောရင်း မောင်ဝင်းဖုံဦး၏ နှလုံးသားနှင့် ဦးနှောက်တို့ လွန်ဆွဲနေကြလေပြီ။ လူငယ်တို့ သဘာဝ ချစ်သူနှင့် ခွဲခွာရခြင်း

www.burmeseclassic.com

သည်ပင်လျှင် ကြီးစွာသော ဒုက္ခဟု မှတ်ယူတတ်ကြသည်။ ထို့ကြောင့် နှလုံးသားတစ်ခုတည်းဖြင့် ဆုံးဖြတ်တတ်ကြသည်။ နှလုံးသား၏ဆုံးဖြတ်ချက် မှန်၊ မမှန်ကို ဦးနှောက်ဖြင့် ဆန်းစစ်ကြည့်ရန်ပင် သတိမရကြ။ ထိုစဉ် ဥပဒေပညာဌာန လက်ထောက်ကထိကဖြစ်သူ ဆရာမ ဒေါ်သန်းနွဲ့(နောင် ဥပဒေပါမောက္ခ ဒေါက်တာဒေါ်သန်းနွဲ့)ပြောခဲ့သော စကားကို မောင်ဝင်းဖေဦး၏ နားထဲတွင် ကြားယောင်လာသည်။ ဥပဒေပထမနှစ်တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၃ ကို သင်ကြားစဉ်က....

"မိန်းကလေးဖြစ်သူဟာ အသက်(၁၆)နှစ် မပြည့်သေးရင်တော့ သဘောတူလို့ပဲ လိုက်သည်ဖြစ်စေ၊ ခိုးတဲ့ယောက်ျားလေးက ဒီပြစ်မှုကို ကျူးလွန်တာပဲ၊ ဘာကြောင့်လဲဆိုတော့ အသက်(၁၆) နှစ်မပြည့်သေးတဲ့ မိန်းကလေးဟာ မိဘအုပ်ထိန်းမှုအောက်က မလွတ်သေးလို့ပဲ"

ဟု ဆရာမ ပြောခဲ့ဖူးသည်။ ဆရာမ ဒေါ်သန်းနွဲ့ကပင် ဆက်လက်၍ပြောသည်မှာ.....

"အထူးသဖြင့်ကတော့ မင်းတို့ယောက်ျားလေးတွေ သတိထားကြနော်၊ ဦးနှောက်နဲ့လည်း စဉ်းစားကြ၊ ဒီပုဒ်မကြောင့် အချုပ်ထဲကိုမရောက်သင့်ဘဲ ရောက်သွားရတဲ့လူတွေ မနည်းတော့ဘူး"

မောင်ဝင်းဖေဦး၏ ဦးနှောက်နှင့် နှလုံးသား လွန်ဆွဲပွဲတွင် ဆရာမ၏ စကားကြောင့် နောက်ဆုံးတွင် ဦးနှောက်က အနိုင်ရပါသွားပါလေတော့သည်။ ချစ်သူ မနှင်းဦးသဇင်၏စကားကို ငြင်းပယ်လိုက်တော့သည်။

မနှင်းဦးသဇင်က ငိုရှိုက်သံဖြင့် စကားဆိုလာသည်မှာ.....

"သဇင်စွန့်စားရဲသလို ကိုဦး မစွန့်စားရဲဘူးလား၊ ကိုဦးမှာ သတ္တိတွေ မရှိတော့ဘူးလား"



ဤစကားသည် မောင်ဝင်းဖေဦး၏စိတ်ကို နှိုးဆွပါလေတော့သည်။

"သတ္တိဆိုတာ အခြေအနေ၊ အချိန်အခါအလိုက် လိုအပ်ချက်အရသုံးစွဲမှ သတ္တိမည်တယ် သဇင်၊ မဟုတ်ရင်တော့ ဆင်ကန်းတောတိုးမိုက်မဲမှုသာဖြစ်မှာပေါ့၊ ဒီအချိန်မှာ သဇင်ဟာ အသက်(၁၆)နှစ်မပြည့်သေးတဲ့အတွက် မိဘအုပ်ထိန်းမှုအောက်က မလွတ်သေးဘူး၊ သဇင့်ကိုသာ ကိုဦးခေါ်သွားရင် လူခိုးမှုဆိုတဲ့ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၃ ကို ကျူးလွန်ရာရောက်မှာပေါ့"

မှန်ပါသည်။ ယခုအချိန်တွင် မောင်ဝင်းဖေဦးနှင့် မနှင်းဦးသဇင်တို့ကြားတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၃ ဟူသော တံတိုင်းကြီးခြားထားသည်မဟုတ်ပါလား။ ၎င်းကို မနှင်းဦးသဇင်က သဘောမပေါက်ပါ။

"ကိုဦးက ဥပဒေကျောင်းသားပီပီ ဥပဒေနဲ့ကိုင်ပေါက်ပြီး ဆင်ခြေပေးနေတာလား"

"မဟုတ်ပါဘူး၊ အခုအခြေအနေမှာ သဇင့်ကိုခေါ်သွားလို့မဖြစ်သေးလို့ပါ၊ ကိုဦးဘွဲ့ရပြီး အလုပ်အကိုင် အတည်တကျဖြစ်တဲ့အခါ သဇင်လည်း အသက်ပြည့်ပြီလေ၊ အဲဒီအချိန်ထိ စောင့်ပါနော်၊ သဇင် မမိုက်ပါနဲ့"

မည်သို့ပင် ဖျောင်းဖျပါစေ နှလုံးသားကို ဦးစားပေးနေသော မနှင်းဦးသဇင်က လုံးဝလက်မခံ။ မည်သို့မျှမဖြစ်နိုင်သောလမ်းကို ဆက်မလျှောက်ချင်သူ မောင်ဝင်းဖေဦးသည် နှလုံးသား၏စေစားရာကို ဆန့်ကျင်ပြီး ဦးနှောက်၏ စေစားရာနောက်သို့ လိုက်ခဲ့တော့သည်။ ချစ်ဦးသူကို ကျောခိုင်းရုံမှတစ်ပါး အခြားမရှိတော့ပြီ။ မနှင်းဦးသဇင်ကတော့ ငိုရှိုက်သံဖြင့်.....

"သဇင် ကိုဦးကို အထင်ကြီးမိတာမှားပြီ၊ အနှစ်ကိုတွေ့မလားလို့ တစ်လွှာချင်းခွာပြီးရှာတာတောင် အနှစ်ကိုမတွေ့ရတဲ့ ကြက်သွန်နီလိုလူမျိုး"

ထိုစကားသည် ချစ်သူ၏ နောက်ဆုံးစကားမှန်း မောင်ဝင်းဖေဦး ထိုစဉ်ကမသိခဲ့။ ဥပဒေဒုတိယ

www.burmeseclassic.com

www.burmeseclassic.com



နှစ်တက်နေချိန်တွင် ချစ်သူမနှင်းဦးသဇင်ထံ စာဖြင့်ဆက်သွယ်သော်လည်း မရခဲ့။ ကျောင်းပိတ်၍ အိမ်ပြန်သည့်အခါ မနှင်းဦးသဇင်က လုံးဝအတွေ့မခံတော့။ အချစ်ကြီး၍ အမျက်ကြီးလေသလားတော့မသိ။

မောင်ဝင်းဖေဦး ဥပဒေစတုတ္ထနှစ်အရောက်တွင် မနှင်းဦးသဇင်အား ၎င်း၏မိဘများက အရာရှိငယ်တစ်ဦးနှင့် အိမ်ထောင်ချပေးလိုက်ကြောင်း သတင်းကြားရသည်။

အချိန်မတန်သေး၍ မိမိမခူးဆွတ်ခဲ့သော ပန်းတစ်ပွင့်အား အချိန်တန်သည့်အခါတွင် တစ်ပါးသူ ခူးဆွတ်ပန်ဆင်သွားသည်ကိုတော့ နှမြောတသမိသည်။ မောင်ဝင်းဖေဦးလည်း ချစ်ဦးသူကိုမေ့ရန် ကြိုးစားခဲ့တော့သည်။ သို့သော် မှန်းတော့မမှန်းပါ။ သူသည် ရန်ကုန်တက္ကသိုလ်မှ ဥပဒေဘွဲ့ရပြီးသည့်အခါ ဒုမြို့နယ်ဥပဒေအရာရှိအဖြစ် အလုပ်ဝင်ရောက်ခဲ့ပြီးနောက် တစ်မြို့ပြီးတစ်မြို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသဖြင့် ဇာတိမြို့သို့ပင် ပြန်မရောက်ဖြစ်တော့။ အထက်တန်းကျောင်းသားဘဝက အက္ခရာသင်္ချာတွက်ရာတွင် အဖြေ၏နေရာ၌ ကကြီးအက္ခရာကို အစားထိုး၍ တွက်ချက်ခဲ့ဖူးသော်လည်း နှလုံးသားရေးရာတွင် ချစ်ဦးသူနေရာ၌ ညီသူ့ကိုမျှ အစားထိုး၍မရသဖြင့် အိမ်ထောင်ပင်မပြုဘဲ တစ်ကိုယ်တည်း နေလာခဲ့သည်။

အချိန်သည် ဝေဒနာကိုကုစားသည်ဆိုသည့်အတိုင်း အချိန်ကြာလာသည်နှင့်အမျှ မနှင်းဦးသဇင်ကို မေ့နိုင်ခဲ့လေပြီ။

ပျော်ရွှင်ချမ်းမြေ့ဖွယ် ဘဝတစ်ခုကို တည်ဆောက်သွားလေသူ မနှင်းဦးသဇင်သည်လည်း မောင်ဝင်းဖေဦးကို မေ့လောက်ပြီထင်ပါသည်။ မေ့ရုံမျှမက မုန်းပင်မုန်းနေပေလိမ့်မည်။ အချိန်ကာလအားဖြင့် နှစ်ပေါင်း(၂၀)ပင် ကျော်ခဲ့ပြီမဟုတ်ပါလား။

"ဆရာ ဒီနေ့သတင်းစာ"

အတိတ်သို့ရောက်နေခဲ့သော ဦးဝင်းဖေဦး၏ စိတ်အစဉ်သည် သတင်းစာလာပေးသော ရုံးအကူလေး မောင်ဘမြင့်၏အသံကြောင့် ပစ္စုပ္ပန်သို့ ပြန်လည်ရောက်ရှိလာခဲ့တော့သည်။ ပစ္စုပ္ပန် အိပ်မောကျနေသဖြင့် အတိတ်နိုးကြားနေရသော်လည်း ပစ္စုပ္ပန် နိုးကြားလာသည့်အခါ အတိတ်အိပ်မောကျသွားရလေပြီ။

ဦးဝင်းဖေဦးသည် သတင်းစာကို စိတ်မပါတပါဖြင့် လှန်ကြည့်လိုက်ရာ အမျိုးသမီးရေးရာအဖွဲ့နှင့်ဆိုင်သော သတင်းတစ်ခုကိုတွေ့သဖြင့် ဖတ်ကြည့်မိသည်။ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အခမ်းအနားတစ်ခုတွင် ဥက္ကဋ္ဌဖြစ်သူ ဒေါ်နှင်းဦးသဇင်မှ အမှာစကားပြောကြားနေသော သတင်းကို ဓာတ်ပုံနှင့်တကွ တွေ့လိုက်ရသည်။ ဦးဝင်းဖေဦးက သေချာစွာကြည့်လိုက်ရာ ၎င်း၏ချစ်သူသဇင်ဖြစ်ကြောင်း ကောင်းစွာမှတ်မိသည်။ မျက်မှန်တပ်ဆင်ထားပြီး မျက်နှာအမူအရာ ရင့်ကျက်သွားသည်မှလွဲပြီး မည်သို့မျှမပြောင်းလဲ။ အသည်းထောင့်တစ်နေရာတွင် စွဲကျန်ရစ်နေသော သည့်ပုံရိပ်ကို သူကောင်းစွာမှတ်မိပါသည်။

သဇင်.....ခုတော့ ဒေါ်နှင်းဦးသဇင်။ သူတောင် အရာရှိကတော်တစ်ဦးအနေဖြင့် အမျိုးသမီးရေးရာအဖွဲ့တာဝန်ကို ထမ်းဆောင်နေရပြီ။ အမျိုးသမီးရေးရာနှင့်ပတ်သက်သော ကိစ္စပေါင်းများစွာကို ကိုင်တွယ်ဖြေရှင်းခဲ့ရပေလိမ့်မည်။ သည်တော့ တစ်ချိန်က အသက်(၁၆)နှစ်မပြည့်သေးသူ၊ မိဘအုပ်ထိန်းမှုအောက်မှ မလွတ်ကင်းသေးသူ မိန်းကလေးတစ်ဦး၏ဆန္ဒကို မောင်ဝင်းဖေဦးတစ်ယောက် မည်သည့်အတွက်ကြောင့် မလိုက်လျောခဲ့သလဲဆိုသည်ကို ယခုအချိန်တွင် သူလည်းသိလောက်ပါချေပြီ။ ခုလောက်ဆို သဇင်တစ်ယောက် ကိုဦးကို ခွင့်လွှတ်တန်ကောင်းပါရဲ့ဟု တွေးတောနေစဉ်...

"ဆရာရေ အမှုစစ်တော့မယ်တဲ့"

အပြင်မှလှမ်းပြောလိုက်သော ရုံးအကူလေး မောင်ဘမြင့်၏အသံကြောင့် အတွေးများရပ်တန့်ကာ မြို့နယ်ဥပဒေအရာရှိ ဦးဝင်းဖေဦးသည် တိုက်ပုံအနက်ကိုဝတ်၊ ခေါင်းပေါင်းကိုပေါင်း၊ အမှုတွဲများကိုကိုင်ပြီး တရားခွင်သို့ ထွက်ခွာလာခဲ့ပါတော့သည်။

မောင်ဝေမှိုင်း (စစ်တွေ)

www.burmeseclassic.com

www.burmeseclassic.com



# လျှမ်းထက်

# ကိုလိုနီခေတ် အမှုအခင်းများ



ရန်ကုန်မြို့တော်တွင် ဤသို့ ဥပဒေစိုးမိုးရေး ပျက်ပြားနေသည်ကို ဘုရင်ခံကိုယ်တိုင် သိရှိခဲ့သဖြင့် ဥပဒေမဲ့ ပိုလ်ကျစိုးမိုးနေသော လူမိုက်ဂိုဏ်းများအား အရေးယူရန် . . .

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှနယ်ချဲ့သမားသည် ကျွန်တော်တို့မြန်မာနိုင်ငံအား ကျူးကျော်စစ်သုံးကြိမ် ဆင်နွှဲခဲ့ပြီး သိမ်းပိုက်ခဲ့ပေသည်။ ဤကဲ့သို့ သိမ်းပိုက်ခဲ့ပြီးနောက် မြန်မာနိုင်ငံအား အိန္ဒိယတိုက်ငယ်၊ သို့မဟုတ် အိန္ဒိယနိုင်ငံ၏ ပြည်နယ်ကြီးတစ်နယ်အဖြစ် သတ်မှတ်ခဲ့၏။ ထိုအချိန်ခေတ်ကာလကို သမိုင်းပညာရှင်များ၊ သမိုင်းသုတေသီများက ကိုလိုနီခေတ်ဟု သတ်မှတ်ခဲ့ကြ၏။ ထိုခေတ်ကို မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်သောခေတ်၊ ဒုတိယဘုရင်ခံ အုပ်ချုပ်သောခေတ်၊ ဒိုင်အာခီခေတ်နှင့် ၉၁ ဌာနအုပ်ချုပ်သောခေတ်ဟူ၍ လေးပိုင်းခွဲခြားထားခဲ့ကြပါသည်။

ယခုရေးသားဖော်ပြမည့် ကိုလိုနီခေတ် အမှုအခင်းများမှာ အထက်ဖော်ပြပါ ခေတ်လေးခေတ်အနက် နောက်ဆုံးခေတ်ဖြစ်သော ၉၁ ဌာနအုပ်ချုပ်ရေးခေတ်တွင် ဖြစ်ပွားသော အမှုအခင်းများအကြောင်းဖြစ်ပါသည်။ ထိုခေတ်ကာလအား သတင်းမီဒီယာများနှင့် သမိုင်းသုတေသီအချို့ကမူ ကိုလိုနီခေတ်နှောင်း၊ သို့မဟုတ် ဒုတိယကမ္ဘာစစ်ကြိုခေတ်ဟု ကင်ပွန်းတပ်ခဲ့ကြပါသည်။

တိတိကျကျ ရေးသားရမည်ဆိုလျှင် ဒုတိယကမ္ဘာစစ်ကြီး အရှေ့တောင်အာရှသို့ ကူးစက်မလာမီ ၁၉၃၇ ခုနှစ်မှ ၁၉၄၂ ခုနှစ် ကုန်ဆုံးသည့်ကာလ အပိုင်းအခြားဟု ဆိုရမည်ဖြစ်ပါသည်။ ထိုကာလအတွင်းက ဗြိတိသျှမြန်မာနိုင်ငံဟုခေါ်သော မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တော်တစ်ခွင်တွင် ဖြစ်ပွားခဲ့သော မှုခင်းများအကြောင်းဖြစ်ပါသည်။

အလျဉ်းသင့်သဖြင့် ထိုကာလက မြန်မာနိုင်ငံပုလိပ်(ရဲ)အဖွဲ့နှင့် ရန်ကုန်မြို့၏ စီးပွားရေး၊ လူမှုရေးအခြေအနေကို အနည်းငယ်ဖော်ပြရမည်ဖြစ်ပါသည်။ ဗြိတိသျှအစိုးရသည် ပုလိပ်(ရဲ)အဖွဲ့အား ရန်ကုန်မြို့ပြပုလိပ်(ရဲ)အဖွဲ့နှင့် မြန်မာနိုင်ငံ မြို့ပြပုလိပ်(ရဲ)အဖွဲ့ဟု ခွဲခြားထားခဲ့ပြီး ထိုပုလိပ်(ရဲ)အဖွဲ့များကို သီးသန့်ပုလိပ်(ရဲ)မင်းကြီး (Inspector General)၊ ပုလိပ်(ရဲ)ဗိုလ်ချုပ်(ယခု ညွှန်ကြားရေးမှူးချုပ်)များက အုပ်ချုပ်ကြသည်။ ပုလိပ်(ရဲ)မင်းကြီးများမှာ ဗြိတိသျှအမျိုးသားများသာဖြစ်ကြ၏။ တစ်ဦးနှင့်တစ်ဦး အမိန့်ပေးနိုင်ခြင်းလည်းမရှိဟု သိရ၏။ မှတ်တမ်းများအရ ပုလိပ်(ရဲ)အဖွဲ့၏ အင်အားများမှာ အလွန်နည်းသည်ဟု သိရ၏။

၁၉၃၈ ခုနှစ်ဆန်းကာလ၌ ရန်ကုန်မြို့ပြအဖွဲ့တွင် အရာရှိ၊ အရာခံ၊ အကြပ် ပုလိပ်သားအမှုထမ်း ၁၅၈၅ ဦးရှိရာ ထိုပုလိပ်(ရဲ)အဖွဲ့တွင် မြန်မာအမျိုးသားများမှာ အင်အားအလွန်နည်းသည်။ သာဓကအားဖြင့် ပုလိပ်(ရဲ)သား ၁၂၆၃ ယောက်တွင် မြန်မာပုလိပ်သား ၂၅၀ သာရှိ၏။ စာသင်(ဆာဂျင်)၃၀ ယောက်မှာ ဥရောပတိုက်သားများဖြစ်ကြသည်။ အရာရှိအများစုမှာ ဗြိတိသျှအမျိုးသားများ၊ အင်္ဂလိပ်–မြန်မာကပြားများ၊ အင်္ဂလိပ်–အိန္ဒိယကပြားများသာဖြစ်ကြပြီး မြန်မာအမျိုးသား ပုလိပ်(ရဲ)အရာရှိများမှာ လက်ဆစ်ချိုး၍ ရေတွက်နိုင်ပေသည်။

လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်း ထိန်းချုပ်ရသော ပုလိပ်(ရဲ)အမှုထမ်းများနှင့် လမ်းလက်ပြပုလိပ်(ရဲ)သားအမှုထမ်းများအားလုံးမှာ အိန္ဒိယတိုင်းရင်းသားများသာဖြစ်ကြသည်။ ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံအား အုပ်ချုပ်နိုင်ရန် အိန္ဒိယပဋိညာဉ်ခံဝန်ထမ်း (India Civil Service) အိုင်စီအက်စ်များ ခန့်ထားပြီး အုပ်ချုပ်စေခဲ့သည်။

www.burmeseclassic.com



ထို့အပြင် အိုင်ပီအက်(စ်) (India Police Service)ခေါ် ပုလိပ်(ရဲ)အရာရှိကြီးများလည်း ခန့်ထားခဲ့သည်။ ၁၉၃၇ ခုနှစ်တွင် မြန်မာနိုင်ငံအား အိန္ဒိယမှ ခွဲထွက်လိုက်သည့် အခါ ထိုရာထူးများမှာ ဘီစီအက်(စ်) (Burma Civil Service)နှင့် ဘီပီအက်(စ်) (Burma Police Service)များ ဖြစ်လာကြသည်။ ဘီပီအက်(စ်)ခေါ် ပုလိပ်(ရဲ)အရာရှိ များသည် ရန်ကုန်တက္ကသိုလ်၊ သို့မဟုတ် အခြား တက္ကသိုလ်မှ ဘွဲ့ရရှိထားသူများဖြစ်ကြပြီး မန္တလေးမြို့ တွင် အရပ်အခေါ် ဆပ်ကျောင်း (Sub-Inspector of Police)တွင် နှစ်နှစ်သင်တန်း တက်ရောက်ကြရသည်။ ထိုဆပ်ကျောင်းတွင် အင်္ဂလိပ်–မြန်မာ ၁၀ တန်းအောင် မြင်သူများအား Sub-Inspector of Police ခေါ် ရာဇဝတ် အုပ်အဖြစ် သင်တန်းပို့ချပေးသည်။

အထက်ဖော်ပြပါ ဆပ်ကျောင်းတွင် ဘွဲ့ရအလုပ် သင် ရာဇဝတ်ဝန်ထောက်သင်တန်း တက်ရောက်အောင် မြင်သူများသည် ထိုခေတ်အခေါ် နယ်စီးပုလိပ်(ရဲ)ဝန် ထောက်၊ ရာဇဝတ်ဝန်စသည့် ရာထူးများတွင် တာဝန် ထမ်းဆောင်ကြရပြီး တိုင်းပုလိပ်(ရဲ)မင်းကြီးများမှာမူ ဗြိတိသျှအမျိုးသားများသာဖြစ်ကြသည်။ ထိုကာလက ရန်ကုန်မြို့တော်အား အရှေ့ပိုင်း၊ အလယ်ပိုင်းနှင့် အနောက်ပိုင်းဟူ၍ ခွဲခြားပြီး ပုလိပ်(ရဲ)ဝန်ထောက် သုံး ဦးအား ရန်ကုန်မြို့ပြပုလိပ်(ရဲ)အဖွဲ့က တာဝန်ပေးထား သည်။ ပုလိပ်(ရဲ)ဝန်ထောက်များမှာ ဗြိတိသျှအမျိုးသား များ၊ ဗြိတိသျှ–မြန်မာကပြားများ၊ ဗြိတိသျှ–အိန္ဒိယကပြား များ ဖြစ်ကြသည်။ မြန်မာအမျိုးသား ပုလိပ်(ရဲ)ဝန် ထောက်များကိုမူ ထူးခြားထက်မြက်မှုရှိသူများကိုသာ ခန့်ထားလေ့ရှိသည်။ ထိုကာလက ရန်ကုန်အလယ်ပိုင်း ဟု သတ်မှတ်ထားသော နယ်မြေများမှာ ဒုစရိုက်မှု အများဆုံးဖြစ်ပွားသော နယ်မြေများဖြစ်သည်ဟု သိရ ၏။ လမ်းမတော်နှင့် လသာနယ်မြေတွင် တရုတ်၊ မြန်မာ နှင့် ကုလား(ဂေါ်ရင်ဂျီ)အများအပြား နေထိုင်ကြသည်။ ထိုဂေါ်ရင်ဂျီကုလားအများစုမှာ လန်ချားဆွဲခြင်း၊ ဆိပ် ကမ်းတွင် အလုပ်လုပ်ခြင်း၊ ခါးပိုက်နှိုက်ခြင်း၊ ကုန်ထမ်း ခြင်း၊ အလစ်သုတ်ခြင်း၊ ဖဲရိုက်လောင်းကစားခြင်းများ ကို ပြုလုပ်ကြသည်။

**နယ်မြေတာဝန်ခံ**
**ပုလိပ်ဂါတ်(ရဲစခန်း)များမှ**
**တာဝန်ရှိသူများအား ဖိအားပေးသော်လည်း**
**အောက်ခြေ ပုလိပ်(ရဲ)အရာရှိများက**
**လာဘ်ယူ၍ လူမိုက်များကျူးလွန်သမျှ**
**အမှုအခင်းများကို လျစ်လျူရှုထားကြသည်။**
**ရာဇဝတ်အမှုလိုက် အင်စပက်တော်များ၊**
**တရားရုံးအမှုထမ်းများ၊ တရားရုံးများမှ**
**တရားသူကြီးများပင် တရားဥပဒေအတိုင်း**
**စီရင်နိုင်ခြင်းမရှိဟုဆိုကြ သည်။ သို့ဖြစ်၍**
**ထိုခေတ်အား**
**လူဆိုးများဘုန်းကြီးသောခေတ်ဟု**
**လူအများက ကင်ပွန်းတပ်ခဲ့ကြသည်**
**...**

အချို့ကလည်း ဆိပ်ကမ်းကုန်ထမ်းသမားများ အတွက် ထမင်းဆိုင်ဖွင့်ခြင်း၊ ကြက်ရောင်းချခြင်း၊ အရက် ပုန်းရောင်းချခြင်းများ ပြုလုပ်ကြသည်။ တစ်ခါတစ်ရံအုပ် စုလိုက် ရိုက်ခြင်း၊ အနိုင်ကျင့်ခြင်း၊ ငွေညှစ်ခြင်းများလည်း ပြုလုပ်ကြသည်။ အချို့ကုလားများကမူ လက်ဖက်ရည် ဆိုင်၊ ကုန်စုံဆိုင်ဖွင့်ကြ၏။ လမ်းမတော်၊ လသာနယ် မြေကို အများဆုံး ကြီးစိုးထားသူများမှာ တရုတ်အမျိုး သားများသာဖြစ်ကြသည်။ သူတို့သည် လက်ဖက်ရည် ဆိုင်၊ ကုန်စုံဆိုင်၊ စားသောက်ဆိုင်၊ အမိန့်ရ အရက် ဆိုင်များဖွင့်၍ စီးပွားရှာကြသည်။ ဘိန်းခန်းများလည်း ပြောင်ပြောင်တင်းတင်း ဖွင့်ကြသည်။ အရက်ပုန်းဆိုင်၊ လောင်းကစားဝိုင်းများလည်း ဖွင့်ခဲ့ကြသည်။ ဟိုတယ်နှင့်

www.burmeseclassic.com

www.burmeseclassic.com

စားသောက်ဆိုင်များလည်း ဖွင့်ထားကြ၏။ အထူးသဖြင့် သင်္ဘောဆိပ်အနီးမြို့သစ်နေရာတွင်လည်း ... ယမ်းမတော်နယ်မြေတွင် တရုတ်အမျိုးသားများသည် ၃၆ ကောင်ဒိုင်၊ အနီထောင်ဒိုင်များကို ပြောင်ပြောင်တင်းတင်း ဖွင့်ထားခဲ့သည်သာမက ကြည့်မြင်တိုင်နယ်မြေမှာပင် ခေန်းထား၍ ဒိုင်ဖွင့်ကြသည်။ မာကျောက်၊ ဂျင်စသော လောင်းကစားဝိုင်းများမှာလည်း လက်ဆစ်ချိုး၍ ရေတွက်မရအောင် ဖွင့်ထားကြသည်။

စားသောက်ဆိုင်များ၊ အရက်ဆိုင်များတွင်လည်း တိတ်တိတ်ပုန်း လောင်းကစားဝိုင်းများ ဖွင့်ထားကြ၏။ ပြည့်တန်ဆာအိမ်များမှာလည်း မှိုလိုပေါက်နေတော့သည်။ ဤဒုစရိုက်လုပ်ငန်းများအား မြန်မာလူမိုက်များ၊ ကုလားလူမိုက်များက အကာအကွယ်ပေးကြသည်။ ထိုလူမိုက်များသည် လောင်းကစားဝိုင်းများ၊ ဘိန်းခန်းများ၊ အရက်ဆိုင်များကို ဆက်ကြေးတောင်းခံခဲ့သည်သာမက လမ်းဘေး၊ လမ်းထောင့်များတွင် ဖွင့်ထားသော ကွမ်းယာဆိုင်များထံမှ လစဉ်ကြေး ကောက်ယူကြသည်။ ပုလိပ်(ရဲ)တို့ကပင် ထိုလူမိုက်ဂိုဏ်းများကို လျစ်လျူရှုထားကြသည်။ ပန်းဘဲတန်းဘက်တွင်လည်း ကုလားလူမျိုး လူမိုက်ဂိုဏ်းများ ကြီးစိုးကြသည်။ ထိုလူမိုက်ဂိုဏ်းများအား လစဉ်ကြေးမပေးသော ကုန်စုံဆိုင်၊ စားသောက်ဆိုင်များမှာ ထိုလူဆိုးလူမိုက်ဂိုဏ်းသားများ၏ ဆူပူရန်ဖြစ်ခြင်း၊ ဖျက်ဆီးခြင်း၊ လုယက်ခြင်းခံကြရသည်ဟုဆိုသည်။ သို့ဖြစ်၍ ဆူပူမှု၊ လုယက်မှု၊ ရန်ဖြစ်မှုမျိုး မဖြစ်ပေါ်စေရန် လူမိုက်ဂိုဏ်းများအား ဆက်ကြေးပေးကြရသည်။ လူမိုက်ဂိုဏ်းသားများကလည်း ဤကဲ့သို့ မလိုလားအပ်သော ဆူပူမှုမျိုး မဖြစ်ပွားစေရန် ကာကွယ်ပေးကြသည်။

ပန်းဘဲတန်း၊ ဗိုလ်တထောင်ရပ်ကွက်များတွင်လည်း မြန်မာလူမိုက်များ၊ ကုလားလူမိုက်များ ကြီးစိုးကြသည်။ လူမိုက်ဂိုဏ်းများကလည်း နယ်မြေခံပုလိပ်(ရဲ)သားများ၊ ဆားပုလင်း(Surveillance)များ၊ ရာဇဝတ်အုပ်များကို ဆက်ကြေးပေးကြသည်။ ရန်ကုန်မြို့မှ မြန်မာဘာသာ အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ၊ အိန္ဒိယတိုင်းရင်းသား ဘာသာများနှင့် ထုတ်ဝေသော သတင်းစာကြီးများမှ မှုခင်းသတင်းထောက်များကလည်း အထက်ဖော်ပြပါ လူမိုက်များ ဩဇာသက်ရောက်မှုကို သတင်းစာများတွင် ပွင့်ပွင့်လင်းလင်း ရေးသားဖော်ပြခြင်းမပြုရဲကြ။ လူမိုက်များခွင့်ပြုမှသာ မှုခင်းသတင်းများကို ရေးသားဖော်ပြရဲကြ၏။ အချို့သတင်းစာကြီးများမှ သတင်းအယ်ဒီတာများ၊ အယ်ဒီတာချုပ်များမှာ မကြာခဏ ခြိမ်းခြောက်ခြင်းများ ခံကြရ၏။

ဤသို့ လူဆိုးလူမိုက်များ မင်းမူနေမှုကို နယ်စီးပုလိပ်(ရဲ)ဝန်ထောက်များက အတော်အသင့်သိကြ၍ သက်ဆိုင်ရာ နယ်မြေတာဝန်ခံ ပုလိပ်ဂါတ်(ရဲစခန်း)များမှ တာဝန်ရှိသူများအား ဖိအားပေးသော်လည်း အောက်ခြေ ပုလိပ်(ရဲ)အရာရှိများက လာဘ်ယူ၍ လူမိုက်များကျူးလွန်သမျှ အမှုအခင်းများကို လျစ်လျူရှုထား

---

ကိုလိုနီခေတ်ကုန်သည်ထင်း



www.burmeseclassic.com

www.burmeseclassic.com



ကြသည်၊ ရာဇဝတ်အမှုလိုက် အင်စပက်တော်များ၊ တရားရုံးအမှုထမ်းများ တရားရုံးများမှ တရားသူကြီးများပင် တရားဥပဒေအတိုင်း စီရင်နိုင်ခြင်းမရှိဟုဆိုကြသည်။ သို့ဖြစ်၍ ထိုခေတ်အား လူဆိုးများဘုန်းကြီးသောခေတ်ဟု လူအများက ကင်ပွန်းတပ်ခဲ့ကြသည်။

၁၉၃၈ ခုနှစ်နောက်ပိုင်းမှ ထိုစဉ်က စောင်ရေအများဆုံးထုတ်ဝေပြီး ဩဇာတိကမ္ဗ ကြီးမားသော မြန်မာ့အလင်းသတင်းစာကြီးနှင့် သူရိယသတင်းစာကြီး

ကိုလိုနီခေတ်ကမ်းနားလမ်း



များကမူ ဗြိတိသျှမြန်မာနိုင်ငံ၏ မြို့တော်ကြီးဖြစ်သော ရန်ကုန်မြို့တွင် လူဆိုးလူမိုက်များ ဩဇာလွှမ်းမိုးနေသည့်အကြောင်းနှင့် လူဆိုးဂိုဏ်းများ၏အခြေအနေ၊ ရန်ကုန်မြို့၊ လမ်းမတော်နယ်မြေနှင့် ရန်ကုန်အနောက်ပိုင်း နယ်မြေများတွင် လူမိုက်များအားကိုးနှင့် တရုတ်အမျိုးသားများက ၃၆ ကောင် ကစားဝိုင်းများ၊ မာကျောက်ဝိုင်းများ၊ ဖဲဝိုင်းများ၊ ဂျင်ဝိုင်းများ ပြောင်ပြောင်တင်းတင်း ပြုလုပ်သဖြင့် ထိုလောင်းကစားဝိုင်းများနှင့် ဆက်နွှယ်နေသော ခိုးမှု၊ လုယက်မှု၊ ဖောက်ထွင်းမှု၊ အလစ်သုတ်မှုများ ဖြစ်ပွားနေသည်ဟု အထောက်အထားများနှင့် ရေးသားဖော်ပြပေးခဲ့သည်။ မြန်မာ့အလင်းသတင်းစာကြီးတွင် ကုလားလူမိုက်ဂိုဏ်းခေါင်းဆောင် မတ်စတီးခန်းဆိုသူသည် သူပိုင်ခြံဝင်းအတွင်း ကစားဝိုင်းကြီးများကို ပြောင်ပြောင်တင်းတင်း ပြုလုပ်နေကြောင်း ရေးသားခဲ့သည်။

ထိုကာလက မှတ်တမ်းများအရ အထက်ဖော်ပြပါ လူဆိုးဂိုဏ်းများ ကြီးထွားနေမှုနှင့် ဥပဒေစိုးမိုးရေး အားပျော့မှုကို ဖော်ပြသောသတင်းများ၊ သတင်းဆောင်းပါးများကို တာဝန်ရှိသူများက အင်္ဂလိပ်ဘာသာပြန်ဆို၍ ဟိုက်ကုတ်(ယခု ဗဟိုတရားရုံး)တရားသူကြီးများထံ တင်ပြပေးရသည်ဟုဆိုသည်။ ရန်ကုန်မြို့တော်တွင် ဤသို့ ဥပဒေစိုးမိုးရေး ပျက်ပြားနေသည်ကို ဘုရင်ခံကိုယ်တိုင် သိရှိခဲ့သဖြင့် ဥပဒေမဲ့ ဗိုလ်ကျစိုးမိုးနေသော လူမိုက်ဂိုဏ်းများအား အရေးယူရန် ရန်ကုန်မြို့ပြပုလိပ်(ရဲ)အဖွဲ့နှင့် တာဝန်ရှိသူများကို ဖိအားပေးခဲ့ရသည်ဟူသော သတင်းများလည်း ထွက်လာသည်။

အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သော သတင်းစာကြီးများဖြစ်သည့် မြန်မာ့အလင်းသတင်းစာနှင့် သူရိယသတင်းစာကြီးများသည် ရန်ကုန်မြို့၊ လမ်းမတော်ရပ်ကွက်နှင့် ကြည့်မြင်တိုင်မြို့နယ်များတွင် တရုတ်အမျိုးသားများ ဦးစီး၍ ပြောင်ပြောင်တင်းတင်း ဖွင့်ထားသော လောင်းကစားဝိုင်းများကြောင့် ပြည်သူအများ ဘေးဒုက္ခအမျိုးမျိုး ခံစားလာရသည့်အကြောင်းအား အထောက်အထားများနှင့် ရေးသားဖော်ပြခဲ့၏။

ထိုလောင်းကစားဝိုင်းများကြောင့် စီးပွားပျက်ရသူများ၊ ဘဝပျက်ရသူများအကြောင်းကို ခရေစေ့တွင်းကျ

www.burmeseclassic.com

www.burmeseclassic.com

မှတ်တမ်းများအရ
ကြည့်မြင်တိုင်မြို့နယ်အတွင်း
ဖွင့်ထားသော ၃၆ ကောင်ထီပိုင်း၏
ဒိုင်ချုပ်မှာ ရင်ရီကျုပ်
အရပ်အခေါ် အကျယ်ဆိုသူ
တရုတ်အမျိုးသားတစ်ဦးဖြစ်သည်။
အကျယ်သည် ကြည့်မြင်တိုင်ကမ်းနားဘက်မှ
လူမိုက်များကို မွေးထားသူဖြစ်၏။
နယ်မြေခံပုလိပ်(ရဲ)များကိုလည်း
စိုစိုပြေပြေ ငွေပေးထားသူဖြစ်ရကား
၃၆ ကောင်ထီပိုင်းကို
ပြောင်ပြောင်တင်းတင်းဖွင့်ထားသည်
...

ရေးသားဖော်ပြခဲ့သည်။ ထိုအချိန်က ရန်ကုန်အလယ်ပိုင်းပုလိပ်(ရဲ)ဝန်ထောက် မစ္စတာလိုဒါမှာ တာဝန်နှင့်ဝတ္တရားကို တိတိကျကျ ဆောင်ရွက်၍ လာဘ်ပေးလာဘ်ယူမှုကို ရွံမုန်းသူတစ်ဦးဟု နာမည်ကျော်ခဲ့သည်။ လသာ၊ လမ်းမတော် ရပ်ကွက်များရှိ လောင်းကစားဝိုင်းများ၊ အရက်ပုန်းဆိုင်များ၊ ပြည့်တန် ဆာအိမ်များ၊ ဘိန်းခန်းများကို တတ်နိုင်သလောက် အရေးယူမှုများ ပြုလုပ်ခဲ့သည်။ သို့သော် သူ့လက်အောက်အမှုထမ်း ပုလိပ်(ရဲ)အရာရှိအချို့နှင့် နယ်မြေခံ စုံထောက်များ၊ နယ်မြေခံပုလိပ်(ရဲ)သားများကမူ ဒုစရိုက်သမားများ၊ လူမိုက်ခေါင်းဆောင်များထံမှ လာဘ်ငွေယူခဲ့ကြသည်။ ကစားဝိုင်းများ၊ ဘိန်းခန်းများ ဖမ်းဆီးအရေးယူမည့်နေ့ရက်၊ အချိန်ကို ကြိုတင်သတင်းပေးခြင်းဖြင့် အဖမ်းမခံရအောင် ပြုလုပ်ကြသည်။ အကယ်၍ ဖမ်းမိသဖြင့် သက်ဆိုင်ရာရုံးတင်ကြသော်လည်း ရုံးမှ အာမခံရအောင် ဆောင်ရွက်ပေးကြသည်။

ဤကဲ့သို့ အခြေအနေအရပ်ရပ်အား သတင်းစာကြီးများက မှုခင်းသတင်းထောက်များသည် မိမိတို့၏ သတင်းစာများတွင် ဖော်ပြခဲ့ကြသဖြင့် မှုခင်းသတင်းထောက်အချို့ ပုလိပ်(ရဲ)များနှင့် အတိုက်အခံဖြစ်ကြရသည်ဟု သတင်းများ ထွက်ပေါ်လာခဲ့သည်။ ရန်ကုန်မြို့ပြ ပုလိပ်(ရဲ)အဖွဲ့မှ တာဝန်ရှိသူများသည် ရန်ကုန်မြို့တော်တွင် တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်အရှေ့ပိုင်း ပုလိပ်(ရဲ)ဝန်ထောက်အဖြစ် ဦးဘရီအား ခန့်ထားပြီး ရန်ကုန်အနောက်ပိုင်း ပုလိပ်(ရဲ)ဝန်ထောက်အဖြစ် ဦးထွန်းလှအောင်အား ခန့်ထားခဲ့သည်။ ရန်ကုန်အလယ်ပိုင်း ပုလိပ်(ရဲ)ဝန်ထောက် မစ္စတာလိုဒါကိုမူ ပြောင်းရွှေ့ခန့်ထားခြင်းမပြုခဲ့။

မြန်မာအမျိုးသား ပုလိပ်(ရဲ)ဝန်ထောက်နှစ်ဦးမှာ လူငယ်များဖြစ်သည်သာမက ပုလိပ်(ရဲ)၏ တာဝန်ဝတ္တရားကို တိတိကျကျ လိုက်နာသူများဖြစ်ကြသည်။ ရန်ကုန်မြို့တော်တွင် ပျက်ပြားနေသည့် တရားဥပဒေစိုးမိုးရေးကို လမ်းမှန်ရောက်ရန် ဆောင်ရွက်လိုသူများဖြစ်ရာ သူတို့တတ်နိုင်သလောက် တရားဥပဒေ [illegible] အကောင်အထည်ပေါ်အောင်ကြိုးပမ်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်အနောက်ပိုင်းပုလိပ်(ရဲ)ဝန်ထောက် ဦးထွန်းလှအောင်မှာ ထူးထူးခြားခြား ဥပဒေဘက်တော်သားပီသသူတစ်ဦးဖြစ်သည်။ ရန်ကုန်အနောက်ပိုင်းတွင် ဟိုးဟိုးကျော်နေသော ၃၆ ကောင်ထီဖွင့်သည့် တရုတ်လူမျိုးများကို ဖမ်းဆီးအရေးယူရန် စီမံခဲ့သည်။ ထိုတရုတ်လူမျိုး လောင်းကစားဒိုင်များနှင့် အခြားတရားဥပဒေမဲ့ အဓိကမှုများ ပြုလုပ်နေသော တရုတ်အမျိုးသားများကို နိုင်ငံခြားသားများနှင့်ဆိုင်သော အက်ဥပဒေပုဒ်မ ၃ အရ အရေးယူဖမ်းဆီးခွင့်ကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူများထံမှ တောင်းယူခဲ့သည်။ သက်ဆိုင်ရာ တာဝန်ရှိသူများကလည်း ဦးထွန်းလှအောင် တောင်းခံသည့် အမိန့်ကို အဆောတလျင် ထုတ်ပေးခဲ့သည်။

ဦးထွန်းလှအောင်၏ ဆောင်ရွက်နေမှု အားတက်စေရန် ဖန်တီးသကဲ့သို့ ဖြစ်ပေါ်လာသော ဖြစ်ရပ်ကို အလျဉ်းသင့်သဖြင့် တင်ပြရမည်ဖြစ်၏။ ထိုစဉ်က မြန်မာ့အလင်းသတင်းစာကြီးတွင် "မောင်းသတင်း"ဟူသော အခန်းတစ်ခန်း ထည့်သွင်းဖော်ပြလေ့ရှိ၏။ ထိုအခန်းမှာ ယနေ့သတင်းစာများတွင် ဖော်ပြလေ့ရှိသော "ပြည်သူ့ထံမှပေးစာများ"အခန်းကဲ့သို့ ပြည်သူများက မိမိတို့ရပ်ရွာ၊ ရပ်ကွက်အတွင်း အများပြည်သူ ထိခိုက်နစ်နာစေသော အကြောင်းအရာများကို ဖော်ပြသော အခန်းဖြစ်၏။

အထက်ဖော်ပြပါ မြန်မာ့အလင်း မောင်းသတင်းတွင် ကြည့်မြင်တိုင်မြို့နယ်အတွင်း တရားမဝင်ဖွင့်ထားသော ၃၆ ကောင်ထီအကြောင်း ပါဝင်လာခဲ့သဖြင့် တရုတ်အမျိုးသားအမည်ဖြင့် ဖွင့်ထားသော ၃၆ ကောင်ထီသတင်းမှာ ဟိုးဟိုးကျော်ခဲ့ရသည်။ ဤမောင်းသတင်းသည် ပုလိပ်(ရဲ)ဝန်ထောက် ဦးထွန်းလှအောင်အား တွန်းအားပေးစေသည်ဟု ဆိုရမည်ဖြစ်၏။

ထိုစဉ်ကာလက မှတ်တမ်းများအရ ကြည့်မြင်တိုင်မြို့နယ်အတွင်း ဖွင့်ထားသော ၃၆ ကောင်ထီဝိုင်း၏ ဒိုင်ချုပ်မှာ ရင်ရီကျပ် အရပ်အခေါ် အကျယ်ဆိုသူ တရုတ်အမျိုးသားတစ်ဦးဖြစ်သည်။ အကျယ်သည် ကြည့်မြင်တိုင် ကမ်းနားဘက်မှ လူမိုက်များကို မွေးထားသူဖြစ်၏။ နယ်မြေခံပုလိပ်(ရဲ)များကိုလည်း စို့စို့ပို့ပို့ ငွေပေးထားသူဖြစ်ရကား ၃၆ ကောင်ထီဝိုင်းကို ပြောင်ပြောင်တင်းတင်းဖွင့်ထားသည်။ နောက်ကွယ်တွင်လည်း တရားမဝင် ဘိန်းခန်းများ၊ အရက်ပုန်းဆိုင်များ၊ ပြည့်တန်ဆာခန်းများ ဖွင့်ထားသည်ဟု သတင်းများ ထွက်ပေါ်နေခဲ့၏။

ပုလိပ်(ရဲ)ဝန်ထောက် ဦးထွန်းလှအောင်သည် သူ့လက်ထောက်အရာရှိနှစ်ဦး၊ ရပ်ကွက်သက်သေများနှင့် ပုလိပ်(ရဲ)သား သုံးဦးဖြင့် အထက်ဖော်ပြပါ အကျယ် လောင်းကစားဝိုင်းဖွင့်ထားသော နေအိမ်အား ဝင်ရောက်စီးနင်းခဲ့သည်။ အကျယ်မွေးထားသော ကြည့်မြင်တိုင် လူမိုက်များက ပုလိပ်(ရဲ)ဝန်ထောက် ဦးထွန်းလှအောင်နှင့်အဖွဲ့အား ခုခံရန်ပြင်ဆင်ခဲ့ကြ၏။ သို့သော် ပုလိပ်(ရဲ)ဝန်ထောက် ဦးထွန်းလှအောင်သည် ကြည့်မြင်တိုင် အိုးဘိုဂါတ်(ရဲစခန်း)မှ ပုလိပ်(ရဲ)သား ၂၀ ခန့် အသင့်ခေါ်ယူထားပြီးဖြစ်သဖြင့် အကျယ်နှင့်လူမိုက်များမှာ အဖမ်းခံခဲ့ရတော့၏။

အကျယ်အပါအဝင် အခြားမကောင်းမှုကျူးလွန်သော တရုတ်လူမျိုးများကိုလည်း ဖမ်းဆီး၍ တရားရုံးတော်သို့ တရားစွဲဆိုခဲ့သည်။ တရားရုံးကလည်း ယင်းတရုတ်အမျိုးသားအားလုံးအား တရားဥပဒေအရ ပြည်နှင်ဒဏ်ပေးခဲ့သည်။ ထိုစဉ်က ပုလိပ်(ရဲ)ဝန်ထောက် ဦးထွန်းလှအောင်မှာလည်း ထူးထူးခြားခြား ထင်ပေါ်၍ လူသိများခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံး၍ မြန်မာနိုင်ငံ လွတ်လပ်ရေးအကြိုခေတ်တွင်မူ ဦးထွန်းလှအောင်မှာ Deputy Inspector General of Police ဒုတိယ ပုလိပ်(ရဲ)မင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့၍ အင်းစိန်စီအိုင်ဒီ (မှုခင်းတပ်ဖွဲ့)ဌာနအကြီးအကဲအဖြစ် ထမ်းဆောင်ခဲ့သည်ဟု ဆိုကြပါကြောင်း။ ။

လှမျှော်ထက်

ကျမ်းကိုး-- (၁) သတင်းစာမှတ်တမ်းများ

(၂) The Burma Gagette-1931-1938

www.burmeseclassic.com

www.burmeseclassic.com



# ပုသိမ်သူ

(တရားရေး)

## ပီတိချို

မိမိပျိုးတဲ့အပင်လေး ရှင်သန်သီးပွင့်လာရင် ပျော်ရွှင်ရသလိုမျိုး တရားသူကြီးများဟာလည်း အမှန်အကန်ဆုံးဖြစ်အောင် ဆုံးဖြတ်နိုင်ရင် ပျော်ရွှင် ပီတိဖြစ်ရပါတယ်။ ဘာကြောင့်လဲဆိုတော့ တရားရုံးကိုရောက်လာသူ တော်တော်များများ ၉၅ ရာခိုင်နှုန်းလောက်က အမှန်အတိုင်း မပြောကြလို့ပါ။ ဂျူနီယာတစ်ယောက်က ပြောဖူးတယ်။ ''အစ်မရယ် ကျွန်မတို့တတေ သနားဖို့ကောင်းတယ်၊ လူတကာရဲ့ အညာခံနေရတာ၊ အမှုသည်တွေအားလုံးက ရုံးမှာလာလိမ်နေတာ'' လို့ဆိုတယ်။ [illegible] တော့ ဒီအကြောင်းကို [illegible]

www.burmeseclassic.com

www.burmeseclassic.com


ပဲ။ သူပြောမှ ဟုတ်သားပဲလို့ တွေးမိတယ်။ ပြစ်မှုဖြစ်ရင်လည်း တရားလိုဆိုတဲ့လူက တရားခံဆိုတဲ့လူကို အပြစ်ပိုကြီးအောင် အမှုကလွတ်သွားမှာစိုးလို့ အဖြစ်မှန်ထက် ပိုပြောကြတယ်။ ဖြစ်တုန်းကတော့ ယောကျ်ားနဲ့မိန်းမ ရန်ဖြစ်တာပါ။ ကလေးချင်းစကားများရာက စတာပဲ။ တစ်ယောက်နဲ့တစ်ယောက် ဆွဲကြ၊ လုံးကြ၊ ရိုက်ကြတယ်။ ရုံးရှေ့စစ်တော့ အမျိုးသမီးဖြစ်သူက အကျီုပြဲသွားပါတယ်။ သူ့လက်ကို တရားခံက ဆွဲပါတယ်လို့ ပြောတယ်။ သာမန်ရိုက်မှုဆိုရင် ပြစ်ဒဏ်နည်းမှာစိုးလို့ ကာယိန္ဒြေပျက်စီးအောင် လုပ်ပါတယ်လို့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၅၄ ပါအောင်ထွက်ဆိုတယ်။

ဖြစ်တုန်းကတော့ တစ်ယောက်ချင်းပဲ။ ဟဲ့ တော်ကြတော့လို့ ပြောလည်းပြော၊ ဝင်လည်းတား။ ဆွဲလွဲတဲ့လူပါ တရားခံဖြစ်အောင်၊ အားပေးကူညီမှုဖြစ်အောင် ချုပ်ပေးပါတယ်လို့ ဆိုပြန်တယ်။ တရားခံဆိုတဲ့လူကို ကြည့်ဦးမလား။ သူ့အမှုကလွတ်အောင်လို့ ကြမ်းပိုးကို လိပ်ဖြစ်အောင် ပြောထွက်တယ်။ နေ့ခင်းကြောင်တောင် ရေတွင်းမှာ အခြားသူတွေလည်းရှိပါတယ်။ ဒေါသအလျောက် ဓားဆွဲလာပြီး လည်ပင်းကိုလှီးတယ်။ ရုံးရှေ့မှာစစ်တော့ တရားခံက ရေတွင်းမှာ ဓားသွေးနေတာပါတဲ့၊ သေတဲ့လူနဲ့ စကားများရန်ဖြစ်လို့ ဆွဲရင်းလုံးရင်းကနေ သေသူက ချော်လဲကျပြီး လည်ပင်းကို ဓားထိသွားတာပါတဲ့။ ချော်လဲရုံနဲ့ ဓားပေါ်လည်ပင်းက ကျသွားပါ့မလား။ လဲကျလို့ရတဲ့ ဒဏ်ရာလောက်နဲ့ လူတစ်ယောက် သေနိုင်ပါ့မလား။ စဉ်းစားစရာတွေပါ။ မှသားတွေကြားက ရှန်းထွက်ပြီး အမှုမှန်ပေါ်ပေါက်ရေး၊ မှန်ကန်စွာ ဆုံးဖြတ်နိုင်ရေးကို ကြိုးစားရတာ တရားရုံးပါ။

ရှိပါသေးတယ်။ ဆေးရုံမှာ ရက်(၂၀)ကျော်နေရင် ပြင်းထန်ဒဏ်ရာဖြစ်တယ်၊ ပုဒ်မပိုကြီးတယ်၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၅/၃၂၆ ဆိုရင် ထောင်ဒဏ်မလွဲမသွေချရမှာမို့ ဒဏ်ရာသေးသေးလေးနဲ့ ဆေးရုံကမဆင်းဘဲ ပေကပ်နေတာ ရှိသေးတယ်။ ဥပဒေက ဆိုထားတာက ရက်ပေါင်း (၂၀)ကျော်ကြာအောင် လုပ်ကိုင်မြဲအလုပ်ကို မလုပ်နိုင်လောက်အောင် နာကျင်ဝေဒနာ ခံစားရရင် အပြင်းအထန် နာကျင်စေမှုဖြစ်တယ်လို့ ဆိုလိုတာပါ။

မျှော်လင့်မထားတဲ့အမိန့်မို့
တရားခံက တအားဝမ်းသာသွားတယ်။
ထိုင်ကန်တော့တယ်။
ထီပေါက်ရင် လာကန်တော့မယ်လို့
ပြောသွားသေးတယ်။ ကိုယ်တွေ့ပါ။
ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊
သရက်ကန်ရွာဘက်ကပါ။ ဒီနေ့ထိတော့
ထီမပေါက်တာလား၊
ထီမထိုးတာလားတော့မသိ။ တစ်ခါမှ
မတွေ့တော့ပါ။
ဒါပေမဲ့ ငွေမရှိ တရားရှုံးဆိုတဲ့ မမှန်ကန်တဲ့
အတွေးအခေါ်ကို ပယ်ဖျက်ပေးလို့
ရလိုက်တဲ့ပီတိက
တကယ်ချိုပါတယ် . . .

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံမှာ အရက် (၂၀)နေတိုင်း အပြင်းအထန်နာကျင်စေမှုမဟုတ်ပါဘူး။ ဆေးစာမှာ ပြင်းထန်ဒဏ်ရာလို့ပါအောင် ကြိုးစားသူလည်း ရှိပါသေးတယ်။ ပြင်းထန်ဒဏ်ရာလား၊ သာမန်ဒဏ်ရာလားဆိုတာ ပုဒ်မ ၃၂၀ ပါ ပြဋ္ဌာန်းချက်နဲ့ ပေါ်ပေါက်ထင်ရှားတဲ့ သက်သေခံချက်၊ စာရွက်စာတမ်းများအပေါ် မူတည်ဆုံးဖြတ်ရတာပါ။

ပြစ်မှုတင်လားဆိုတော့ မဟုတ်သေးပါဘူး။ တရားမမှုတွေမှာလည်း ၉၀ ရာခိုင်နှုန်းလောက်က အမှန်ကို မပြောကြပါဘူး။ အမွေခွဲမပေးချင်သူကလည်း မိဘတွေမှာ ဘာမှမကျန်ဘူးလို့ ထွက်ဆိုတယ်။ လိုချင်တဲ့လူကလည်း တစ်ဖက်လူ ဝယ်ထားတဲ့ပစ္စည်းဖြစ်မှန်းသိလျက်နဲ့ အမွေပုံထဲမှာပါတယ်လို့ လက်ညှိုးထိုးတောင်းတယ်။ ငွေရလိုမှုတွေမှာလည်း ငွေဆပ်ရမယ့်လူက စာရွက်လွတ်ပေါ်မှာ လက်မှတ်ထိုးရပါတယ်၊ အတိုးကြီးပေးရတယ်လို့ ပြောပါတယ်။ ငွေချေးတဲ့သူကလည်း အတိုးနဲ့ငွေချေးပါလျက်နဲ့ မေတ္တာအလျောက် အတိုးမဲ့ချေးတယ်လို့ ထွက်ဆိုကြပါတယ်။ ဘယ်ဘက်ကမှန်သလဲဆိုတာ အမှုတွဲပါ သက်သေခံချက်အထောက်အထား၊ ပြဋ္ဌာန်းဥပဒေနဲ့ တိုင်းရတာပါ။ အမှန်ကို ဖော်ထုတ်ဆုံးဖြတ်နိုင်လို့ ခံစားရတဲ့ပီတိက ချိုပါတယ်။ တရားသူကြီးတိုင်း ခံစားဖူးတဲ့ ပီတိပါ။

လူသတ်မှုဆိုတာ မရှိဆင်းရဲသား၊ အသိပညာနည်းပါးသူများ အများဆုံးဖြစ်လေ့ရှိတဲ့အမှုပါ။ ဒေါသကြောင့်လည်း လူသတ်မှုဖြစ်တယ်။ သောက်စားမူးယစ်ပြီး စဉ်းစားဆင်ခြင်နိုင်စွမ်းမရှိဘဲ လက်လွန်ခြေလွန် ဖြစ်တတ်ကြတယ်။ တစ်ခါကဆိုရင် သမီးယောက်ဖနှစ်ယောက် အရက်အတူသောက်ကြတယ်၊ စကားများတယ်၊ တရားခံလုပ်သူက ရှောင်ထွက်သွားတယ်၊ သေသူကအရင် ဓားနဲ့လိုက်ခုတ်တယ်၊ တရားခံကို ခုတ်မိတယ်၊ လဲကျတယ်၊ တရားခံကလည်း ဒေါသထွက်ပြီး အနားမှာရှိတဲ့တုတ်နဲ့ တစ်ချက်ကောက်ရိုက်ပြီး သူလည်း ရထားတဲ့ဒဏ်ရာတွေနဲ့ သတိလစ်သွားတယ်။ တရားခံက ဓားခုတ်ရာ သုံးလေးချက်ကြောင့် ပြင်းထန်ဒဏ်ရာရခဲ့တယ်။ သေ သူကတော့ သူ့ခေါင်းကို တစ်ချက်ရိုက်မိလို့ ဦးနှောက် သွေးယိုပြီး သေသွားခဲ့တယ်။




ကာကွယ်ခုခံပိုင်ခွင့်ရသင့်ပါတယ်လို့ တရားခံက တောင်းဆိုရမှန်းလည်းမသိဘူး။ ဒါပေမဲ့ တရားသူကြီးက ပေးသင့်တယ်လို့ ယူဆတယ်။ တရားခံတစ်ယောက် လွတ်သွားရင် ပတ်ဝန်းကျင်က ငွေရလို့လွတ်တယ်လို့ ထင်ကြမယ်။ အဲဒီတော့ အထင်မခံနိုင်လို့ တရားခံကို ကာကွယ်ခုခံပိုင်ခွင့် မပေးဘဲနေမှာလား။ ဒါလည်း မဖြစ်သေးဘူး။ ဥပဒေကပေးထားတဲ့ သူရသင့်တဲ့ အခွင့်အရေး၊ ဥပဒေရဲ့အကာအကွယ်၊ နိုင်ငံသားတစ်ယောက်အနေနဲ့ ရသင့်တယ်။

တရားသူကြီးဆိုတာ အမှန်ကို အမှန်အတိုင်း ဆုံးဖြတ်ရဲရမယ်။ သေသူက တရားခံကို ဓားနဲ့ခုတ်လို့ တရားခံက တုတ်နဲ့တစ်ချက်ပြန်ရိုက်ကာ ကာကွယ်ခုခံပိုင်ခွင့်ရှိတယ်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၉၆ အရ ပြစ်မှုမမြောက်လို့ အပြီးအပြတ်လွှတ်တယ်လို့ အမိန့်ချလိုက်တဲ့အခါမှာ မျှော်လင့်မထားတဲ့အမိန့်မို့ တရားခံက တအားဝမ်းသာသွားတယ်။ ထိုင်ကန်တော့တယ်။ ထီပေါက်ရင် လာကန်တော့မယ်လို့ ပြောသွားသေးတယ်။ ကိုယ်တွေ့ပါ။ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ သရက်ကန်ရွာဘက်ကပါ။ ဒီနေ့ထိတော့ ထီမပေါက်တာလား၊ ထီမထိုးတာလားတော့မသိ။ တစ်ခါမှ မတွေ့တော့ပါ။ ဒါပေမဲ့ ငွေမရှိ တရားရုံးဆိုတဲ့ မမှန်ကန်တဲ့ အတွေးအခေါ်ကို ပယ်ဖျက်ပေးလို့ ရလိုက်တဲ့ပီတိက တကယ်ချိုပါတယ်။

ပုယိမ်ငှ (တရားရေး)

www.burmeseclassic.com

www.burmeseclassic.com



ဦးဝင်းမြင့် သရုပ်ဆောင်၊

# လရောင်နှင်းဓည့် ဝန်းသခင်

www.burmeseclassic.com

www.burmeseclassic.com





မိတ်ဆက်ပွဲလေးမစခင် စကားလေးနည်းနည်း ပြောကြရအောင်နော်။ ကျွန်တော်တို့မြန်မာနိုင်ငံက အနုပညာသမားတွေ အနုပညာလုပ်ငန်း လုပ်ကိုင်နေကြရတာ နိုင်ငံတော်ပံ့ပိုးမှုနှုန်းထား အားနည်းလွန်းတော့ တခြားနိုင်ငံတွေနဲ့နှိုင်းယှဉ်ကြည့်လိုက်ရင် တော်တော်ကို နောက်ကျကျန်ရစ်နေတယ်ဆိုတာ ပရိသတ်ကြီးအသိပါ။ နည်းပညာတွေက တစ်အားမြင့်လာလေ ဖွံ့ဖြိုးဆဲနိုင်ငံဘဝကကိုမတက်နိုင်တဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အနုပညာပန်တီးမှုပိုင်းတွေ နောက်တန်းရောက်သွားလေပါပဲ။ အခြားနေရာတွေမှာသာ မတိုးတက်တာပါ။ ခိုးတဲ့နေရာမှာတော့ အတော်ကို တိုးတက်လာတယ်လို့ ဆိုရမယ်။





www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်အနေနဲ့ တခြား ထိထိရောက်ရောက် မပံ့ပိုးနိုင်သေးရင်တောင်မှ အဲဒီခိုးကူးခွေကိစ္စကို နှိမ်နင်းဖို့ ထိရောက်တဲ့ ဥပဒေပြုမှုတွေ၊ အရေးယူမှုတွေနဲ့ အရေးတယူ ဆောင်ရွက်ပေးဖို့ လိုအပ်နေပါပြီ။

ရုပ်ရှင်ကားကြီးကဏ္ဍဆိုရင်လည်း ရုပ်ရှင်ရုံတွေ ပျောက်ကွယ်ကုန်တာနဲ့ ရုပ်ရှင်ကို ငွေကုန်ကြေးကျအများကြီးနဲ့ ရိုက်ကူးပြီး ဘယ်လိုလုပ်ငွေပြန်ရှာမလဲ။ ဗီဒီယိုကဏ္ဍကျတော့ရော။ တကယ့် Quality ဖြစ်အောင် အချိန်ကုန်၊ ငွေကုန်ခံပြီး ရိုက်ထားပေမယ့် သာမန်ဗီဒီယိုကားထက် ငွေပိုတောင်းဖို့ မလွယ်ပြန်ဘူး။ ဒီကြားထဲ ခိုးကူးခွေနဲ့ညှားရင် သေပြီဆရာဖြစ်ပြန်ရော။

ကဲ.....နိုင်ငံတော်အနေနဲ့ ရုပ်ရှင်၊ ဗီဒီယိုလုပ်ငန်းတွေ တိုးတက်အောင် အမျိုးသားရေးအသွင်နဲ့ တစ်တပ်တစ်အား ပံ့ပိုးလာပြီဆိုပါစို့။ ရုပ်ရှင်၊ ဗီဒီယို ထုတ်လုပ်မှုတွေလည်း အရှိန်အဟုန်နဲ့လုပ်လာပြီဆိုပါစို့။ ရုပ်ရှင်နဲ့ ဗီဒီယိုလောက အရှည်တည်တံ့ဖို့ အဓိကကျတဲ့ ကဏ္ဍကတော့ ပရိသတ်ရဲ့အားပေးမှုပါပဲ။ ခေတ်မီတိုးတက်တဲ့ ဖန်တီးမှုတွေနဲ့ ရိုက်ကူးထားတဲ့ နိုင်ငံခြားဗီဒီယိုခွေတွေကိုကြည့်ပြီး မြန်မာကားကြည့်ရတာ Feel မလာဘူးဆိုတဲ့ နိုင်ငံခြားအထင်ကြီးရောဂါဟာ မြန်မာ့ရုပ်ရှင်နဲ့ ဗီဒီယိုလောကအတွက်တော့ အဲဒီဘိုလာဗိုင်းရပ်စ်ထက် ဆိုးတဲ့ရောဂါပိုးပါပဲ။ ဘာပဲဖြစ်ဖြစ် မြန်မာရုပ်ရှင်နဲ့ ဗီဒီယိုဇာတ်ကားလေးတွေကို အချိန်ပေးပါ၊ အားပေးကြပါ။ သိန်းရာချီ၊ ထောင်ချီရင်းပြီး ရိုက်ကူးထုတ်လုပ်ထားတဲ့ ဇာတ်ကားတွေကို ပရိသတ်ပြည်သူတွေက ငွေကျပ် တစ်ရာ၊ နှစ်ရာ၊ ငွေကျပ် တစ်ထောင်၊ နှစ်ထောင် အကုန်အကျခံပြီး အားပေးကြပါမှ ထုတ်လုပ်သူတွေ သက်ဆိုးရှည်ပြီး ရုပ်ရှင်နဲ့ ဗီဒီယိုလောကကို အဓွန့်ရှည် တိုးတက်အောင် ဆောင်ရွက်နိုင်မှာပါ။ အချိုကြီးရင်းပြီး မူးစု၊ ပဲစု ပြန်စုရတဲ့အလုပ်မျိုးပါ။ နားလည်မှုဖြင့် အားပေးကြပါ။

ဒီလ မိတ်ဆက်ပေးမယ့် ဇာတ်လမ်းလေးကတော့ ရွှေစင်ဦးဗီဒီယိုထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်မယ့် "လရောင်နမ်းမည့်ပန်းသခင်" ဆိုတဲ့ ဇာတ်လမ်းလေးပါ။ ဝတ္ထုက လုံမ၊ ဇာတ်ညွှန်းက မြတ်လှိုင်း (ကဗျာ)၊ သရုပ်ဆောင်တွေကတော့ နေမင်း၊ ခင်ဝင့်ဝါ၊ ထူးခြား၊ လှမျိုး



www.burmeseclassic.com

www.burmeseclassic.com





သဥ္ဇာနွယ်၊ စိုးမိုးကြည်၊ တင်ဇာဝင်းပြည့်နဲ့ ကျွန်တော် ဦးဝင်းမြိုင်တို့ပဲဖြစ်ပါတယ်။

နေမင်းက 'လရောင်'အဖြစ် သရုပ်ဆောင်ပါတယ်။ လရောင်က နယ်မှာနေတာ။ ဆယ်တန်းအောင်ပြီး အဝေးသင်တက္ကသိုလ်တက်နေတာမို့ ရန်ကုန်မှာ အဆောင်လာနေတယ်။ မုဆိုးမ မိခင်ကြီးကို ဒုက္ခမပေးချင်တာနဲ့ ကားဝပ်ရှော့ခ်မှာ အလုပ်လုပ်ရင်း သူ့ကျောင်းစရိတ်ရော၊ မိခင်ကြီးစားဝတ်နေရေးပါ ကြိုးစားရှာဖွေနေခဲ့သူပါ။ ကျောင်းပိတ်ရက်၊ အလုပ်ပိတ်ရက်ဆုံလို့ မိခင်ကြီးဆီပြန်ပြီး မိခင်ကြီးစားစရိတ် သွားကန်တော့တယ်။ အဲဒီမှာ မိခင်ကြီးက သားမှာချစ်သူရှိနေပြီလားတဲ့။ လရောင်က မိခင်ကို ညာမပြောဘူး။ သူအလုပ်လုပ်တဲ့ ကားဝပ်ရှော့ခ်မှာ ကားလာပြင်ရင်းတွေ့ပြီး ရင်းနှီးသွားရာက ချစ်သူဖြစ်ခဲ့ရတဲ့အကြောင်း၊ ချစ်သူရဲ့အမည်က 'သွန်းစံအိမ်'၊ တက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသူဖြစ်တဲ့အကြောင်း ပြောပြတယ်။

လရောင်ရဲ့မိခင်ကြီး ဒေါ်မြခင်အဖြစ် စိုးမိုးကြည်၊ လရောင်ရဲ့ချစ်သူ သွန်းစံအိမ်အဖြစ် ခင်ဝင့်ဝါတို့က သရုပ်ဆောင်ထားကြပါတယ်။

သွန်းစံအိမ်က မိဘမရှိတော့ဘူး။ အဒေါ်အိမ်မှာကပ်နေရတာ။ အဒေါ် ဒေါ်သီရိရဲ့ယောကျ်ား ဦးအောင်မောင်းက လောင်းကစားဝါသနာကြီးတယ်။ အဒေါ်မှာသမီးတစ်ယောက်ရှိတယ်။ သွန်းစံအိမ်ရဲ့ ညီမဝမ်းကွဲပေါ့။ နာမည်က 'ကေဇင်'တဲ့။ ကေဇင်က သူ့ကို အပေါ်စီးက ဆက်ဆံတတ်တယ်။ ကေဇင့်အဖေ ဦးအောင်မောင်းကလည်း သူ့ကို သမီးရင်းနဲ့ ခွဲခြားဆက်ဆံတတ်တယ်။ မျက်နှာသာမပေးဘူး။ ဦးအောင်မောင်း၊ ဒေါ်သီရိအဖြစ် ဦးဝင်းမြိုင်နဲ့ တင်ဇာဝင်းပြည့်၊ ကေဇင်အဖြစ် ကြည်စင်သန့်တို့က သရုပ်ဆောင်ထားကြပါတယ်။

သွန်းစံအိမ်ရဲ့တာဝန်က ကေဇင်သွားချင်တဲ့နေရာတွေကို ကားမောင်းပြီးလိုက်ပို့ရတယ်။ သူ့အရိပ်တော့လည်း သူ့အလုပ်ကိုလုပ်ပေးရမှာပေါ့လေ။ သူ့နဲ့လရောင်

www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းကို ဒေါ်သီရိ သိတယ်။ လရောင်လို မပြည့်စုံ၊ ချို့တဲ့သူနဲ့ သဘောမတူနိုင်ဘူးပေါ့။ ဒါကို လရောင်သိတော့ သွန်းစံအိမ်ရဲ့သဘောထားကိုမေးတယ်။ အလုပ်ကြိုးစားတယ်။ သူ့အပေါ် ကြင်နာ ဂရုစိုက်တဲ့ လရောင်ကို အချစ်မလျှော့ကြောင်း၊ ယုံကြည်အားကိုးကြောင်း ပြောတယ်။

ဦးအောင်မောင်းတို့အိမ်ကို အမြဲဝင်ထွက်နေတဲ့ ကိုသိန်းထိုက်ဆိုတဲ့လူတစ်ယောက်ရှိတယ်။ သူက သွန်းစံအိမ်ကို သဘောကျနေတာ။ အိမ်လာလို့ လက်ဆောင်ပေးရင် ကေဇင့်အတွက် သာမန်ပစ္စည်းလောက်ပဲပေးပြီး သွန်းစံအိမ်အတွက်ကို အဖိုးတန်တွေပေးတယ်။ ကေဇင် မကျေနပ်ဘူး။ ကိုသိန်းထိုက်ရှေ့မှာတင်ပဲ သူ့ကိုပေးတဲ့ပစ္စည်းတွေ သွန်းစံအိမ်ကို ပေးပစ်လိုက်တယ်။

လောင်းကစားဝါသနာကြီးလွန်းတဲ့ သွန်းစံအိမ်ရဲ့ ဦးလေး ဦးအောင်မောင်းဟာ လောင်းကစားဝိုင်းတစ်ခုမှာ အကြီးအကျယ်ရှုံးတယ်။ သိန်း ရာနဲ့ချီပြီး ကြွေးတင်သွားတယ်။ ကြွေးရှင်က တစ်ပတ်အတွင်းပေးဖို့ပြောတော့ ဦးအောင်မောင်း အကြပ်ရိုက်တော့တာပေါ့။ မိန်းမဖြစ်သူ ဒေါ်သီရိနဲ့ တိုင်ပင်တဲ့အခါ ကိုသိန်းထိုက်ဆီ အကူအညီတောင်းကြည့်ဖို့ အကြံဉာဏ်ပေးတယ်။ ကိုသိန်းထိုက်က သွန်းစံအိမ်နဲ့ လက်ထပ်ရမယ်ဆိုရင် ဦးအောင်မောင်းတောင်းတဲ့ အကူအညီကို ပေးမယ်ပေါ့။

သွန်းစံအိမ် Class မရှိတဲ့အချိန် ဘုရားသွားချင်တယ်ဆိုလို့ လရောင်က ဝပ်ရှော့ပိုင်ရှင်ထံခွင့်တောင်းပြီး ဘုရားလိုက်ပို့တယ်။ ဘုရားမှာ ပန်း၊ ရေချမ်း၊ ဆီမီးတွေလှူပြီး သောကတွေကင်းဝေးလို့ အမြန်နီးစပ်ဖို့ ဆုတောင်းခဲ့ကြတယ်။ ဆုတောင်းမပြည့်ခဲ့ရပါဘူး။ သွန်းစံအိမ် အိမ်ပြန်ရောက်တော့ ဒေါ်သီရိက ကိုသိန်းထိုက်နဲ့ လက်ထပ်ပေးမယ့်အကြောင်း ပြောတော့တာပဲ။ သွန်းစံအိမ်က ငြင်းတယ်။ တစ်သက်လုံး ကျွေးမွေးစောင့်ရှောက်လာခဲ့တဲ့ ကျေးဇူးကိုထောက်ပြီး အခုလိုအခက်အခဲဖြစ်နေချိန်မှာ သူတို့ကျေးဇူးကို ပြန်ဆပ်ဖို့ပြောတယ်။ အခုလိုငြင်းနေတာဟာ လရောင်ကြောင့်ဆိုရင် လရောင်ကို ဒုက္ခရောက်သွားအောင် လုပ်ပစ်မယ်လို့ ဦးအောင်




www.burmeseclassic.com

www.burmeseclassic.com





မောင်းက ခြိမ်းခြောက်တယ်။

ဒီအကြောင်းတွေကို သွန်းစံအိမ်က လရောင်ကို ဝမ်းနည်းငိုကြွေးပြီး ပြောတဲ့အခါ သွန်းစံအိမ်ကို ဆုံးရှုံးမခံနိုင်ကြောင်း၊ စာနာစိတ်မရှိတဲ့လူတွေလက်ထဲမှာ မထားနိုင်ကြောင်း၊ မထားရက်တဲ့အကြောင်း၊ သူ့ကိုယုံကြည်ပြီး သူ့နောက်လိုက်ခဲ့ဖို့ လရောင်ကပြောတဲ့အခါ သွန်းစံအိမ် သဘောတူခေါင်းညိတ်လိုက်ပါတယ်။

ဒီလိုနဲ့ လရောင်နောက်ကို လိုက်ခဲ့ပါတော့တယ်။ လှည်းကူးဘက်သွားတဲ့ကားပေါ်မှာ တစ်ယောက်လက်ကို တစ်ယောက် ယုံကြည်မှုတွေနဲ့ တင်းတင်းဆုပ်ကိုင်လို့လိုက်ပါလာတယ်။ လူတွေဟာ ကံကြမ္မာလမ်းကြောင်းပေါ်မှာ လျှောက်နေကြတာပါ။ လရောင်တို့စီးလာတဲ့ ကားဟာ ထောက်ကြန့်လမ်းဆုံ အလွန်မှာ မျက်နှာချင်း ဆိုင်ကားတစ်စီးနဲ့ တိုက်မိတယ်။ သွန်းစံအိမ်ခေါင်းနဲ့ မျက်လုံးတွေမှာ ဒဏ်ရာရသွားတယ်။ လရောင်မိခင်ဆေးရုံကိုလိုက်လာတယ်။ ဆရာဝန်က သွန်းစံအိမ်ရဲ့ အခြေအနေမှာ မျက်လုံးက အဆိုးဆုံးလို့ပြောတယ်။ လရောင်တို့သားအမိ စိတ်မကောင်းကြဘူး။

သွန်းစံအိမ် ခိုးရာလိုက်သွားတဲ့အတွက် ဦးအောင်မောင်းနဲ့ ဒေါ်သီရိတို့ ဒေါကန်ကြတာပေါ့။ မရရအောင်လိုက်ရှာခဲ့ပြီး ကိုသိန်းထိုက်နဲ့ ပေးစားမှုဖြစ်မယ်ပေါ့။ အဲဒီအချိန်မှာ ကိုသိန်းထိုက်ဆီက ဖုန်းဝင်လာတယ်။ သွန်းစံအိမ်ရဲ့သတင်းကို သူ့တပည့်တွေပြောတာပြီး စုံစမ်းခိုင်းတာ ကား Accident ဖြစ်ပြီး လှည်းကူးဆေးရုံမှာတင်ထားရကြောင်း မျက်လုံးထိခိုက်ပြီး မျက်မမြင်ဖြစ်ဖို့ ၁၀ ရောက်နေပြီဖြစ်လို့ သွန်းစံအိမ်ကို လက်မထပ်နိုင်တော့ကြောင်း ပြောလာတော့ ဦးအောင်မောင်းတို့ စိတ်ဓာတ်အကြီးအကျယ်ကျတော့တာပေါ့။ အခြားဒဏ်ရာတွေ သက်သာသွားလို့ ဆေးရုံကဆင်းလာတဲ့အခါ လရောင်မိခင် ဒေါ်မြခင်က သွန်းစံအိမ်ကို အားမငယ်ဖို့ အားပေးစကားပြောပြီး ကျေးရွာလူကြီးတွေရှေ့မှာ လရောင်နဲ့ သွန်းစံအိမ်တို့ကို လက်ထပ်ပေးလိုက်ပါတယ်။

လရောင် အလုပ်မဆင်းတာကြာတော့ အလုပ်ရှင်က လူသစ်ခန့်လိုက်တဲ့အတွက် လရောင်လောလောဆယ် အလုပ်လက်မဲ့ဖြစ်သွားတယ်။ မိခင်ကရော၊ သွန်းစံအိမ်ကပါ စိတ်ဓာတ်မကျဖို့ အားပေးကြပါတယ်။ ဒီလိုနဲ့ ကားဝပ်ရှော့ခ်မှာလုပ်တုန်းက ရင်းနှီးခဲ့တဲ့ ကားပွဲစားတစ်ယောက်နဲ့ဆုံပြီး ကားအရောင်းအဝယ်တစ်ခုမှာ လရောင်ရဲ့ ကားအကြောင်းနားလည်တဲ့ပညာကြောင့် အကျိုးအမြတ်ရသွားလို့ လရောင်ကို ထိုက်ထိုက်တန်တန် ဘောက်ဆူးပေးတဲ့အပြင် သူနဲ့လက်တွဲဖို့ ကမ်းလှမ်း လာလို့ လရောင် ပျော်သွားတယ်။ ဒီလိုနဲ့ ကားအရောင်းအဝယ်တစ်ခုမှာ 'မိုးသိင်္ဂီ''နဲ့ဆုံဖြစ်တယ်။ မိုးသိင်္ဂီက တစ်ခုလပ်။ လရောင်ရဲ့ပညာနဲ့ လူငယ်ဘဝကို ပိုင်ဆိုင်ချင်တဲ့အတွက် ရေလာမြောင်းပေးရွေ့ အများ

www.burmeseclassic.com

www.burmeseclassic.com





တယ်။ အိမ်အပြန်မှာ အမေနဲ့ ညီမလေးအတွက်
လက်ဆောင်တွေလည်းပေးတယ်။

အိမ်မှာ မိခင်အတွက်ရော၊ သူနှစ်အိမ်အတွက်ပါ
ရေချိုးဖို့ ရေခပ်ပေးခဲ့ပြီး မိုးသီဂီအိမ်ကိုရောက်လာတယ်
အိမ်ဖော်မလေးက တံခါးဖွင့်ပေးတယ်။ Breakfast ကို
သူဌေးစာတွေလုပ်ကျွေးတယ်။ မိုးသီဂီက ညဝတ်အင်္ကျီ
ခပ်ပါးပါးလေးဝတ်ပြီး လရောင်နားကို ကပ်ထိုင်တယ်
အစားအသောက်တွေ ကိုယ်တိုင်ကျွေးတယ်။ ပြီးတော့
City Mart ကို ခေါ်သွားပြီး အဝတ်အစားတွေ ဝယ်ပေး
တယ်။ Toilet ထဲဝင်ပြီး ချက်ချင်းလဲခိုင်းတယ်။ အဝတ်
အစားအသစ်နဲ့ လှပနေတဲ့ လရောင်ကိုငေးကြည့်ပြီး ကျေ
ကျေနပ်နပ်ကြီး ပြုံးနေတယ်။

သူနှစ်အိမ်ရဲ့မျက်စိကို မျက်စိအထူးကုဆရာဝန်ကြီး
နဲ့ ပြတဲ့အခါ ပြန်မြင်နိုင်ကြောင်း၊ ငွေကြေးအကုန်အကျ
များမယ့်အကြောင်း ပြောပြတော့ လရောင်က ကုပေး



ကြီးလုပ်တော့တာပေါ့။
လရောင်က မိခင်မုဆိုးမကြီးနဲ့
မျက်မမြင်ဒုက္ခိတ ညီမလေးကို
လုပ်ကျွေးနေရတာဆိုတော့ အသ
နားတွေပိုသွားပြန်ရော။ ဒီတော့ ကား
အရောင်းအဝယ်လုပ်ငန်းအပြင် သူမရဲ့
ကားကို မောင်းပေးရမယ့်အလုပ်ကိုပေး

www.burmeseclassic.com

www.burmeseclassic.com



ချင်တာပေါ့။ လရောင်ရဲ့နောက်ကြောင်းကို မိုးသိင်္ဂီ စုံစမ်းတဲ့အခါ သွန်းစံအိမ်ဟာ ညီမ မဟုတ်ဘဲ လက်ထပ်ထားတဲ့ဇနီးဆိုတာ သိလိုက်ရတယ်။ အဲဒီမှာ မိုးသိင်္ဂီက အကွက်ဆင်တော့တာပေါ့။ ညီမရဲ့မျက်စိကုဖို့ လိုတဲ့ငွေကို သူကူညီမယ်ဆိုပြီး လိုသလောက်ကိုယူဖို့ မီးခံသေတ္တာသော့ ပေးလိုက်တယ်။ လရောင်က စိတ်ရင်းနဲ့ ကူညီတယ်ထင်ပြီး မီးခံသေတ္တာဖွင့်ပြီး လိုသလောက်ခန့်မှန်းပြီး ယူလိုက်တယ်။ ဒါကို CCTV Camera နဲ့ရိုက်ထားလိုက်တယ်။ ပြီးတော့မှ လရောင်ကို အကျပ်ကိုင်တော့တာပေါ့။ သူ့ကိုလက်ထပ်ရင်လက်ထပ်၊ လက်မထပ်ရင် ဖောက်ထွင်းမှုနဲ့ အမှုဖွင့်မယ်ပေါ့။ ကဲ.....သွန်းစံအိမ်နဲ့ မိုးသိင်္ဂီတို့ကြား လရောင် ဘယ်လိုသောကတွေနဲ့ ဘာတွေဖြစ်လာမလဲဆိုတာကို ဒါရိုက်တာ အကယ်ဒမီ ကိုဇော် (အရုဏ်ဦး)က စိတ်လှုပ်ရှားဖွယ်ဖြစ်အောင် ရိုက်ပြထားတာပါ။ မိုးသိင်္ဂီအဖြစ် ပြီးခဲ့တဲ့ ဖွန်လကုန်ကမှ အိမ်ထောင်ပြုထားတဲ့ မင်းသမီး လှမျိုးသဥ္ဇာနွယ်က သရုပ်ဆောင်ထားတာပါ။

အစပိုင်းမှာ ကျွန်တော်ပြောခဲ့သလို ပရိသတ်ကြီးက အားပေးမှုကို အလေးအနက်ထားပေးကြပါလို့ ပန်ကြား တင်ပြရင်း.....။ ။

ဦးဝင်းမြိုင် (သရုပ်ဆောင်)


# ခရသင်း၊ သမင်ဖြူ

ခရသင်း၊ သမင်ဖြူ၊ အနာကြီးရောဂါ၊ **Fungus-Psoriasis**
မှိုစွဲရောဂါများ၊ ဖြူ-နီ-နက်ကွက်များ ကာလသားရောဂါ၊ ဆီးပူညောင်းသာကျ၊
ဂနိုရီးယား၊ ဆစ်ပလစ်၊ ရှန်ကရိုက်၊ ရေယုန်၊ ရိုဖြူ-ရိုနီဆင်းရောဂါ၊
အသားမည်းခြောက်ခြင်း၊ ပူခြင်း၊ ယားယံခြင်းရောဂါ၊ ပွေး-ဝဲ-နှင်းခူ-ညှင်း၊
ယားနာအမျိုးမျိုးကို အာမခံနှင့် ကုပေးသည်။

CHISHTI MISSION ကျွန်းကလေးဆရာကြီးဆေးတိုက်
အမှတ်(၂၅၁)၊ ၂၈လမ်း၊ ၈၁×၈၂ ကြား၊ ဈေးချိုအနီး၊ မန္တလေးမြို့။
ဖုန်း - ၀၉ ၄၉၂ ၇၀၉၅၁၊ ၀၉ ၄၀၂၅၄၃၆၂၉

ပင်ရင်း-အမှတ်(၇၀၆)၊ ကျွန်းကလေး၊
လှည်းကူး၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၆၂၉၅၄၈၊ ၀၉ ၄၂၁၀၀၆၅၄၅


www.burmeseclassic.com

www.burmeseclassic.com



# လှမိုး (ပညာရေး)

# ဘုရင်ခံဆာဟာကုတ်ဘတ္တလာ နှင့် ဘိန်းခန်းများ



၂၀၁၄ ခုနှစ်၊ ဇူလိုင်လထုတ် ''ဘကယ်ဖြစ်ရပ်မှန်မဂ္ဂဇင်း''တွင် ''ကိုလိုနီခေတ်အရဏ်ဦးမှအထောက်တော်''အမည်ဖြင့် ခရစ်နှစ် ၁၈၈၅ ခုနှစ်တွင် ဗြိတိသျှနယ်ချဲ့သမား အထက်မြန်မာနိုင်ငံအား သိမ်းပိုက်ရန် သို့ဝှက်စွာ ကြံဆောင်နေပုံနှင့် ထိုစဉ်က မြန်မာပြည်သူများက ''လက်ထက်တော်ကလေး''ဟု ကင်ပွန်းတပ်ထားသော သီပေါမင်းခေတ် ရတနာပုံနေပြည်တော်အခြေအနေကို ရေးသားဖော်ပြခဲ့ပါသည်။

ဤသို့ရေးသားဖော်ပြရာတွင် နာမည်ကျော် စာရေးဆရာမကြီး ဘင်နီဆင်ဂျက်ဆီရေးသော ''The Lacquer Lady''စာအုပ်နှင့် ထိုစာအုပ်၏ အဓိကဇာတ်ဆောင် ဖန်နီ(Fanny) အမည်ခံ ဂရိလူမျိုးနှင့် မြန်မာအမျိုးသမီးတို့မှ ပေါက်ဖွားသူ သီပေါမင်း၏မဟေသီ စုဖုရားလတ်၏အတိုင်ပင်ခံ အပျိုတော်အကြောင်း ရေးသားဖော်ပြခဲ့ပါသည်။

(ထိုစာအုပ်ကို ကွယ်လွန်သူ စာရေးဆရာကြီး မြသန်းတင့်က ''ယွန်းခင်ခင်''အမည်ဖြင့် တိတိပပတိုက်ရိုက် လုံးစေ့ပတ်စေ့ မြန်မာဘာသာပြန်ဆို ထုတ်ဝေပြီးဖြစ်ပါသည်။ အခြား ကလောင်အမည်မမှတ်မိသော စာရေးဆရာကြီးတစ်ဦးကလည်း ''ယွန်းရုပ်နတ်မယ်'' အမည်ဖြင့် တိုက်ရိုက်မြန်မာဘာသာပြန်ဆိုထုတ်ဝေခဲ့ပြီးဖြစ်၏။)

www.burmeseclassic.com

www.burmeseclassic.com



ဆာဟာကုတ် ဘတ္တလာ

ထို"လက်ကားလေဒီ" စာအုပ်ကိုရေးသားသူ စာရေးဆရာမကြီး တင်နီဆင်ဂျက်ဆီသည် ယင်းစာအုပ်ကို ၁၉၂၇ ခုနှစ်ခန့်က ဗြိတိသျှခေတ် မြန်မာနိုင်ငံတွင် ဘုရင်ခံအဖြစ် ဆောင်ရွက်သူ ဆာဟာကုတ်ဘတ္တလာအား ရည်ညွှန်းခဲ့ပါသည်။ မှတ်တမ်းများအရ ထိုကာလက ဗြိတိသျှမြန်မာနိုင်ငံတော်နှင့် ပတ်သက်သော စာအုပ်တစ်အုပ် ရေးသားပြုစုရန် တင်နီဆင်ဂျက်ဆီသည် ရန်ကုန်မြို့သို့ ခေတ္တရောက်ရှိခဲ့သည်။ တင်နီဆင်ဂျက်ဆီမှာ ဗြိတိသျှခေတ် မြန်မာနိုင်ငံဘုရင်ခံနှင့် ခင်မင်ရင်းနှီးသူတစ်ဦးဖြစ်သဖြင့် ဘုရင်ခံ၏ဧည့်သည်တော်အဖြစ် ဘုရင်ခံအိမ်တွင် တည်းခိုနေထိုင်ခဲ့သည်။ ဤသို့နေထိုင်စဉ် ဆာဟာကုတ်ဘတ္တလာက အထက်ဖော်ပြပါ သီပေါမင်း၏ မပဟောသီ စုဖုရားလတ်၏အတိုင်ပင်ခံ လက်စွဲတော် "ဖန်နီ"ကို အဓိကဇာတ်ဆောင်ထား၍ စာအုပ်တစ်အုပ်ရေးသားရန် တိုက်တွန်းခဲ့သည်သာမက ထိုစာအုပ် ရေးသားပြုစုနိုင်ရန် ထိုကာလက ထိပ်တန်းလျှို့ဝှက်အဆင့်အဖြစ် သတ်မှတ်ထားသော အစီရင်ခံစာများ၊ မှတ်တမ်းများ၊ နေ့စဉ်မှတ်တမ်းများကို ရှာဖွေပေးခဲ့၍ စနစ်တကျ လေ့လာသုတေသနပြုလုပ်ခဲ့ပြီး ဆရာမကြီး တင်နီဆင်ဂျက်ဆီသည် ထိုဝတ္ထုကို ရေးသားပြုစုခဲ့ခြင်းဖြစ်၏။

ထိုဝတ္ထုမှာ လက်ထက်တော်ကာလေးခေတ်ကို ခရေစေ့တွင်းကျ ရေးသားဖော်ပြနိုင်ခဲ့သဖြင့် မြန်မာနိုင်ငံသမိုင်း ရေးသားပြုစုသော သုတေသီများ လက်ကိုင်ထားရသော သမိုင်းနောက်ခံဝတ္ထုတစ်ပုဒ်ဖြစ်ခဲ့သည်။ ထုတ်ဝေခဲ့စဉ်က အရောင်းရအသွက်ဆုံးဝတ္ထုဖြစ်ခဲ့ရာ ယနေ့ထိ အကြိမ်ကြိမ် ပြန်လည်ထုတ်ဝေနေသော်ငြားလည်း ယင်းဝတ္ထုထုတ်ဝေစဉ်က အင်္ဂလန်နိုင်ငံမှ ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီကြီးတစ်ခုက ရုပ်ရှင်ရိုက်ကူးရန် ကမ်းလှမ်းခဲ့သည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း အကြောင်းကြောင်းကြောင့် ရုပ်ရှင်ရိုက်ကူးခြင်းမပြုခဲ့ရဟု ဆိုသည်။

ထို့အတူ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ကျော်ခန့်က ကျွန်တော်တို့မြန်မာနိုင်ငံသို့ရောက်ရှိခဲ့သော ဗြိတိသျှ အရာရှိတစ်ဦးဖြစ်ခဲ့သူ ဗီစီအိုကွန်နာသည် မြန်မာနိုင်ငံနှင့်ပတ်သက်သော စာအုပ်နှစ်အုပ် ရေးသားခဲ့သည်။ ထိုစာအုပ်နှစ်အုပ်လုံးမှာ သူ၏အတွေ့အကြုံများ၊ အကြားအမြင်များကို တိတိပပ အထောက်အထား ခိုင်ခိုင်မာမာနှင့် အခြေခံ၍ ရေးသားခဲ့ခြင်းဖြစ်၏။ တစ်အုပ်မှာ "ပိုးသားမှုင်အရှေ့တိုင်း"The Silken East ဆိုသောစာအုပ်ဖြစ်ပြီး ဒုတိယတစ်အုပ်မှာ Mandalay And Other Cities Of The Past in Burma "မန္တလေးနှင့် အတိတ်မြို့တော်များ" ဆိုသည့်စာအုပ်ဖြစ်၏။ (ထိုစာအုပ်အား ကွယ်လွန်သူစာရေးဆရာကြီး မြသန်းတင့်က "သမိုင်းထဲက မန္တလေး မန္တလေးထဲကသမိုင်း"ဟူသောအမည်ဖြင့် တိုက်ရိုက်လုံးစေ့ပတ်စေ့ မြန်မာဘာသာပြန်ဆိုထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။) ထိုစာအုပ်နှစ်အုပ်သည် သမိုင်းကျမ်းများ ဖြစ်သည်သာမက ခရီးသွားမှတ်တမ်းလည်းဖြစ်ပါသည်။ မြန်မာ့သမိုင်းသုတေသီများက အထောက်အထားပြုခဲ့သော ရည်ညွှန်းကျမ်းများဖြစ်ပါသည်။ ထိုကျမ်းစာအုပ်နှစ်အုပ်ကို ရေးသားပြုစုခဲ့သော ဗီစီအိုကွန်နာသည် အထက်ဖော်ပြပါ စာအုပ်များ ရေးသားပြုစုနိုင်ရန် သူ့အား မြန်မာနိုင်ငံဘုရင်ခံ ဆာဟာကုတ်ဘတ္တလာ

www.burmeseclassic.com

www.burmeseclassic.com



က အကူအညီ အများဆုံးပေးခဲ့သည်ဟု သူ့စာအုပ်များ၏ အမှာစာတွင် ရေးသားဖော်ပြခဲ့၏။

''ပိုးသားမျှင်အရှေ့တိုင်း''ဟူသော စာအုပ် ဒုတိယအကြိမ် ပုံနှိပ်ထုတ်ဝေရာတွင် ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာက အမှာစာရေးသားခဲ့သည်ကို တွေ့ရသည်။ ဤကဲ့သို့ မြန်မာနိုင်ငံအကြောင်း ရေးသားဖော်ပြခဲ့သော ဂန္ထဝင်စာအုပ်များအား ဖတ်ရှုခဲ့မိသော ကျွန်တော်သည် ဗြိတိသျှအမျိုးသား ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာအား အထူးလေးစားခဲ့မိသည်သာမက သူသည် ကျွန်တော့်အတွက် ဒဏ္ဍာရီတစ်ပုဒ်ဖြစ်ခဲ့ရ၏။ ဆာဟာကုတ်ဘတ္တလာသည် ကျွန်တော်တို့ မြန်မာနိုင်ငံသမိုင်းနှင့်သာမက ကျွန်တော်တို့ မြန်မာနိုင်ငံ၏ ပညာရေးသမိုင်းနှင့်ပါ ဆက်စပ်နေသူလည်းဖြစ်ပြီး မြန်မာအမျိုးသားများ လေးစားသော ဘုရင်ခံတစ်ယောက်ဟု ဆိုရမည်ဖြစ်ပါသည်။

ကျွန်တော်သည် ဗြိတိသျှအမျိုးသား ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာကို လူကိုယ်တိုင် မမြင်ဖူးပါ။ သူ့ကို မမီလိုက်ပါ။ သူသည် ခရစ်နှစ် ၁၉၁၅ ခုနှစ်၊ အောက်တိုဘာလတွင် မြန်မာနိုင်ငံလက်ထောက်ဘုရင်ခံ (Lieutenant Governor)အဖြစ် ထမ်းဆောင်ခဲ့ရ၏။ ထိုစဉ်ကာလက မြန်မာနိုင်ငံအား အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်နယ်အဖြစ် သတ်မှတ်ထားရာ ထိုအုပ်ချုပ်ရေးစနစ်အရ မြန်မာနိုင်ငံ၏ ဘုရင်ခံမှာ အိန္ဒိယနိုင်ငံ ဘုရင်ခံချုပ်၏ လက်အောက်ခံ ဒုတိယဘုရင်ခံသာဖြစ်၏။ ၁၉၁၇ ခုနှစ်တွင် အိန္ဒိယသို့ ပြောင်းရွှေ့သွားခဲ့ရ၏။

ဆာဟာကုတ်ဘတ္တလာသည် ၁၉၂၃ ခုနှစ်တွင် အုပ်ချုပ်ရေးအသစ်အရ မြန်မာနိုင်ငံသို့ ဘုရင်ခံအဖြစ် ဒုတိယအကြိမ် ပြန်ရောက်လာပြီး ၁၉၂၇ ခုနှစ်ထိ တာဝန်ထမ်းဆောင်သွားခဲ့သည်။

သူ ဘုရင်ခံအဖြစ်မှ အငြိမ်းစားယူသွားပြီးမှ ကျွန်တော် ဖွားမြင်ခဲ့ခြင်းသာဖြစ်ပါသည်။ သို့သော် လူလူသူသူဖြစ်လာသော စစ်ကြိုခေတ်တွင်မူ မြန်မာ့အလင်းသတင်းစာဟောင်းများ၊ သူရိယသတင်းစာဟောင်းများ၊ မြန်မာ့အလင်းမဂ္ဂဇင်း၊ သူရိယမဂ္ဂဇင်းနှင့် ဒဂုံမဂ္ဂဇင်းများတွင် သူ့အကြောင်းရေးသားဖော်ပြသည့် ဆောင်းပါးများကို ဖတ်ရှုခဲ့ရသဖြင့် သူ့အား ထူးထူးခြားခြား စိတ်ဝင်စားခဲ့ရသည်ဟု ဆိုရမည်ဖြစ်ပါသည်။

ဆာဟာကုတ်ဘတ္တလာကို ခရစ်နှစ် ၁၈၆၉ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၌ ဖွားမြင်ခဲ့သည်။ ငယ်စဉ်က ထူးချွန်ထက်မြက်သော ကျောင်းသားတစ်ဦးဖြစ်သည်။ အောက်(စ်)ဖို့ဒ်တက္ကသိုလ်တွင် ပညာဆည်းပူးခဲ့ပြီး ခရစ်နှစ် ၁၈၉၀ ပြည့်နှစ်တွင် အိုင်စီအက်(စ်) Indian Civil Service စာမေးပွဲ အောင်မြင်ခဲ့သည်။ ထိုကာလက အိုင်စီအက်(စ်)စာမေးပွဲ အောင်မြင်သူများမှာ ပျိုတိုင်းကြိုက်သည့်နှင်းဆီခိုင်များဖြစ်ကြရာ လူငယ်အများ စိတ်ဝင်စားသော စာမေးပွဲဖြစ်သည်။ ထိုစာမေးပွဲ အောင်မြင်သူများသည် အိန္ဒိယနိုင်ငံနှင့် အိန္ဒိယနိုင်ငံ၏ ပြည်နယ်ကြီးတစ်နယ်ဟု သတ်မှတ်ထားသော မြန်မာနိုင်ငံတို့တွင် မြို့အုပ် (မြို့နယ်အုပ်ချုပ်ရေးမှူး)၊ နယ်ပိုင်၊ ဝန်ထောက်၊ အရေးပိုင် (ခရိုင်အုပ်ချုပ်ရေးမှူး)၊ တိုင်းမင်းကြီးနှင့် အတွင်းဝန်များ ဖြစ်လာကြသည်။ ကံကောင်းသူများမှာ အတွင်းဝန်



www.burmeseclassic.com

www.burmeseclassic.com



**ဗြိတိသျှနှင့် မဟာမိတ်တို့၏ လက်နက်ထုတ်လုပ်ရေးတွင် ဝူဖရန်သတ္တုမှာ အထူးအရေးပါသော သတ္တုဖြစ်သည်။ ယင်းဝူဖရန်သတ္တုအား မြန်မာနိုင်ငံ၊ ထားဝယ်ခရိုင်မှ ရရှိ၏။ ဒုတိယဘုရင်ခံ ဟာကုတ်ဘတ္တလာမှာ အထူးအမျှော်အမြင်ကြီးသူဖြစ်ရကား ထားဝယ်ခရိုင်သို့ သူကိုယ်တိုင်သွားရောက်၍ ...**

ချုပ်ရာထူး၊ ဘုရင်ခံရာထူးများ ရကြ၏။ အငြိမ်းစားယူသည့်အခါတွင်လည်း ဘွဲ့ထူးများ၊ ဂုဏ်ထူးများရကြသဖြင့် ထိုအိုင်စီအက်များကို " Heaven-born" မိုးကျရွှေကိုယ်များဟု လူအများက ကင်ပွန်းတပ်ခဲ့ကြသည်။

ခရစ်နှစ် ၁၈၉၄ ခုနှစ်တွင် မစ္စက် ဖလောရင့်(စ်)နှင့် လက်ထပ်ခဲ့သည်။ ၁၈၉၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ ပြည်နယ်ကြီးတစ်နယ်ဖြစ်သော ယူနိုက်တက်ပရိုဗင့်ပြည်နယ်၏မြို့တော် အလာဟာဘတ်မြို့တော်ဝန်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ သူ၏ကြိုးပမ်းဆောင်ရွက်မှု၊ ဒေသခံများ၏ ချစ်ကြည်လေးစားမှုကြောင့် တစ်နှစ်ခွဲအတွင်း ယင်းပြည်နယ်၏ အတွင်းဝန်ကလေးရာထူး ထမ်းဆောင်ခဲ့ရ၏။ ဟာကုတ်ဘတ္တလာမှာ ထူးခြားထက်မြက်သူဖြစ်ရာ သူတာဝန်ယူဆောင်ရွက်ခဲ့ရသည့် လုပ်ငန်းများတွင် ထူးထူးခြားခြား အောင်မြင်ပေါက်ရောက်ခဲ့သဖြင့် အူဒါပရာဒတ်(ရှ်)ပြည်နယ်၊ ကြေးတိုင်အရာရှိဖြစ်လာခဲ့၏။

ယင်းဒေသတွင် အမှုထမ်းဆောင်ခဲ့စဉ် ထိုဒေသခံတိုင်းရင်းသားများ၏ ဘာသာစကားများ၊ ဓလေ့ထုံးစံများကို ခရေစေ့တွင်းကျ လေ့လာခဲ့သဖြင့် ဒေသခံတိုင်းရင်းသားများ၏ အချစ်တော်ဖြစ်ခဲ့ရသည်။ ထို့နောက် လပ်ကနောင်အရေးပိုင် (ခရိုင်အုပ်ချုပ်ရေးမှူး)ဖြစ်လာခဲ့သည်။ သူ အရေးပိုင်အဖြစ်ဆောင်ရွက်စဉ် လပ်ကနောင်မြို့အား ခေတ်မီတိုးတက်သော မြို့တစ်မြို့အဖြစ် ရောက်ရှိရန် ပြုပြင်ခဲ့သဖြင့် မြို့မှတာဝန်ရှိသူများက ဟာကုတ်ဘတ္တလာ၏ကြေးရုပ်ကို အမှတ်တရ တည်ဆောက်ခဲ့ကြ၏။

အိန္ဒိယနိုင်ငံတွင် ၁၈ နှစ်ကြာ တာဝန်ထမ်းဆောင်ရသည့်နှစ်များတွင် အိန္ဒိယအစိုးရ နိုင်ငံခြားရေးဌာန အတွင်းဝန်နှင့် အိန္ဒိယဘုရင်ခံချုပ်၏ ကောင်စီဝင်တာဝန်ကိုလည်း ယူခဲ့ရသည်။ ဤတာဝန်ယူခဲ့စဉ် အိန္ဒိယနိုင်ငံ၏ ပညာရေးစနစ်ကို ခေတ်မီတိုးတက်စေရန် အစွမ်းကုန် ဆောင်ခဲ့သဖြင့် ဟာကုတ်ဘတ္တလာ၏ ဂုဏ်သတင်းမှာ ပေါ်လွင်လာခဲ့ရာ ထိုစဉ်က အိန္ဒိယဘုရင်ခံချုပ်ဖြစ်သူသည် ဟာကုတ်ဘတ္တလာ၏လုပ်ရည်ကိုင်ရည်ကို အထူးလေးစားခဲ့သည်။

၁၉၁၅ ခုနှစ်၊ အောက်တိုဘာလတွင် မြန်မာနိုင်ငံ လက်ထောက်ဘုရင်ခံ (Lieutenant Governor) အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရ၏။ ထိုအချိန်တွင် ဥရောပတိုက်၌ ပထမကမ္ဘာစစ်ကြီး ဖြစ်ပွားလာခဲ့သည်မှာ တစ်နှစ်ခန့်ရှိခဲ့ပြီဖြစ်သည်။ ဗြိတိသျှ၊ ပြင်သစ်နှင့် ရုရှားတို့ ဦးဆောင်သော မဟာမိတ်နိုင်ငံများနှင့် ဂျာမနီ၊ ဩစတြီးလျတို့ ဦးဆောင်သော နိုင်ငံများသည် တစ်ဖက်နှင့်တစ်ဖက် ပြင်းပြင်းထန်ထန် တိုက်ခိုက်ခဲ့ကြသည်။

ဥရောပအနောက်ဘက်စစ်မျက်နှာတွင် မိုင်ပေါင်းရာပေါင်းများစွာ ရှည်လျားသော မြေကတုတ်ကျင်းများ တူး၍ တစ်ဖက်နှင့်တစ်ဖက် ကျားကုတ်ကျားခဲ [illegible] ကြ၏။ စက်သေနတ်များ၊ တင့်ကားများ၊ [illegible] ယဉ်များ၊ လေသင်္ဘော (Air-ship) များ [illegible] ကောင်း၊ အလွန်ကြီးမားသော [illegible]

www.burmeseclassic.com

www.burmeseclassic.com



တုလက်နက်များကိုလည်းကောင်း အသုံးပြုကြသဖြင့် စစ်သည်တော်များသာမက အပြစ်မဲ့ပြည်သူ ထောင်သောင်းချီ၍ သေဆုံးခဲ့ကြရသည်။

ထိုကာလက မြန်မာနိုင်ငံမှ လူငယ်လူရွယ်များသည် ဗြိတိသျှတို့၏ နေမဝင်သော အင်ပါယာကြီးကို ကာကွယ်ရန် စစ်သားများအဖြစ် အမှုဝင်ရောက်ထမ်းဆောင်ခဲ့ကြ၏။ နေ့စဉ် စစ်စရိတ် သန်းနှင့်ချီ၍ ကုန်ကျနေသော ဗြိတိသျှဘုရင်အစိုးရအား တစ်ဖက်တစ်လမ်းမှ ကူညီသောအနေဖြင့် မြန်မာနိုင်ငံမှ သူဌေးများ၊ လယ်ပိုင်ရှင်ကြီးများနှင့် ပြည်သူများက စစ်စားရိတ်အလှူငွေများ ထည့်ဝင်ခဲ့ကြသည်။

ဗြိတိသျှနှင့် မဟာမိတ်တို့၏ လက်နက်ထုတ်လုပ်ရေးတွင် ဂူဖရန်သတ္တုမှာ အထူးအရေးပါသော သတ္တုဖြစ်သည်။ ယင်းဂူဖရန်သတ္တုအား မြန်မာနိုင်ငံ၊ ထားဝယ်ခရိုင်မှ ရရှိ၏။ ဒုတိယဘုရင်ခံ ဟာကုတ်ဘတ္တလာမှာ အထူးအမြော်အမြင်ကြီးသူဖြစ်ရကား ထားဝယ်ခရိုင်သို့ သူကိုယ်တိုင်သွားရောက်၍ ကွင်းဆင်းလေ့လာသည်။ ဒေသခံဂူဖရန်မိုင်းတွင်းပိုင်ဆိုင်သူများ၊ မိုင်းအလုပ်သမားများနှင့် တွေ့ဆုံ၍ စူးစမ်းလေ့လာမှုများ ပြုလုပ်ခဲ့သည်။ ရန်ကုန်ပြန်ရောက်သည်နှင့် လက်ရှိ ဂူဖရန်တူးဖော်နေသော ကုမ္ပဏီကြီးများမှ ကိုယ်စားလှယ်များအား ကွန်ဖရင့်ခေါ်ယူပြီး ဂူဖရန်ကို အများဆုံးထုတ်လုပ်နိုင်ရန် စည်းရုံးတိုက်တွန်းခဲ့၏။

ထို့နောက် သူကိုယ်တိုင် ထားဝယ်နယ်ဘက်သို့ ဒုတိယအကြိမ် သွားရောက်ခဲ့ပြန်သည်။ သတ္တုတွင်းများရှိသည့်နေရာများတွင် သယ်ယူပို့ဆောင်ရေး၊ ခရီးသွားလာရေး လုံခြုံချောမွေ့ရန် လမ်းသစ်များဖောက်ခြင်း၊ အလုပ်သမားများအတွက် နေအိမ်များ၊ တန်းလျားများ စနစ်တကျ ဆောက်လုပ်စေခြင်းများ ပြုလုပ်ခဲ့သည်သာမက သယ်ယူပို့ဆောင်ရေးအတွက် မော်တော်ကားကြီး အစီး၁၀၀ ကျော် တင်သွင်းပေးခဲ့၏။ ဒုတိယဘုရင်ခံကိုယ်တိုင် အားပေးအားမြှောက်ပြုခဲ့ရကား ဂူဖရန်သတ္တုထွက်ရှိမှုမှာ ယခင်ကထက် နှစ်ဆကျော်ခဲ့သည်သာမက ထိုစဉ်ကမှတ်တမ်းများအရဆိုရလျှင် စံချိန်တင်နိုင်အောင် ထွက်ရှိခဲ့သည်ဟု ဆိုသည်။ သို့ဖြစ်၍ ဗြိတိသျှနှင့် မဟာမိတ်တို့အဖို့ လက်နက်ထုတ်လုပ်ရေးအခက်အခဲတစ်ခု ကို ကျော်လွှားနိုင်ခဲ့ရာ ဒုတိယဘုရင်ခံဖြစ်သူ ဟာကုတ်ဘတ္တလာမှာ ဟိုးဟိုးကျော်ခဲ့သော ဒုတိယဘုရင်ခံတစ်ဦးဖြစ်ခဲ့ရသည်။ သူ့အား အိန္ဒိယဘုရင်ခံချုပ်နှင့် ဗြိတိသျှဘုရင်အစိုးရ တာဝန်ရှိသူများက အထူးလေးစားခဲ့ကြ၏။

၁၉၁၇ ခုနှစ်တွင် ဒုတိယဘုရင်ခံ ဟာကုတ်ဘတ္တလာအား အိန္ဒိယနိုင်ငံ၊ ယူနိုက်တက်ပရိုဗင့်(စ်)ပြည်နယ်သို့ ပြောင်းရွှေ့တာဝန်ပေးခဲ့ပြန်သည်။ ၁၉၂၃ ခုနှစ်တွင် အုပ်ချုပ်ရေးစနစ်သစ်အရ ဆာဟာကုတ်ဘတ္တလာအား မြန်မာနိုင်ငံ၏ ပထမဆုံးဘုရင်ခံအဖြစ် တာဝန်ပေးခဲ့ပြန်သည်။ သူသည် ၁၉၂၃ ခုနှစ်မှ ၁၉၂၇ ခုနှစ်အထိ မြန်မာနိုင်ငံ၏ ပထမဆုံးဘုရင်ခံအဖြစ် တာဝန်ယူခဲ့ရသည့်အချိန်တွင် သမိုင်းတွင်ကျန်ရစ်စေမည့် ဆောင်ရွက်မှုကြီးများကို ဆောင်ရွက်နိုင်ခဲ့သဖြင့် မြန်မာအမျိုးသားများ လေးစားသော ဗြိတိသျှအမျိုးသားဘုရင်ခံအဖြစ် ဟိုးဟိုးကျော်ခဲ့ရသည်။ သမိုင်းမှတ်တိုင်တစ်ခုအဖြစ် ဂုဏ်ယူမှတ်သားစရာကောင်းသော ဆာဟာကုတ်ဘတ္တလာ၏ ဆောင်ရွက်ချက်မှာ မြန်မာနိုင်ငံအနောက်မြောက်ဘက်၊ ဟူးကောင်းချိုင့်ဝှမ်းရှိ သမိုင်းအဆက်ဆက် ကျွန်ဖြစ်ခဲ့ရသော ဒေသခံလူမျိုး ကျွန် ၄၀၀၀ ကို ကျွန်အဖြစ်မှလွတ်စေ၍ ကျွန်စနစ်မရှိစေရဟု ကြေညာချက်ထုတ်ခဲ့သည်သာမက ထိုအမိန့်ကို လိုက်နာစေရန်လည်း တာဝန်ရှိသူများကို စနစ်တကျ ဆောင်ရွက်စေခဲ့၏။

ဆာဟာကုတ်ဘတ္တလာသည် အိန္ဒိယနိုင်ငံတွင် တာဝန်ထမ်းဆောင်စဉ်အတွင်း အိန္ဒိယနိုင်ငံ ပညာရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခဲ့သူဖြစ်သဖြင့် ပညာရေးကို စိတ်ဝင်စားသူဟု ပြည်သူများက မှတ်ယူထားကြသည်။

မြန်မာနိုင်ငံ၊ ရန်ကုန်တက္ကသိုလ်ကိုလည်း ခေတ်မီတက္ကသိုလ်ကြီးတစ်ခုအဖြစ် တိုးတက်စေလိုသည်။ ရန်ကုန်တက္ကသိုလ်ကြီးအတွက် လိုအပ်သော စာသင်ဆောင်များ၊ ဘွဲ့နှင်းသဘင်ခန်းမဆောင်၊ ကျောင်းအိပ်၊ ကျောင်းစား ကျောင်းသား/ကျောင်းသူများအတွက် စာသင်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်များဆောက်လုပ်ရန် ရန်ပုံငွေများကို ပြည်သူအများက ထည့်ဝင်ကြရန် မေတ္တာရပ်ခံချက်ကို ဆာဟာကုတ်ဘတ္တလာက လက်မှတ်ရေးထိုး၍ မြန်မာနိုင်ငံမှထုတ်ဝေသော သတင်းစာကြီးများတွင် ထည့်သွင်းဖော်ပြခဲ့၏။

ထိုစဉ်က မှတ်တမ်းများအရ ရန်ကုန်မြို့နှင့် အခြားမြို့ကြီးများမှ မြို့မျက်နှာဖုံး လုပ်ငန်းရှင်ကြီးများ၊ လယ်ပိုင်ရှင်ကြီးများနှင့် ထိုကာလက မြန်မာနိုင်ငံတွင် ဟိုးဟိုးကျော်နေသော ဧရာဝတီဖလော်တီလာမီးသင်္ဘောကုမ္ပဏီ၊ ဘီအိုစီရေနံထုတ်လုပ်ရေးကုမ္ပဏီ၊ ဘုံဘေဘားမား သစ်ထုတ်လုပ်ရေးကုမ္ပဏီ၊ စတီးလ်ဘရားသားကုမ္ပဏီစသော လုပ်ငန်းရှင်များက အထိုက်အလျောက်အလှူငွေထည့်ဝင်ကြသော်လည်း လိုအပ်သော ရန်ပုံငွေ ရရှိခြင်းမရှိခဲ့သဖြင့် နယ်ဘက်နှင့် ပုလိပ်(ရဲ)ဘက်အရာရှိများက တစ်ဖက်တစ်လမ်းမှ ရန်ပုံငွေရရှိစေရန် အာဝါဒေးပွဲတော်များ ကျင်းပပြီး လောင်းကစားဝိုင်းများ ဖွင့်၍ ရန်ပုံငွေရှာခဲ့သည်။ ပြည်နယ်များ၊ တိုင်းများ၊ခရိုင်များသည် အပြိုင်အဆိုင် ရန်ပုံငွေရရှိရေးအား ရှာဖွေခဲ့ကြသဖြင့် သတင်းမီဒီယာများက လောင်းကစားဝိုင်းများဖွင့်ခြင်းကို ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့ကြသည်။ သို့သော် ရန်ကုန်တက္ကသိုလ်ကြီးအား ဘက်စုံမွမ်းမံပြင်ဆင်ရေးအတွက် လိုအပ်သောရန်ပုံငွေများ ရရှိခဲ့သဖြင့် ပြင်ဆင်တိုးချဲ့မှုများ ပြုလုပ်နိုင်ခဲ့၏။ သို့ဖြစ်၍ ထိုစဉ်က ဆာဘိုးသာခေါင်းဆောင်သော ပုဂ္ဂိုလ်များက ဆာဟာ ကုတ်ဘတ္တလာ အထိမ်းအမှတ် ကျောက်ရုပ်ကိုရန်ကုန်တက္ကသိုလ် ပရဝဏ်အတွင်း ပြုလုပ်ရန် စီမံခဲ့ကြသည်။



ထိုဆာဟာကုတ်ဘတ္တလာကျောက်ရုပ်ကို ရန်ကုန်တက္ကသိုလ်နယ်မြေ ချန်ဆယ်လာလမ်းမ (ဘွဲ့နှင်းသဘင်လမ်း)နှင့် မျက်နှာချင်းဆိုင် မြေကွက်လပ်တွင် ထားရှိခဲ့၏။ သို့သော် ဂျပန်ခေတ်တွင် ထိုကျောက်ရုပ်ကြီးကို ရွှေ့ပြောင်းပစ်ခဲ့သည်။ ဆာဟာကုတ်ဘတ္တလာသည် ရန်ကုန်ဆေးတက္ကသိုလ်(ယခုရန်ကုန်ဆေးတက္ကသိုလ်အမှတ် ၁)အဆောက်အအုံကြီး၏အုတ်မြစ်ကို ၁၉၂၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ချခဲ့သည်ဟု သိရ၏။

ဘုရင်ခံဆာဟာကုတ်ဘတ္တလာသည် မြန်မာအတတ်ပညာ တိုးတက်ရေးအတွက်လည်းကောင်း၊ အထက်တန်းပညာအား နိုင်ငံတကာအဆင့်မီ သင်ကြားနိုင်ရေးအတွက်လည်းကောင်း အဆောက်အအုံများကို ဘက်စုံမွမ်းမံပြင်ဆင်ခဲ့သဖြင့် မြန်မာပြည်သူအများက အထူးလေးစားခဲ့၏။ မြန်မာနိုင်ငံ တစ်နံတစ်လျား အလျဉ်းသင့်သလို သွားရောက်၍ ဒေသခံပြည်သူများနှင့် ထိတွေ့နိုင်ရန် ကြိုးစားခဲ့၏။ ၁၉၂၇ ခုနှစ်၊ ဇန်နဝါရီလတွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားသို့သွားရောက်၍ နယ်မြေခံ ဒူဝါများကိုခေါ်ယူ၍ ကျေးကျွန်စနစ်မရှိစေရန် စနစ်တကျ ဆွေးနွေးခဲ့ပြီး ကျေးကျွန်များအားလုံးအား လွတ်ငြိမ်းခွင့်ပေးစေခဲ့သည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် သူ၏ လူသားဆန်သော ဝါသနာကို ဖော်ပြလိုပေသည်။ ဆာဟာကုတ်ဘတ္တလာသည် မြင်းမွေးရန် ဝါသနာပါသည်။ အထူးသဖြင့် မျိုးကောင်းမျိုးသန့် ပြိုင်မြင်းများကို [illegible] ကိုယ်တိုင် [illegible] မြဲခဲ့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



**ထိုကာလက ဘိန်းစွဲသူအချို့သည် ယစ်မျိုးဌာနတွင် မှတ်ပုံတင်ထားပါက ဘိန်းခန်းများတွင် တရားဝင် ဘိန်းရှူခွင့်ရသည်ဟုဆိုသည်။ သို့ဖြစ်၍ ဘိန်းခန်းအချို့မှာ တရားဝင်ဖွင့်ထားကြသော်လည်း အချို့မှာမူ တိတ်တဆိတ်ဖွင့်ထားသော ဘိန်းခန်းဖြစ်သည် . . .**

သူ့မြင်းများကို ပြိုင်ပွဲများတွင် ဝင်ရောက်ပြိုင်စေလေ့ရှိ၏။ ရန်ကုန်မြင်းပွဲ လောကတွင် ဆာဟာကုတ်ဘတ္တလာမှာ ထူးထူးခြားခြား လူသိများသော ဗြိတိသျှအမျိုးသား ဘုရင်ခံဖြစ်၏။ ဆာဟာကုတ်သည် သူ့နာမည်မခံဘဲ ဘုရင်ခံဖလား အထူးမြင်းပွဲကို စီစဉ်ပေးခဲ့၏။ ဗြိတိသျှ ကိုလိုနီခေတ်က အထူးနာမည်ကျော်ကြား လူသိများသော ဖလားပွဲဖြစ်သည်။ (လွတ်လပ်ရေးရရှိပြီးနောက် ထို ဖလားပွဲကို ဘုရင်ခံဖလားပွဲဟု ခေါ်ဝေါ်ခြင်းမရှိဘဲ ဆာဟာကုတ်ဘတ္တလာဖလားပွဲဟု နာမည်ပြောင်းခေါ် စေခဲ့၏။)

ဆာဟာကုတ်ဘတ္တလာ၏ အထူးခြားဆုံး လုပ်ဆောင်ချက်တစ်ခုမှာ သူ့အငြိမ်းစားမယူမီ "Who whos in Burma" မြန်မာနိုင်ငံမှ အထင်ကရပုဂ္ဂိုလ်များအမည်ဖြင့် အတ္ထုပ္ပတ္တိ စာအုပ်ကြီးတစ်အုပ် ထုတ်ဝေစေခဲ့သည်။ ယင်းစာအုပ်၏ အမှာစာအား ဆာဟာကုတ်ဘတ္တလာကိုယ်တိုင် ရေးသားခဲ့၏။

သူလျှမ်းလျှမ်းတောက်၊ ဟိုးဟိုးကျော်နေစဉ်ကာလက ရန်ကုန်မြို့တော်အား အရှေ့ပိုင်း၊ အလယ်ပိုင်း၊ အနောက်ပိုင်းဟု ခွဲခြားထားခဲ့ပြီး ရန်ကုန်မြို့ပြပုလိပ်(ရဲ) အဖွဲ့က တရားဥပဒေစိုးမိုးရေးကို စနစ်တကျ ကြပ်မတ် စေခဲ့သည်။ ထိုပုလိပ်(ရဲ)အဖွဲ့၏ အုပ်ချုပ်ရေးနယ်မြေ သုံးနယ်မြေ၏ ပုလိပ်(ရဲ)ဝန်ထောက်များမှာ ဗြိတိသျှအမျိုး သားများသာဖြစ်ကြသည်။ ထိုနယ်မြေ သုံးနယ်မြေတွင် မြို့လယ်ဖြစ်သော လမ်းမတော်၊ လသာ၊ ပန်းဘဲတန်း နယ်မြေများမှာ လူဦးရေအထူထပ်ဆုံးဖြစ်ကြသည်။ အထူးသဖြင့် လမ်းမတော်နယ်မြေတွင် ဂေါ်ရင်ဂျီကုလား များ၊ တရုတ်များ၊ မြန်မာဒုစရိုက်သမားများ ကြီးစိုးသည် ဟု ဆိုကြသည်။ အထူးသဖြင့် တရုတ်လူမျိုးများသည် လောင်းကစားဝိုင်းများ၊ အရက်ဆိုင်များ၊ ဘိန်းခန်းများ ဖွင့်ထားခဲ့သည်။ ထိုကာလက ဘိန်းစွဲသူအချို့သည် ယစ်မျိုးဌာနတွင် မှတ်ပုံတင်ထားပါက ဘိန်းခန်းများတွင် တရားဝင် ဘိန်းရှူခွင့်ရသည်ဟုဆိုသည်။ သို့ဖြစ်၍ ဘိန်း ခန်းအချို့မှာ တရားဝင်ဖွင့်ထားကြသော်လည်း အချို့မှာ မူ တိတ်တဆိတ်ဖွင့်ထားသော ဘိန်းခန်းဖြစ်သည်။ ထို ဘိန်းခန်းပိုင်ရှင်များမှာ တရုတ်လူမျိုးများသာဖြစ်ကြ၏။ ဘိန်းပြောင်းထိုးသူများမှာ တရုတ်အမျိုးသမီးများသာဖြစ် ကြ၏။ အမိန့်ရဘိန်းခန်းများမှာမူ ဘိန်းအား ယစ်မျိုး ဌာနမှ တရားဝင်ရောင်းချသည့်ဘိန်းကို ဝယ်ယူခွင့်ရ၏။

ဆာဟာကုတ်ဘတ္တလာသည် အလွန်စေ့စပ်သေချာ သူ၊ စပ်စုသူဖြစ်ရာ ထိုစဉ်က ဘိန်းခန်းများတွင် ဘိန်း စွဲနေသည်ဟု မှတ်ပုံတင်ထားသူများ ဘိန်းရှူသည်ကို လေ့လာလိုသည်။ ဆာဟာကုတ်ဘတ္တလာ၏ သားဖြစ် သူကလည်း ဘိန်းစွဲသူများ ဘိန်းရှူနေသည်ကို ကြည့် ရှုလိုသည်ဟုဆိုသည်။ သို့ဖြစ်၍ ယစ်မျိုးဌာနမှ တာဝန် ရှိသူများ၊ ပုလိပ်(ရဲ)အဖွဲ့မှ တာဝန်ရှိသူများနှင့် နယ်ဘက် ဆိုင်ရာ အရာရှိများသည် ဘုရင်ခံ ဆာဟာကုတ်ဘတ္တ လာတို့သားအဖအား အမိန့်ရဘိန်းခန်းများအား သွား ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ပေးခဲ့ရသည်ဟု ဆိုကြပါ ကြောင်း။ ။

လှမိုး (ပညာရေး)

ကျမ်းကိုး-(၁) History of Rangoon

(၂) အင်တာနက်

(၃) ကျွန်တော်ဖျူရှိကာ...-လူထုဦးလှ

www.burmeseclassic.com


အတားအဆီးအပိတ်အဆို့များကို
ဖယ်ရှားပြီး လွယ်ကူညင်သာ
ချောမွေ့သော ခံစားမှုအတွက်

# ရုပ္ပဒေး ဒေါင်


TMR. 011758(1215)

## ဝမ်းမှန်အကြောပြေဆေး

အမှတ် ၁၂၀၊ ပြည်လမ်း၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၆၆၇၀၉၃


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ.....ဈေးသွားရင် သတင်းစာဝယ်လာခဲ့ကွယ်"

"ဟုတ်ကဲ့ ဖေဖေ"

ဈေးဆွဲခြင်းလေးကိုင်ကာထွက်လာသည်နှင့် ဖခင်မှာလိုက်သော သတင်းစာအား ခေါင်းထဲထည့်ထားလိုက်၏။ သည်နေ့ ရုံးပိတ်ရက်ဖြစ်သဖြင့် ဖြူမာခိုင်က ကိုယ်တိုင်ဈေးဝယ်ရင်း ကိုယ့်စိတ်ကြိုက်ချက်နိုင်ရန် ထွက်လာခဲ့၏။

"ဟော.....ဈေးလား ဖြူမာ၊ ဒီနေ့ အားတယ်ပေါ့"

"ဟုတ်တယ်လေ၊ မေမေ့ကို အနားပေးလိုက်တယ်"

"ဈေးဝယ်ရတာ သိပ်ဦးနှောက်စားတာ ဖြူမာရဲ့၊ ဝယ်လာပြီးချက်ရင် သူတို့က ဟိုဟာမစား၊ ဒီဟာမစားနဲ့၊ စိတ်ညစ်ပါတယ်"

"ဟုတ်တယ်နော်၊ မလဲ့တို့က မိသားစုများတော့ ဟင်းစားချက်ရတာ စိတ်ညစ်စရာပဲ၊ ဖြူမာတို့မှာ မိသားစုသုံးယောက်တည်းမို့ တော်သေးတာပေါ့"

"အေးလေ၊ ဒါကြောင့်လည်း တစ်ယောက်တည်းပဲနေ ဖြူမာရေ့၊ အိမ်ထောင်ပြုဖို့တော့ စိတ်မကူးလေနဲ့၊ အခုခေတ်မှာ အရာရာတိုင်း စိတ်ပျက်စရာတွေချည်းပဲ၊ စိတ်ကူးနဲ့ လက်တွေ့က မတူဘူး ဖြူမာ"

ဖြူမာခိုင်လည်း မလဲ့နှင့် လမ်းခွဲထွက်လာသည်နှင့် လမ်းတစ်လျှောက်လုံးတွင် ချစ်သူ ဝေမောင်မောင်အကြောင်းအား စဉ်းစားလာခဲ့၏။

"အင်း.....ကိုဝေ့မှာက မိသားစု များများရယ်၊ ငါတို့အိမ်ထောင်ပြုပြီးရင် ကိုဝေက ငါနဲ့လိုက်နေမှာလား။ သူ့ဘက်လိုက်နေမှာလား။ သူ့ဘက်ဆိုရင်တော့ မဖြစ်ဘူး။ လူများလေ ပစ်ပစ်ပစ်များလေပဲ"

သည်လိုနှင့် ဈေးရောက်သွား၏။ ဈေးထဲရောက်ပြန်တော့ တစ်ဝဲလည်လည်ဖြင့် မည်သည့်ဟင်းစားဝယ်ရမည်မှန်းမသိပေ။

"ဟယ်.....ဖုန်းယူလာခဲ့ရကောင်းသား။ ထွက်လာမှ မေ့ကျန်ခဲ့တယ်၊ ဖုန်းနဲ့ဆို ဘာဝယ်ရမလဲလို့ လှမ်းမေးလို့ရတာပေါ့"

ဖြူမာခိုင်မှာ ဟိုလျှောက်သည်လျှောက်နှင့် ဈေးထဲတွင် အချိန်ကုန်သွားတော့သည်။ ပြီးမှ ကိုယ့်ဘာသာစဉ်းစားပြီး သင့်တော်မည့် ဟင်းစားမျိုးကို ဝယ်လာခဲ့ရ၏။ အပြန်လမ်းတွင် မိခင်ဖြစ်သူအား စာနာမိသည်။

"ဈေးဝယ်ရတာ ခေါင်းနောက်လိုက်တာနော်၊ မလဲ့ပြောတာ မှန်တယ်၊ ဟင်းချက်စရာတွေကလည်း ထပ်နေပြီ၊ ဘာချက်ရမှန်းတောင် မသိတော့ဘူး။ သြော်.....မေမေ့ကို သနားလိုက်တာ"

ထိုအတွေးဖြင့် ပြန်လာခဲ့၏။ ဘာပဲပြောပြော ဈေးသွားသည်မှာ တစ်နာရီနီးပါးကြာသွား၏။ အိမ်ထဲသို့ဝင်သည်နှင့်.....

"သမီးရေ သတင်းစာဝယ်လာခဲ့လားကွယ်"

"ဟာ.....ဟုတ်သားပဲ၊ မေ့ပြီး ဝယ်မလာမိဘူး ဖေဖေ"

"ရတယ်.....ရတယ်၊ ဖေဖေ အခုပဲ သွားဝယ်လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



သတင်းစာဖတ်ချင်နေသော ဖခင်အား ဖြူမာခိုင် အားနာသွားမိ၏။ ငယ်ငယ်ရွယ်ရွယ်နှင့် သတိကမေ့တတ်ပြီ။ သတင်းစာဆိုင်ရှေ့က ဖြတ်လာခဲ့သော်လည်း ဝယ်ဖို့မေ့လျော့နေ၏။ ဖခင်က သူ့အားမည်သို့ထင်မည်မသိပါ။

အခုတလောတွင် သတိမေ့လျော့တတ်သည်ကများ၏။ အလုပ်ထဲတွင်လည်း အလုပ်ထဲတွင်မို့ လုပ်ဖော်ကိုင်ဖက်များကို အားနာစရာ အကြိမ်ကြိမ်ဖြစ်ခဲ့ရသည်။

"ငါးခူကို အသားလုန်ပြီး ထောင်းမယ်၊ ပြီးရင် ငါး,ငါးဆုပ်လုပ်ပြီး မန်ကျည်းမှည့်လေးနဲ့ချက်မယ်၊ ငါးခူအရိုးနဲ့ ကန်စွန်းနီရောမယ် မေမေ"

"စားကောင်းမှာပါကွယ်၊ ငါးပိရည်နဲ့ တို့စရာလည်း ပါမယ်ဆိုတော့ သမီးဖေဖေ အကြိုက်ပေါ့ကွယ်"

"နေ့လယ်မှာ ရခိုင်မုန့်တီလုပ်ဦးမယ် မေမေ၊ စပ်စပ်လေးပေါ့"

"ငါးခူကို အသားနွှင်လိုက်ရင် ငါးဖတ်တွေနဲ့ စားကောင်းလိုက်မယ့်ဖြစ်ခြင်းကွယ်၊ သူငယ်ချင်းတွေရော ခေါ်မထားဘူးလား"

"လာကြလိမ့်မယ် မေမေ၊ တစ်ယောက်က မုန့်ဖတ်ဝယ်လာမယ်၊ နောက်တစ်ယောက်က အကြော်စီစဉ်လာမယ်တဲ့"

"ကောင်းတယ်..ကောင်းတယ်၊ ပျော်ပျော်ပါးပါး စားကြပေါ့ကွယ်"

ဖြူမာခိုင်က အပြင်ထွက်လည်ပတ် စားသောက်ခြင်းကို မနှစ်သက်ပေ။ ငွေကုန်၊ ခြေညောင်းသည့်အပြင် စိတ်ရှုပ်စရာ မြင်ကွင်းများသာ တွေ့ရပေမည်။ ချစ်သူနှင့်လည်း ထွက်လည်ခြင်းမျိုးမရှိပေ။ တစ်ရုံးတည်းဖြစ်သဖြင့် အပြင်ထွက်လည်စရာ လိုမည်မထင်ပါ။ ဝေမောင်မောင်တွင်လည်း အချိန်မပေးနိုင်ပေ။ ချစ်သူက ရုံးပိတ်သည်နှင့် သူ့မိဘပိုင် ကွန်ပျူတာဆိုင်တွင် လုပ်အားပေးရ၏။

"သမီးရဲ့ကောင်လေးရော ခေါ်ထားသေးလားကွယ်"

ဖြူမာခိုင်၏မိဘများက ဝေမောင်မောင်နှင့် ရင်းနှီးနေသည်။ သမက်လောင်းလေးအား သဘောလည်းကျကြ၏။ ရိုးသားသူဖြစ်သည့်အတွက် အိမ်သို့ဝင်ထွက်သွားလာခွင့် ပြုထားကြသည်။

"သူ မအားဘူး မေမေ၊ ကိုဝေက သူ့မိဘအလုပ်ကို ကူရသေးတယ်လေ"

"ကောင်းတာပေါ့ကွယ်၊ ရှာဖွေပြီး ငွေကြေးစုဆောင်းထားကြ၊ ငွေရှိရင် တစ်ချိန်မှာ ကိုယ့်ဘဝအတွက် အဆင်ပြေနိုင်ကြလိမ့်မယ်၊ အိမ်ထောင်ပြုတယ်ဆိုတာ ငွေရှိမှဖြစ်မှာနော်၊ ခန်းဝင်ပစ္စည်းဝယ်ဖို့၊ ခန်းမငှားဖို့၊ ကျွေးမွေးဖို့ကိစ္စတွေက တစ်ဆက်တည်းပေါ်လာတာကွဲ့"

"မင်္ဂလာပွဲအတွက် ငွေစုထားပါတယ် မေမေရယ်၊ မေမေ့သမက်လောင်းက ဘဏ်ထဲထည့်ထားတယ်၊ သူက ချစ်တီးလေ"

"အဲဒီလို မပြောပါနဲ့ကွယ်၊ သူစုတာ သမီးဖို့ပဲမဟုတ်လား"

ဖြူမာခိုင့်မိဘများက ဝေမောင်မောင့်အပေါ် သားတစ်ဦးကဲ့သို့ အားထားတတ်၏။ ဝေမောင်မောင်မှာလည်း ချစ်သူအိမ် လာလည်သည်နှင့် အပေါ်အင်္ကျီကိုချွတ်ကာ ခြံထဲရှင်းလင်းလိုက်၊ သံရိုက်ပေးလိုက်နှင့် အိမ်တွင်လိုအပ်သည့်အလုပ်များကို ဖြူမာခိုင်၏ဖခင်နှင့်အတူ ပိုင်းကူလုပ်ပေးတတ်၏။ သည်တော့လည်း ဝေမောင်မောင်မှာ သားအရင်းနှင့် မခြားပေ။

"မနေ့ညနေက ရုံးအပြန်မှာ စောင့်ပါဆိုတာ ဘာဖြစ်လို့မစောင့်တာလဲ၊ စောင့်နိုင်းတဲ့နေရာမှာမရှိတော့ စိတ်ပူသွားတာပဲကွာ"

ဝေမောင်မောင်ပြောမှ ဖြူမာခိုင်လည်း သတိရသွား၏။ နေ့လယ်ထမင်းစားချိန်တွင် ချစ်သူက မှာထားခဲ့သည်ကို အခုမှပင် သတိရသွားမိသည်။ သတိမေ့လျော့တတ်ခြင်းက ဖြူမာခိုင်၏ အားနည်းချက်တစ်ခုပင်။

"ပြောလေ၊ အရေးတကြီးကိစ္စရှိလို့လား"

"ဟိုလေ.....ဖြူမာ မေ့သွားလို့ပါ ကိုဝေရယ်၊ အခုမှသတိရတယ်"

"ဖြစ်ရမယ်ကွာ၊ ဒါကြောင့် မစောင့်ဘဲပြန်သွားတာကိုး"

"မေ့တတ်တာ ရောဂါတစ်ခုများလားဟင်"

"ဘာမှမဟုတ်ဘူး၊ အလေး

www.burmeseclassic.com

www.burmeseclassic.com



အနက်မှမထားတာ၊ မေ့မှာပေါ့''

''ကဲပါ ကိုဝေရာ၊ စိတ်မဆိုးပါနဲ့တော့၊ နောက်ကို ဒီလိုမဖြစ်စေရဘူး၊ စိတ်ချ''

''ဟင်း.....ပြောတာပဲ၊ ဒီနေ့ သေသေချာချာစောင့်နေ''

ဖြူမာခိုင်က နားမလည်သည့် မျက်ဝန်းများဖြင့် ကြည့်လိုက်မှ ဝေမောင်မောင်က သဘောပေါက်သွား၏။

''ဟိတ်...တောင်တွေးမြောက်တွေး လုပ်မနေနဲ့၊ ဒီနေ့ ခင်ဗျား မွေးနေ့မဟုတ်လား''



''ဟယ်.....ဟုတ်ပါရဲ့၊ မေ့နေလိုက်တာနော်၊ ကျေးဇူးပါပဲ ကိုဝေရယ်''

''မေ့.....မေ့၊ ကိုယ့်မွေးနေ့တောင် သတိမရတဲ့သူပါလား၊ မနေ့က အမှတ်တရတစ်ခုခု လက်ဆောင်ဝယ်ပေးမလို့လေ၊ ကြုံမပေးလိုက်ရဘူး''

ဖြူမာခိုင်က လက်ဆောင်ထက် မွေးနေ့အလှူတစ်ခုခု ဒါနမပြုလိုက်ရ၍ စိတ်မကောင်းဖြစ်သွား၏။ အရင်ကဆိုလျှင် အိမ်ဘုရားတွင် သစ်သီးကိုးမျိုး၊ ဆွမ်းနှင့် ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ နံ့သာတိုင်များအား ပူဇော်ကပ်လှူနေကျပါ။ ပြီးလျှင် မွေးမိဘများအား ကန်တော့ခြင်းဖြင့် မွေးကျေးဇူးဆပ်၏။ ယခုတော့.....

''ညပိုင်းမိသေးလို့ တော်သေးတာပေါ့၊ ဒါပေမဲ့ ဘုရားမှာ ဆွမ်း သစ်သီး ကပ်လို့မရတော့ဘူး''

''မင်းအတွက် သင်ခန်းစာပေါ့ကွာ''

ဝေမောင်မောင်က ထွက်သွားဟန်ပြင်သည်နှင့်.....

''ကိုဝေ....ကျေးဇူးအများကြီးတင်တယ်နော်''

''ကိုယ့်မွေးနေ့လည်း ဒီလိုပဲ မေ့မနေနဲ့ဦးပေါ့၊ သွားမယ် ဖြူ''

ဌာနချင်းမတူသဖြင့် ဝေမောင်မောင်က အမြန်ပြန်သွားရတော့၏။ တစ်ရုံးလုံးက သူတို့ကို ချစ်သူများအဖြစ် အသိအမှတ်ပြုပြီးဖြစ်ကြသော်လည်း အလုပ်နှင့်ပတ်သက်လျှင် အချစ်ကို မေ့ထားကြသူများပါ။ ဝေမောင်မောင်က လူကြီးချစ်သူဖြစ်သည့်အတွက် လူကြီးအနားတွင်နေရ၏။ ကွန်ပျူတာကျွမ်းကျင်သူဖြစ်ရာ အများထက်သာသောအခွင့်အရေးရှိသည်။

''ဖြူ့ဘဝမှာ ကိုဝေရှိလို့တော်သေးတာပေါ့၊ ကိုဝေ့လိုချစ်သူမျိုးရတာ ငါကံကောင်းတာပါလား''

''ဟိတ်...ဘာတွေကံကောင်းနေတာလဲ၊ မင်းကို မမခေါ်နေတယ်၊ သွားလိုက်ဦး''

''ဟုတ်လား၊ ဟယ်.....File တွေ မေ့ကျန်ခဲ့ပြီ၊ ဒုက္ခပဲ၊ ညက အိမ်မှာ အပြီးလုပ်ပြီး ထည့်မလာမိဘူးကွာ''

''မင်းတော့ ငယ်ထိပ်ခေါင်ပေါက်ပြီ ဖြူမာခိုင်ရေ့၊ တော်ကြာ အစည်းအဝေးခန်းထဲ [illegible]

www.burmeseclassic.com

မှာ၊ ဘယ်လိုလုပ်မလဲဟင်''

''မဖြစ်ဘူး၊ ကိုဝေ့ကို ဖုန်းဆက်ပြောပြရမှာပဲ၊ သူမှမကယ်ရင် ဖြူ အဆူခံထိမှာ''

ဖြူမာခိုင်လည်း ဝေမောင်မောင်ထံ ဖုန်းဖြင့်အမြန်ဆုံးပြောပြ၍ အကူအညီတောင်းလိုက်၏။ သူ့ဒုက္ခက ချစ်သူထံ ရောက်သွားရသည်။ ဝေမောင်မောင်ပြောသည့်အတိုင်း အရာရှိမမအား.....

''ဖြူ စာရင်းပြန်စစ်ကြည့်နေလို့ ဆယ့်ငါးမိနစ်လောက် အချိန်ပေးပါ မမ''

''ကောင်းပြီလေ၊ မြန်မြန်လုပ်ပေးနော် ညီမ''

''ဟုတ်ကဲ့ပါ မမ''

ဦးစီးအရာရှိအခန်းထဲမှ ပြန်ထွက်လာပြီးမှ စိတ်မောစွာ စောင့်မျှော်နေရတော့၏။ ဝေမောင်မောင်ကိုယ်တိုင် ဖြူမာခိုင်၏အိမ်သို့ တက္ကစီဖြင့် သွားယူပေးနေသည်။ ကံကောင်းချင်တော့ ဦးစီးအရာရှိမမက.....

''ညီမရေ.....ဒီနေ့ အစည်းအဝေးမရှိတော့ဘူး၊ ရုံးချုပ်ကအရေးပေါ်ခေါ်လို့ သွားကြတယ်၊ အေးအေးဆေးဆေးသာ စစ်ပေးတော့နော်''

''ဟုတ်ကဲ့ရှင့်''

ဖြူမာခိုင်လည်း ရင်မောနေသည့် အပူလုံးကြီး ကျသွားတော့၏။ ဆယ့်ငါးမိနစ်ကျော်သည့်တိုင် ချစ်သူက ပြန်ရောက်မလာသေးပေ။ သည်တော့ ချစ်သူကို စိတ်အေးစေရန် ဖုန်းဆက်လိုက်ရပြန်သည်။

''ကိုဝေရေ ဖြည်းဖြည်းသာလာတော့၊ အစည်းအဝေး မလုပ်ဖြစ်တော့ဘူးတဲ့''

''ဒီမှာလည်း ကားတွေကျပ်ပိတ်နေတာ ဖြူ၊ တော်သေးတာပေါ့''

သည်တော့မှ သက်ပြင်းမောကို ချနိုင်တော့၏။ ဖြူမာခိုင်အဖြစ်က ချစ်သူလည်း ငြိမ်ငြိမ်မနေရပါ။ အိမ်ပြန်ရောက်လျှင် မိဘများ၏အဆူကိုလည်း ခံရပါဦးမည်။ ဖြူမာခိုင်၏ သတိမေ့လျော့ခြင်းက ရောဂါတစ်ခုလို ပိုပိုဆိုးလာနေသလိုပါ။

''သတိထားပေါ့ ဖြူရယ်၊ မေ့တတ်ရင် စာကပ်ထားလေ၊ ဒါမှမဟုတ် White Board ပေါ်မှာ ရေးထားပေါ့ကွယ်''

''ဟုတ်တယ်၊ အဲဒီလိုလုပ်မှကို ဖြစ်တော့မယ်ရှင်''

ဖြူမာခိုင်အတွက် ကိုယ့်အားနည်းချက်ကို သတိပေးနိုင်မည့် နည်းလမ်းကောင်းမျိုး တွေ့သွားတော့သည်။

''သမီး....Board မှာ ဘာတွေရေးနေတာလဲကွယ်''

''သမီးမမေ့အောင်လို့ သတိပေးစာမျိုး ရေးနေတာပါ မေမေ''

''ကောင်းတာပေါ့ကွယ်၊ ဒါမှ ကိုယ်အပြင်ထွက်ရင် ဘာတွေယူရမလဲဆိုတာ စစ်ဆေးနိုင်တာပေါ့၊ တော်ကြာ ကိုယ့်အတွက်နဲ့ မောင်ဝေမောင်လည်းမနေရ၊ အားလုံးက စိတ်ပူရနဲ့၊ ဘယ်ကောင်းပါ့မလဲကွယ်''

''အခုတော့ အဆင်ပြေသွားပြီ မေမေ၊ ရုံးသွားခါနီး Board ပေါ် လှမ်းကြည့်ပြီး ထွက်လာရုံပဲ၊ မမေ့တော့ဘူး''

ဖြူမာခိုင်က မေ့လျော့ခြင်းမျိုး မဟုတ်ပါ။ ရှုပ်ပြာရှုပ်ပြာနိုင်သည်ဟု ဒေါ်ဝင်းနုက မြင်မိ၏။ အပြင်ထွက်ခါနီးတွင် ဝတ်စုံက အနည်းဆုံး နှစ်စုံတော့လဲဖြစ်၏။ အခုမှတူညီဝတ်စုံ သတ်မှတ်ထား၍ စိတ်အေးသွားသည်။ ပစ္စည်းများကို ညကတည်းက ဆွဲခြင်းထဲ ကြိုထည့်ထားသင့်၏။ သို့မဟုတ်ပါကလည်း ဆွဲခြင်းဘေးတွင်ချထားရန် စီစဉ်သင့်သည်။ အပြင်ထွက်မှ ကောက်ထည့်လျှင်တော့ လုံးဝ အဆင်ပြေမည်မဟုတ်ပါ။

''သမီးပြောတဲ့အတိုင်း ဖြစ်ပါစေကွယ်''

ဒေါ်ဝင်းနုက ဖြူမာခိုင်အား သိပ်တော့မယုံကြည်နိုင်သေးပါ။ သမီးဖြစ်သူ၏အကြောင်းကို သိသူပီပီ ဖြူမာခိုင်ပြောလိုက်သောစကားအား ပြုံး၍သာ နားထောင်နေမိ၏။ မနေ့ညနေက ထမင်းဝိုင်းတွင် ထမင်းစားခါနီးမှ ထမင်းမချက်မိမှန်း သိခဲ့ရသည်။ ရုံးပိတ်ရက်မျိုးတွင် ဖြူမာခိုင်က မီးဖိုထဲဝင်၏။ နှစ်ရက်စလုံး သမီးလက်ရာအား ရင်တမမဖြင့် စားခဲ့ရ၏။

''စိတ်ချပါ မေမေ၊ ထမင်းဝိုင်းထဲထိုင်တာနဲ့ ခူးခပ်ပြီးသားဖြစ်နေမှာပါနော်''

www.burmeseclassic.com



သားအမိနှစ်ယောက်စလုံးရယ်မောမိကြတော့သည်။ ဦးကျော်နိုင်ဆိုလျှင် မိန်းမဖြစ်သူကိုသာ ပြောနေတော့၏။

"မင်းက သမီးနော်၊ မယောင်မလည်ကြည့်ပြီး လိုအပ်တာကိုပြောပေးလေကွာ၊ တော်ကြာမှ ထမင်းချက်ရသေးတာနဲ့ ဖြစ်နေဦးမယ်"

"ကြည့်နေပါတယ်ရှင်၊ အင်း... အိမ်ထောင်ကျရင်တော့ ရှင့်သမီး ဘယ်လိုဖြစ်မလဲ မသိဘူးနော်၊ ကျွန်မကတော့ သူ့ကောင်လေးကို သနားမိတယ်၊ ဟိုတစ်နေ့ကပဲကြည့်လေ၊ သမီးက သူ့ File ကျန်ရစ်ခဲ့လို့ သူ့ကောင်လေးက လာပြန်ယူပေးရတယ်၊ ယောကျ်ားလေးဆိုတော့ ကြာရင် စိတ်ပျက်သွားမှာစိုးရိမ်ရတယ်၊ သမီးလုပ်ပုံနဲ့တော့ ခက်တော့နေပါပြီ ယောကျ်ားရယ်"

"ခက်မနေနဲ့ကွာ၊ ချစ်ရင်ခွင့်လွှတ်မှာပဲပေါ့၊ မင်းနဲ့မညားခင်က ကိုယ်လည်း ခွင့်လွှတ်နေရတာပဲ မဟုတ်လား ဟဲ...ဟဲ"

"တော်ပါ၊ ကလေးကလားနဲ့ ရှင့်သမီးက ရှင်နဲ့ကိုတူတာ၊ ပြောမကောင်း ဆိုမကောင်း"

"ဒါပေမဲ့ အိမ်ထောင်ကျတော့ မအေတူတာပဲမဟုတ်လား၊ အေအေနဲ့တူတဲ့ ယောကျ်ားမျိုး ရှာယူတတ်တာလေ"

ဒေါ်ဝင်းနုမျက်စောင်းက ခိုင်ခန့် ကျရောက်သွားတော့သည်။ သတိမေ့တတ်ခြင်းက မျိုးရိုးလိုက်သွား၏။ ဒေါ်ဝင်းနု၏ မိခင်ကြီးမှ စ၍ကလည်း ထိုသို့ပင် မေ့တတ်၏။

ကိုယ့်ပစ္စည်းကို
ခိုးယူသူအား
သိနေမှ
ကိုယ့်ဘက်က
သတ္တိရှိဖို့ပဲ
လိုတော့၏။
ကြောက်တတ်လျှင်
ကိုယ့်ပစ္စည်းက
ဆုံးရှုံးခံရပါလိမ့်မည်။
သို့ပေမယ့်
...

မေ့သည်မှ ဒေါ်သွားသည့် သမီးနှစ်ယောက်အား ဘတ်စ်ကားပေါ်တွင် ထားခဲ့ပြီး မေ့ကျန်ခဲ့သည့်အထိ အဖြစ်ကဆိုး၏။ သည်ခေတ်ဆိုလျှင် လူကုန်ကူးသူလက်ထဲရောက်မည်လား၊ ပြည့်တန်ဆာလက်ထဲရောက်မည်လားမသိပေ။ ဟိုခေတ်က အိမ်တိုင်ရာရောက် မိဘလက်ထဲသို့ပြန်အပ်ပေးခဲ့ကြ၏။

နောက်တစ်ဦးက ဒေါ်ဝင်းနုမိခင်ကြီး၏ညီမပါ။ ချိုင်းကို ကလိထိုးလိုက်သည်နှင့် ယောင်အော်ပြီး ဆဲရေးတိုင်းထွာတတ်၏။ ဤသည်က ရောဂါတစ်မျိုးဟု ဆိုကြသည်။

"ရှင့်သမီးလည်း အမေနဲ့ ဒေါ် လေးလို မျိုးရိုး လိုက်ရင် ဒုက္ခပါပဲ နော်"



www.burmeseclassic.com

www.burmeseclassic.com

"မဖြစ်ပါဘူးကွာ၊ သတိကောင်းလို့ ဘွဲ့တောင်ရခဲ့ပြီးပြီ၊ လူတိုင်း စိတ်စောရင် မေ့ကျန်တတ်ကြတာပဲဥစ္စာ၊ သတိပေးတဲ့သူရှိရင် မေ့ကျန်တော့မှာမဟုတ်ဘူး"

"မထင်ပါဘူး ယောကျ်ားရယ်"

⁂ ⁂ ⁂

သည်နေ့လည်း ရုံးသွားခါနီးတွင် ဖြူမာခိုင်က အိမ်ထဲဝင်လိုက်၊ နောက်ဖေးပြန်ထွက်လိုက်နှင့် ယောက်ယက်ခတ်နေတော့သည်။

"ဟဲ့....သမီး၊ ဝင်လိုက်ထွက်လိုက်နဲ့၊ ဘာဖြစ်နေတာလဲ"

"နေ့လယ်သုပ်စားဖို့ လက်ဖက်သုပ်ကို မေ့ကျန်ခဲ့လို့ပါ မေမေ"

"ဆွဲခြင်းထဲသာ ထည့်သွားတော့နော်၊ ကော်ဖီဘူးရော ပါရဲ့လား၊ ပြီးတော့ File ရော ထည့်ရဦးမလား"

"အကုန်ပြည့်စုံပါပြီ မေမေရယ်၊ သမီး သွားတော့မယ်နော်၊ ဒီနေ့ ဖယ်ရီနဲ့မသွားဘူး မေမေ"

"ဘာဖြစ်လို့လဲကွဲ့"

"ဖယ်ရီက ပျက်နေတယ်လေ"

"သြော်.....ဒါကြောင့်မို့ စောနေတယ်ထင်တာ၊ အေးကွယ်.....ဘတ်စ်ကားစီးရမှာဆိုတော့ စောစောသွားမှပေါ့လေ"

ဖြူမာခိုင်က ခေါင်းနှုကိုနုတ်ဆက်ပြီး ဘတ်စ်ကားမှတ်တိုင်ရှိရာသို့ လမ်းလျှောက်သွား၏။ မှတ်တိုင်တွင် လူများစွာတွေ့ရ၍ စိတ်ညစ်သွားတော့သည်။

"တက္ကစီနဲ့သွားရရင် ကောင်းမလား၊ တက္ကစီခက နှစ်ထောင့်ငါးရာလောက်တောင်းမှာ၊ နှမြောစရာကြီး"

နောက်တော့ အတွေ့အကြုံရရန် အထူးဘတ်စ်ကားကိုသာ တက်စီးလာရတော့၏။ တက်စက နေရာမရပေ။ မတ်တတ်ရပ်လျက် လိုက်ပါလာရသည်။

"ဟင်း....အခုမှ ရှေ့တိုးမရ၊ နောက်ဆုတ်မရနဲ့ အသက်ရှူလို့တောင် မဝတော့ဘူး၊ ဒီလိုမှန်းသိရင် တက္ကစီနဲ့လာပါတယ်"

ဆွဲခြင်းအား နေရာရသူအမျိုးသမီးက သူ့ပေါင်ပေါ်တွင် တင်ထားပေးသဖြင့် တော်သေး၏။ အိတ်ကိုရင်ခွင်တွင်ပိုက်ထားပြီး ဒုက္ခခံနေရသည်။ သူ့ဘေးတွင် အမျိုးသားနှစ်ယောက်က ရှိနေပြန်သည်။

"မြန်မြန်ရောက်ပါတော့၊ ကိုဝေ့ကို ချိန်းလိုက်ရကောင်းသား၊ သူက လာခေါ်မယ်ပြောတုန်းက လာခေါ်ခိုင်းရကောင်းသား"

ဘတ်စ်ကားပေါ်တွင် စိတ်ပျက်စကားများ တီးတိုးဆိုရင်း ဆင်းရမည့်နေရာကို မြန်မြန်ရောက်ချင်နေတော့သည်။ ဖြူမာခိုင်ကဲ့သို့ပင် ဒုက္ခရောက်နေရှာသည့် မိန်းမသားများ၏ အသံများကိုလည်း ကြားနေရပြန်၏။

"ရှင်က ဟိုဘက်တိုးပါလား၊ ကိုယ်လုံးကြီးနဲ့ ဖိထားတာ နာလှပြီ၊ အားနာလို့ မပြောတာ"

"ဒီဘက်မှာလည်း အတိုးခံထားရတာပဲဗျ၊ စာနာဦး"

"ဟင်း...သက်သက်အရသာယူနေတာ မသိဘူးမျှားထင်နေသလား"

"ကဲပါဗျာ.....အားလုံးကိုတောင်းပန်ပါတယ်နော်၊ အစ်မလေးက နောက်ကျောသာလှည့်လိုက်ပါ၊ အေးအေးဆေးဆေး ဖြစ်သွားပါလိမ့်မယ်"

အမျိုးသမီးက စပယ်ယာပြောသည့်အတိုင်း လုပ်လိုက်မှ ယာဉ်ပေါ်တွင် ဆူညံသံ တိတ်သွားရတော့၏။ သို့သော်လည်း ကလေးငိုသံ၊ ကလေးချော့သံများနှင့်အတူ.....

"ဟင်.....သွားပါပြီတော်၊ ပေရေကုန်ပါပြီ"

ဖြူမာခိုင်ဘေးတွင် ထိုင်နေသော အမျိုးသမီးထံမှ စကားသံကြောင့် အားလုံးစိတ်ဝင်စားသွားကြသည်။

"ဒီမှာကြည့်ပါဦး၊ ရှင့်ဆွဲခြင်းထဲကဆီတွေ ကျွန်မထဘီပေါ်ကျကုန်ပြီ၊ စိတ်ညစ်လိုက်တာနော်"

"ဟယ်.....လက်ဖက်စိမ်ထားတဲ့ဆီတွေ ဖိတ်ကုန်တာထင်တယ်၊ တောင်းပန်ပါတယ်ကွာ"

"ရှင်ကတောင်းပန်နေ၊ ကျွန်မက ဒီပုံနဲ့ Interview ကို ဘယ်လိုသွားဖြေရမှာလဲ၊ ဆီကွက်တွေက ဖျက်လို့မရဘူးရှင့်"

အမျိုးသမီးက စိတ်ဓာတ်ကျသွားပုံဖြင့် ဖြူမာခိုင့်ဆွဲခြင်းအား ကြမ်းပေါ်ပစ်ချလိုက်သည်။ စိတ်ဆိုးမာန်ဆိုးဖြစ်သွားပုံရ၏။

www.burmeseclassic.com

www.burmeseclassic.com



“တောင်းပန်ပါတယ်နော်”

“လုပ်မနေနဲ့၊ ဒါကြောင့်မို့ တချို့က မကူညီချင်ကြတာ၊ ဖယား ရှုပ်တယ်”

ဖြူမာခိုင် စိတ်မကောင်းဖြစ်သွား၏။ ကိုယ်ချင်းစာစိတ်ဖြင့် ထိုမိန်းကလေးအား အကြံဉာဏ်ပေးချင်သော်လည်း.....

“တော်ပြီ၊ အိမ်ပဲပြန်တော့မယ်၊ ဒီပုံနဲ့လည်း မရတော့ပါဘူး၊ ရှေ့မှတ်တိုင်ပါတယ်နော်”

“ဒါဆို ရောက်တော့မယ် ညီမ၊ ရှေ့ထွက်လာခဲ့တော့”

မိန်းကလေးက နှုတ်ခမ်းစူကာ ထသွားမှ ဖြူမာခိုင်လည်း ထိုမိန်းကလေးနေရာတွင် ဝင်ထိုင်လိုက်ရတော့သည်။ ထိုမိန်းကလေးစိတ်ထဲတွင် သူ့အား ကျိန်ဆဲနေမည်က သေချာ၏။ မိန်းကလေး ကားပေါ်ကဆင်းသွားမှ လှမ်းကြည့်လိုက်ရာ ရှေ့ဘက်တစ်ပြင်လုံး ဆီကွက်ကြီးဖြစ်နေ၏။ စကတ်ထဘီဖြစ်နေသည့်အတွက် လှည့်၍မရဖြစ်နေသည်။

“ဩော်...သူတောင်းလို့ ခြင်းပေးမိတာ တော်သေးတာပေါ့၊ သူလည်း နောင်ကို ဘယ်သူ့မှ ကူညီရမှာမဟုတ်တော့ဘူး၊ သူ့အတွက် သင်ခန်းစာရသွားပြီပေါ့”

ကားပေါ်တွင် ထိုင်လျက်လိုက်ပါရင်း ချစ်သူ ရုံးများရောက်နေလေမလားဆိုသည့်အသိဖြင့် ဖုန်းဆက်ရန် သတိရသွား၏။ သည်တော့ ဖုန်းကိုထုတ်လိုက်ရာ အိတ်ထဲတွင် မတွေ့တော့ပေ။ ဖြူမာခိုင် ခေါင်းနားပန်းကြီးသွားတော့၏။ သေချာစေရန် ထပ်တလဲလဲ ရှာကြည့်ရာ မတွေ့ပေ။ Handset က ငါးသိန်းကျော်ပေးရ၏။ ရုံးမှ အကြွေးဖြင့် ဝယ်ယူထားသည်မှာ အကြွေးပင် မကျေသေးပေ။

“သွားပါပြီ ငါ့ဖုန်း ခါးပိုက်နှိုက်ခံရတာများလား”

စောစောကကောင်မလေးကြောင့် ဖြူမာခိုင် အလုပ်ရှုပ်သွားစဉ် အချောင်စောင့်နေသူက ဝင်သမသွားခြင်းမျိုးလား။ ဖြစ်နိုင်ခြေရှိသော ရပ်နေသည့် အမျိုးသားနှစ်ဦးအား လေ့လာလိုက်သည်။ တစ်ဦးကလွယ်အိတ်လွယ်ထားပြီး လွယ်အိတ်ထဲ လက်နှိုက်ထား၏။ နောက်တစ်ဦးက သူကြည့်နေမှ တစ်ဖက်ခြမ်းသို့လှည့်သွား၏။

“အင်း.....ဒီနှစ်ယောက်က မသင်္ကာစရာပဲ၊ ငါဘာလုပ်ရရင် ကောင်းမလဲ၊ သူတို့ကြည့်ရတာ တစ်ဖွဲ့တည်းဖြစ်ဖို့များတယ်၊ ဒါကြောင့်မို့ ငါ့ကို ညှပ်ပူးညှပ်ပိတ်လုပ်ထားပြီး အာရုံလွှတ်သွားချိန်မှာ ငါ့အိတ်ထဲက နှိုက်ယူလိုက်တာပဲဖြစ်ရမယ်၊ အိတ်ကို ရင်ခွင်ထဲမပိုက်ခင်က ဘေးမှာ ချလွယ်မိတာပဲ၊ အဲဒီအချိန်က နှိုက်ထားတာပဲဖြစ်ရမယ်”

ဖြူမာခိုင်တစ်ယောက်ဒေါသဖြစ်သွားတော့သည်။ ကိုယ့်ပစ္စည်းကို ခိုးယူသူအား သိနေမှ ကိုယ့်ဘက်က သက်သေရှိဖို့ပဲ လိုတော့၏။ ကြောက်တတ်လျှင် ကိုယ့်ပစ္စည်းက ဆုံးရှုံးခံရပါလိမ့်မည်။ သို့ပေမယ့် ကိုယ်က အော်လိုက်မှ ကိုယ့်ကို အန္တရာယ်ပြန်ပေးမည်ကိုတော့ကြောက်၏။

“သူတို့က ပါးကို ဓားနဲ့ခြစ်သွားတာမျိုး၊ ပေါင်ကိုဓားနဲ့ထိုးသွားတာမျိုး လုပ်တတ်ကြတယ်၊ အော်လို့မဖြစ်သေးပါဘူးလေ၊ တော်ကြာ ဓားနဲ့ထိုးသွားရင်အခက်၊ ငါ ဘာလုပ်ရရင် ကောင်းမလဲ”

ဖြူမာခိုင်၏ မျက်လုံးထဲတွင် Samsung Handset လေးက မျက်လုံးထဲတွင် ဖျောက်မရတော့ပေ။ တန်ဖိုးနည်းဆင်းကတ်ဖြစ်သော်လည်း Handset လေးက အဖိုးတန်၏။ သူနှင့် ချစ်သူတို့က ဆင်တူဝယ်ယူထားကြခြင်းဖြစ်သည်။ ယခုတော့ ချစ်သူဖုန်းကိုတွေ့တိုင်း သူ့ဖုန်းအား သတိရနေမည်မှာမလွဲပေ။ စိတ်မကောင်းလည်းဖြစ်သွား၏။ သည်တော့ ဖြူမာခိုင်လည်း အချစ်ကပေးသော အားအင်သတ္တိများဖြင့်.....

“လုပ်ကြပါဦး၊ ကျွန်မဖုန်းကို ခါးပိုက်နှိုက်သွားပြီ၊ မရှိတော့ဘူး”

ဖြူမာခိုင့်အသံကြောင့် ယာဉ်ပေါ်ရှိ ခရီးသည်များမှာ လှုပ်ရှားယောက်ယက်ခတ်သွားကြတော့၏။

“သေသေချာချာ ပြန်ရှာပါဦး တူမရယ်”

“သွားပြီ၊ ဒီနေ့တော့ တိုင်ပတ်ပြီပဲ”

“တောက်...ရုံးမမီတော့ဘူး”

“နီးရာရဲစခန်းသာ မြန်မြန်မောင်းတော့ဗျို့၊ ကြာရင် အားလုံး ဒုက္ခရောက်လိမ့်မယ်”

“ဟုတ်ပဲ၊ ကိုယ့်ပစ္စည်းကိုယ် ဂရုမစိုက်တာ၊ နည်းသေး”

တစ်ယောက်တစ်ပေါက်ပြောကြပြီး မှတ်ချက်ပေးနေကြလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ဒရိုင်ဘာက အနီးဆုံးမြို့နယ်ရှိ မြို့မရဲစခန်းထဲသို့ ကားကိုချိုးကွေ့ဝင်လိုက်တော့သည်။ ဖြူမာခိုင်လည်း ငိုမဲ့မဲ့နှင့်ဖြစ်နေ၏။

"တစ်ယောက်မှ မဆင်းကြပါနဲ့ဗျာ၊ ရှာဖွေပြီးမှသာ သွားလိုရာဆက်သွားကြပါ"

ခရီးသည်များလည်း ရှုံ့ရှုံ့မဲ့မဲ့ဖြင့် ဆင်းလိုက်ကြတော့သည်။ အားလုံးမှာ ဖြူမာခိုင်အား မျက်စောင်းထိုးနေကြတော့၏။

"ဗိုလ်ကြီး.....ဘယ်မှာမှ ရှာလို့မတွေ့ပါဘူး"

"သေချာရဲ့လားကွ"

"ဟုတ်ကဲ့ သေချာပါတယ် ဗိုလ်ကြီး။ ခရီးသည်တွေအားလုံးမှာလည်း Samsung ဖုန်းချင်းတောင် မတူပါဘူး။ ကားအနှံ့ အမိုးနဲ့ ကြမ်းခင်း၊ ဆိုဖာပါမကျန် ရှာပြီးပါပြီ၊ မတွေ့ပါဘူး"

စခန်းမှူးကြီးက ဖြူမာခိုင်ဘက်သို့ လှည့်ကြည့်၏။ ဖြူမာခိုင်လည်း မှိုမောက်သော မျက်လုံးများဖြင့်.....

"ကျွန်မဆီက နှိုက်သွားတာ သေချာပါတယ် ဗိုလ်ကြီး"

"ဒါဆို နှိုက်တဲ့သူကို ခင်ဗျားသိမလား"

"ဟုတ်ကဲ့ သိပါတယ်ရှင်၊ လမ်းမဘက် လှည့်ကြည့်နေတဲ့ အကျီအဖြူကွက်နဲ့ အမျိုးသားရယ်၊ သစ်ပင်အောက်မှာရပ်နေတဲ့ ဆံပင်

**ကျွန်တော်တို့ ဥပဒေဝန်ထမ်းတွေက ၂၄ နာရီလုံးလုံး ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်တွေကို ကာကွယ်နေကြရတာလေ၊ သူမှာ မေ့တတ်တဲ့ ရောဂါရှိရင် နားလည်တတ်ကျွမ်းတဲ့ သမားတော်တွေနဲ့ အရင်လာပြပေးပါဦး**

...

ကောက်နဲ့ အမျိုးသားရယ် သူတို့နှစ်ယောက်ထဲက တစ်ယောက်ယောက် ယူသွားတာပါရှင်"

"ကဲကွာ.....ဒါဆိုလည်း ကျန်ခရီးသည်တွေ အားနာစရာပဲ၊ ဟိုလူနှစ်ယောက်ကို ခေါ်ထားပြီး ကျန်ခရီးသည်တွေကို ပြန်လွှတ်လိုက်ကြတော့"

"ဟုတ်ကဲ့ ဗိုလ်ကြီး"

စခန်းမှူးကြီးလည်း ဖြူမာခိုင်အား သေချာစေရန် ထပ်မေးလိုက်၏။

"ညီမပစ္စည်းကရော ပျောက်တာသေချာရဲ့လား။ အိမ်မှာမေ့ကျန်ခဲ့တာမျိုးရော ဖြစ်နေမလား"

"တခြားပစ္စည်းသာ မေ့ချင်မေ့မှာပါ၊ ဖုန်းကတော့ အပြင်သွားလေရာ ယူသွားတာပါရှင်"

စခန်းမှူးကြီးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဖြူမာခိုင်၏မျက်နှာအား ဥပဒေဝန်ထမ်းပီပီ အကဲခတ်နေ၏။

"အလုပ်သွားတော့မယ်ဆိုတာနဲ့ ဖုန်းကို အိတ်ထဲထည့်ယူခဲ့တာချည်းပါပဲ၊ မေ့ကျန်ခဲ့ရင်လည်း ချက်ချင်းသတိရလာတာပါ ဗိုလ်ကြီးရယ်"

"ဟုတ်ပါပြီလေ၊ ဒါဆိုလည်း ညီမရဲ့ဖုန်းနံပါတ်ကိုပြော"

ဖြူမာခိုင်က ဂဏန်း ၁၀ လုံးပါသော ဖုန်းနံပါတ်နှင့် သူ့အမည်တို့ကို ပြောလိုက်၏။ စခန်းမှူးက ထိုဖုန်းနံပါတ်အား ခေါ်ဆိုလိုက်ရာ တစ်ဖက်က ပြန်ဖြေသံကြားရသည်။

"----"

"ဩော်.....ဒီဖုန်းက မဖြူမာခိုင်ဖုန်းနော်"

"----"

"အစ်မကြီးက....."

"----"

"ဟုတ်ကဲ့ခင်ဗျ၊ ဒီနေ့သူ ဖုန်းပါမသွားဘူးလား"

"----"

တစ်ဖက်မှ စကားသံသည်ဖြင့် ရှင်းပြနေရာ စခန်းမှူးကြီးလည်း ပြုံးလျက်နားထောင်နေ၏။ ဖြူမာခိုင်မှာဖြင့် မျက်မှိမျက်နှာပျက်နေပေ

www.burmeseclassic.com

www.burmeseclassic.com


ပြီး ကြာကြာပြောပြီးမှ.....

"ဟုတ်ကဲ့၊ အစ်မကြီးသမီးက ဘတ်စ်ကားပေါ်မှာ ဖုန်းပျောက်တယ်ဆိုလို့ ရဲစခန်းမှာ ရောက်နေပါတယ်ဗျာ"

"----"

"ဟုတ်ကဲ့၊ ရပါတယ် အစ်မကြီး၊ ကျွန်တော်တို့ ဥပဒေဝန်ထမ်းတွေက ၂၄ နာရီလုံးလုံး ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်တွေကို ကာကွယ်နေကြရတာလေ၊ သူ့မှာ မေ့တတ်တဲ့ရောဂါရှိရင် နားလည်တတ်ကျွမ်းတဲ့ သမားတော်တွေနဲ့ အရင်လာပြပေးပါဦး၊ အခုလိုပဲ ရဲစခန်းကို ခဏခဏရောက်လာရင် သူ့ပတ်ဝန်းကျင်ကလူတွေအားလုံး ဝိုင်းပြီးမေတ္တာပို့ကြမှာနော်၊ ဟုတ်ကဲ့ ကျေးဇူးတင်ဖို့ မလိုပါဘူးဗျာ၊ ဟုတ်ကဲ့ခင်ဗျ"

ဖြူမာခိုင်၏မျက်နှာမှာ ဆီးရွက်ခန့်သာရှိတော့သည်။ သူ့အပြစ်လည်း သူသိသွား၏။ သည်တော့ စခန်းမှူးကြီး၏မျက်နှာအား ရဲရဲဝံ့ဝံ့ မကြည့်ရဲတော့ပေ။ စခန်းမှူးကြီးလည်း ရဲတပ်ဖွဲ့ဝင်တစ်ယောက်ကို ခေါ်ကာ ခရီးသည်အားလုံးကို ပြန်လည်ထွက်ခွာနိုင်ပြီဖြစ်ကြောင်းပြောကြားရန် အမိန့်ပေးလိုက်၏။

"ကဲ...ကြားတယ်နော် ညီမ၊ ဒါမျိုးက ဖြစ်တတ်ကြပါတယ်၊ အိမ်ကိုလှမ်းမေးလိုက်လို့ တော်သေးတာပေါ့၊ ဟိုလူနှစ်ယောက်ကို မသင်္ကာမှုနဲ့ စစ်ဆေးမေးမြန်းရင် မဟုတ်လို့က အတိုင်ခံရဦးမယ်၊ ဒီတော့ နောင်ကို ဆင်ခြင်စဉ်းစားပါလို့ မေတ္တာရပ်ခံချင်ပါတယ်ဗျာ၊ ကိုယ့်ကြောင့် သူတစ်ပါး စိတ်အနှောင့်အယှက်ဖြစ်ရ၊ ဒုက္ခရောက်ရရင် ဘယ်ကောင်းပါ့မလဲနော့"

"ဟုတ်ကဲ့ရှင့်၊ ကျွန်မလည်း ထည့်လာခဲ့မိတယ်ထင်လို့ပါ၊ ဗိုလ်ကြီးတို့ကို တောင်းပန်ပါတယ်ရှင်၊ ကျွန်မကို သွားခွင့်ပြုပါဦးနော်"

"ကောင်းပါပြီဗျာ"

ဖြူမာခိုင်လည်း ရဲစခန်းထဲမှ အလျင်အမြန်ထွက်လာပြီး တက္ကစီတစ်စီးကိုတားကာ ရုံးသို့ဦးတည်လိုက်တော့သည်။ ကားပေါ်ရောက်မှပင် စိတ်အေးသွားကာ သက်ပြင်းချနိုင်တော့၏။ မေ့ကျန်တတ်သည့် စိတ်ကို မည်သို့လုပ်ရမည်မသိတော့ပေ။

"ဖြူရာ မင်းတော့ ဖြစ်မှဖြစ်ရလေ၊ ဒါကြောင့် ရုံးနောက်ကျတာကိုး၊ အေးလေ၊ မင်းအတွက် သင်ခန်းစာပေါ့"

"ဖြူလေ ကြောက်လိုက်တာမှ ပြောမနေပါနဲ့တော့၊ ခရီးသည်တွေအားလုံးက စားတော့ဝါးတော့မယ့် မျက်လုံးတွေနဲ့၊ ဖြူ့ကြောင့် သူတို့တွေ အချိန်ကုန်မှာကိုး၊ မေတ္တာဝိုင်းပို့ကြမှာပဲ"

"ဘယ်သူမပြု မိမိမှုပေါ့ ဖြူ၊ ကိုယ့်မေမေလည်း ခဏခဏ အဲဒီလိုဖြစ်တာပဲ၊ ဖဝေဖဝါ၊ ဖိုးတိုးဝါးတားနဲ့ စဉ်းစားမရဘူးပေါ့"

ရုံးရောက်မှ ဝေမောင်မောင်က သူ့အား နှစ်ခါလာကြည့်သွားသည်ဟု သိခဲ့ရ၏။ ထမင်းစားချိန်ရောက်မှပင် ဖြူမာခိုင်က ရှင်းပြလိုက်၏။ သည်တော့မှ သူ့အဖြစ်ကိုသိသွားကြတော့သည်။

"တစ်ခါပဲ ဘတ်စ်ကားစီးပါတယ်၊ မှတ်မှတ်ရရကို ဖြစ်သွားရော၊ ဖြူမာခိုင်တို့က သိပ်ရယ်ရတာပဲကွယ်"

"ဟုတ်တယ် မမ၊ ဖြူလည်း ဖုန်းမတွေ့တော့တာနဲ့ ခါးပိုက်နှိုက်ခံရပြီထင်သွားတာ၊ ကျန်တာ စဉ်းစားမရဘူး"

"အိမ်ရောက်ရင် အမေ့အဆူခံထိဦးမယ်၊ ကျွန်တော့်ကို ပြန်တိုင်ဦးမှာဗျ"

"ဩော်...ဝေမောင်မောင်တို့က ချစ်သမက်လေးပေါ့လေ၊ မင်းတို့က ယူကြမယ်ဆိုလည်း မြန်မြန်ယူကြတော့ကွာ၊ ဖြူမာခိုင့်အနားမှာ တစ်ယောက်ယောက်က အမြဲမပြတ်သတိပေးနေမှ မေ့တာလျော့တာတွေ ဖြစ်တော့မှာမဟုတ်ဘူး"

ဝေမောင်မောင်က စဉ်းစားလိုက်၏။ မနေ့ညက မိဘများက သူ့အား အိမ်ထောင်ပြုဖို့ပြောလာ၏။ အသက် ၃၀ အရွယ်သည် အိမ်ထောင်ပြုရန် အကောင်းဆုံးအရွယ်ပါ။ ဝေမောင်မောင့်မိဘများက ချစ်သူရှိလျှင် တောင်းရမ်းပေးမည်ဟု ပြောကြသည်။ လက်ထဲတွင်လည်း ငွေရှိနေမှ အိမ်ထောင်ပြုလို့ရ၏။ နေထိုင်စရာက လောလောဆယ် ဖြူမာခိုင်၏အိမ်တွင် နေလို့ရသည်။

ညနေ ရုံးဆင်းချိန်တွင် ဝေ

www.burmeseclassic.com

www.burmeseclassic.com


မောင်မောင်က ဖြူမာနိုင်ကို တိုင်ပင်လိုက်တော့သည်။ ပထမတော့ ဖြူမာနိုင်က အိမ်ထောင်မပြုချင်သေးပေ။ သို့သော်လည်း ချစ်သူကပြောလာမှ သူ့အဖို့ ဟန်ဆောင်ကာမှုပို၍ မရတော့ပေ။

"ကိုဝေ့သဘောပဲ၊ ဒါပဲနော် မင်္ဂလာဦးညမှ ဖြူ့ရဲ့အချစ်ပန်းကို ပေးအပ်မှာပဲ၊ စေ့စပ်ထားတာက အသိအမှတ်ပြုရုံသက်သက်နော်၊ ဖြူ့ဘဝကို တစ်ဝက်ပဲဆိုင်သေးတာ၊ အကုန်မပိုင်သေးဘူး"

"စိတ်ချပါ ဖြူရာ၊ ထမင်းကျွေးပေမယ့် စားလေလို့ မပြောမချင်း ကိုယ်က နှိုက်မစားပါဘူးဗျာ"

"တစ်သက်လုံး မပြောရင်ရော ကိုဝေ"

"လက်ထပ်ပြီးရင်တော့ ဘယ်ရမလဲ၊ ကျွေးကျွေး၊ မကျွေးကျွေး အတင်းထည့်စားမှာပဲ၊ ဖြူ့ကို ကိုယ်ပိုင်ဆိုင်သွားပြီလေ၊ မဟုတ်ဘူးလား"

"ဟင်း.....တော်တော်တတ်နော်"

ချစ်သူထံ ချစ်မျက်စောင်းလှလှလေး ထိုးလိုက်သည်။ ဖြူမာနိုင့်အတွေးထဲတွင် စေ့စပ်မည့်နေ့အား ကြိုတင်ရင်ခုန်သွားမိ၏။

"ဖြူ့ဖေဖေနဲ့မေမေက အိမ်မှာ အမြဲရှိနေတော့ ကြိုမပြောထားဘဲ ကိုဝေတို့ဘက်က လာတောင်းမှ ခေါ်ပြလိုက်ရင် အံ့သြသွားကြမှာပဲနော်၊ ဖြူလည်း မသိတဲ့ပုံနဲ့ နေလိုက်မယ်"

"ဖြူ့သဘောလေ၊ ဒါဆို ရှေ့လာမယ့် တနင်္ဂနွေနေ့မှာ လာတောင်းမှာနော်"

"ကိုဝေလည်း ကြိုက်သလိုစီစဉ်တော့၊ ရှင့်သဘောပဲပေါ့နော်"

နှစ်ဦးသား စေ့စပ်ရက်အား စီစဉ်လိုက်ကြသည်။ နှစ်ဖက်မိဘများကိုခေါ်၍ စားသောက်ဆိုင်တွင် စေ့စပ်စားသောက်ရန် ဝေမောင်မောင်က စိတ်ကူးထား၏။ ပို၍ရင်းရင်းနှီးနှီးရှိစေရန် ရည်ရွယ်ပြီး ကုန်ကျမှုထက် အဆင့်အတန်းရှိရှိ ဖြစ်စေချင်၏။

"Sunday မနက် ၁၀ နာရီ တိတိနော်"

"OK.....ကိုဝေ့ဘက်ကသာ မမေ့နဲ့"

"အဝတ်အစား အသစ်ချုပ်ဦးမလား ဖြူ"

"ဖြူ့မှာ အသစ်တွေရှိတယ်၊ မချုပ်တော့ဘူးလေ"

ထိုနေ့တွင် ယောက္ခမလောင်းများ စိတ်ကြိုက်ဖြစ်စေရန် ချိတ်ထဘီလေး ဝတ်လိုက်မည်ဟု တွေးထားလိုက်၏။ စေ့စပ်ပွဲ၏ အကြိုပုံရိပ်များက ဖြူမာနိုင်အား အိပ်မက်ထဲအထိပင် စိုးမိုးထားတော့သည်။ မိဘများအတွက် ထိုနေ့တွင်ဝတ်မည့် အဝတ်အစားကအစ ဖြူမာနိုင်က ကြိုတင်ပြင်ဆင်ထားခဲ့၏။

"အန်တီဝင်း....မမဖြူ....."

"ဟယ်.....သဲသဲပါလား၊ လာလေ၊ မလာစဖူးပါလားအေ၊ ကျုပ်တူမလေး ဘယ်ကနေ မျက်စိလည်လာပါလိမ့်နော်"

"ဒီကိုတမင်လာတာပါ အန်တီဝင်းရယ်၊ ကိုယ့်အဒေါ်ကို မေ့ပါ့မလား၊ အခု သဲတို့မိသားစု ပြင်ဦးလွင်သွားမယ်၊ အဲဒါ အန်တီဝင်းနဲ့ မမဖြူကို ရောက်ဖူးအောင် ခေါ်သွားချင်လို့ လာခေါ်တာ၊ တနင်္ဂနွေနေ့ညမှာ ပြန်ရောက်မယ်"

ပြင်ဦးလွင်သွားမည်ဆို၍ ဖြူမာနိုင်က ဝမ်းသာသွား၏။ သည်နေ့က သောကြာနေ့၊ မနက်ဖြန် စနေ၊ တနင်္ဂနွေ ရုံးပိတ်ပေမည်။

"စဉ်းစားမနေနဲ့ အထုပ်အပိုးပြင်တော့၊ အခုသွားတော့မှာ၊ အမြန်လမ်းကနေမောင်းရင် သိပ်မဝေးဘူး၊ ဒါပေမဲ့ နေပြည်တော်မှာ ညအိပ်ရမှာပေါ့နော်"

"ဟယ်...ရုံးက အခုမှရောက်တာ သဲသဲရယ်၊ ရေတောင်မချိုးရသေးဘူး၊ ဒီနေ့ စောစောပြန်ရတာနဲ့ အတော်ပဲပေါ့၊ ဟီ.....ဟိ"

"ချိုးမနေနဲ့ နေပြည်တော်က ဟိုတယ်ဖုန်မှာတည်းမှာ၊ အဲဒီရောက်မှ ဖိမ်နဲ့သာချိုးတော့"

ဖြူမာနိုင်လည်း အထုပ်အပိုးပြင်ရန် သူ့အခန်းထဲ မြန်မြန်ဝင်သွားလိုက်သည်။ သဲသဲက သူတို့မိသားစု ခရီးထွက်တိုင်း ဤသို့ပင် ဝင်ခေါ်နေကျပင်။ စားသောက်သည်ကအစ လှူဒါန်းသည်အဆုံး သူက ကုသိုလ်ပြုပေး၏။

"အန်တီဝင်းရော အဝတ်အစားယူလေ၊ နှစ်စုံအပိုယူလာရင် ရပါတယ်"

"မလိုက်တော့ပါဘူးကွယ်၊ သဲ

www.burmeseclassic.com



သဲဦးလေးက နေမကောင်းဖြစ်ချင် နေတယ်၊ အိမ်မှာ တစ်ယောက်ကျန် ခဲ့မှ ဖြစ်မှာလေ၊ ဪ....ငါ့သမီး များ တော်တော်မလိုက်ချင်ရှာဘူး၊ အထုပ်က ကားပေါ်ရောက်သွားပြီ''

''ဒါမှလည်းရောက်မှာလေ မေ မေရဲ့၊ လာခေါ်တဲ့ သဲသဲကို ကျေးဇူးတင်ရမယ်၊ မမဖြူက ပြင်ဦးလွင် ကို သိပ်သွားချင်နေတာပါ၊ အံ့ထူး ကံသာဘုရားကြီးနဲ့ နီးဘုရားကို ဖူး ချင်တယ်၊ ရေတံခွန်တွေမှာလည်း ဓာတ်ပုံရိုက်ချင်တယ်၊ ပြင်ဦးလွင်က ကန်တော်ကြီးလည်းသွားချင်တယ်၊ ဆွယ်တာဆိုင်လည်းဝင်ပြီး အနွေး ထည်နဲ့ ခြုံထည်လှလှလေးတွေ ဝယ် ချင်သေးတယ်၊ မေမေ့အတွက် လည်း ဝယ်လာမယ်နော်''

''ကဲ.....ကဲ အချိန်မရှိဘူး၊ သွားကြမယ် မမဖြူ၊ ပစ္စည်းတွေ စုံ ပြီနော်''

''အေးပါအေ၊ စုံပါပြီ၊ မေမေ သမီးသွားမယ်နော်၊ ဖေဖေ့အတွက် လည်း သူကြိုက်တာမျိုး ကြည့်ဝယ် လာပါ့မယ်၊ ဖေဖေအိပ်နေလို့ ကန် တော့ခဲ့ပြီးပြီ မေမေ''

ဖြူမာခိုင်က မိခင်ကြီးကိုကန် တော့ပြီးမှ နှုတ်ဆက်ထွက်သွား၏။ ဒေါ်ဝင်းနုက ပြင်ဦးလွင်ရောက်ဖူးခဲ့ ပြီးသားပါ။ သမီးဖြစ်သူကို လိုက်ပို့ ချင်သော်လည်း မသွားဖြစ်တော့ပေ။ တူမဖြစ်သူ သဲသဲကိုသာ ကျေးဇူး တင်မိသည်။

''ဒီကလေးမ ကြီးပွားချမ်းသာ နိုးမယ်၊ ဆွေမျိုးတွေအပေါ် အမြဲ တမ်း ကျေးချင်မွေးချင်စိတ်ရှိတယ်၊ ဪ...လင်ရကံကောင်းလိုက်တာ နော်''

သဲသဲသာမဟုတ်၊ သူ့ခင်ပွန်း မှာလည်း သဘောကောင်း၏။ စီး ပွားရေးကောင်းသူများဖြစ်၍ အခြေ အနေကောင်းသည်နှင့် တစ်နေရာ မဟုတ် တစ်နေရာ သွားတတ်ကြ သည်။

''အင်း.....ဟိုတစ်ယောက်က တော့ ဘာမှေ့ကျန်ခဲ့ဦးမလဲမသိ သေးဘူး၊ ဖင်တခါခါနဲ့ ပါသွားတော့ တာပဲ''

ဒေါ်ဝင်းနုက တံခါးအားသော့ ခတ်ပိတ်ထားလိုက်ပြီး အိပ်ပျော်နေ သည့် ခင်ပွန်းထံသို့နိုးရန်ထွက်သွား သည်။

''ဟိုတစ်ယောက်လည်း ဘယ် လောက်တောင် အိပ်ရေးပျက်နေ သလဲမသိဘူး၊ နိုးဖို့အချိန်တန်ပြီ''

သူ့ခြေသံကို ကြားသည်နှင့် ခြင်ထောင်ထဲမှ လူးလဲထလာပြီး....

''စောစောက စကားပြောသံ တွေ ကြားနေရတယ်၊ ဘယ်သူတွေ လဲ မိန်းမ''

''သဲသဲလေ၊ ပြင်ဦးလွင်သွား မလို့တဲ့၊ အဲဒါ ရှင့်သမီး လိုက်သွား လေရဲ့''

''သွားပါစေကွာ၊ ဒါမှလည်း ရောက်တော့မှာပေါ့၊ ကိုယ့်ကိုကော် ဖီမတိုက်တော့ဘူးလား မိန်းမရာ''

''အခု သောက်ဖို့လာနိုးတာ လေ၊ ထ.....မျက်နှာသစ်ပြီးမှ သောက်၊ ကျွန်မ ကော်ဖီသွားဖျော် လိုက်မယ်၊ တော်ကြာ ထမင်းစား ချိန်နဲ့ နီးနေဦးမယ်''

❧ ❧ ❧

''ဖြူရေ.....ဖြူ၊ အန်တီ ဘယ် သူမှမရှိကြဘူးလား''

ဝေမောင်မောင် စိတ်ပူသွား၏။ စနေနေ့က တစ်နေ့လုံး ဖုန်းခေါ်၏။ မရပေ။ စက်ပိတ်ထားသည်ဟုသာ အကြောင်းပြန်သည်။ သူလည်း စား သောက်ဆိုင်ကိုလှမ်းချိတ်ရနှင့် ဟို ပြေးသည်ပြေး ဖြစ်နေရ၏။ ဖုန်းပိတ် ထားပြီး ပြန်မဖွင့်ဘဲ မေ့နေတတ် သည်ကို သိထားရာ ချစ်သူအား အပြစ်မမြင်မိတော့ပေ။

တနင်္ဂနွေနေ့ ချိန်းဆိုထားသည့် အချိန်တွင် မိဘများနှင့် ရောက်လာ သည့်အခါတွင်.....

''ဟင်.....မောင်ဝေမောင်ပါ လား၊ ဧည့်သည်တွေလည်းပါလာ တယ်''

''ဟုတ်တယ် အန်တီ၊ ဖြူ့ကို ကြိုပြောထားပြီးသားပါ၊ ဖြူရော ဟင်''

''သမီးဖြူတော့ သူ့အမျိုးတွေ လာခေါ်လို့ ပြင်ဦးလွင်ကို ပါသွား လေရဲ့ကွယ်၊ မနေ့က နေ့လယ်ခင်း ကလေ''

''ဗျာ.....ဖြူက ဒီမှာ အရေး တကြီးကိစ္စရှိနေတာကို လိုက်သွား တယ်၊ တောက်.....လုပ်ရက်လိုက် တာဗျာ''

''ဟင်.....သားက ဘာတွေ အရေးကြီးလာလို့လဲကွယ်''

ဝေမောင်မောင်မှာ အကြီး အကျယ် အရှက်ရသွားသလို လူနှင့်

www.burmeseclassic.com

အတူ ပါလာသော အမျိုးသားကြီးနှင့် အမျိုးသမီးကြီးတို့မှာလည်း စိတ်ဆိုးဒေါသဖြစ်နေကြ၏။ ဒေါ်ဝင်းနုက.....

"သားတို့မှာ ဘာအရေးတကြီးကိစ္စရှိလို့လဲဟင်၊ အန်တီမေးတာ ဖြေပါဦးကွယ်"

"ဒီနေ့ စေ့စပ်ဖို့ စီစဉ်ထားပြီးသားပါ အန်တီ၊ အဲဒါကို ဖြူက အလေးအနက်မထားတာတော့ ဘယ်ကောင်းပါ့မလဲ"

သည်တော့မှ ဒေါ်ဝင်းနုလည်း နားလည်သွား၏။

"ဩော်.....သမီးလေးကို အထင်မလွဲပါနဲ့ သားရယ်၊ သူ့အကြောင်းလည်း သားသိသားနဲ့၊ သတိမေ့ပြီးလိုက်သွားတာပဲဖြစ်မှာပါကွယ်၊ ဖုန်းဆက်ပြောလိုက်ဦးလေ"

"ဖုန်းဆက်တယ်ဗျာ၊ မကိုင်ဘူး၊ စက်ပိတ်ထားတယ်၊ လုပ်ရက်လိုက်တာဗျာ"

ဒေါ်ဝင်းနုလည်း သမီးဖြစ်သူအပေါ် ဒေါသထွက်မိ၏။ ထိုကိစ္စအား ကြိုတင်ပြောပြထားလျှင် သတိပေးနိုင်ပေမည်။ အခုတော့ ဝေမောင်မောင့်မိဘများကို အားနာမိသည်။

"သမီးက ဒီနေ့ညမှပြန်ရောက်မှာပါ သားရယ်၊ ရွှေ့တစ်ပတ် စီစဉ်လိုက်တော့နော်"

"အခု ရွှေဘဲမှာ စီစဉ်ပြီးပြီ အန်တီ၊ အားလုံး အလဟဿဖြစ်ရပြီ၊ တော်ပါပြီဗျာ၊ အန်တီ့သမီးကို စိတ်ကုန်သွားပြီ"



ဒေါ်ဝင်းနုလည်း စိတ်မကောင်းဖြစ်သွား၏။ ဝေမောင်မောင်၏ မိဘများက.....

"လာ.....သား၊ ပြန်ကြမယ်၊ ဒီလိုမိန်းကလေးမျိုးကို အမေတို့က ချွေးမတော်ရမှာလား၊ အရေးကြီးတဲ့ ရက်မျိုးတောင် မေ့ထားရင်.....တော်ပြီကွယ်၊ လောကမှာ မိန်းမမရှားပါဘူး၊ သားစိတ်ကြိုက်မိန်းကလေးမျိုး အမေရှာပေးမယ်"

ဝေမောင်မောင့်ဖခင်ကတော့ မည်သည့်စကားမျှမဆိုဘဲ ပြန်ထွက်သွား၏။ ဖြူမာခိုင်လုပ်ရပ်ကြောင့် မိဘများပင်မက ဝေမောင်မောင်ပါ မျက်နှာပျက်နေရတော့သည်။ ဒေါ်ဝင်းနုက တောင်းပန်စကားမျိုးပြောနေသော်လည်း ဝေမောင်မော[င်၏] မိခင်က မာနကြီးပုံရ၏။ မျက်နှ[ာ]ထိမျက်နှာထားနှင့် ခပ်တင်းတ[င်း] ပြောသွား၏။

"သားကိုတော့ တစ်သက်လုံး မမျှော်လင့်ပါနဲ့တော့လို့ ရှင့်သမီးကို ပြောပြလိုက်ပါနော်"

ခံပြင်းမိပေမယ့် ဝေမောင်မောင် မျက်နှာကြောင့် ဒေါသကို မျိုသိပ်ထား လိုက်ရသည်။ ဝေမောင်မောင်တို့ မိသားစု ပြန်သွား တော့မှ သမီး ဖြစ်သူထံ ဖုန်းခေါ်ရာ စက်ပိတ်ထား သည်ဟုဖြေ၏။ သည်တော့ တူမ၏ဖုန်းကို ဆက်လိုက်မှ.....

"မေမေ ဖြူ ဖုန်းကျန်ခဲ့တယ်၊ စက်ပိတ်ထားတာ ပြန်မဖွင့်ရသေးဘူး"

"အေး.....မဖွင့်နဲ့၊ ဘယ်တော့မှ ပြန်မဖွင့်နဲ့တော့၊ အခုလေးတင် ညည်းရဲ့ မတော်လိုက်ရတဲ့ ယောက္ခမက ပြောသွားတယ်၊ သူ့သားကို တစ်သက်လုံး မမျှော်လင့်ပါနဲ့တော့တဲ့"

"ဟယ်.....ဟုတ်တယ်၊ မေ့နေလိုက်တာ၊ ဒီနေ့ ဖြူနဲ့ကိုဝေ စေ့စပ်မယ့်နေ့ပဲ၊ အခုပဲ ၁၀ နာရီထိုးနေပြီ၊ ဘာပြောသွားသေးလဲ မေမေ"

www.burmeseclassic.com

www.burmeseclassic.com



"အေး.....မောင်ဝေမောင်မောင်လည်း ညည်းကြောင့် တော်တော်ရှက်သွားတယ်၊ မျက်နှာကြီးကို ရဲနေတာပဲ၊ စိတ်ဆိုးသွားတာပေါ့၊ ရွှေဘဲမှာ အားလုံးစီစဉ်ထားပြီးပြီတဲ့၊ ကဲ.....ညည်းကတော့ ပျော်နေနော်၊ ငါ့မှာတော့ တောင်းပန်တာတောင် လက်မခံတော့ဘူး၊ ဘယ်လောက် အောက်ကျခဲ့ရသလဲအေ"

သမီးဖြစ်သူ၏ ရှိုက်သံသဲ့သဲ့ကို ကြားနေရ၏။ သည်တော့လည်း စိတ်မချမ်းသာပြန်ပေ။

"ကဲ...အခုတော့ ညည်းဘဝမှာ မေ့တတ်တဲ့အကျင့်ကြောင့် တစ်သက်လုံး ခံစားသွားရပြီမဟုတ်လား၊ အဲဒါပဲ ဖြူမာခိုင်၊ နောင်ကြဉ်မှ ရှောင်ကြဉ်မှာလေ၊ ညည်းကရောဂါမဟုတ်ဘူး။ ပေါ့ဆတဲ့အကျင့်ကြောင့် အခုလိုဖြစ်ရတာ၊ အမေလည်း မတတ်နိုင်တော့ဘူးအေ"

"သမီးမှားသွားပါတယ် မေမေ၊ မှတ်ဉာဏ်မရှိတဲ့ သမီးပါ၊ စေ့စပ်ပွဲအတွက် ဖေဖေတို့၊ မေမေတို့ ဝတ်ဖို့ပါ သမီး ဗီရိုထဲမှာ အားလုံး အဆင်သင့် မီးပူတိုက်ပြီး သိမ်းထားတာပါ မေမေရယ်၊ ဖုန်းက ပိတ်ထားခဲ့ပြီး ပြန်မဖွင့်မိဘဲ အိမ်မှာကျန်ရစ်ခဲ့တယ်၊ အဲဒါကို ဘယ်လိုရှင်းပြရမှာလဲဟင်"

"မသိတော့ဘူးအေ၊ မေမေလည်း မကယ်နိုင်တော့ဘူး၊ သမီးတို့ကိစ္စ သမီးတို့ဘာသာပဲ ရှင်းမှရမှာပေါ့၊ အခု ဘယ်ရောက်နေကြသလဲ"

"မန္တလေးလမ်းပေါ်မှာပါ မေမေ၊ ပြန်လာနေကြပါပြီ၊ ရန်ကုန်ကို တိုက်ရိုက်မောင်းနေပါတယ်"

"လမ်းခရီးမှာ ဂရုစိုက်ပြီး မောင်းလာကြ၊ ပြီးခဲ့တာကို စိတ်ညစ်မနေနဲ့တော့၊ ကံတရားပဲပေါ့ သမီးရယ်"

အချစ်ကြောင့် ကိုယ့်သားသမီး ဒုက္ခဖြစ်မည်ကိုလည်း စိုးရိမ်၏။ သည်ပုံအတိုင်းဆိုလျှင် ဝေမောင်မောင်၏မိခင်နှင့် မဖြစ်နိုင်တော့ပေ။ ကတောက်ကဆတ်ဖြစ်ပြီးမှ ထိုအသိုင်းအဝိုင်းထဲသို့ ဝင်လိုက်လျှင် သမီးလေးအား တစ်သက်လုံး နှိမ်ပေတော့မည်။

"သမီး....."

"ရှင် မေမေ"

"စိတ်ပျက်အားငယ်မနေနဲ့တော့နော်၊ ရှင်းပြလို့ မရရင်လည်း တစ်သက်လုံး အပျိုကြီးပဲလုပ်လိုက်တော့ကွယ်"

သမီးဖြစ်သူထံမှ အသံမကြားရမှ ဒေါ်ဝင်းနုက ဖုန်းအရင်ချလိုက်သည်။ သမီး၏သောက,က မိဘများသို့ပါ ကူးစက်လာတော့သည်။

"ဖြူရေ.....ဝေမောင်မောင်က အလုပ်ကထွက်တော့မယ်တဲ့၊ ထွက်စာတင်မယ်လို့ပြောတယ်"

ရှုံးမတက်သည့် ချစ်သူ၏ သတင်းကို ကြားရသည်။ ချစ်သူက ဖုန်းလည်းမကိုင်၊ ရုံးလည်းမလာနှင့် ဖြူမာခိုင်မှာ ဖြေရှင်းခွင့်မရခဲ့ပေ။

"သေချာရဲ့လား မမ"

"ထွက်စာတင်ထားတယ်လို့ ပြောတယ်၊ သူ့မိဘလုပ်ငန်းကို ဦးစီးလုပ်တော့မယ်တဲ့၊ နှမြောစရာကြီးဟယ်၊ မင်းတို့ ဘာဖြစ်ကြလို့လဲ ဖြူမာခိုင်"

"ဟုတ်တယ်ကွာ၊ မင်းကိုမေးရမှာအားနာလို့၊ မင်းတို့ချင်း အဆင်မပြေကြဘူးလားဟင်"

လုပ်ငန်းဖော်များ ဝိုင်းမေးမှ ဖြူမာခိုင်လည်း မျက်ရည်စက်လက်ဖြင့် ရှင်းပြရတော့သည်။ သူ့စကားအား စိတ်မကောင်းဟန်ဖြင့် နားထောင်နေကြပြီးမှ.....

"ကံတရားပေါ့ကွာ၊ မင်းတို့ချင်း ဘာပြဿနာမှ မဖြစ်နိုင်ဘူးလို့ အားလုံးက ထင်နေကြတာလေ"

"အဓိက,ကတော့ မင်းရဲ့မေ့လျော့စိတ်ကြောင့်ပဲ ဖြူမာခိုင်၊ ကိုယ်က တမင်မရည်ရွယ်ဘဲ ဖြစ်သွားတာ ဘယ်တတ်နိုင်ပါ့မလဲ"

"တို့ကို ရှင်းပြခွင့်တောင်မပေးချင်တော့ ထားလိုက်ပါတော့ကွာ၊ တို့ကိုရှောင်နေလည်း ရှောင်ပေါ့၊ ဒါပေမဲ့ တို့အတွက်ကတော့ အရှုံးထဲက အမြတ်ရလိုက်သလိုပါပဲ၊ အခုတော့ ဘာကိုမှ မေ့လျော့တာမျိုး မရှိတော့ပါဘူးကွာ"

ဖြူမာခိုင်လည်း စိတ်ကိုလျှော့လိုက်ပြီး အလုပ်တွင်သာ အာရုံစိုက်နေလိုက်တော့သည်။ ဖြေရှင်းခွင့်မရသည့်အချစ်အား သူမကိုယ်တိုင် မေ့လျော့ထားလိုက်မိတော့သည်။

လေးစွာဖြင့်
နွေအလွန်

www.burmeseclassic.com

www.burmeseclassic.com




# ကျွန်းစဉ်မြေတောခက်

ထိုင်းပြန်

လူငယ်တစ်ယောက်အကြောင်း (၃)

www.burmeseclassic.com

ပွင့်လင်းရာသီမို့ ရာသီက သာယာလှပေ၏။ သို့သော် ချစ်ခိုင်၏စိတ်အစဉ်က မသာယာနိုင်။ ရန်ကန်လှုပ်ရှားရမှု မိသားစုဘဝကိုတွေးပြီး ရင်ထဲမကောင်းရှာ။ အိမ်ထောင်စုတစ်ခုအတွက် ဝင်ငွေကမည်မည်ရရ ဘာမှမရှိ၊ ညီမလေးက (၁၀)တန်းရောက်နေပြီဆိုတော့ ကျောင်းစရိတ်ကလိုသည်။

၂၀၀၀ ပြည့်နှစ်ပတ်ဝန်းကျင်လောက်က ကျွန်းစဉ်ဒေသတွင် ရေငန်ပုစွန် သားပေါက်သွင်းပြီး မွေးမြူသောလုပ်ငန်းက တွင်ကျယ်လာ၏။

ပင်လယ်ဒီရေထဲက သဘာဝအလျောက် ရရှိသော သားပေါက်တွေမို့ အရင်းအနှီး ပိုက်ဆံစိုက်စရာမလို၊ တစ်ရေစီ ထောင်ဖမ်းလိုက်တိုင်း ပုစွန်ကျား (Tiger) တွေကတောင်ပုံ ရာပုံ။ ဈေးကလည်းကောင်းသလားမမေးနဲ့၊ တစ်ပိဿာကို ၂၅၀၀၀/(ကျပ်နှစ်သောင်းငါးထောင်)ထိ ဈေးမြင့်တက်နေသည်။ ပုစွန်မွေးမြူသူတို့မှာ ငွေချင်းညချင်းချမ်းသာလာကြ၏။

လူဆိုတာ မိခင်ရဲ့ ဝမ်းကြာတိုက်မှာ ကလလရေကြည် တည်ကတည်းက လောဘကိုအကြောင်းပြုပြီး စခဲ့ကြတာလေ။ သည်တော့ လောဘသားကောင် သံသရာခရီးသည်တို့ ဘယ်ခံနိုင်လိမ့်မလဲ။ မိဘဘိုးဘွားလက်ထက်ကပင် မားမဦးချ လုပ်ကိုင်လာခဲ့ကြသည့် စပါးစိုက်လယ်မြေတွေကို ဆားငန်ရေတွေသွင်းပြီး ပုစွန်မွေးခဲ့ကြပါရောလား။

သည်အထဲတွင် ချစ်ခိုင်တို့မိသားစုလည်းပါသည်။ မိဘလက်ငုတ် လယ်တစ်ကွင်းကို ပုစွန်တာလုပ်ပစ်လိုက်ကြသည်။ မုန်တိုင်းကြောင့် လယ်တွေပျက်ပြီး ဆားငန်ရေ လွှမ်းသွားခဲ့သည်ဟု သတင်းများလွှင့်ခဲ့ကြသည်။

သည်လို ပုစွန်တွေ နင်လားငါလား ရနေချိန်မှာ လက်လုပ်လက်စားတွေကလည်း ပုံမှန်ဝင်ငွေရှိခဲ့ကြသည်။ တာဆည်၊ တာဖို့၊ တာစောင့်၊ ငါးရွေး၊ ပုစွန်ရွေးနဲ့ တစ်ဆင့်ခံ ဟင်းစားငါးရောင်းသူတွေက အစ အလုပ်ကိုယ်စီရှိကြသည်။ အိမ်တိုင်းလှကြသည်။ လူတန်းစေ့ထမင်းဝကြသည်။

သည်တွင် အလုပ်ထဲက သတိတရားရစေမည့် ထူးခြားချက်တစ်ခုကိုတော့ သူတို့ သင်ခန်းစာရလိုက်ကြသည်။ ပုစွန်မွေးမြူရေး ဆည်တစ်ဆည်သည် သုံးနှစ်သက်တမ်းကြာလာလျှင် ပုစွန်ဆိုတာ လုံးဝမရကြတော့ချေ။ ဆားငန်ဒီရေထဲတွင် ကမ္ဘာပိုးဟု သတ်မှတ်ကြသော ပိုးကောင်ငယ်တစ်မျိုး ဝင်ရောက်ခြင်း၊ မရွှတ်(ခေါ်)စေတီခရုငယ်များ ပေါက်ပွားလာခြင်းတို့ကြောင့် ပုစွန်တွေမရှင်သန်နိုင်တော့ဟု သိလိုက်ကြရသည်။

ဤအခြေအနေမျိုးတွင် စပါးစိုက်လယ်ကိုဖျက်ပြီး ပုစွန်တာလုပ်သူများမှာ မြွေပါလည်းဆုံး၊ သားလည်းဆုံး ဖြစ်ကြရတော့သည်။ လက်လုပ်လက်စား ကျပန်းအလုပ်သမားတွေလည်း အလုပ်လက်မဲ့ဖြစ်ကုန်ကြတော့သည်။

"ကိုချစ်ခိုင်....."

အိမ်ရှေ့ကွပ်ပျစ်လေးမှာထိုင်နေတုန်း ခေါ်သံကြား၍ ချစ်ခိုင်နောက်သို့လှည့်ကြည့်လိုက်သည်။ မြသက် သူ့ဆီသို့ ပြုံးပြုံးရွှင်ရွှင် လှမ်းလာနေသည်ကို တွေ့လိုက်ရသည်။

"ကိုချစ်ခိုင်၊ မှိုင်လှချည်လား"

"မှိုင်ဆိုက္ခာ တို့တွေ လည်နေကြပြီလေ"

"ဘယ်လိုလည်နေလို့လဲ"

"မြသက်ရယ် မင်းကလည်း မသိတာကျနေတာပဲ၊ တို့တွေမှာ ပုစွန်တာတွေ မရှိတော့ဘူးဆိုတော့ အလုပ်လည်းမရှိတော့ဘူးလေ၊ ဝင်ငွေကလည်း မရှိတော့ မောတယ်ကွာ၊ ညီမလေးဆီကလည်း ကျောင်းစရိတ်တွေ မှာနေပြီ"

"ခု ကိုချစ်ခိုင်တို့ကို အကူအညီပေးချင်လို့ လာခဲ့တာလေ"

"မြသက် ဘာအကူအညီပေးမှာလဲဟင်"

မြသက်ဆီက မျှော်လင့်ချက်စကားသံကြောင့် ချစ်ခိုင်မျက်နှာလေး လန်းသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဒီလိုပါ ကိုချစ်ခိုင်၊ ထိုင်းနိုင်ငံရောက်နေတဲ့ အစ်ကို့ဆီက ဖုန်းလာတယ်၊ ရွာကလူတွေ အလုပ်လုပ်ချင်ရင် သူ့ဆီလွှတ်ပေးပါတဲ့၊ အဲဒီမှာ အလုပ်လုပ်ရင် တစ်လကို လေးသိန်းလောက်ပိုက်ဆံက အေးအေးဆေးဆေးရတယ်တဲ့''

''အဲဒီလိုဆိုရင် ငါလုပ်ချင်တယ်ကွာ''

''ဟုတ်ပြီ၊ ကိုချစ်ခိုင်ပါဆိုရင် (၁၆)ယောက်ရသွားပြီ၊ ကိုချစ်ခိုင်တို့သွားဖို့အတွက် စရိတ် တစ်ယောက်ကို ခြောက်သောင်းစီတော့ သွင်းရမှာနော်''

''ပေးရမယ်ဆိုတော့လည်း ကြိုးစားပြီးရှာပေးမှာပေါ့ကွာ၊ အဆင်ပြေဖို့ပဲ အရေးကြီးတာ''

ရေငတ်သူနဲ့ ရေပေးသူတို့ အဖြစ်က ကျေနပ်စရာပါပဲ။

ရန်ကုန်–စစ်တွေ အဝေးပြေးလမ်း အမ်းမြို့နယ်၊ ကဇုကိုင်းဂိတ်မှ ချစ်ခိုင်တို့အဖွဲ့ ကားစီးလိုက်ကြသည်။ တစ်နေ့နဲ့တစ်ည မောင်းပြီးချိန်တွင် အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ရောက်ရှိခဲ့ကြသည်။ ထမင်းဆိုင်တစ်ဆိုင်မှာ ညအိပ်တည်းလိုက်ကြသည်။ နောက်တစ်နေ့တွင် ရန်ကုန်–မြဝတီ ပြေးဆွဲနေသော ပန်းရဂုံကားဖြင့် လိုက်ပါလာကြ၏။

''သူငယ်ချင်းတို့ ဘာမှမပူကြနဲ့နော်၊ မြဝတီရောက်လို့ရှိရင် အစ်မကြီးတစ်ယောက် ကြိုနေလိမ့်မယ်၊ အဲဒီက ရှေ့ဆက်ဖို့ခရီးအတွက် သူစီစဉ်ပေးလိမ့်မယ်''

မြသက်မှာ ချစ်ခိုင်တို့ကို မြဝတီကားပေါ်တင်ပေးပြီး ရွာပြန်သွားခဲ့သည်။

''မြသက် ပို့လိုက်တဲ့လူတွေလား''

ချစ်ခိုင်တို့အဖွဲ့ ကားပေါ်မှဆင်းသည်ဆိုလျှင်ပဲ အသင့်စောင့်ကြိုနေသည့် အမျိုးသမီးက မေးလိုက်သည်။

''ဟုတ်ပါတယ်''

အမျိုးသမီးက ခေါ်လာပြီး ဂိတ်အပြင်သို့အရောက်တွင် ကားတစ်စီးပေါ်တက်ခိုင်းပြီး မောင်းထွက်လာခဲ့ကြသည်။ ကားရပ်သည့်နေရာကို ချစ်ခိုင် တစ်ချက်ကြည့်လိုက်သည်။ ချောင်းကမ်းနံဘေးက အဆောက်အအုံတစ်ခုဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ညဦးသန်းခေါင်ယံတွင် ခရီးဆက်ထွက်လာခဲ့ကြသည်။ ချစ်ခိုင်တို့ကိုတင်ဆောင်ပြီး မောင်းနေသောလမ်းမှာ လမ်းမကောင်းသဖြင့် လူတွေမှာ ဆီးဖြူသီးကို စကောထဲထည့်လှုပ်ထားသလို ဖြစ်နေ၏။ တောထဲတစ်နေရာအရောက်တွင် မလိမ့်ချင်လိမ့်ချင်ဖြင့် လိမ့်နေကြသည့် ကားဘီးတွေ ဖြုန်းခနဲရပ်သွား၏။

ချစ်ခိုင်တို့ ကြောက်လန့်သွားကြပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေလိုက်ကြ၏။

''ဟော့ကောင်တွေ ကားသွားလို့ မရတော့ဘူး၊ ဆင်းကြ၊ လမ်းရှင်းပေးရမှာလေ''

ကားဒရိုင်ဘာက နောက်ဘက်သို့လှည့်ကာ လှမ်းအော်လိုက်၏။ ချစ်ခိုင်တို့အဖွဲ့ ကားအောက်သို့ဆင်းပြီး ရှေ့ကဆီးကာနေသော ခဲလုံးများကို တွန်းဖယ်လိုက်ကြ၏။

မနက် (၁၀)နာရီလောက်တွင်တော့ ချောင်းကမ်းစပ်တစ်ခုသို့ ရောက်သွားကြသည်။ နောက်မှ သောင်ရင်းမြစ်ဟု သိရသည်။

ထိုင်းနိုင်ငံဘက်သို့ စက်လှေဖြင့် ကူးလိုက်ကြ၏။ လူတစ်ဦးက ကြိုနေသည်။

သည်လူပြောသည့်စကားကို ချစ်ခိုင်တို့ လုံးဝနားမလည်။ ထိုသူကပဲ ဦးဆောင်ခေါ်ယူပြီး ပြောင်းဖူးကိုဒေါင်တစ်ခုထဲသို့ ထည့်လိုက်သည်။ ချစ်ခိုင်တို့အဖွဲ့ နေ့နေ့ကွေးကွေးဖြစ်နေလျှင် နောက်ကနေ ခြေထောက်နဲ့ပိတ်ကန်၏။ ဤတွင် ချစ်ခိုင်မှာ တစ်ခုခုမှားနေပြီဟု သိလိုက်၏။ ရင်ထဲတွင် နာနာကျင်ကျင် ခံစားသွားရသည်။ ပြောင်းဖူးကိုဒေါင်ထဲတွင် လူပေါင်း (၄၀)ခန့်ရှိသည်ဟု သတိထားလိုက်မိသည်။

ညအိပ်နေတုန်း သန်းခေါင်လောက်တွင် ဆံပင်ရှည်ရှည်နဲ့ လူတစ်ယောက်ရောက်လာသည်။ ချစ်ခိုင်တို့ကို ခေါ်ထုတ်ပြီး ကားတစ်စီးပေါ် တက်ခိုင်းသည်။ သွက်သွက်လက်လက်မတက်လျှင် လက်သီးဖြင့်ထိုးသည်။ နောက်တစ်နေ့တွင်

www.burmeseclassic.com

www.burmeseclassic.com



ငါးဖမ်းစက်လှေ၊ ငါးဖမ်းသင်္ဘောတွေနဲ့ပြည့်နေသော ဆိပ်ကမ်းတစ်ခုသို့ ရောက်ရှိသွားကြသည်။ မဟာချိုင်မြို့၊ ဝဒုတ်ဆိပ်ကမ်းဟု ချစ်ခိုင်တို့ သိလိုက်ရသည်။

ချစ်ခိုင်တို့မှာ မိမိတို့နဲ့ ဘာသာစကားမတူသော နိုင်ငံခြားတိုင်းပြည်တစ်ပြည်အတွင်းသို့ ရောက်နေခဲ့ကြပြီမို့ အရာရာသည် ဝေဝေဝါးဝါး ဆက်ဆံရသည့်လူတွေကလည်း ကွဲနွားတွေကို မောင်းသလိုမျိုး အလိုမကျလျှင် နှိပ်ကွပ်၏။ ချစ်ခိုင်မှာ မိမိရွာမှ ထွက်လာစတုန်းက အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် မျှော်လင့်ခဲ့သော ခံယူချက်ဆေးရောင်များ မှေးမှိန်လာခဲ့သည်။

ချစ်ခိုင့်တို့ ငါးဖမ်းသင်္ဘောတစ်စီးပေါ်သို့အရောက်တွင် အရမ်းပျော်ရွှင်သွားကြသည်။ အကြောင်းသော်ကား သူတို့အား ရွာမှပို့ပေးလိုက်သော မြသက်၏အစ်ကို ထွန်းမြကျော်ကို သင်္ဘောပေါ်တွင် တွေ့လိုက်ရခြင်းကြောင့်ပင်ဖြစ်ပေသည်။

ထွန်းမြကျော်မှာ (၈)တန်းအောင်ပြီးကတည်းက ရွာမှထွက်သွားခဲ့သည်မှာ (၁၀)နှစ်ကျော်ပြီ။ သည်နှစ်တွင်တော့ ရွာက သူ့ညီမလေး မြသက်နဲ့ အဆက်အသွယ်လုပ်ပြီး ကိုယ့်ရွာသားတွေကို ကူညီမည်ဟု အကြောင်းကြားခဲ့လေသည်။ ချစ်ခိုင်တို့မှာ ကယ်တင်ရှင်ကြီးကို အားကိုးစွာ ပြုံးရယ်ပြလိုက်ကြသည်။

ထွန်းမြကျော်ကတော့ ချစ်ခိုင်တို့ကို တစ်ချက်ပြုံးပြပြီး နိုင်ငံခြား



သားတစ်ယောက်နဲ့ စကားဆက်ပြောနေ၏။ နိုင်ငံခြားသားက ချစ်ခိုင်တို့ကို တစ်ချက်စောင်းငဲ့ကြည့်ပြီး ခေါင်းတဆတ်ဆတ်ညိတ်သည်။ သိပ်တောင်မကြာ။ ထိုသူထပြန်သွားသည်။ ထွန်းမြကျော်ကတော့ ချစ်ခိုင်တို့အနီးသို့ရောက်လာသည်။

"ကဲ.....မင်းတို့တွေ အကုန်လုံး ငါးဖမ်းသင်္ဘောပေါ်မှာ လုပ်ကြရမှာနော်"

"တို့ ဒီကိုလိုက်လာကြတာ စက်ရုံတွေ၊ အလုပ်ရုံတွေ၊ စိုက်ပျိုးခင်းတွေမှာလုပ်ဖို့ လိုက်လာခဲ့ကြတာလေ"

"မဟုတ်ဘူး ချစ်ခိုင်၊ ကုန်းပေါ်မှာ အလုပ်က သိပ်မလွယ်ဘူး၊ ရပြန်ရင်လည်း လစာ ဒီလောက်မကောင်းဘူး။ ငါးဖမ်းသင်္ဘောပေါ်မှာ မင်းတို့ နှစ်နှစ်လောက် လုပ်ကြည့်လိုက်လေ၊ စိတ်ကြိုက်တွေ့သွားမှာပါ၊ အိမ်ကိုလည်း မြိုးမြိုးမြက်မြက် ပို့ပေးနိုင်မယ်"

ချစ်ခိုင်ကတော့ သိပ်ဘဝင်မကျချင်။ စိတ်ကူးနဲ့လက်တွေ့ သဟဇာတမကျသလို တွေ့နေ၏။ သည်ခရီးကို လိုက်လာမိသည်မှာ မှားများမှားနေပြီလားဟု ကိုယ့်ကိုယ်ကိုယ် သံသယဝင်နေမိ၏။

"ကဲ.....ငါ မနက်ဖြန် တစ်ခေါက်ပြန်လာဦးမယ်၊ မင်းတို့ ဒီသင်္ဘောပေါ်မှာပဲ ကျန်ခဲ့ကြ၊ ဒီသင်္ဘောပေါ်မှာပဲ အလုပ်လုပ်ကြရမှာနော်"

---

**သူတို့ကို**
**အပြင်သို့မထွက်ရ၊**
**ဆိပ်ကမ်းဝင်းထဲမှာပဲ**
**ထားသည်။ နေရထိုင်ရ**
**အရမ်းကျဉ်းကျပ်၏။**
**ထမင်းကျွေးတော့လည်း**
**မျှစ်ချဉ်နဲ့ ငံပြာရည်ပဲ။**
**စားလို့လည်းမရ။**
**ကိုယ့်ကိုယ်ကိုယ်**
**ဒုက္ခခွင်ထဲ**
**ဝင်ရောက်နေပြီဟု**
**နလုံးပိုက်လိုက်မိတော့၏**

...

www.burmeseclassic.com

ထွန်းမြကျော်မှာ ဆိုင်ကယ်လီဗာကို ခပ်ကြမ်းကြမ်းဆောင့်နင်းရင်း ထွက်သွားခဲ့လေပြီ။

"ခင်ဗျားတို့ လာကြ လာကြ"

ဗလခပ်တောင့်တောင့်နဲ့ လူတစ်ယောက်ရောက်လာပြီး ဗမာသံခပ်ဝဲဝဲနဲ့ပြော၏။ ချစ်နိုင်တို့ အံ့သြစွာ ကြည့်လိုက်ကြသည်။

"ခင်ဗျား ဘယ်သူလဲ၊ ဘာလူမျိုးလဲ"

ချစ်နိုင်မှာ သူ့ကို အားကိုးချင်သလိုလိုဖြစ်မိ၍ ကောက်မေးလိုက်သည်။

"ကျုပ်က မြန်မာနိုင်ငံသားပဲ၊ မွန်လူမျိုးလေ၊ ကဲ.....လာကြ"

မွန်ကြီးက ရှေ့ကသွားသည်။ ချစ်နိုင်တို့က နောက်ကလိုက်ကြ၏။ သဘော်ပေါ်တွင် ဟောလိုအခန်းတစ်ခုထဲတွင် ချစ်နိုင်တို့ကို နေရာချပေးလိုက်သည်။ မွန်ကြီးမှာ သဘော်သားတို့၏ အိုးကိုင်ကြီးဖြစ်သည်။

နောက်တစ်နေ့မနက်ပိုင်းတွင် ချစ်နိုင်တို့ရွာသား ထွန်းမြကျော် ရောက်လာ၏။ မနေ့က ထွန်းမြကျော်နဲ့ အလုပ်ကိစ္စ ဆွေးနွေးခဲ့ကြသည့် ပုဂ္ဂိုလ်လည်းပါသည်။ ဓာတ်ပုံဆရာတစ်ယောက်ပါ လိုက်ပါလာပြီး ချစ်နိုင်တို့ကို ဓာတ်ပုံရိုက်၏။ သဘော်အလုပ်သမားမှတ်ပုံတင်ကတ်လုပ်ရန်ဟုပြောသည်။

နေ့လယ်ပိုင်းတွင် ထွန်းမြကျော်ဆီက တစ်ယောက်လျှင် မြန်မာငွေကျပ် နှစ်သိန်းစီ ထုတ်ပေး၏။ ချစ်နိုင်တို့မှာ ထွန်းမြကျော်ကို ပြန်အပ်လိုက်ကြသည်။ ရွာမှာကျန်ခဲ့ကြသည့် မိသားစုတို့ဆီ ပြန်ပို့ရန်ပင်ဖြစ်သည်။

❧ ❧ ❧

ချစ်နိုင်တို့ မဟာချိုင်မြို့၊ ဝဒုတ်ဆိပ်ကမ်းတွင် အလုပ်လုပ်နေကြသည်မှာ တစ်လကျော်ပြီ။ အဓိကအားဖြင့် ပိုက်ဖာခြင်း၊ ပိုက်ဆက်ခြင်း၊ ပိုက်ကြိုးသွင်းခြင်း၊ ဖော့တပ်ခြင်း၊ သံချေးခြစ်ခြင်းတို့ကို လုပ်ကိုင်ကြရသည်။ လုပ်ငန်းထဲတွင် အဆဲအဆို၊ အအော်အငေါက်ခံရသည်။ ခြေထောက်ဖြင့် ပိတ်ကန်ခံရသည်လည်းရှိ၏။ လက်သီးဖြင့် စွတ်ထိုးသည်လည်းပါသည်။

"ကိုရခိုင်၊ ခင်ဗျားတို့ ကိုယ့်အခြေအနေ သိပြီလား"

"ကိုကြီးမွန်ကလည်း သူတို့စကားမှ နားမလည်တာ၊ ဘယ်လိုလုပ် သိမှာလဲဗျ"

"ကိုရခိုင်တို့ကို လူကုန်ကူးပြီး ရောင်းစားလိုက်တာဗျ"

"ဟင်....."

"ဟုတ်တယ်၊ သူတို့ တော်တော်ရသွားကြပြီ၊ နောက်လည်း ခင်ဗျားတို့ဆီက လူတွေခေါ်ပေးဦးမှာတဲ့"

"ရက်စက်လိုက်ကြတာဗျာ"

"ဟုတ်တယ်၊ ခင်ဗျားတို့တွေ ဒီသဘော်ပေါ်မှာ ၆ နှစ်တိတိ လုပ်ပေးကြရမှာတဲ့"

"သွားပါပြီ"

ချစ်နိုင် ကြေကွဲဆို့နင့်စွာ ခံစားသွားရသည်။ ချစ်နိုင် ခုမှတွေးမိသည်။ သူတို့ကို အပြင်သို့မထွက်ရဆိပ်ကမ်းဝင်းထဲမှာပဲထားသည်။ နေရထိုင်ရ အရမ်းကျဉ်းကျပ်၏။ ထမင်းကျွေးတော့လည်း မှျစ်ချဉ်နဲ့ ငံပြာရည်ပဲ။ စားလို့လည်းမရ။ ကိုယ့်ကိုယ်ကိုယ် ဒုက္ခခွင်ထဲ ဝင်ရောက်နေပြီဟု နှလုံးပိုက်လိုက်မိတော့၏။ ဒုက္ခဘုံလှောင်အိမ်ကြီးထဲသို့ ပို့ပေးလိုက်ကြသော မြသက်တို့မောင်နှမကို စိတ်ထဲက ကျိန်ဆဲနေမိ၏။

❧ ❧ ❧

ချစ်နိုင်တို့သဘော်မှာ ထိုင်းနိုင်ငံမှ စတင်ထွက်ခွာခဲ့လေပြီ။ ပတ်ဝန်းကျင်တစ်ခုလုံး ဆောင်းနှင်းမြူတွေ အုပ်ဆိုင်းနေ၏။ ချစ်နိုင်ရင်ထဲမှာ ဘာရယ်မဟုတ် ဝမ်းနည်းသလိုလို ခံစားနေရ၏။

သဘော်မှာ ထိုင်းနဲ့မလေးရှားရေပိုင်နက် နယ်စပ်ထဲသို့ဝင်ရောက်လာ၏။ ဤတွင် မမျှော်လင့်သော အရာတစ်ခုကို ပင်လယ်ပြင်ထဲတွင် သွားတွေ့သည်။ အမျိုးသမီးတစ်ဦး သမီးငယ်လေးကို လက်ဆွဲပြီး ပင်လယ်ပြင်ဘက်သို့ လှမ်းမျှော်ကြည့်နေသည်။ လင်ယောကျ်ားလာမည့်လမ်းကို လှမ်းမျှော်ကြည့်နေသော ရုပ်တုပင်ဖြစ်သည်။ ပင်လယ်ရေပြင်မှ အမြင့် (၁၂)ပေတွင် တည်ဆောက်ထားပြီး "မျှော်တော်ရင်" ဟုခေါ်ကြောင်း သိရသည်။

လင်ယောကျ်ားလာမည့်လမ်းကို မျှော်နေသော သားအမိနှစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်၏ဖြစ်အင်ကိုကြည့်ပြီး ချစ်ခိုင် အရမ်းကြေကွဲသွား၏။ ပင်လယ်ပြင်သို့ထွက်လျှင် ပြန်မရောက်တော့ဘူးဟု ခံစားသွားရ၏။

"ဟော့ကောင်တွေ တို့ ပင်လယ်ပြင်မှာလုပ်နေရင် ဒီကောင်တွေ နှိပ်စက်တာနဲ့ တစ်နေ့သေရမှာပဲ"

ချစ်ခိုင်စကားကို သူ့လူတွေ နားထောင်နေကြ၏။

"ငါတော့ ဖောကွင်းနဲ့ ခုန်ဆင်းတော့မယ်၊ မင်းတို့ပါ လိုက်ခဲ့ကြလေ"

"ဟာ.....ဘယ်ဖြစ်မလဲကွာ၊ ဒီလောက်ကျယ်တဲ့ ပင်လယ်ထဲမှာ ဘယ်ကူးလို့လွယ်မလဲ၊ ရေနစ်မသေရင်လည်း အစာတော်လို့သေမှာပေါ့"

"ငါတော့ ဒီကောင်တွေဆီမှာ နှိပ်စက်ခံပြီး မသေစေရဘူး၊ ပင်လယ်ထဲကူးရင်း သေရင်လည်းသေပစေ၊ သွားပြီဟေ့"

ချစ်ခိုင်မှာ ဖောကွင်းနဲ့အတူ ပင်လယ်ရေပြင်ထဲ ဆင်းလိုက်ပေပြီ။ ညမှောင်မှောင်ထဲမှာမို့ အခြားသင်္ဘောသားတွေ မည်သူမျှမသိကြ။

ဟေမန္တရာသီ၏ ကိုယ်ရည်ကိုယ်သွေးပြည့်ဝချိန်မို့ အအေးဓာတ်က ချစ်ခိုင်၏ ရိုးတွင်းခြင်ဆီထိ ထိုးဖောက်ဝင်ရောက်နေ၏။

သင်္ဘောကြီးကတော့ ဝေး၍... ဝေး၍။

အရှေ့ဆီက နေဝန်းနီကြီး လောကကြီးကို ဖြန့်ကြက်စပြုပြီ။ ချစ်ခိုင်မှာ နေမင်းကြီးကို အားကိုးတကြီး လှမ်းကြည့်လိုက်၏။ ခန္ဓာကိုယ်တစ်ခုလုံး ရေခဲတုံးကြီးလို အေးစက်နေပေပြီ။ သတိမြဲမြဲထားပြီး ဖောကွင်းကို မလွှတ်တမ်းတွယ်ဖက်ထား၏။ ခွန်အားကို အပြင်းစားမသုံး။ ဖားကူးသလို ခြေထောက်နှစ်ချောင်းကို ဖြည်းဖြည်းချင်း ကန်ကျောက်ပေး၏။ ပတ်ဝန်းကျင်တစ်ခွင် ကြည့်လေရာရာ ရေပင်လယ်။

တစ်ခုထူးခြားသည်မှာ ချစ်ခိုင်၏ စိတ်ရင်ပြင်တွင် ကြောက်စိတ်ဟူသည် လုံးဝမရှိခြင်းပင်။ နေ့၏စွမ်းအားရှင် နေမင်းကြီး၏အလင်းရောင်ကြောင့် ခွန်အားတွေ ပြည့်ဖြိုးလာသလို ခံစားလာရ၏။ ဗုဒ္ဓဘုရားရှင်မဖြစ်မီ အတိတ်ဘဝဖြစ်စဉ်များထဲက မဟာဇနက္ကမင်းသား၏ လုံ့လဥဿာဟပြုပုံမျိုးသည် ချစ်ခိုင်၏ နှလုံးသားတွင် လာဟပ်နေ၏။

"ဟာ....."

ချစ်ခိုင် အရမ်းပျော်သွားပေပြီ။ ဖောကွင်းပေါ်က ချက်ချင်းဆင်းပစ်လိုက်သည်။

"အား....."

ချစ်ခိုင် ဖောကွင်းပေါ် ချက်ချင်း ပြန်တွယ်ချိတ်တက်လိုက်၏။ ချစ်ခိုင်မှာ ကူးခတ်နေရင်း ရွံ့သောင်ပြင်တစ်ခုကို မမျှော်လင့်ဘဲ ခြေဖျားဖြင့် ထိမိသွားရာ အလွန်အမင်း ပျော်ရွှင်သွားပြီး ဖောကွင်းပေါ်က ဆင်းပစ်လိုက်၏။ သို့သော် ရွံ့ပျော့မြေဖြစ်နေသဖြင့် ပေါင်ရင်းခွအထိ နစ်ဝင်သွားပြီး မြေမျိုသလိုဖြစ်နေ၏။ ရှေ့ဆက်သွားလို့မရ။ သို့ဖြစ်၍ ဖောကွင်းပေါ် ပြန်လည်တွယ်ချိတ်တက်လိုက်ရသည်။

ချစ်ခိုင် ဖောကွင်းပေါ်ကနေ၍ ခြေထောက်ကို ကန်ကြည့်လိုက်၏။ ရွံ့မှာ အရမ်းပျော့ဖတ်နေသဖြင့် ရေထဲမှာလိုရွေ့သည်။ ချစ်ခိုင်မှာ ခြေထောက်ကို ကန်ရင်းကန်ရင်း ကမ်းခြေဘက်သို့ နီးလာသည်။ မျှော်လင့်ချက်တွေကြောင့် အားအင်တွေပြည့်ဖြိုးလာသလို ခံစားလာရ၏။

မွန်းလွဲပိုင်းလောက်တွင် မြေမာကမ်းခြေသို့ ရောက်သွားခဲ့လေပြီ။ ချစ်ခိုင် ပျော်လိုက်သည်မှာ ပြောစရာမရှိ။ ချစ်ခိုင် မသေဘူး ရေကူးတတ်သည်ပေါ့။ ကမ်းခြေတွင် ပက်လက်အနေအထားဖြင့် ခဏမျှ အပန်းဖြေပြီး ကုန်းရုန်းထလိုက်၏။ ဘေးဘယ်ညာ လှည့်ပတ်ကြည့်လိုက်သည်။ အမျိုးသမီးတစ်ဦး ဈေးရောင်းနေသည်ကို တွေ့လိုက်ရ၏။

ချစ်ခိုင် ဈေးဆိုင်နားသို့ လျှောက်သွားပြီး ဗိုက်ကိုပုတ်ပြပြီး ပါးစပ်ကို လက်ဖြင့် ရေသောက်သလို လုပ်ပြလိုက်၏။ ဈေးဆိုင်ရှင် အမျိုးသမီးက သဘောပေါက်သွားပုံရသည်။ အရက်ပုလင်းတစ်လုံးကို ထုတ်ပေးလိုက်၏။ ချစ်ခိုင် စိတ်ပျက်စွာ ခေါင်းခါပြလိုက်၏။ နောက်မှ ရေသန့်တစ်ပုလင်းနဲ့ ကောက်ညှင်းကျည်ပိုင်း နှစ်ပိုင်းထုတ်ပေးသည်။ ချစ်ခိုင်မှာ ဗိုက်အရမ်းဆာနေတာမို့ကုန်အောင်စားပစ်လိုက်သည်။ ဈေးဆိုင်ရှင်အမျိုးသမီး၏ လူသား

www.burmeseclassic.com

www.burmeseclassic.com



ချင်းစာနာမှုစိတ်မှာ ချီးကျူးစရာပေတကား။

အမျိုးသမီး၏စကားကို နားထောင်ပြီး ထိုင်းနိုင်ငံသို့ ရောက်နေပြီဖြစ်ကြောင်း ချစ်ခိုင်သိလိုက်၏။ ထိုနေရာမှာ ဖားကန်ဒေသဖြစ်ကြောင်း သိရသည်။

"မဟာချိုင် ဝဒတ်"

ထိုင်းအမျိုးသမီးကို ချစ်ခိုင်ကြိုးစားပြီးပြောပြ၏။ သူမမှာ ခဏကြာလျှင် ဖုန်းကောက်ဆက်လိုက်သည်ကို တွေ့လိုက်ရသည်။ ချစ်ခိုင်မှာ ရေစိုအဝတ်၊ ရွံ့လိမ်းခန္ဓာကိုယ်တို့ဖြင့် ကမ်းခြေတစ်နေရာတွင် သွားထိုင်နေလိုက်၏။ မြောက်ပြန်လေကြောင့် တစ်ကိုယ်လုံး အေးစက်နေ၏။ အချိန်မည်မျှကြာသွားသည်မသိ။ ဆိုင်ကယ်သံကြား၍ တာလမ်းဘက်သို့ လှမ်းကြည့်လိုက်၏။ ချစ်ခိုင်ရှိရာသို့ ဦးတည်လာနေသည်။ ကောင်းသောလာခြင်းဖြစ်ပါစေဟု ချစ်ခိုင် ဆုတောင်းနေမိ၏။ သို့သော် ချစ်ခိုင်ဆုတောင်းမပြည့်ပါလေခဲ့။

"ဟေ့ကောင် ချစ်ခိုင်၊ မင်းဘာအချိုး ချိုးတာလဲ ဟင်"

ဆိုင်ကယ်ရပ်သည်ဆိုလျှင်ပဲ ရန်သဘောဆောင်သော အသံဆိုးကြီးက ချစ်ခိုင်၏ နားစည်မြှေးထဲသို့ ခပ်စူးစူးဝင်လာ၏။ ချစ်ခိုင်အသေအချာ ကြည့်လိုက်သည်။ ကိုယ့်ရွာသား ငယ်သူငယ်ချင်း ငါးဖမ်းသင်္ဘောပေါ် တင်ပေးလိုက်သည့် ကျေးဇူးရှင်ကြီး ထွန်းမြကျော်ပေတည်း။

"ငါ....."

"ပြောမနေနဲ့၊ လာ...တက်"

ထွန်းမြကျော် ချစ်ခိုင်လက်ကို ဆွဲပြီး ဆိုင်ကယ်ပေါ်တင်လိုက်၏။ ဆိုင်ကယ်မှာ သီတာသောင်ခြေကို ကျောပေးပြီး ပြေးနေလေပြီ။

"မင်းခုလို ထွက်ပြေးလာတာ ဆိပ်ကမ်းက အမျိုးသမီး ဖုန်းဆက်လို့ သူဌေးသိသွားပြီ၊ ငါ့ကိုပြောလိုက်တာလည်း ရစရာမရှိဘူး။ မင်းအတွက်ပိုက်ဆံတွေ ငါအကုန်လုံး လျော်ပေးရတာလေ"

ထွန်းမြကျော်၏အသံမှာ ကျားဟိန်းသံလို မြည်ဟည်းနေ၏။

"မင်း ယောကျ်ားမဟုတ်ဘူးလား။ မင်းသေကွာ"

"ခွပ်.....ခွပ်..ဖုန်း...ဖုန်း...ဝုန်း....."

"မင်းခုရောက်နေတာ နိုင်ငံ ခြားရောက်နေတာ၊ မင်းဘာလို့ နားမလည်တာလဲ၊ စာချုပ်စာတမ်းနဲ့ လုပ်နေတာလေ၊ ဘာမှ မသိဘူး၊ အလကားကောင်၊ အဆင့်မရှိဘူး"

"ရှောကွာ.....ခွပ်.....ခွပ်။။ ဂလွမ်း.....၊ ဗိုင်း....."

ဆဲဆိုသံ၊ လက်သီးထိုးသံ၊ ပြိုလဲသံတို့ကား အသံမစဲ။

"ငါ မတတ်နိုင်တော့ဘူး သူငယ်ချင်း။ ပင်လယ်ထဲမှာ ရေနစ်လို့ မသေဘဲ မင်းနိပ်စက်မှ ငါသေရတော့မယ်ကွာ"

"အဲဒါ မင်းသမိုင်းမင်းရေးတာလေ"

"ဟေ့ သူငယ်ချင်း၊ ဘယ်လိုလဲကွ၊ အိမ်ထဲက ဆူလှချည်လား"

အိမ်ရှေ့က လူသံကြား၍ ထွန်းမြကျော် လှမ်းကြည့်လိုက်ရာ တစ်ရွာတည်းသား ဝင်းမောင်ဝင်လာသည်ကို တွေ့လိုက်ရသည်။

"ဟင်.....ဘယ်လိုဖြစ်နေကြတာလဲ၊ အဲဒါ ချစ်ခိုင်မဟုတ်ဘူးလား"

"ဟုတ်တယ်"

"ဘယ်လိုဖြစ်ကြတာလဲ၊ မြင်မကောင်း၊ ရှုမကောင်းပါလား၊ ငါဘာမှ နားမလည်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



မင်းတို့ ဘယ် လိုဖြစ်ကြတာလဲ၊ ငါ့ပြောပြဦးလေ ကွာ''

ထွန်းမြကျော်က အဖြစ်ကို မကျေမချမ်း ရှင်းပြသည်။

''အဲလိုဆို ရှင်းရှင်းလေးပဲကွာ၊ သူမလုပ်ချင်လို့ စွန့်ပြီးထွက်လာတာ၊ ဘာပြောစရာလိုလဲ''

''မဟုတ်ဘူးကွာ၊ ဒီကောင် သစ္စာဖောက်တာ၊ ငါ့မျက်နှာ၊ ငါ့စီးပွားဖျက်တာ၊ ငါမကျေနပ်ဘူး ကွာ''

''ရော့.....''

''ဖုန်း.....ဖုန်း.....ဖုန်း''

ထွန်းမြကျော်မှာ ချစ်နိုင်ကို နောင့်ဖြင့်ပေါက်လိုက်ပြန်သည်။

''ဟေ့ကောင် ထွန်းမြကျော်၊ အမျိုးသစ္စာဖောက်တာက မင်းပဲ၊ ကိုယ်ကောင်းစားဖို့အတွက် ကိုယ့်ရွာသားတွေကို ရောင်းစားတယ်၊ မင်း ဒီလိုအနိုင်ကျင့်နေတာ ငါကြည့်မနေနိုင်ဘူး။ လာ...ချစ်နိုင် သူငယ်ချင်း၊ ငါနဲ့လိုက်ခဲ့''

ဝင်းမောင် ကိုယ့်ရွာသား သူငယ်ချင်းကို ဒုက္ခဘုံထဲက ကယ်ထုတ်လာခဲ့၏။

''ငါ့ကိုဒီကောင် လောင်ပိတ်ပြီးရိုက်နေတာ နှစ်ရက်ရှိပြီကွာ၊ ငါလည်း ဘယ်မှမသွားတတ်လို့ ဒီအတိုင်း ပေခံနေရတာ''

''ကဲ....သူငယ်ချင်း၊ ငါ့လက်ထဲရောက်နေပြီ၊ ဘာမှမပူနဲ့၊ ရေမိုးချိုး၊ ဒီအဝတ်အစားလဲ၊ ထမင်းစားမယ်၊ ငါ့ဆီမှာ ကောင်းကောင်းနေ၊ ဘာမှမဖြစ်စေရဘူး''

ဝင်းမောင်နဲ့ ထွန်းမြကျော်တို့မှာ ရွာသားချင်းတွေကြပေမယ့် စိတ်ဓာတ်နဲ့ ခံယူချက်ချင်းက မတူကြပေ။

❖ ❖ ❖

တစ်နေ့တွင် ဗမာစကားပြောတတ်သည့်လူတစ်ယောက် ဝင်းမောင်ဆီ ရောက်လာသည်။

''ဟေ့ကောင် မင်း ငါ့သူငယ်ချင်းကို ဒီကနေ မြဝတီအထိ ရောက်အောင်ပို့ပေးရမယ်၊ မင်းကို အကျိုးဆောင်ခ ထိုင်းဘတ် ၅၅၀၀ ပေးမယ်၊ မရောက်ဘူးဆိုရင်တော့ သုံးဆပြန်လျော်ပေးရမှာနော်''

''ဟုတ်ကဲ့၊ ကျွန်တော် ဆောင်ရွက်ပေးနိုင်ပါတယ်''

ဝင်းမောင်နဲ့ အကျိုးဆောင်တို့ ပြောစကားကြောင့် ချစ်နိုင် အရမ်းပျော်သွား၏။

''သူငယ်ချင်း၊ မင်းကျေးဇူးတရားကို ငါမမေ့ဘူးကွာ၊ ရွာရောက်ရင် မင်းဆီက ကုန်ကျငွေတွေကို ငါ ပြန်ပို့ပေးပါ့မယ် သူငယ်ချင်းရာ''

''ရပါတယ်ကွာ၊ မင်းမှာ ဘာရှိလို့လဲ၊ မင်းအဖေနေတဲ့အိမ်ကလေး တစ်လုံးပဲရှိတာမဟုတ်လား''

''ရပါတယ် သူငယ်ချင်း၊ ငါ ကြိုးစားရှာပြီး ပို့ပေးပါ့မယ်''

ချစ်နိုင်နဲ့ ဝင်းမောင်တို့မှာ ခံစားချက် နှလုံးသားချင်း ထိတွေ့သွားကြကာ တစ်ယောက်မျက်နှာ တစ်ယောက်စိုက်ကြည့်လိုက်ကြ၏။

❖ ❖ ❖

ချစ်နိုင်မှာ မြဝတီသို့ ရောက်သည်ဆိုရင်ပဲ အောင်စစ်သည်ကား ဖြင့် ရန်ကုန်သို့ လိုက်ပါလာခဲ့၏။ အောင်မင်္ဂလာအဝေးပြေးကွင်းသို့ အရောက်တွင် အလာတုန်းက တည်းခဲ့သည့် ထမင်းဆိုင်မှာပဲတည်းသည်။ နောက်တစ်နေ့တွင် ရန်ကုန်–စစ်တွေ အဝေးပြေး အောင်သစ္စာယာဉ်ဖြင့် လိုက်ပါလာခဲ့သည်။ ကဇုကိုင်းဂိတ်သို့ရောက်လျှင် ဒလက်ချောင်းတစ်လျှောက် မောင်းနှင်နေကြသော ကျွန်းစဉ်ရွာများမှ စက်တပ်လှေကလေးများက အစီအရီ။

❖ ❖ ❖

တို့ပြည်၊ တို့မြေသည်ကား မြေသယံဇာတ၊ ရေသယံဇာတတွေပေါသည့်မြေဟု ချစ်နိုင် ခံယူလိုက်ပေပြီ။

ချစ်နိုင်မှာ ပိုက်လှေကလေးကို ဖိလှော်လိုက်ရာ ရွာချောင်းရေပြင်ပေါ်တွင် ခပ်သွက်သွက် ပြေးနေပေတော့၏။

လူလူချင်း မေတ္တာစိတ်ထားနိုင်ကြပါစေ။
ကျွန်းစဉ်မြေစောက်

www.burmeseclassic.com





# မောင်သာမန်
(ဇီးကုန်း)

# တစ်ယူသန့် ဘကောင်း

www.burmeseclassic.com

www.burmeseclassic.com



ဘကောင်းအား ခင်မင်သူများက အရက်၏ဆိုးကျိုးများကိုပြောပြ၍ အရက်သောက်ခြင်းကို မကျူးလွန်စေရန် တားမြစ်ကြ၏။ ထိုသူများကို ဘကောင်း မည်သို့မျှ ပြန်မပြောသော်လည်း အရက်ကိုမူ သောက်မြဲပင်။

''မင်းတို့ပြောတဲ့ အရက်ရဲ့ဆိုးကျိုးဆိုတာ ဘာကိုပြောတာလဲကွ၊ ငါ အခုထိ ဘာမှမခံစားရဘူး''

ဆင်ခြေဆင်လက်ဖြင့် အရက်သောက်မြဲဖြစ်သောသူ့အား မည်သူမျှ မပြောဆိုတော့။ ဘကောင်းကား အရက်သောက်မြဲပင်။

ဘကောင်းသည် အိမ်ထောင်မရှိ။ လူပျိုလူလွတ်ဟု ပြောရမည်ဖြစ်သည်။ သို့သော် ခင်စန္ဒာဆိုသော တစ်ခုလပ်မိန်းကလေးနှင့် ဘာလိုလို ညာလိုလို၊ တစ်ခုလပ်ဆိုသော်လည်း ခင်စန္ဒာသည် အရွယ်တော်တစ်ဆိတ်ဟိုင်း အသက်နှစ်ဆယ့်ငါးနှစ်ကျော်ခန့်သာရှိပြီး လှသွေးကြွယ်ပါ၏၊ အပြောချိုပါ၏။ သို့ကြောင့်ပင်အရက်သမားဘကောင်း ခင်စန္ဒာကို စွဲလမ်းနေခြင်းပင်ဖြစ်၏။

''ဟော့ကောင် ဘကောင်း၊ ခင်စန္ဒာနဲ့ကိစ္စကို ရှေ့မဆက်နဲ့ကွာ၊ ဘာဖြစ်လို့လဲဆိုတော့ ခင်စန္ဒာက တစ်ခုလပ်လို့သာပြောတာ၊ ပထမလင်ကြီးနဲ့ တရားဝင် ကွာရှင်းပြတ်စဲသေးတာမဟုတ်ဘူး''

မည်သူကပင် သတိပေးပေး နားမထောင်တတ်သောအလေ့က ဘကောင်းတွင် နဂိုကတည်းက ရှိပြီးသား။ ဘကောင်းသည် တစ်ယူသန်သမားဖြစ်၏။

**သူနှင့်ခင်စန္ဒာကား ရည်းစားမက လင်မယားလည်းမကျ အခြေအနေဖြင့် နေလာခဲ့သည်မှာ အချိန်များစွာကြာခဲ့ပြီဖြစ်၏။ ပထမယောကျာ်း ညိုမောင်နှင့် ခင်စန္ဒာတို့ ပြန်လည်ပေါင်းစည်းသွားမည်ကိုလည်း ဘကောင်း လုံးလုံးလက်မခံ။ သို့ကြောင့်. . .**

''မင်းတို့တယ်လိုပြောပြော သူ့ပထမလင်ကြီးနဲ့ ခင်စန္ဒာမပေါင်းတာ တစ်နှစ်ကျော်လို့ နှစ်နှစ်ထဲရောက်နေပြီလေကွာ၊ သူ့လင်ကြီးက သူ့အကူသိုလ်နဲ့သူ လူသတ်မှုနဲ့ထောင်ကျ၊ ငါနဲ့ခင်စန္ဒာတို့က တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ကြ၊ ဒါပဲပေါ့ကွ''

ပြောမရလေသော ဘကောင်းအား ခင်မင်သူအပေါင်းအသင်းများက လက်လျှော့လျက် လုံးဝပါးစပ်မဟာကြတော့။ ဘာသိဘာသာနေလိုက်ကြ၏။

အမှန်စင်စစ် ဘကောင်းသည် သွင်းကုန်ထုတ်ကုန် ကုမ္ပဏီတစ်ခုမှ မန်နေဂျာတစ်ဦးဖြစ်၏။

ဘကောင်းတစ်ယောက် စီးပွားရေးတက္ကသိုလ်မှ စာရင်းအင်းဘာသာရပ်ဖြင့် ဘွဲ့ရရှိသောကြောင့်လည်းကောင်း၊ ကွန်ပျူတာကျွမ်းကျင်မှုကြောင့်လည်းကောင်း မန်နေဂျာတစ်ဦး ဖြစ်နေခြင်းပင်ဖြစ်၏။ သူ၏မိဘများက သူ့ဘွဲ့ရပြီး တစ်မြန်နှစ်ကပင် ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားကြပြီဖြစ်၏။

ဘကောင်းသည် တစ်ဦးတည်းသောသား တစ်ကောင်ကြွက်တော့မဟုတ်။ အစ်မကြီး ဒေါ်ခင်နွယ်မှာ အလယ်တန်းပြ ကျောင်းဆရာမဖြစ်၍ သူ၏ခင်ပွန်း စီမံကိန်းအရာရှိ တာဝန်ကျရာမြို့သို့ လိုက်ပါပြောင်းရွှေ့ တာဝန်ထမ်းဆောင်နေပေသည်။ တစ်ဦးတည်းဖြစ်သော ဘကောင်းကား မိဘပိုင်တိုက်ခန်းတွင် တစ်ဦးတည်းနေထိုင်၍ သောက်ချင်

www.burmeseclassic.com

www.burmeseclassic.com

တိုင်း သောက်၍နေတော့၏။ တစ်ခုတော့ရှိ၏။ လုပ်ငန်းတာဝန်ချိန်များတွင် စိတ်လိုက်မာန်ပါ သောက်စားလေ့မရှိ။ သို့သော် နေ့တိုင်းအရက်သောက်ဖြစ်၏။

သူကြိုက်နှစ်သက်နေသော ခင်စန္ဒာနှင့် တွေ့သည်မှာလည်း ထူးဆန်းသောကိစ္စမဟုတ်။ ဘကောင်းသောက်နေကျ ယမကာဆိုင်တွင် ခင်စန္ဒာကား အရက်ကောင်တာတွင် အရက်ရောင်းရငွေသိမ်းသည့် ဆိုင်မန်နေဂျာဖြစ်ခြင်းကြောင့်ပင်။

ယောကျ်ားပေါင်း သောင်းခြောက်ထောင်နှင့် နီးစပ်စွာ ဆက်ဆံနေရသော ခင်စန္ဒာကား အရက်သမား ဘကောင်းအား ပြန်လည်ချစ်ကြိုက်သည်ဆိုသော ဘကောင်း၏စကားမှာ စဉ်းစားစရာကောင်းလှ၏။ စီးပွားရေးအရ အရက်ဆိုင်ဖွင့်၍ ရောင်းနေသော ခင်စန္ဒာကား သူမ၏ဆိုင် ဈေးရောင်းကောင်းရန် ရည်ရွယ်၍ ဘကောင်းပြောသမျှ ခေါင်းညိတ်ခဲ့လေသလားမပြောတတ်။ သို့ဆိုပါလျှင် ဈေးရောင်းကောင်းရန် ဘကောင်းနည်းတူ တခြားသော ယောကျ်ားများကိုလည်း.....စဉ်းစားစရာဖြစ်ပါ၏။

ဂယနဏ သေချာစွာလေ့လာမည်ဆိုပါလျှင် ချစ်ရသော ခင်စန္ဒာ၏အလိုကျ ကုမ္ပဏီပိုင်ငွေတချို့ (သိန်းနှင့်ချီ၍)ထုတ်ယူပေးကမ်းမှုများ ဘကောင်းတွင်ရှိနေသည်ကို တွေ့ရပေလိမ့်မည်။

ကုမ္ပဏီငွေ သူ့လက်ထဲတွင် သိန်းနှစ်ဆယ်ခန့် လျော့နည်းနေသည့်တိုင် စိတ်ညစ်စရာဖြစ်သော်လည်း ဘကောင်းကား စိတ်မညစ်။ အရက်သောက်ချိန်တွင်လည်းကောင်း၊ ခင်စန္ဒာနှင့် နှစ်ကိုယ်ကြားတွေ့သည့်အခါတွင်လည်းကောင်း မေ့ပျောက်နေမြဲဖြစ်၏။

ဘကောင်းသည် ထိုပြဿနာနှင့်ပတ်သက်၍ လတ်တလော မပူပင်ခြင်းမှာ လာမည့်ခြောက်လပတ် ငွေစာရင်းရှင်းတမ်းပြီးသည်နှင့် ကုမ္ပဏီသို့ ငွေများအပ်နှံရမည်ဖြစ်၏။ ထိုငွေစာရင်းရှင်းတမ်းပြုလုပ်ရန် နှစ်လခွဲခန့် အချိန်ကျန်သေး၏။ အနားနီးမှပင် မိမိနေသော တိုက်ခန်းအား ပေါင်သင့်ပေါင်မည်ဟု လွယ်လင့်တကူ စဉ်းစားထား၏။ ချစ်ရသော ခင်စန္ဒာကလည်း.....



"အစ်ကိုရယ် ငွေနဲ့ပတ်သက်ပြီး ပြဿနာဖြစ်ခဲ့ရင်လည်း အရမ်းကြီး စိတ်မပူပါနဲ့၊ ခင်စန္ဒာ တခြားကနေ လှည့်ပေးပါ့မယ်"

ခင်စန္ဒာ၏နှုတ်ဖျားမှ ပျားသကာကဲ့သို့ ဖွင့်ဟလာသော အားဆေးကြောင့် ဘကောင်း သက်ပြင်းချလျက် သောက်မြဲတိုင်းသောက်၏။ ခင်စန္ဒာနှင့်လည်း အချိန်ရသည်နှင့် ပျော်မြဲတိုင်းပျော်၏။

သည်ရက်ပိုင်းအတွင်း ခင်စန္ဒာ တစ်ယောက် တွင်တွင်အရက်ရောင်းနေရသော်လည်း မျက်နှာမကောင်း။ သူမ မျက်နှာမကောင်းသည်ကို ဘကောင်းအကဲခတ်မိ၏။ ထို့အတွက် ခင်စန္ဒာအား မေးမိ၏။

"ခင်စန္ဒာ အခုတလော မျက်နှာမကောင်းဘူးကွာ၊ ခင်စန္ဒာ့မှာ ဘယ်လိုပြဿနာတွေရှိနေလဲဆိုတာ အစ်ကို့ကို ပြောပြနိုင်ရင် ပြောပြပါ"

ဘကောင်းမေးမှပင် ခင်စန္ဒာမှာ သူ၏ရင်ခွင်ထဲသို့ဝင်လျက် ရှိုက်ကြီးတငင် ငိုကြွေးနေ၏။

"အစ်ကို့ကို ခင်စန္ဒာရဲ့ကိစ္စတွေ မပြောချင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ခင်စန္ဒာနဲ့ပတ်သက်ပြီး အစ်ကို ခံစားရမှာစိုးတယ်"

ဘကောင်းတစ်ယောက် ခင်စန္ဒာ၏စကားကြောင့် ရင်ခုန်သွားသည်။

"ပြောမှာသာ ပြောပါကွာ၊ ဘယ်လိုအခက်အခဲတွေရှိပါစေ၊

www.burmeseclassic.com

www.burmeseclassic.com



အစ်ကို တောင့်ခံနိုင်ပါတယ်''

ဘကောင်း၏ အတင်းအကျပ် မေးမှုကြောင့် မတတ်သာသည့် အဆုံး ခင်စန္ဒာ ပြောပြလိုက်၏။

''မနက်က ခင်စန္ဒာရဲ့ ပထမယောကျ်ား ထောင်ကလွတ်ပြီး ခင်စန္ဒာ့ဆီ ရောက်လာတယ်၊ ခင်စန္ဒာ့ကို သူက ပြန်ပေါင်းဖို့ပြောတယ်၊ ခင်စန္ဒာက သူ့ကို လုံးလုံးစိတ်ကုန်နေပြီ၊ သူ့ကို ပြန်မပေါင်းနိုင်ဘူး၊ ခြောက်လခုနစ်လတင်မကဘူး၊ နှစ်နှစ်ထဲရောက်နေပြီဆိုတော့ လင်ခန်းမယားခန်းလည်း ပြတ်နေပြီပဲ၊ ဒါကို သူက ပြန်ပေါင်းရမယ်၊ တကယ်လို့ သူ့ကိုပြန်မပေါင်းချင်ရင် သူ့ကို ဆယ့်ငါးသိန်းရှာပေးရမယ်တဲ့၊ ဒါဆိုရင် တရားဝင်ကွာရှင်းပေးမယ်လို့ ပြောလာတယ် အစ်ကို၊ ခင်စန္ဒာ ဘာလုပ်ရမလဲ အစ်ကိုရယ်''

ပြော၍ငို၊ ငို၍ပြောနေသော ချစ်ရသော ခင်စန္ဒာ၏ ပူပန်သောကပုံရိပ်များကြောင့် ဘကောင်း၏ရင်တစ်ခုလုံး ပြောင်းဆန်သွားရ၏။ နှလုံးသားဘောင်ဘင်ခတ်သည်ဟုဆိုရမလောက်ပင်။ ခင်စန္ဒာတစ်ယောက် သူမ၏ ပထမယောကျ်ားဖြစ်သူ ညိုမောင်အား ငွေဆယ့်ငါးသိန်း မပေးနိုင်ပါက ဘကောင်းချစ်သော ခင်စန္ဒာမှာ ညိုမောင့်အားပြန်လည်၍ မချစ်သော်လည်း အောင့်ကာနမ်းရပေတော့မည်။ ထိုအဖြစ်ကိုတော့ ဘကောင်း အဖြစ်မခံနိုင်။ အဘယ်ကြောင့်ဆိုသော် သူနှင့်ခင်စန္ဒာကား ရည်းစားမက လင်မယားလည်းမကျအခြေအနေဖြင့် နေလာခဲ့သည်မှာ အချိန်များစွာကြာခဲ့ပြီဖြစ်၏။ ပထမယောကျ်ား ညိုမောင်နှင့် ခင်စန္ဒာတို့ ပြန်လည်ပေါင်းစည်းသွားမည်ကိုလည်း ဘကောင်း လုံးလုံးလက်မခံ။ သို့ကြောင့် ခင်စန္ဒာ၏ အခက်အခဲများကို ဖြေရှင်းပေးရန်နှင့် ထိုကိစ္စ ပြေလည်ပါက ချစ်ရသော ခင်စန္ဒာနှင့် တရားဝင်လက်ထပ်ရန် ဘကောင်းက ဆုံးဖြတ်ချက်ချလိုက်၏။ ခင်စန္ဒာက ဆက်လက်၍.....

''ခင်စန္ဒာပြောလို့များ အစ်ကို စိတ်ညစ်သွားသလားဟင်၊ ဘာမှ စိတ်မညစ်ပါနဲ့ရှင်၊ တကယ်တမ်းပြောရရင် အစ်ကို့ကို ခင်စန္ဒာ မခွဲနိုင်ပါဘူး၊ ဒါကြောင့် ညိုမောင့်ကို သူတောင်းတဲ့ငွေကြေး ခင်စန္ဒာလေ မဖြစ် ဖြစ်တဲ့နည်းနဲ့ ရှာပေးလိုက်တော့မယ်၊ ဒါမှ အစ်ကိုနဲ့ ခင်စန္ဒာ တစ်သက်မခွဲဘဲ နေလို့ရမှာပေါ့''

ဘကောင်းသည် ခင်စန္ဒာ၏ နှစ်သိမ့်စကားကြောင့် သူမအား ပို၍ သနားကြင်နာသွားရသည်။

''ခင်စန္ဒာပြောသလို အစ်ကိုလည်း အဖြစ်မခံနိုင်ပါဘူး၊ ဒါပေမဲ့ သူတောင်းတဲ့ငွေကြေးကို ခင်စန္ဒာ ဘယ်လိုရှာပေးမှာလဲကွာ၊ ခင်စန္ဒာ့မှာ ဒီလောက်ပေးနိုင်မယ့် အခြေအနေ မရှိဘူးဆိုတာ အစ်ကိုသိနေတာပဲ၊ ဒီကိစ္စအတွက် ခင်စန္ဒာ ဦးနှောက်အခြောက်မခံနဲ့၊ အစ်ကိုပဲ ကြည့်ပြီးစီစဉ်လိုက်ပါ့မယ်''

ခင်စန္ဒာမှာ ဘကောင်း၏ စကားကြောင့် ပြုံးသလို၊ မဲ့သလိုဖြင့် ငိုသံစွက်၍.....

''ဟုတ်မှလုပ်ပါ အစ်ကိုရယ်၊ တော်တော်ကြာ အစ်ကိုဒုက္ခရောက်မှဖြင့် ခင်စန္ဒာ ရင်ကျိုးရလိမ့်မယ်ရှင့်''

ခင်စန္ဒာ ဆက်၍မပြောနိုင်။ ဘကောင်းက သူမ၏ နှုတ်ခမ်းနီထွေးထွေးအား သူ၏လက်ညှိုးဖြင့် ဆက်၍မပြောနှင့်ဆိုသည့်သဘော လှမ်းပိတ်လိုက်၏။

ယင်းနောက် ဘကောင်းသည် ခုတင်ပေါ်မှနေ၍ နံရံရှိ မီးခလုတ်ကို လှမ်း၍ပိတ်လိုက်၏။ မှောင်လွန်းသောညများသည် ခက်ခဲလွန်းသည့်ကိစ္စများအား တဒင်္ဂမေ့ပျောက်နိုင်စွမ်းရှိ၏။

ခင်စန္ဒာ အိပ်ပျော်သွားသည့်တိုင် ဘကောင်း အိပ်မပျော်နိုင်သေး။ နီကြင်ကြင်မီးသီးမှ ထွက်ပေါ်လာသော အလင်းရောင်ဖြင့် ဘကောင်း အိပ်ရာမှထ၍ စားပွဲပေါ်ရှိ အရက်ပုလင်းထဲမှအရက်အား ဖန်ခွက်ထဲသို့ ငှဲ့၍သောက်နေလေ၏။ ဘကောင်း၏လျှာဖျား၌ ယမကာ၏ စူးရှပြင်းပြ ခါးသီးသောအရသာကို ဂရုမထားနိုင်။ ခင်စန္ဒာအတွက် ငွေရှာဖွေရန် စိတ်ရောက်နေ၏။ မထူးတော့။ မိမိ၌ ကုမ္ပဏီငွေလက်ကျန် ဆယ့်ငါးသိန်းကျော်ကျော်ခန့်ရှိ၏။ နောက်တစ်နေ့ ဘဏ်မှထုတ်၍ ခင်စန္ဒာအား ပေးလိုက်မည်ဟု မိုက်မိုက်မဲမဲ ဆုံးဖြတ်ချက်ချလိုက်၏။ နောင်ခါလာ နောင်ခါဈေး ဖြစ်လာပါက မိမိနေထိုင်သော [illegible] တိုက်ခန်းအား ပေါင်နှံ၍ [illegible]သို့

www.burmeseclassic.com

www.burmeseclassic.com

ငွေပြန်အပ်မည်ဟု ဘကောင်း ယတိပြတ် စိတ်တုံးတုံးချလိုက်တော့၏။

ပြဿနာဖြေရှင်းဖို့ရန် နေထိုင်သည့်အိမ်အား ပေါင်နှံ၍ ကုမ္ပဏီသို့ ပြန်အပ်မည်ဟု ဆုံးဖြတ်သော်လည်း တိုက်ခန်းနှင့်ပတ်သက်၍ မိမိတစ်ဦးတည်း ပိုင်ဆိုင်ခြင်းမရှိသည်ကို ဘကောင်းသိပါ၏။ သူ၏ တစ်ဦးတည်းသောအစ်မ ကျောင်းဆရာမကလည်း ပိုင်ဆိုင်သည်ကို ဘကောင်း နားလည်သော်လည်း ယခုအခြေအနေအရ ချစ်ရသော ခင်စန္ဒာနှင့် ပေါင်းဖက်နိုင်ရေးအတွက် အရေးတကြီး ငွေလိုအပ်မှုကြောင့် ကုမ္ပဏီပိုင်ငွေကြေးကို ခင်စန္ဒာကိုပေး၍ တိုက်ခန်းအား ပေါင်နှံပြီးမှသာ ကုမ္ပဏီငွေ ပြန်သွင်းတော့မည်ဟု ဖွတ်ပင်ဆုံးဖြတ်လိုက်ခြင်းဖြစ်၏။

ယင်းနောက် ဘကောင်းသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသော ခင်စန္ဒာအား စူးစူးစိုက်စိုက် ငေးကြည့်လျက် ဖန်ခွက်ထဲမှ ယမကာအား စိမ်ပြေနပြေ သောက်၍နေတော့၏။

❧ ❧ ❧

ဘကောင်းသည် နောက်တစ်နေ့ နေ့လယ်တွင် ခင်စန္ဒာ၏ဆိုင်သို့ ဝင်လျက် ငွေဆယ့်ငါးသိန်းကိုပေးလိုက်၏။ ထိုငွေများကိုကြည့်လျက် ခင်စန္ဒာက ဝမ်းသာဝမ်းနည်းပုံစံဖြင့်.....

"အစ်ကို ခင်စန္ဒာ့ကို တကယ်ချစ်တယ်နော်၊ တစ်ချိန်ချိန်ကျရင် ဒီငွေတွေကို ခင်စန္ဒာ ပြန်ဆပ်မှာပါ"

ဘကောင်းက.....

"အပိုတွေပြောမနေပါနဲ့ စန္ဒာရယ်၊ ခင်စန္ဒာ့ကို အစ်ကို ဘယ်လောက်ချစ်တယ်ဆိုတာ ခင်စန္ဒာသိရင်ပဲ ကျေနပ်လှပါပြီ၊ ဩော်....ဒါနဲ့ ဒီညနေပဲ အစ်ကိုတို့ ပုသိမ်ကို သွားဖို့ရှိတယ်၊ နှစ်ရက်လောက်တော့ ကြာလိမ့်မယ်၊ အစ်ကို ပြန်ရောက်လာရင် ရုံးမှာ တရားဝင်လက်မှတ်ထိုးပြီး လက်ထပ်ကြမယ်"

ဘကောင်း၏စကားကြောင့် ခင်စန္ဒာ မျက်နှာတစ်ချက်ပျက်သွားရ၏။ သို့သော် ချက်ချင်းမျက်နှာကို ပြင်လျက် ပြုံးရွှင်ရယ်မောစွာဖြင့်....

"စိတ်ချပါ အစ်ကို၊ အစ်ကို့ ဆန္ဒအတိုင်း ဖြစ်ရမှာပါ၊ အစ်ကို ပြန်လာမယ့်ရက်ကို ခင်စန္ဒာ ဆက်ဆက်စောင့်နေပါ့မယ် အစ်ကိုရယ်"

မချိတင်ကဲပြောလျက် ဘကောင်း၏ရင်ခွင်ထဲသို့ ခင်စန္ဒာပြေးဝင်လိုက်ပါ၏။ ဘကောင်းကလည်း ကြင်နာစွာပွေ့ဖက်လျက်.....

"ဘယ်လိုပြဿနာတွေပဲဖြစ်ဖြစ် အစ်ကိုတို့နှစ်ယောက် ရင်ဆိုင်ကျော်လွှားကြတာပေါ့"

ခင်စန္ဒာ ဘာမှမပြောတော့ပေ။ ဘကောင်း၏ရင်ခွင်ထဲ၌ ငြိမ်၍နေလိုက်တော့၏။

ဘကောင်းသည် ခင်စန္ဒာနှင့် တွေ့ဆုံပြီး သူမထံမှ ဝီစကီတစ်ပုလင်းကိုယူလျက် ကုမ္ပဏီသို့ထွက်လာခဲ့၏။ ကုမ္ပဏီသို့ရောက်သော် အထွေထွေမန်နေဂျာက.....

"ကိုဘကောင်းရေ ဒီညနေသွားဖြစ်မလားလို့ဗျာ၊ ဒီနေ့တော့ ပုသိမ်ကို မသွားဖြစ်တော့ဘူး၊ မနက်ဖြန်ကျမှပဲ သွားဖြစ်လိမ့်မယ်၊ ခင်ဗျား ဒီညတော့ စိတ်အေးလက်အေး အနားယူပေါ့ဗျာ"

မည်သို့ဆိုစေ သည်ညအဖို့ ခင်စန္ဒာထံတွင် တစ်ညလုံး အချိန်ဖြုန်းတော့မည်ဟု စဉ်းစားဆုံးဖြတ်လျက် သူ၏တိုက်ခန်းသို့ ပြန်လာခဲ့၏။ တိုက်ခန်းတွင် အစ်မဖြစ်သူမိသားစု ရောက်ရှိနေ၍ လိုအပ်သည့်စားရေးသောက်ရေးကိစ္စများဆောင်ရွက်ပေးပြီးသည့်နောက် အစ်မဖြစ်သူအား သည်ည ရုံးတွင်အလုပ်ရှိ၍ ပြန်မအိပ်တော့ကြောင်းပြော၍ ခင်စန္ဒာထံသို့ ထွက်လာခဲ့တော့၏။

ခင်စန္ဒာ၏ဆိုင်သို့ရောက်သော် ဆိုင်ပိတ်နေပြီဖြစ်၏။ ဆိုင်ထဲတွင် မီးပိတ်ထားသော်လည်း ခင်စန္ဒာ၏ အိပ်ခန်း၌ကား မီးရောင်လက်လက်ရှိနေ၏။ ဘကောင်းသည် ချစ်ရသော ခင်စန္ဒာအား ကျီစားလိုသဖြင့် ခင်စန္ဒာ၏အခန်းနံရံသို့ကပ်၍ ကန့်လန့်ကာချထားသော ပြတင်းပေါက်မှ လှမ်းကြည့်လိုက်၏။ သူမ၏အိပ်ခန်းထဲမှ နီကြင်ကြင်မီးမှိန်မှိန်အောက်၌ ခင်စန္ဒာနှင့် လူစိမ်းတစ်ယောက်။ သူတို့နှစ်ယောက်သည် ကျွမ်းဝင်စွာ ဖက်လဲတကင်းရှိနေကြ၏။ ဘကောင်းသည် ခင်စန္ဒာတစ်ယောက်တည်းမဟုတ်သဖြင့် နှလုံးခုန်မြန်လျက် အသက်ရှူရပ်မတတ်ဖြစ်ခဲ့ရ၏။ ထိုအခိုက် ထွက်ပေါ်လာ

www.burmeseclassic.com



သော ခင်စန္ဒာ၏ စကားတို့ကား အပြင်မှချောင်းကြည့်နေသော ဘကောင်း၏နှလုံးသားအား ဓားဖြင့် မွှန်းသကဲ့သို့ လွန်စွာနာကျင်စေရတော့၏။

''ကျော့်ရဲ့တောင်းဆိုမှုတွေကို မမစန္ဒာ လိုလေသေးမရှိ အကုန်လုပ်ပေးနေတာပဲကွယ်၊ ကျော့်ကို မမ ဘယ်လောက်ချစ်တယ်ဆိုတာ ကျော် သိလောက်ရောပေါ့၊ မမရဲ့ အချစ်ကို ကျော် အသိအမှတ်ပြုပါကွယ်၊ ဒီလောကမှာလေ ကျော်က လွဲပြီး မမ ဘယ်သူ့ကိုမှ ထဲထဲဝင်ဝင် မချစ်နိုင်ဘူး၊ မချစ်ခဲ့ဘူး ကျော်၊ ဒါဟာ မမစန္ဒာရဲ့ မှန်ကန်တဲ့သစ္စာစကားပါ ကျော်ရယ်''

ဘကောင်းတစ်ယောက် ခင် စန္ဒာ၏ စကားသံများကြောင့် ချစ်တတ်သည့်နှလုံးသား ဖျက်ဆီးခံလိုက်ရသဖြင့် အရုပ်ကြိုးပြတ်ဖြစ်သွားရပြီး.....

''ရက်စက်လိုက်တာ ခင်စန္ဒာရယ်''

ဟု စိတ်ထဲတွင် ဝမ်းနည်းခြင်း၊ ခံပြင်းခြင်း၊ ကြေကွဲခြင်း၊ ဒေါသထွက်ခြင်းတို့သည် တစ်ပြိုင်နက်ခံစားနေရသည်ကြောင့် ဘကောင်းတစ်ယောက် လှုပ်ရှားမှုအလျှင်းမရှိ ကျောက်ရုပ်ကဲ့သို့ တွေတွေကြီး ဖြစ်နေရသည်။ ပထမယောကျ်ား ညီမောင်ကိုလည်း ခင်စန္ဒာ မချစ်ခဲ့။ ညီမောင့်ထံမှ ငွေကြေးများရလိုမှုကြောင့် လှည့်စားဖြားယောင်းခဲ့ပြီး လင်မယားအဖြစ်ရှိနေစဉ်တွင် တခြားယောကျ်ားနှင့် နောက်မီးလင်းစဉ် ညီမောင်မှ ဒက်ထိမြင်တွေ့ရပြီး လူသတ်မှုဖြစ်ခဲ့၏။

ညီမောင် ထောင်မှလွတ်မြောက်ပြီး သူမနှင့် ပြန်ပေါင်းထုပ် မလိုပုံစံ ပြောဆိုငွေတောင်းသဖြင့်



ဘကောင်းတစ်ယောက် ကုမ္ပဏီပိုင်ငွေများထုတ်ယူ၍ ခင်စန္ဒာအားပေးခဲ့ခြင်းဖြစ်၏။ ယခုတော့ ခင်စန္ဒာ၏ မျောက်မထားခြင်းကို ဘကောင်းတစ်ယောက် ပက်ပင်းတိုးခဲ့ပြီဖြစ်၏။ ခင်စန္ဒာ ချိန်း၍တွေ့သည်က သူမ၏ပထမယောက်ျား ညီမောင်မဟုတ်။ ဆိုင်အနီးဝန်းကျင်မှ ခင်စန္ဒာ တစ်ဖက်သတ်ကြိုက်နေသည့် လူငယ်လေး ကျော်မင်းမောင်ဆိုသူဖြစ်၏။ ဘကောင်းသည် ညီမောင်ကို စိတ်မဆိုးသကဲ့သို့ ကျော်မင်းမောင်ကိုလည်း မုန်းစိတ်မဖြစ်မိ။ ဘကောင်း နာကြည်းမုန်းတီးမိသူကား အခြားမဟုတ်။ ဘကောင်း နှစ်သက်စွဲလမ်းသည့် ချစ်ရသော ခင်စန္ဒာပင်ဖြစ်တော့၏။

ကျော်မင်းမောင်နှင့် ခင်စန္ဒာ တို့နှစ်ဦး ပတ်ဝန်းကျင်ကို ဂရုမပြုဘဲ ချစ်ရည်လူးနေခိုက် ခင်စန္ဒာ၏ အိပ်ခန်းထဲသို့ ဘကောင်းဝင်ရောက်လိုက်ပါ၏။ ရုတ်တရက်ဝင်ရောက်လာသော ဘကောင်းအား မည်သူ မည်ဝါမှန်း ခင်စန္ဒာမသိလိုက်။ ခဏလေး၌ပင် ခင်စန္ဒာ၏ ဆံပင်အားဆုပ် ကိုင်ဆွဲယူလိုက်၏။ ကျော်မင်းမောင်ဆိုသောလူငယ်မှာ လွန်စွာကြောက်လန့်သွားရပြီး သူ၏ဂုဏ်သိက္ခာမကျဆင်းစေရန် အိပ်ခန်းပြတင်းပေါက်မှ ခုန်ချထွက်ပြေးလေ၏။

ဘကောင်း၏လက်ထဲတွင် ခင်စန္ဒာမှာ ရုန်းရင်းကန်ရင်းဖြင့်ပါး ဗထွေးဖြင့်.....

''ရှင် ဘယ်သူလဲ၊ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



အော်လိုက်မယ်၊ ဟောဒီမှာ.....''

ခင်စန္ဒာ အော်၍မဆုံးခင် ဘကောင်းက သူမ၏မျက်နှာအား ဖြတ်၍ရိုက်ချလိုက်တော့၏။ ခင်စန္ဒာ၏နှုတ်ခမ်းမှ သွေးစများသည် ပြန့်ကျဲ၍သွားရ၏။ ဘကောင်း၏ မချိတင်ကဲအသံဖြင့်.....

''တောက်.....ငါ့ရဲ့အသံကို တောင် မမှတ်မိရလောက်အောင်''

ထိုသို့ အံကြိတ်၍ပြောလိုက်ပြီး သူမ၏မျက်နှာအား နောက်တစ်ချက် ဖြတ်ရိုက်လိုက်ပြန်၏။ ထိုအခါကျမှ.....

''ဟင်..ကိုဘကောင်း။ ရှင်...ရှင်''

''ဟုတ်ပါတယ် ဘကောင်းပါ၊ မင်းကိုသိပ်ချစ်လို့ သိပ်အလိုလိုက်ခဲ့တဲ့ ဘကောင်းပါဗျ၊ နင်တော်တော်ရက်စက်ပါလားဟာ၊ ငါလေ နင့်ကိုချစ်လွန်းလို့ မလုပ်သင့်တဲ့ကိစ္စတွေ ငါလုပ်ခဲ့တယ်၊ ငါကျူးလွန်ခဲ့တယ်၊ နင်ကတော့ ငါ့ရဲ့အချစ်၊ ငါ့ရဲ့နှလုံးသားတစ်ခုလုံးကို ဖျက်ဆီးရက်တယ်၊ နင့်ကြောင့် ငါ့ဘဝပြိုကွဲရတော့မယ်၊ သိပ်ဆိုးတဲ့ ခင်စန္ဒာပါလား။ နင့်ကိုလေ ငါ.....''

ပြောပြောဆိုဆိုဖြင့် ဘကောင်းသည် ဂျင်းဂျာကင်အိတ်ထဲမှ ဓါးလက်မရှိ ဓားမြှောင်အား ထုတ်ယူလိုက်ပြီး ခင်စန္ဒာ၏ရင်ညွန့် နှလုံးသားရှိရာသို့ ထိုးစိုက်လိုက်တော့သည်။ ခင်စန္ဒာမှာ တစ်ချက်သာ စူးစူးရှရှ အော်ညည်းလိုက်ပြီးနောက် ခါးတစ်ချက်ကော့၍ ငြိမ်သက်သွားတော့၏။ ရင်ထဲမှ နှလုံးသားဝေဒနာ မခံမရပ်နိုင်ခြင်းကြောင့် ဘကောင်းတစ်ယောက် လူသတ်မှုကျူးလွန်ခဲ့ခြင်းပင်။

ဘကောင်း လူသတ်မှုဖြင့် တရားစွဲခံရ၏။ ထို့ပြင် ကုမ္ပဏီမှ ပြန်လည်ပေးသွင်းရမည့် သိန်းသုံးဆယ်ကျော်အား ပြန်လည်မပေးသွင်းနိုင်သဖြင့်လည်း ကုမ္ပဏီငွေ အလွဲသုံးစားမှုဖြင့် ထပ်မံတရားစွဲခံရ၏။

ဘကောင်းတစ်ယောက်အရက်ကြောင့် အရက်ကျေးကျွန်ဖြစ်ရသကဲ့သို့ လူသတ်မှု၊ ကုမ္ပဏီငွေ အလွဲသုံးစားမှုတို့ဖြင့် ပုဒ်မတပ်၍ တရားစွဲဆိုခြင်းခံရသည်ကို ဘကောင်း လုံးလုံးမမှုခဲ့ပေ။ မိမိချစ်ရသောချစ်သူ၏ ဖောက်ပြားသောအကျင့်စာရိတ္တများအား လူ့လောကမှ အပြီးချေဖျက် မောင်းထုတ်ခဲ့ရသည့်အတွက် ဘကောင်းတစ်ယောက် အကျေနပ်ကြီး ကျေနပ်လျက်ရှိနေတော့၏။

မကြာပါချေ။ ဘကောင်းတစ်ယောက် (ပ)အမှတ်--/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၂ အရလည်းကောင်း၊ ကုမ္ပဏီပိုင်ငွေကြေးအလွဲသုံးစားမှု (ပ)အမှတ်--/၂၀၁၄၊ ပြစ်မှုပုဒ်မ ၄၀၆(ယုံကြည်အပ်နှံဖောက်ဖျက်မှု၊ အလွဲသုံးစားမှု)တို့ဖြင့် ပြစ်မှုထင်ရှားကြောင်း ပေါ်ပေါက်သဖြင့် အလုပ်နှင့်ထောင်ဒဏ် နှစ်ရှည်ချမှတ်ခြင်းခံရပေ၏။ ဘကောင်း၏အခြေအနေကို ပြန်လည်သုံးသပ်မည်ဆိုပါက အရက်ကြောင့်သာ မဖြစ်သင့်သည့်ကိစ္စများ ဖြစ်ခဲ့ခြင်းဟု သုံးသပ်၍ရ



မည်ဖြစ်၏။ နောက်ပိုင်းတွင်.....

ကြာရှည်ကြာများ သောက်ခဲ့သည့် အရက်ဒဏ်ကြောင့် ဘကောင်းမှာ အသည်းရောဂါရခဲ့၏။ ထိုအသည်းရောဂါဖြင့်ပင် ဘကောင်းတစ်ယောက် ရဲဘက်စခန်း၌ အနိစ္စ ရောက်ခဲ့ရ၏။ သူ့အား အစဉ်အမြဲ သတိပေးသော အပေါင်းအသင်း ခင်မင်သူတို့အဖို့မှ ဘကောင်းနှင့်ပတ်သက်၍ သံဝေဂများ ရခဲ့ကြသည်ဟု ဆိုရပေတော့မည်။

မည်သို့ဆိုစေ ခင်စန္ဒာပြောခဲ့သော သူမ၏ ပထမလင်ယောကျ်ား ညိုမောင်သည် သူမထံသို့ အမှန်တကယ် မလာရောက်ခဲ့ပါ။ ညိုမောင်ကား ရဲဘက်စခန်းတစ်ခု၌ ငှက်ဖျားရောဂါဖြင့် သေဆုံးခဲ့သည်မှာ လအတန်ပင်ကြာခဲ့ပြီကို သေဆုံးသူ ခင်စန္ဒာနှင့်တကွ လူသတ်တရားခံ ဘကောင်းတို့ပင်လျှင် လုံးဝ သိရှိခဲ့ခြင်းမရှိခဲ့ပါကြောင်း။ ။

မောင်သာမန် (ဗိုးကုန်း)

www.burmeseclassic.com

www.burmeseclassic.com



# ထက်ထက် ဟာသများ



## တလွဲတွေးတတ်သူ

**လူပျိုကြီး။** ။ ကျုပ်က အပတ်တိုင်းထိုးတာဗျ။

**မိတ်ဆွေ။** ။ ကြည့်လုပ်နော်၊ ခင်ဗျားတော့ဒုက္ခဖြစ်တော့မှာပဲ။

**လူပျိုကြီး။** ။ ဒုက္ခမဖြစ်အောင် ဉာဏ်နဲ့ယှဉ်ပြီး လုပ်ရတာပေါ့ဗျ။

**မိတ်ဆွေ။** ။ တော်ကြာ စိတ်ညစ်နေလိမ့်မယ်နော်။

အမျိုးသားကြီးနှစ်ဦးပြောနေသော စကားများအား လူပျိုကြီးမိတ်ဆွေ၏ဇနီးက ကြားသွားပြီး မျက်စိပျက်မျက်နှာပျက်ဖြင့်.....

**မိတ်ဆွေဇနီး။** ။ ယောက်ျားရေ.....ရှင်လည်းရောဂါရနေဦးမယ်နော်၊ ကုရာနတ္ထိ ဆေးမရှိတဲ့၊ ကျွန်မယောက်ျားကိုတော့ ရှင်သွားတဲ့နေရာမျိုး ခေါ်မသွားပါနဲ့ရှင်။

**မိတ်ဆွေ။** ။ မိန်းမ....မင်းက ဘာရောဂါရတယ်ထင်လို့လဲ၊ လူပျိုကြီးက ဘယ်နေရာကို သွားလို့လဲကွ။

လူပျိုကြီးမှာ ရှက်စိတ်ကြောင့် မျက်နှာကြီး နီရဲသွားတော့၏။

**မိတ်ဆွေဇနီး။** ။ ရှင့်လူပျိုကြီးကို မနေနိုင်ရင်လည်း မိန်းမယူခိုင်းပေါ့ရှင်။

**မိတ်ဆွေ။** ။ တယ်....ဒီမိန်းမ၊ လူပျိုကြီးက နှစ်လုံး၊ သုံးလုံးထီ ထိုးတာကို ပြောနေတာကွ။



www.burmeseclassic.com

www.burmeseclassic.com



# အရှာကောင်းလိုက်ပုံက



တစ်ခါက လွန်စွာကြောင်ချစ်တတ်သော မိန်းကလေးတစ်ဦးရှိ၏။ တစ်နေ့တွင် ထိုမိန်းကလေး အပြင်ထွက်သွားခိုက် သူ့ကြောင်ပျောက်သွားတော့သည်။ မိန်းကလေးလည်း ကြောင်ရှာထွက်ရင်း မိတ်ဆွေတစ်ဦးနှင့် ခင်မင်သွား၏။ ထိုမိတ်ဆွေ၏ကူညီမှုဖြင့် သူ့ကြောင်ပြန်တွေ့ခဲ့၏။

များမကြာမီပင် မိန်းကလေးမှာ ထိုမိတ်ဆွေနှင့်ပင် ချစ်သူဖြစ်သွားပြီး အိမ်သို့ခေါ်လာသည်။

**မိန်းကလေး။** ။ မေမေ.....သူက သမီးရဲ့ချစ်သူပါ။

**မိခင်။** ။ သြော်..အေး..အေး၊ ထိုင်ပါကွယ်၊ အဖေကြီးရေ...ထွက်လာပါဦးရှင်။

အိမ်ထဲမှ မိန်းကလေး၏ဖခင်က ထွက်လာ၏။ သို့ သော် မကျေမနပ်ဖြင့်.....

**ဖခင်။** ။ ဟင်း...ငါ့သမီး ကြောင်ရှာအထွက် ကောင်းပုံက ကြွက်ပါအိမ်ပေါ်တက်လာပြီပေါ့ကွာ။

www.burmeseclassic.com

www.burmeseclassic.com



# ကလေးစကား

တစ်ခါက အပျိုကြီးတစ်ယောက်သည် အသက်ငါးနှစ်အရွယ် တူဖြစ်သူနှင့် လမ်းလျှောက်ထွက်ခိုက်.....

**ကောင်လေး။** ။ ဟင်.....မမ ဘယ်သွားမလို့လဲ။

**အပျိုကြီး။** ။ စတိုးဆိုင်ကိုပါကွယ်၊ မင်းရောဘယ်လဲ။


**ကောင်လေး။** ။ ကျွန်တော်လည်း စတိုးဆိုင်သွားမလို့၊ အတော်ပဲပေါ့။

ဤသို့ဖြင့် အတူတူလျှောက်သွားကြစဉ် ပီခနဲအသံကြားရပြီးနောက် ကောင်လေးက သူ့နှာခေါင်းကို လက်ဖြင့်ပိတ်လိုက်၏။ သည်တော့ အပျိုကြီးက အရှက်ပြေပြောလိုက်၏။

**အပျိုကြီး။** ။ တယ်.....ဒီကလေး၊ လူကြီးတွေရှေ့မှာ အီးပေါက်ရသလား။

**တူဖြစ်သူ။** ။ သားမပေါက်ပါဘူးဗျာ၊ တီတီပဲ အိမ်မှာ ပဲကြီးလှော်တွေစားလာတယ်လေ၊ တီတီ့ဖင်က ပေါက်သံ ကြားရတာပါနော်။

အပျိုကြီးလည်း နောက်နောင်ကလေးကို အပြင် မခေါ်ရဲတော့ချေ။




www.burmeseclassic.com

www.burmeseclassic.com



# ကံကောင်းချင်လို့




အမျိုးသမီးကြီးတစ်ယောက်အား ကုသိုလ်ကံနိမ့် ပါးချိန်ဖြစ်နေ၍ ဆရာတစ်ဦးက ယတြာပေးလိုက်၏။

**ဆရာဖြစ်သူ။** ။ ခင်ဗျားကဘဝပြောင်းသွားမှ ရောဂါ ဘယ်ပျောက်သွားမှာပဲ။

**အမျိုးသမီးကြီး။** ။ အဲဒါဆို ကျွန်မ ဘာလုပ်ရမလဲ ဆရာ။

**ဆရာဖြစ်သူ။** ။ ယောဂီဝတ်စုံနဲ့ တရားထိုင်ပေါ့ဗျာ၊ ၉ ရက် ဝတ်ရမယ်နော်။

အမျိုးသမီးကြီးလည်း ဆရာကြီးပြောသည့်အတိုင်း ဝတ်လိုက်၏။ ကိုးရက်ပြည့်သည့်နောက် ဆရာကြီးထံ လာကန်တော့ရာ.....

**ဆရာဖြစ်သူ။** ။ ဟင်.....ကျုပ်က ယောဂီပဲ ဝတ်ခိုင်းတာလေ။


**အမျိုးသမီးကြီး။** ။ ဟုတ်ပါတယ် ဆရာ၊ ကံပိုကောင်းလာအောင် ကတုံးပါ တုံးလိုက်ရတာပါ။

ထက်ထက်

www.burmeseclassic.com

www.burmeseclassic.com

# ရှင်လွန်းမယ်
# တိတ်တခိုးအချစ်ရဲ့
# အဆုံးသတ်



www.burmeseclassic.com

www.burmeseclassic.com


''ဒေါသသည် မိုက်မဲမှုဖြင့် စတင်ပြီး နောင်တရရှိခြင်းဖြင့် အဆုံးသတ်၏။''

ထိုအဆိုသည် ဆုလဲ့အတွက် သိပ်ကိုမှန်ခဲ့သော အဆိုတစ်ခု။ ဘယ်လောက်အထိ မှန်ခဲ့သလဲဆိုလျှင် ဘဝတစ်ခုနှင့် ပေးဆပ်လိုက်ရကာမှ မှန်ပါလားဟု သိခဲ့ရသော အဆို။ ကိုကိုရေ.....ဆုလဲ့ကို ဘယ်တော့မှ ခွင့်မလွှတ်ပါနဲ့ဟုဆိုလျှင် ချစ်ရသော ကိုကိုက ကြားမှာလား၊ ခွင့်လွှတ်မှာလား။

တစ်ခါတလေ လပြည့်ညတွင် ကိုကိုနှင့် ဘုရားပေါ်အတူသွားပြီး တစ်ယောက်လက် တစ်ယောက်ဆုပ်ကိုင်ကာ

''ဘဝဆက်တိုင်း ပေါင်းဖက်ရပါလို၏''ဟု မမောနိုင်မပန်းနိုင် ဆုတောင်းမိခဲ့တာတွေကို ဆုလဲ့ခင်တစ်ယောက် ရင်နာနာနှင့် ကြားယောင်မိသောအခါ ကိုယ့်ကိုယ်ကိုယ် ရွံရှာမုန်းတီး စက်ဆုပ်မိကာ သံတိုင်နှင့်ခေါင်းကို ဆောင့်မိတာကအခါခါ။ ဘဝတူမိန်းမတွေက တားမထားလျှင် ဆုလဲ့ ကိုကို့ဆီ အပြေးရောက်သွားချင်သည်။ ကိုကိုနှင့်ဆုလဲ့ တစ်ယောက်တစ်လမ်းသွားရဖို့ စိတ်ကူးစိုးစဉ်းမျှမရှိခဲ့။

''မျိုးကို မုန်းတီးနာကြည်းစိတ်တွေနဲ့ လုပ်ခဲ့တာမဟုတ်ဘူး ကိုကို၊ ဆုလဲ့ဟာ ကိုကိုနဲ့မထိုက်တန်တဲ့ မိန်းမရိုင်းကြီးပါ ကိုကိုရယ်''

❧ ❧ ❧

ကိုကို့နာမည်က 'ဖွဲ့ကိုကို'ဖြစ်သည်။ 'ဆုလဲ့ခင်'ထက် ငါးနှစ်ခန့် အသက်ပိုကြီးသောကြောင့် ကိုကိုဟုခေါ်ဖြစ်ရင်းကနေ ကိုကို့ရဲ့ ယောကျ်ားလေးသူငယ်ချင်းများကလည်း'ကိုကို'ဟုခေါ်တတ်လာသည်။

ကိုကို့၌ ဆုလဲ့နှင့်အသက်တူသော 'မျိုးကိုကို'ဟူသော ညီတစ်ယောက်ရှိလေသည်။ ဆုလဲ့ကတော့ မွေးချင်းနည်းသော တစ်ကောင်ကြွက်မလေးမို့ ကိုကိုတို့ညီအစ်ကို အပေါ် ကိုယ့်မောင်နှမရင်းတွေကဲ့ သို့ ဆိုးနွဲ့အနိုင်ကျင့်တတ်ခဲ့သည်။

မျိုးက ဆုလဲ့နှင့်ရွယ်တူ။ သူ့အိမ်တွင် အငယ်ဆုံးသားဖြစ်သောကြောင့် ဆုလဲ့အပေါ် ဗိုလ်မထား၊ အနိုင်ကျင့်တတ်၏။ တစ်ဦးတည်းသောသမီးဖြစ်သည့် ဆုလဲ့ကလည်း သေးသေးတင်မခံသော ခပ်စွာစွာမိန်းကလေးတစ်ယောက်ဖြစ်လေတော့ မျိုးနှင့်မျက်နှာချင်းဆိုင်တိုင်း တစ်ခုမဟုတ် တစ်ခု ပြဿနာဖြစ်စကားများတတ်လွန်းကာ တဖောင်းဖောင်းစေးနှင့် မျက်ချေး ဖြစ်နေတော့သည်။

ဆုလဲ့တို့ ဆယ်တန်းတက်နေချိန်တွင် ကိုကိုက ဆေးတက္ကသိုလ် တတိယနှစ်ကျောင်းသားဖြစ်သည်။

ကိုကို Stage ကျောင်းသားဘဝကဆိုလျှင် ကိုကို၏စက်ဘီး၊ ဆိုင်ကယ်ပေါ် အလိုက်ရဆုံးသူဆိုလျှင် ဆုလဲ့တစ်ယောက်တည်းသာဖြစ်သည်။ ကျောင်းသွားလျှင် ကိုကိုနှင့်၊ မုန့်သွားစားလျှင် ကိုကိုနှင့်။ ဘယ်သွားသွား ကိုကို့ကိုပဲ အားကိုးချင်နေခဲ့တာကြောင့် မျိုးကိုကိုက ယောကျ်ားတန်မဲ့ မျက်စောင်းထိုး နှုတ်ခမ်းစူကာ.....

''ကိုကိုက နင့်ကိုကိုမို့လား၊ နောက်တစ်ခါ ငါ့ရဲ့အစ်ကိုကို လာမခေါ်နဲ့ မယ်ဒေါ်ရဲ့၊ ခေါ်ချင်သွားကျောင်းထဲက ကုလားကြီးကိုပဲ ကိုကိုလို့သွားခေါ်၊ ဟား.....ဟား ကုလားကြီးကိုခေါ်မယ့် မယ်ဒေါ်''

ဆုလဲ့ကို မခံချင်အောင်ပြော၍ တဟားဟားအော်ရယ်နေသော မျိုးကို ဆုလဲ့ တော်တော်ဒေါသဖြစ်လာသည်။ သူပြောသကဲ့သို့ ဆုလဲ့

www.burmeseclassic.com

www.burmeseclassic.com



ဒေါသကြီးတာမှန်သည်။ သို့သော် ဆုလဲ့ကို ဘာအကြောင်းနှင့်မှ လှောင်ပြောင်စရာ၊ သရော်စရာ အကြောင်းမရှိပေ။

ဖတ်ကားတွေထဲက ဗီလိန် ရယ်နည်း ရယ်နေသော မျိုးကို မွန့် မွန့်ညက်ညက် ကြိတ်ချင်စိတ်နှင့် အတူ ရုတ်တရက် မျိုး၏ဆံပင်တွေ ကို ဝင်ဆောင့်ဆွဲ၊ မျက်နှာတွေကို ကုတ်ခြစ်နေရင်း ဆုလဲ့ကိုယ်ထဲ တစ် စုံတစ်ယောက် နိုင်ငံကိန်းအောင်းနေ သလားဟု ထင်မှတ်ရလောက် အောင် လက်တွေကလည်း သန်မာ လွန်းလှသည်။

"ဆုလဲ့ခင် အဲဒါဘာလုပ်တာ လဲ၊ အခုမျိုးကိုလွှတ်စမ်း၊ ကဲဟာ.."

မေမေက ဆုလဲ့လက်ကို ဆောင့်ဆွဲကာ ကျောပြင်ကို ဖြန်း ခနဲမြည်အောင် တစ်ချက်ရိုက်ပြီး မျိုးကို ဟိုနားနာသွားသလား၊ ဒီနား နာသွားသလား တယုတယမေးနေ ချိန် ဆုလဲ့ကတော့ အောင်နိုင်သူ ကြီးတစ်ယောက်ပမာ လက်ကိုပိုက်၊ ရင်ကိုကော့၊ ခပ်မိန့်မိန့်ပြုံးကာ.....

"နင်က ပါးစပ်ပဲပြောနိုင်တာ၊ ငါက လက်ကလည်းလုပ်နိုင်တယ် ဆိုတာ နင်သဘောပေါက်ပြီလား မျိုး"

မျိုး၏အော်သံက ဆုလဲ့ အတွက် နားဝင်ချိုလှသည်။ မေမေ က မျိုးကို အမျိုးမျိုးချော့၊ မျိုး၏ မေမေ အန်တီသီတာအောင်ကို အခါခါတောင်းပန်ပြီး အိမ်ရောက် တော့ ဆုလဲ့ကိုရိုက်ဖို့ တုတ်ရှာတော့ သည်။

ဆုလဲ့သည် လူကလေးက သေးသလောက် အလွန်အသံစွာ တာတာနိုင်လှကာ မေမေတုတ်ဖြင့် ရွယ်သောအခါ အမှန်တကယ် အနာပေါ်တုတ်ကျသည့်နှယ် တအားအားအော်ပစ်၏။

"ဟဲ့.....ညည်းကို ငါဘာလုပ် ရသေးလို့ တအားအားအော်နေရ တာလဲ၊ ပတ်ဝန်းကျင်ကကြားရင် ငါ ကပဲ ညည်းကို မညှာမတာရိုက်ရာ ကျနေပြီ"

"ဟုတ်တာပဲ၊ မေမေက အခု ပဲ တုတ်တရွယ်ရွယ်ဖြစ်နေတာ"

"မျိုးက ညည်းကို ဘာလုပ် လို့ ဒီလောက်ထိနာအောင်လုပ်ရ တာလဲ၊ ကိုယ့်သူငယ်ချင်းအချင်း ချင်း ဟိုကစတာကို တကယ်လုပ် တယ်"

"ဘာမှစတာမဟုတ်ဘူး၊ ကို ကိုခေါ်ချင်ရင် ကျောင်းထဲကကုလား ကြီးကို သွားခေါ်တဲ့၊ အဲဒါကြောင့် ဆံပင်ဆွဲဆောင့်တာ၊ နည်းတောင် နည်းသေးတယ်၊ ဒီတစ်ခါထပ်ပြော ရင် ဒီ့ထက်နာမယ်"

"ဆုလဲ့ခင်.....ညည်းဟာလေ ပြောလေ ကဲလေပါလား"

※ ※ ※

ထိုဖြစ်ရပ်များကြောင့် မျိုးကို ကိုသည် အစအနောက်သန်သူ၊ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ် စေ မည်ကဲ့သို့သော အဓိပ္ပာယ်သက် ရောက်သွားသည်ဖြစ်စေ သူတစ်ပါး မခံချိမခံသာ ဒေါသဖြစ်လျှင် ကျေ



www.burmeseclassic.com

www.burmeseclassic.com

**နှုတ်ကြောင့်သေ၊ လက်ကြောင့်ကြေတဲ့၊ ကြားဖူးတယ်နော်၊ ပါးစပ်က ဟုတ်တဲ့စကား ထွက်တာ အကြောင်း မဟုတ်ဘူး**

...

နပ်တတ်သူဖြစ်သည်။

ဆုလဲ့ကတော့ စကားလုံးလေး တစ်လုံးကအစ အမှားမခံ၊ အထ အနကောက်၊ စိတ်တိုဒေါသဖြစ်တတ်သော မိန်းကလေးဖြစ်ပြီး မျိုးကတော့ ဆုလဲ့ကို 'မယ်ဒေါ'ဟု နာမည်ပေး၏။ ထိုနာမည်သည် မျိုးခေါ်ဖို့အတွက် နာမည်ပေးကင်ပွန်း တပ်ပွဲလုပ်စရာမလိုဘဲ အလိုလိုရလာသော နာမည်တစ်လုံးပင်ဖြစ်သည်။

ကိုကိုကမူ ဆုလဲ့တို့ထက် အသက်ကြီးလို့လား၊ ဒါမှမဟုတ် နဂိုကတည်းကပဲ အေးအေးဆေးဆေး နေတတ်သူမို့လားမသိ။ မျိုးဘာလုပ်လုပ် အပြစ်မမြင် ပြုံးနေတတ်သလို ဆုလဲ့ဘာလုပ်လုပ် အပြစ်မတင်တတ်။ ဒါကြောင့် ဆုလဲ့ရောမျိုးပါ ကိုကို့ကိုချစ်ပေမယ့် ဆုလဲ့နှင့် မျိုးတို့ကမူ မျက်နှာချင်းမဆိုင်နှင့်၊ ဆိုင်လိုက်လျှင် တစ်ခုမဟုတ်တစ်ခု ရန်ဖြစ်ဖို့ပဲ ချောင်းနေတတ်သည်။ ထို့ကြောင့် အန်တီသီတာအောင်က...

''ဆုလဲ့နဲ့မျိုးကတော့လေ မတွေ့လိုက်နဲ့၊ တွေ့လိုက်ရင် ကြောင်နဲ့ကြွက်လိုပဲ''

''မေမေ သားက ကြောင်နော်၊ ဟဲ့.....မယ်ဒေါ နင်က ကြွက်လုပ်၊ ဒါမှ ရွှေကြောင်ကြီးလာပြီ ကြွက်ကလေးရေ၊ လုံအောင်ပုန်း၊ မိရင်တော့ ကြွပ်ကြွပ်နဲ့ဝါးစားပစ်မယ်လို့''

''အောင်မယ်.....အောင်မယ် သူ့ကိုယ်သူများ ရွှေကြောင်ကြီးတဲ့၊ ရွှေကြောင်ကြီးမဟုတ်ဘူး၊ နင်က ငပျော်ကြီး''

တွေ့လျှင် ထိုကဲ့သို့ စကား အချေအတင် များကြသော်လည်း သူ့အိမ်ကိုယ်သွားသွား၊ ကိုယ့်အိမ် သူလာလာ တစ်ဦးနှင့်တစ်ဦးမတွေ့ လျှင် ဆုလဲ့ဘယ်သွားလဲ၊ မျိုးဘယ် သွားလဲစသဖြင့် မေးတတ်ကြသည်။ တစ်ခါတလေ ဆုလဲ့ စာအုပ်သွား ငှားပြီး မှောင်နေလျှင် လာကြိုတတ် တာက ခင်စရာပေမယ့် မျက်နှာချင်း ဆိုင်လိုက်တာနှင့် ဆုလဲ့မခံချင် အောင် အမျိုးမျိုး ပြောဆိုစနောက် တတ်တာကတော့ မုန်းစရာပင်။ ထို့ ကြောင့်

''မျိုး.....နင့်ပါးစပ်ကို ဟောင် ဖွာဟောင်ဖွာလုပ်မနေနဲ့၊ နှုတ် ကြောင့်သေ၊ လက်ကြောင့်ကြေတဲ့၊ ကြားဖူးတယ်နော်၊ ပါးစပ်က ဟုတ် တဲ့စကားထွက်တာ အကြောင်း မဟုတ်ဘူး၊ မဟုတ်တဲ့စကားတွေ ထွက်နေ၊ ဘယ်တော့ချောင်းရိုက်ခံ နေရမလဲမသိဘူး၊ သတိထား၊ သိ လား''

ထိုသို့ပြောလျှင်မနာ။ စပ်ဖြဲဖြဲ မျက်နှာနှင့်.....

''နင်ကလွဲရင် ငါ့ကို ချောင်း ရိုက်မယ့်သူ ဘယ်သူမှမရှိဘူး၊ ဒီမှာ ကြည့်၊ ဒါဘာလဲ မယ်ဒေါ''

ပါးစပ်ကိုလက်ညှိုးထိုးပြသဖြင့် ဆုလဲ့က မျိုးရဲ့လက်မောင်းကို ဖြန်း ခနဲမြည်အောင်ရိုက်ကာ.....

''ငါ့ကိုဘာလာပြနေတာလဲ ဘာလဲ အဲဒါ ဝက်ဖင်လား''

''နေစမ်းပါ၊ ထောင်တန်တဲ့ စကား ရယ်ရင်ပေါ်တဲ့၊ ဒီမှာနား ထောင်၊ ပါးစပ်ဆိုတာ စကားပြော

www.burmeseclassic.com



ဖို့ နားဆိုတာ နားထောင်ဖို့ နှာခေါင်းဆိုတာ အသက်ရှူဖို့ သဘောပေါက် ကောင်မလေး''

''တော်စမ်းပါ၊ ပေါက်ပေါက်ရှာရှာ လာမပြောနဲ့၊ နင်ပေါ်တိုင်း ငါပေါ်မယ်မျှားမှတ်နေသလား''

⁂

''ဟယ်..ကိုကို မှတ်စုစာအုပ်ကျန်ခဲ့ပြီ မေမေ၊ ကိုကို့အိမ်ဘက် ခဏသွားဦးမယ်''

''ညပြန်လာဦးမှာမဟုတ်လား၊ ဘာဖြစ်လို့သွားမှာလဲ''

''ဒီနေ့ည .ကိုကိုမအားလို့ပိတ်ပေးတယ် မေမေ''

ဆုလဲ့က ဆယ်တန်းအောင်တော့ မန္တလေးဆေးတက္ကသိုလ်တက်သည်။ မျိုးကတော့ ကွန်ပျူတာတက္ကသိုလ်တက်သည်။ ဆေးတက္ကသိုလ်ကျောင်းသူဖြစ်တဲ့ ဆုလဲ့အတွက် များပြားလှသည့် သင်ခန်းစာများကြားထဲ၌ ခေါင်းမဖော်နိုင်ပါ။ မလိုက်နိုင်သည့်ဘာသာရပ်၊ နားမလည်သည့် ဘာသာရပ်များကြောင့် ကိုကိုက ဆုလဲ့ကို ညတိုင်းသင်ပြ၊ ရှင်းပြတတ်သည်။

မျိုးကမူ တက္ကသိုလ်ကျောင်းသားဆိုသည့်အရာကို ဂုဏ်ထူး၊ ဘွဲ့ထူး၊ အခွင့်ထူးခံလူတန်းစားပမာ လွတ်ချင်တိုင်းလွတ်၊ ပျော်ချင်တိုင်းပျော်နေတတ်သည်။

ဆုလဲ့တို့အတန်းဘက်ဆီသို့လည်း ရံဖန်ရံခါ ရောက်ရောက်လာတတ်သည်။ ကင်နိတင်းထဲ၌ပဲဖြစ်ဖြစ်၊ အတန်းထဲ၌ပဲဖြစ်ဖြစ် ဘာလိုလို၊ ညာလိုလို စနောက်တတ်တာကိုလည်း ဆုလဲ့ ကြည့်မရတော့ချေ။

ကလေးဘဝက ပုတ်လားခတ်လား ပြောဆိုခဲ့ပေမယ့် အရွယ်ရောက်သည့် မိန်းကလေးတစ်ယောက်ဖြစ်သည့်အတွက် အစစအရာရာ ဆင်ခြင်နေရသည်။

သို့သော် မျိုးကိုမူ ဆုလဲ့ဘက်က.....

''ငါတို့က ကလေးတွေမဟုတ်တော့ဘူး၊ အနေအထိုင်၊ အသွားအလာ ဆင်ခြင်ရမယ်၊ ပြီးတော့ ငါတို့ကျောင်းဘက်လည်း ခဏခဏ မလာနဲ့ မျိုး၊ ကိုယ့်အတန်းလည်း မှန်အောင်တက်ဦး''

''အဲဒီအတန်းကိစ္စက ထားစမ်းပါ မယ်ဒေါ်ရာ၊ ငါက ဘာကြောင့် အနေအထိုင်ဆင်ခြင်ရမှာလဲ၊ ငါတို့ ငယ်ငယ်လေးကတည်းက ဒီလိုပဲနေလာခဲ့တာကို၊ အင်း.....ကေန္တ မယ်ဒေါ်တစ်ယောက် ဘဲတွေ့နေပြီထင်တယ်၊ အဲဒီလိုဆိုရင်လည်း အားမနာနဲ့၊ ပွင့်ပွင့်လင်းလင်းပေါ့၊ ငါ လိုက်ပြောပေးမယ်၊ ယောက်ဖ မင်းကို ငါ့ညီမက ကြိုက်နေတာလို့လေ''

''တော်စမ်းပါ မျိုး၊ နင့်မှာညီမ မရှိတိုင်း သူများသားသမီးကို မှိုချိုးမျှစ်ချိုး ပြောစရာမလိုဘူး၊ နင်က ကိုယ်ပြောချင်တာပဲသိတယ်၊ ကိုယ်ပြောလိုက်တဲ့စကား ဘယ်အဓိပ္ပာယ်ရောက်သွားလဲ ဘယ်တော့မှမတွေးဘူး''

ပြုံးစိစိ၊ စပ်ဖြဲဖြဲမျက်နှာဖြစ်နေသော မျိုးက တဖြည်းဖြည်း မျက်နှာတည်လာကာ.....

''ဖွဲ့တယ် ဆုလဲ့ရာ၊ စနောက်တာတောင် မရတော့ဘူးလား''

''စတယ်နောက်တယ်ဆိုတာ နေရာကြည့်ပြီး စနောက်တတ်ရတယ် မျိုး''

''ငါက နင့်အတွက် ဘာမှမဟုတ်တဲ့ကောင်၊ ကိုကိုကတော့ နင့်အတွက် အရေးပါတဲ့လူ၊ အဲဒီလိုလား ဆုလဲ့''

''ကိုကိုက နင့်အစ်ကိုပါ မျိုး၊ ဘာဖြစ်လို့ ကိုကို့ကို ဆွဲထည့်ရတာလဲ၊ ယောက်ျားဆိုတာ ယောက်ျားစကားပြောရတယ်၊ ထေ့လားငေါ့လားပြောတာက မိန်းမတွေအလုပ်''

''နင့်ကို ငါချစ်တယ် ဆုလဲ့''

''ဘာ....ငါ့ကိုချစ်တယ် ဟုတ်လား''

အမှန်တကယ်ဆိုရင် မျိုးသည် ဆုလဲ့အား အမြဲတမ်း လှောင်ပြောင်သရော်ခဲ့သူ။ အခုတော့ ဆုလဲ့က လှောင်ပြောင်သရော်ဖို့ဖြစ်လာခဲ့၏။ ဆုလဲ့၏ရယ်သံမှာ တဖြည်းဖြည်းကျယ်လောင်လာခဲ့ကာ ဗိုက်ကြောတွေပင် နှိပ်မိမတတ်။

''နင်ငါ့ကို သရော်နေတာလား ဆုလဲ့''

''ကောင်စုတ်.....ဟာသသိပ်ပြောတယ်၊ နင့်အကြောင်း ငါမသိရင်ခက်မယ်၊ ဒီစကား တောမှာသွားပြော၊ ငါ့အတွက်တော့ ရိုးနေပြီ''

ဆုလဲ့၏မျက်နှာက ရယ်ချင်ပက်ကျိ။ မျိုးရဲ့မျက်နှာမှာမူ တည်နေသည်။ မျိုးသည် ဆုလဲ့အား အမှန်တကယ်ချစ်တယ်ဟု ပြောခဲ့

www.burmeseclassic.com



သလား ဝေဖန်ဆန်းစစ်ခြင်းမပြုဘဲ မျိုးရဲ့အချစ်လျှောက်လွှာကို ပယ်ခဲ့သည်။

ဆုလဲ့ ဘယ်သူ့ကို ရင်ခုန်နေသလဲဆိုတာ မျိုးသာမက အချို့လည်း ရိပ်မိသိရှိနေခဲ့ပြီးသား။ မျိုးပြောခဲ့သလို ကိုကိုသည် ဆုလဲ့အတွက် သူရဲကောင်း။

ယခု ကိုကို့ကို မှတ်စုစာအုပ်သွားပေးဖို့ စာအုပ်ကို ဟိုလှန်ဒီလှန်လုပ်ရင်းကနေ စာမျက်နှာတစ်ခုဆီသို့ ရောက်သောအခါ အကြည့်က ထိုစာမျက်နှာထက်၌ ရပ်တန့်သွားလေသည်။

"အကြည့်တစ်ချက် ချစ်မျက်ဝန်းနဲ့
ဆုံမိလေဒိုက် ပြောထွက်လုလု
စကားတစ်ခွန်း၊ ချစ်တယ်မည်သည့်
ထိုအရာ" တဲ့။



မျက်ဝန်းတွေက ပြာဝေသွားသလို ခံစားလိုက်ရသည်။ ကိုကိုသည် မည်သည့်မိန်းကလေးကိုတစ်ဖက်သတ်ချစ်နေရသနည်း။ ကိုကို့မှာ တစ်ဖက်သတ်ချစ်နေသူရှိတာကို ဆုလဲ့က ဘာကြောင့်မသိရသနည်း။

ဆုံးရှုံးခဲ့လေပြီဟူသောအသိ နှင့် ဆုလဲ့၏ ခံနိုင်ရည်စွမ်းအားမှာ ကုန်ဆုံးလေပြီ။ ကိုကိုရယ်...ရက်စက်လိုက်တာဟု ပြောမထွက်ခဲ့ပေမယ့် ဆုလဲ့ရင်ထဲ ချစ်သောသူနှင့် ကွေကွင်းရလေခြင်းဟူသော ဗျာပါရမီးများ တငြီးငြီးတောက်လောင်နေတော့သည်။

ဆုလဲ့ မျက်ရည်တွေကျလာခဲ့သည်။ ကိုကိုသည် ဆုလဲ့ပိုင်ဆိုင်ခွင့်ရသော အရုပ်တစ်ရုပ်မဟုတ်လျှင်နေပါ။ သို့သော် ကိုကို့ကို မည်သူ့မှ မပိုင်ဆိုင်စေချင်ပေ။ ဒါဟာ ဆုလဲ့၏ အတ္တဟု ဆိုချင်ဆို။

မျက်ဝန်းထဲ ရိပ်ခနဲဝင်လာ
သော အရိပ်တစ်ခုကြောင့် ဆုလဲ့
စာကြည့်ခန်းထဲသို့ ပြေးဝင်မိသည်
ထိုသူသည် ဆုလဲ့မစွန့်လွှတ်နိုင်
သော ကိုကိုဖြစ်သည်။ မျက်ဝန်း၌
စွန်းထင်းနေသော မျက်ရည်စများကို
ကပျာကယာ သုတ်လိုက်မိ၏။

"ဆုလဲ့ စာအုပ်လာပေးတာ
မဟုတ်လား၊ ကိုကိုက အိမ်ထဲက
လှမ်းကြည့်နေတာ၊ ဘာဖြစ်လို့ ပြန်
လှည့်သွားတာလဲ"

မမေးပါနဲ့လား ကိုကိုရယ်။ ဆု
လဲ့က မိန်းကလေးတန်မဲ့ မည်ကဲ့သို့
ဆင်ခြေပေးရမည်နည်း။

ကိုကို့လက်ထဲသို့ စာအုပ်ပေ
လိုက်သောအခါ ကိုကိုသည် ဆုလဲ့
ဖတ်နေခဲ့သော ကဗျာတိုကို မြင်
သောအခါ အိုးမလုံ အုံပွင့်သည့်နှယ်
မျက်နှာက ရှက်ကိုးရှက်ကန်းဖြစ်
သွားလေသည်။

"ကိုကို့မှာ ချစ်သူရှိနေပြီပေါ့
ဟုတ်လား ကိုကို"

"ဆုလဲ့ ဘာလို့သိချင်ရတာလဲ
ဆုလဲ့ကို ပြောပြလိုက်ရင် ကိုကို
အတွက် တစ်သက်လုံးဖုံးသမျှ ကုန်
တော့မှပေါ် ဖြစ်တော့မှာပေါ့"

"ဒါလေး ပြောပြတာ ဘာခက်
လို့လဲ၊ နောက်ပြီး ဆုလဲ့က ပြန်သွား
ပြောမယ့်သူလား"

ဆုလဲ့သည် မသိဆိုးဝါးနိုင်
ဟုဆိုဆို နောက်ဆုံးအနေနဲ့ ကို
ချစ်တဲ့သူ ဘယ်သူလဲသိချင်စိတ်
တတွတ်တွတ်မေးမိလေသည်။
အခါ ကိုကို့ထံမှ ထွက်လာသေ
စကားကြောင့် ဆုလဲ့တစ်ကိုယ်

www.burmeseclassic.com

မြောက်တက်သွားသည်ဟု ထင်မိသည်။

"အဲဒီ ဖွင့်မပြောဝံ့တဲ့သူက ဆုလဲ့ဖြစ်နေလို့ပေါ့ဗျား"

▚ ▚ ▚

"မယ်ဒေါ် နင်သိပ်ပျော်နေတယ်ပေါ့၊ ဟုတ်လား"

မျိုးက ခပ်ဆွေးဆွေးမေးခဲ့စဉ်က ဆုလဲ့သည် မျိုးရဲ့မျက်နှာကို ကြည့်ပြီး သနားလို့မရ။ မျိုးဟာ အမြဲတမ်း ဆုလဲ့အပေါ် အကြောင်ရိုက်ခဲ့သူမို့.....

"နင့်ကို ငါ မောင်လေးတော်ရတော့မှာနော် မျိုး။ မရီးလောင်းကို ဘယ်လိုခေါ်လိုက်တာလဲ၊ ပြင်ခေါ်စမ်း"

ဆုလဲ့က မျက်နှာတည်နှင့် စနောက်ပြောလိုက်သောအခါ မျိုးက ဆုလဲ့နဖူးကို သူ့လက်သီးဆုပ်နှင့် ဖိတွန်းကာ.....

"မျက်နှာက ဖနောင့်နဲ့ပေါက်သတ်ချင်စရာ၊ ခေါ်မယ်...စိတ်ချ၊ မ.....မ"

"ကြည့်စမ်း...ကြည့်စမ်း၊ နင်ရိုင်းလှချည်လား၊ ငါ့ကိုများ ဘာမသာမလဲ၊ အစုတ်ပလုတ်ရဲ့"

တစ်ခါက မျိုးသည် ဆုလဲ့အား ဟာသတစ်ခု ပြောပြခဲ့ဖူးသည်။ ရွာတစ်ရွာ၌ သူကြီးကတော်သည် အင်မတန်မှ မမအခေါ်ခံချင်သူဖြစ်သည်။ ထိုသူကြီးကတော်တို့လင်မယားက အကျင့်မကောင်းလှသဖြင့် ရွာသူရွာသားများက ထိုလင်မယားကို အမြင်ကတ်လှသည်။ ထို့ကြောင့် မမခေါ်သည့်အခါ မနှစ်လုံးကြားလေသံရှည်စေပြီး မ မဟု ခြားခေါ်လေရာ ကွယ်ရာ သူတို့ချင်းအတင်းပြောသောအခါ ထိုကြားထဲက ပျောက်နေသော စကားလုံးတစ်လုံးကို ပေါင်းထည့်သည်။ စကားလုံးအပြည့်အစုံမှာ 'မသာမ'ဟုဖြစ်လေသည်။

"ငါတို့မင်္ဂလာဆောင်ရင် မျိုးနင်က သတို့သားအရန်လုပ်ရမှာနော်"

"ရန်ဆိုရင် ဘာရန်မှ စိတ်မဝင်စားဘူး၊ နင့်မင်္ဂလာပွဲမှာ ပါစေချင်ရင် သတို့သားပဲဝင်လုပ်မယ်၊ ဘယ်လိုလဲ ဆုလဲ့"

ဟာသလိုလို၊ အတည်လိုလို ပြောနေသော မျိုးရဲ့စကားများကို ဆုလဲ့ မကြိုက်ချင်ပေ။

"အပိုတွေပြောမနေနဲ့ မျိုး၊ နင့်ကိုယ်နင် အဲဒီလောက် အရေးပါနေတယ်လို့ထင်ရင် မှားသွားမယ်၊ နင်မရှိလည်းဖြစ်တယ်၊ သဘောပေါက်လား"

"ဆုလဲ့.....ဆုလဲ့၊ နင်တော်တော် အပြောကြီးတာကို၊ နင့်ရဲ့ ဒေါသနဲ့တင် နင်ဒုက္ခရောက်နိုင်တယ်ဆိုတာ သတိထားမိရဲ့လား"

မျိုးရဲ့ပုံစံက ဆုလဲ့ကို စိတ်တိုသွားသည့်ဟန်မို့.....

"ဆောရီး မျိုး"

"နင့်ဆောရီးကို နင်ပြန်ရုပ်သိမ်းလိုက် ဆုလဲ့၊ အချစ်နဲ့ပတ်သက်ရင် မတရားဘူးဆိုတာ ဘာမှမရှိဘူး၊ ငါမရှိလည်း ဖြစ်တယ်ဆိုပေမယ့် ငါရှိတဲ့အပေါ် နင်ဘယ်လောက်အထိပျော်မလဲ၊ ငါစောင့်ကြည့်မယ်"

တစ်ခါမှ စိတ်မဆိုးဖူး စိတ်ဆိုး၍ထွက်သွားသော မျိုးရဲ့ကျောပြင်ကိုကြည့်ရင်း နားမလည်ခြင်းများစွာနှင့် ခေါင်းယမ်းမိသည်။ အသိခက်လာသော မျိုးရဲ့စိတ်ကို နားမလည်ချင်တော့ပေ။ သူရှိသည့်အတွက် ဆုလဲ့က ဘယ်လောက်ထိ ပျော်ပေးရမည်နည်း။

▚ ▚ ▚

သည်နေ့၊ သည်ရက်ကို ဆုလဲ့ မယုံကြည်နိုင်။ ကိုကို့ကို ပိုင်ဆိုင်ရပြီဟူသောစိတ်နှင့် ဆုလဲ့၏အပျော်များသည် မဖုံးနိုင်၊ မဖိနိုင်။

မင်္ဂလာပွဲတွင် ကာယကံရှင်တွေထက်ပို၍ နှုတ်သွက်လျှာသွက်ဖြစ်နေသူမှာ မျိုးဖြစ်သည်။ ဘယ်နေရာက နားထောင်ကြည့်ကြည့် မျိုး၏ရယ်သံတွေ၊ မျိုး၏စကားသံတွေပဲ ဖုံးလွှမ်းလို့နေသည်။ ထို့ပြင် အစ်ကိုဖြစ်သူ၏ Bachelor Night ကို အခွင့်ကောင်းယူကာ အရက်တွေသောက်ထားသဖြင့် ပို၍ အာသွက်လျှာသွက်နိုင်နေသလားမသိ။

ကိုကိုကတော့ သူ့သူငယ်ချင်းတွေရဲ့ဝိုင်းမှာထိုင်ရင်း ပြုံးလျက်ရှိသည်။ မည်သူသောက်ခိုင်းခိုင်း ခေါင်းယမ်းမြဲမို့ ဆုလဲ့ကျေနပ်သည်။

လူတချို့က ပြောကြသည်။ ယောကျ်ားတိုင်းတွင် တစ်ခုမဟုတ် တစ်ခုသော ချို့ယွင်းချက်များ ရှိ

www.burmeseclassic.com




တတ်သည်။ ‘လင်တစ်လင်၊ ဥဉ်တစ်ဥဉ်’ ဟုပင် ဆိုရိုးရှိခဲ့သည်။ လုံးဝ အသောက်အစားကင်းသော ယောကျ်ားသည်ရှား၏။ အသောက်အစားကင်းသော ယောကျ်ားသည် အင်မတန်စည်းစနစ်ကြီးကာ အစစအရာရာ မိန်းမဖြစ်သူအား တိုင်းထွာပေးတတ်သည်တဲ့။

ကိုကိုသည် စည်းစနစ်ကြီး၍ အစစအရာရာ မိန်းမဖြစ်သူအား တိုင်းထွာပေးသူ ဖြစ်ချင်ဖြစ်မည်။ ထို့အတွက်လည်း ဆုလဲ့၌ အစစအရာရာ ကိုကို့စကားများကို မပယ်ရှားခဲ့သူမို့ ပြဿနာရှိဖို့ရန်မှာ မဖြစ်နိုင်။

“အားလုံးကို အံ့ဩစရာအဖြစ်အပျက်ကလေးတစ်ခု ပြောပြချင်ပါတယ်၊ အဲဒီအဖြစ်အပျက်ကိုကြားရင် ခင်ဗျားတို့တစ်တွေ အံ့ဩမသွားရ ဘူးနော်”

ပန်းအလှပြင်ထားသည့်စင်ဘေးတွင်ထိုင်နေသော ဆုလဲ့က အသံလာရာဆီသို့ လှမ်းကြည့်လိုက်သည်။ မိုက်ကိုင်ထားသောကြောင့် မျိုး၏အသံမှာ ဟိန်းထွက်နေသည်။ အားလုံး၏အကြည့်သည် မျိုးထံသို့ ရောက်သွားသည်။ ဆုလဲ့ကတော့ မျိုး ဘာပြဿနာ ရှာဦးမလဲ ဟူသော အတွေးနှင့်ဖြစ်သည်။

“သူငယ်ချင်းတွေဆိုတာ တစ်သက်လုံးပဲ ဖြူစင်ရမှာလားဆိုတော့ မဟုတ်ပါဘူး၊ ပြောင်းလဲခွင့်မရှိရဘူးလား၊ ရှိရမှာပါ”

မျိုးက သူ့ဘာသာမေး၊ သူ့ဘာသာဖြေနှင့် ဆုလဲ့ဘေးသို့ရောက်လာသည်။ ကိုကို့မျက်နှာ၌ အပြုံးမပျက်ပေမယ့် မျိုးအနားသို့လျှောက်လာသည်။ ဆုလဲ့က ဘာလိုလို စကားတွေကြောင့် စိတ်ရှုပ် ဒေါသထွက်လာကာ.....

“မျိုး နင်ဘာတွေထွင်နေတာလဲ၊ ဒီအချိန်မှာ ဒါ စစရာမဟုတ်ဘူးနော်၊ နင်စချင်ရင် အမူးပြေမှစ၊ အခု နင်သွားနားတော့ဟာ”

နှစ်ဖက်သော မိဘတွေကလည်း

ခဏလေးအတွင်းမှာ ဖြစ်ပေါ်လာသည့် ဒေါသစိတ်ကို မထိန်းနိုင်ခဲ့သဖြင့် ချစ်သောသူနှင့် ကွေကွင်းရသောဒုက္ခ၊ ငယ်စဉ်ကတည်းက အတူကြီးပြင်းလာခဲ့သော သူငယ်ချင်းကို လုပ်မိလေခြင်းဟူသော နောင်တများကြောင့် ...

www.burmeseclassic.com



ခိုင်မိုင်သောမျက်နှာများနှင့် အနားကပ်လာသည်။ ကိုကိုက မျိုးကို ချော့မော့သောလေသံနှင့်.....

"ညီလေး ညဥ့်နက်နေပြီ၊ ပတ်ဝန်းကျင်ကို အားနာဦးကွာ၊ ဒါမှမဟုတ်လည်း အိမ်ထဲရောက်မှပြော၊ မိုက် ကိုကို့ကိုပေး"

"မပေးဘူး...မပေးဘူး ကိုကို၊ ဒီစကားတွေ ခင်ဗျားလည်းနားထောင်ရမယ်"

"နင် ရိုင်းလှ ချည်လား မျိုး၊ ကိုကို့ ကိုများ ခင်ဗျားလေးဘာလေးနဲ့"

သူ့မိဘတွေက သူ့ကို ဝင်ဆွဲတား နေ ကြသည်။ ကိုကို့ပုံစံကလည်း စိတ်ရှုပ်လာသည့်ဟန်။ ဖေဖေနှင့် မေမေကလည်း ဆုလဲ့ဘာရှုပ်ထားသလဲဟူ သော အကြည့်။ ပတ်ဝန်းကျင်၌ရှိနေသောလူများကလည်း ယခုအဖြစ်အပျက် ကို အတော်လေး စိတ်ဝင်စားနေကြသည့်ဟန်။

"အိုး...ဟိုး...ဟိုး သိပ်ချစ်နေတယ်ပေါ့ ဟုတ်လား မယ်ဒေါ်၊ အရင်တုန်းက ဒီစကားကို ကြားဖူးတယ်မှတ်နေတာ၊ လက်စသတ်တော့ အဲဒီစကား နင်ကိုယ်တိုင်ငါ့ကိုပြောခဲ့တာလေ"

ကြည့်စမ်း.....ဒီမျိုးကိုကိုကတော့ စိတ်ရှိလက်ရှိလုပ်ရလျှင် သေတော့မည်။ ကိုယ့်စကား ဘယ်ကိုရောက်လို့ ရောက်မှန်းမသိ။ လူတွေရဲ့ သံသယအကြည့်တွေကလည်း ပိုပိုပြင်လာ၊ ဆုလဲ့လည်း အသားများတဆတ်ဆတ်တုန်လာကာ.....

"ငမူးကောင်၊ မူးမူးရူးရူးနဲ့ ဘာမှလျှောက်မပြောနဲ့စမ်း"

"မမူးဘူး၊ ငါမမူးဘူး ဆုလဲ့၊ ငါတကယ်မူးတာ နင့်ရဲ့အချစ်တွေထဲမှာ"

ဘုရားရေ.....

မိုက်ကနေ ဟိန်းထွက်လာသော စကားလုံးကြောင့် အားလုံး၏အကြည့်သည် ဆုလဲ့ထံသို့ရောက်လာသည်။ ထိုအကြည့်တွေထဲမှာ ညီနှင့်ဖြစ်နေသော မိန်းကလေး အစ်ကိုနှင့် မင်္ဂလာဆောင်ရသလားဟူသော အံ့သြမှု၊ အထင်သေးမှု၊ မယုံနိုင်မှုများပါနေသောအခါ ဆုလဲ့မှာ ကိုကို့ထံသို့ ကပျာကယာ လှမ်းကြည့်မိသည်။ ကိုကို့အကြည့်တွေက အထင်သေးခြင်းများစွာ.....။

"မျိုး...နင်ဘာတွေလျှောက်ပြောနေတာလဲ၊ ကိုကို..မဟုတ်ဘူးနော်၊ ဆုလဲ့နဲ့မျိုးက အမြဲတမ်း သူငယ်ချင်းတွေပဲ"

"မဟုတ်ဘူး...မဟုတ်ဘူး၊ သူငယ်ချင်းတွေမဟုတ်ဘူး"

"မျိုး....."

ဆုလဲ့ အသံနက်ဖြင့်ကုန်းအော်ကာ ဘာတွေလုပ်၍ လုပ်လိုက်မိမှန်းမသိ။ 'အား'ခနဲအော်သံသည် ပေါ်ထွက်လာသည်။ အားလုံးသည် မှင်တက်အံ့သြစွာ ဆုလဲ့တို့ကို ဝိုင်းအုံကြည့်နေကြသည်။ ဆုလဲ့လက်ထဲ၌ ပန်းညှပ်သော ကတ်ကြေး။ ဆုလဲ့ မျိုးကို ကောက်ပေါက်စရာရှာရင်း ရိပ်ခနဲတွေ့ခဲ့သည်က စင်ပေါ်က ပန်းညှပ်ကတ်ကြေး။

မျိုးလက်ထဲက မိုက်ခရိုဖုန်းသည် လက်ထဲမှ လျှောကျသွားကာ တဖြည်းဖြည်းခွေကျသွားသည်။ ကိုကိုက မျိုးကို လျင်မြန်စွာပွေ့လိုက်သည်။ မျိုးက ဆုလဲ့ကို မယုံနိုင်စွာ ကြည့်နေခဲ့သည်။

ဆုလဲ့သည် ကိုယ့်လက်ကိုကိုယ် မယုံနိုင်စွာကြည့်၊ ဝမ်းဗိုက်၌ သွေးများထွက်နေသော မျိုးကိုကြည့်ပြီး ချက်ချင်း မျိုးအနားသို့ ဒူးထောက်ပြေးကပ်ကာ.....

"မဟုတ်ဘူး.....မဟုတ်ဘူး၊ မျိုး.....ငါ့ကို အဲဒီလိုမကြည့်ပါနဲ့၊ ငါနင့်ကို တမင်ရည်ရွယ်ခဲ့တာမဟုတ်ဘူး၊ မရည်ရွယ်ပါဘူး မျိုးရယ်၊ ကိုကို ဆုလဲ့ကို အဲဒီလိုမကြည့်ပါနဲ့"

"မရည်ရွယ်ပေမယ့် အခုဖြစ်သွားပြီမဟုတ်လား ဆုလဲ့ခင်၊ မင်းဇာတ်လမ်းရှုပ်လို့ ငါ့ညီ အခုလိုခံစားခဲ့ရတာ၊ သူ့စိတ်မထိန်းနိုင်လို့ သူရင်ဖွင့်ခဲ့တာ၊ မင်း.....မင်းကွာ ငါ့ရဲ့အချစ်တွေကို မင်းလှည့်စားခဲ့တယ်၊ မိန်းမရိုင်းမကြီး ဆုလဲ့ခင်၊ တော်ပါပေ့ကွာ၊ တစ်ချက်တည်းနဲ့ ငှက်နှစ်ကောင်ပစ်နိုင်တာ"

"ကို.....ကို"

ဒဏ်ရာကြောင့် ရှုံ့မဲ့နေရင်း မျိုးက ကိုကို့ကိုခေါ်သည်။ သူ့မှာ ရှင်းပြစရာတွေ အများကြီး။ မျက်ရည်တွေနှင့် လက်တကာကာဖြစ်နေသော ဆုလဲ့ကို သူရက်စက်ရာကျခဲ့ပြီလား။ အို.....ဆုလဲ့မျက်နှာက ဝါးလာလိုက်တာ။

"ကျော်ကျော် ရုံခြင်းကိုကျိုးဆက်ကွာ"

"ကိုကို—"

www.burmeseclassic.com

ရက်စက်လိုက်တာ ကိုကိုရယ်။ ဆုလဲ့ကို ချစ်ပါတယ်ဆိုတဲ့ ကိုကိုက ဆုလဲ့ကို ထောင်ထဲပို့မလို့လား။ ချစ်သူမဖြစ်ခဲ့ဘဲနဲ့ ဖြစ်ခဲ့သယောင် လုပ်ကြံအပြောခံရတဲ့ မိန်းမသား တစ်ယောက်အတွက် နားလည်မှု မပေးနိုင်တော့ဘူးလား။



မျိုး.....နင်ဘာလို့ ငါ့အပေါ် အဲဒီလောက်အထိ အငြိုးအတေးတွေ ကြီးပြီး ရက်စက်ခဲ့တာလဲ။ နင့်ကို ကိုယ်ထိလက်ရောက် လုပ်မိတဲ့ ငါ ဘယ်လောက်ထိရင်နာနေရသလဲ နင်သိရဲ့လား၊ သူငယ်ချင်းကြီးမိုက်ကြီးရဲ့။

လူတွေက မျိုးနားသို့ကပ်ဖို့ ကြိုးစားနေသော ဆုလဲ့ကိုအတင်း တားထားကြသည်။ ထိုစဉ်.....

ရဲကား၏ အချက်ပေးသံနှင့် မရှေးမနှောင်းပင် လူနာတင်အရေးပေါ်ကား၏အသံကို အပြိုင်အဆိုင် ကြားလိုက်ရလေတော့သည်။

"ဆုလဲ့ဟာ ကိုကိုနဲ့မထိုက်တန်တဲ့ မိန်းမရိုင်းကြီးပါ ကိုကိုရယ်"

အတွေးများစွာဖြင့် ဆုလဲ့ခင်က မျက်ရည်တွေတွေကျနေရ၏။ အတိတ်သည် အရိပ်ထင်ကျန်ခဲ့သလို သူမနှလုံးသားတွင် ထာဝရ မမေ့ပျောက်နိုင်ချေ။

အချုပ်ခန်းထဲ၌ ဆူညံစွာအော်ဟစ်နေကြစဉ် တဒေါက်ဒေါက်နှင့် ဘွတ်ဖိနပ်ကို သံမှန်နင်း၍လျှောက်လာသံကို ကြားသောအခါ ဆူညံနေသောအသံများသည် မီးကိုရေနှင့်ငြိမ်းသတ်သည့်အလား တိတ်ဆိတ်ငြိမ်သက်သွားသည်။ အချုပ်ခန်းထောင့်၌ ညှိုးခွေစွာထိုင်နေသော ဆုလဲ့တို့အချုပ်ခန်းရှေ့သို့ ရောက်လာသော ရဲမေက.....

"ဆုလဲ့ခင် ထွက်ခဲ့ပါ"

ဆုလဲ့ ဘယ်မှမသွားလာချင်ပေမယ့် ဤနေရာသည် ထဆိုထ၊ ထိုင်ဆိုင်ထိုင်၊ တစ်မိန့်တည်းမို့ လျှင်မြန်စွာထလိုက်သည်။ အချုပ်ခန်းအပြင်သို့ ရောက်သောအခါ လက်ထိတ်သံချောက်ခနဲကို ကြားလိုက်ရသည်။ အချုပ်ခန်းအသီးသီးသို့ ဖြတ်ကျော်လာသောအခါ ဆုလဲ့တို့ကို အားလုံးဝိုင်းကြည့်နေကြ၏။

ဆုလဲ့ကတော့ ကိုယ့်ကိုယ်ကိုယ်ပင် ကြည့်ချင်စိတ်မရှိတော့။ ခဏလေးအတွင်းမှာ ဖြစ်ပေါ်လာသည့် ဒေါသစိတ်ကို မထိန်းနိုင်ခဲ့သဖြင့် ချစ်သောသူနှင့် ကွေကွင်းရသောဒုက္ခ၊ ငယ်စဉ်ကတည်းက အတူကြီးပြင်းလာခဲ့သော သူငယ်ချင်းကို လုပ်မိလေခြင်းဟူသော နောင်တများကြောင့် ကြိုးမိန့်မှတစ်ပါး အခြားမလိုချင်။ သည်နေ့ အပြီးသတ်အမိန့်ချမည့်နေ့တဲ့။ တာဝန်ကျရဲမေနှင့်အတူ ဆုလဲ့ လိုက်ပါလာသည်။

တာဝန်မှူးရုံးခန်းထဲ၌ ထိုင်နေသောသူကို မြင်လိုက်ရသောအခါ...

"ကို.....ကို....."

ဆုလဲ့မှာ ခံစားမှုကြောင့် နှလုံးရပ်တန့် လဲကျသွားတော့၏။ ထိုမှ သူချစ်သောသူနှင့် အပြီးတိုင် ဝေးကွာသွားလေပြီ။

ရှင်လွန်းမယ်

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

ကျုပ်တို့နေတဲ့
ပတ်ဝန်းကျင်မှာ
ကောင်းတဲ့လူရှိသလို
မကောင်းတဲ့လူတွေကလည်း
အပြည့်ပါပဲ။
ကောင်းတဲ့လူတွေက
ကောင်းတဲ့စိတ်ထားတွေနဲ့အတူ
ကောင်းတာတွေကို
ပြောလာခဲ့ရင်
မထောင်းသာပေမယ့်
မကောင်းတဲ့သူတွေက
မကောင်းတဲ့စိတ်တွေနဲ့
မကောင်းတာတွေကို
ပြောလာခဲ့ရင်တော့
ကိုယ့်အနေနဲ့
ဆင်ခြင်နိုင်စွမ်းရှိရမယ်
...

□

အမှန်အတိုင်းပြောရရင်တော့ မကောင်းခဲ့တာက ကျုပ်ပါ။ ကျုပ်တကယ့်ကို မကောင်းခဲ့ပါဘူး။

မကောင်းဘူးသိပေမယ့်လို့ သည်ကိစ္စတွေက ဘာပြန်လုပ်လို့ရမှာတဲ့တုံး။ မကောင်းမှုဆိုတဲ့ ကိစ္စကြီးကို အစောကြီးကတည်းကိုက ကျုပ်ကြိုပြီးသိဖို့ကောင်းခဲ့တာ။

မကောင်းမှုလုပ်တဲ့သူဟာ သည်ဘဝမှာလည်း ဝမ်းနည်းရတယ်၊ နောက်ဘဝတွေမှာလည်း ဝမ်းနည်းရတယ်။ နှစ်ဘဝစလုံး ဝမ်းနည်းနေရတာ။ အဲသည်သူဟာလည်း ကိုယ်လုပ်ခဲ့တဲ့ အကုသိုလ်ဒုစရိုက်တွေမြင်ပြီးတော့ စိုးရိမ်ရတယ်။ ပင်ပန်းရတယ်။

ကျုပ်မှာလည်း အဲသည်လို အဖြစ်မျိုးတွေနဲ့ ကြုံခဲ့ရတာပါ။ ကျုပ်မိန်းမ ဆုံးသွားတော့ ကျုပ်နဲ့ သုံးနှစ်လောက်အရွယ်ရှိတဲ့ သားလေး ဖိုးလုံးနဲ့ပဲ ကျန်ရစ်ခဲ့တယ်။ အမိမဲ့သား ရေနည်းငါးဆိုပေမယ့် အဖေရှိနေတော့ ဖိုးလုံးအဖို့ကတော့ ရေနည်းငါးဖြစ်ဖို့ရာ ဝေလာဝေး။ ကျုပ်တို့က ပန်းတင်ရွာမှာနေကြတဲ့သူတွေပါ။ သည်ရွာမှာပဲမွေးပြီး သည်ရွာမှာပဲ ကြီးပြင်းလာခဲ့ရတာ။ ကျုပ်ရဲ့ ချက်မြှုပ်ရာဇာတိရပ်ရွာပေါ့။

ကျုပ်က ကိုယ်ပိုင်လယ်ယာမြေလည်းမရှိတော့ လယ်ပိုင်ရှင်ဖြစ်တဲ့ ဦးချစ်ထံမှာပဲ တောက်တိုမည်ရနိုင်းတာတွေကို လုပ်ရတာပေါ့။ သည်မှာတင် အေးမြနဲ့ ကျုပ်ဆုံခဲ့ရတာ။ အေးမြကတော့ အပျိုမဟုတ်ပါဘူး။ သူယူထားတဲ့ ယောကျ်ားကလည်း ဟိုတစ်မြန်နှစ်က ပိုးထိလို့ ဆုံးသွားရရှာတယ်။ သူလည်း ယောကျ်ားမရှိတဲ့ မုဆိုးမလေးပေါ့။ သားသမီးရှိကြတာမဟုတ်ပါဘူး။

မောင်တစ်ကိုပ်ပင်ရှိလင့်ကစား လင်သားမရှိသော မိန်းမသည် မတင့်တယ်လို့ ဆိုထားလေတော့ သူလည်းအားကိုးရာရှာမှာပေါ့။ အလုပ်ထဲမှာဆိုရင် ကျုပ်ကို အရေးပေးပြီး ဆက်ဆံတာဟာ အေးမြပါပဲ။ ကျုပ်ကတော့ သူ့ထက် နည်းနည်းတော့ အသက်ကြီးတယ်။ မိန်းမဆုံးပြီးကတည်းကိုက ဘယ်မိန်းကလေးတွေနဲ့မှ ရောရောနှောနှော နေခဲ့တာမဟုတ်ဘူး။ အနေခံ့တယ်ပေါ့လေ။ ပြီးတော့ ဖိုးလုံးရဲ့မျက်နှာကလည်း ရှိသေးတယ်။

ပြောရဦးမယ်။ အိမ်ကနေ ကျုပ် ထမင်းထုပ်ပါမလာခဲ့ရင် အေးမြကပဲ သူ့မှာပါလာတဲ့ ထမင်းထုပ်ကို သူကိုယ်တိုင်ဖြေပြီး ကျွေးတတ်တယ်။ ကျုပ်က မစားချင်ဘူးဆိုပေမယ့်လည်း မရပါဘူး။ နောက်ဆုံးတော့ သည်လိုစေတနာကောင်းမှုတွေကြောင့် အေးမြနဲ့ကျုပ် ညားခဲ့ရတယ်။ လက်ဆက်ခဲ့ရတယ်ပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်ကတည်းကိုကစလို့ အေးမြလည်း ကျုပ်အိမ်ရှိရာကို လိုက်နေပါတော့တယ်။ သူ့မှာလည်း အိမ်ရှိပေမယ့်လို့ သူ့မွေးချင်းပေါက်ဖော်တွေကလည်း အများသားလား။ ကျန်ခဲ့တဲ့အိမ်မှာက မိခင်မုဆိုးမကြီးနဲ့အတူ သူ့ညီအစ်ကိုမောင်နှမတွေပဲ နေကြတာ။

သျှောင်နောက်ဆံထုံးပါလာတော့လည်း ကျုပ်က ဘာပြောလို့ရတာမှတ်လို့။ အေးမြနဲ့ကျုပ် ညားပြီးပြီဆိုကတည်းကိုက အေးမြကို ဘာအလုပ်မှ မလုပ်ခိုင်းတော့ပါဘူး။

သူ့ပင်ပန်းတာကို ကျုပ်မကြည့်ရက်ပါဘူး။

နှစ်ယောက်လုပ်ရမယ့်အလုပ်ကို ကျုပ်တစ်ယောက်တည်း ဒိုင်ခံပြီး လုပ်ခဲ့တယ်။ အေးမြကိုတော့ ဖိုးလုံးနဲ့ပဲ လွှဲထားလိုက်တယ်။ အစပထမပိုင်းမှာတော့ ဟုတ်ပါတယ်။ ဖိုးလုံးကို သူကိုယ်တိုင်မွေးထုတ်လိုက်တဲ့ သားအရင်းလိုပဲ ချစ်လိုက်ရတာ။ သား သားနဲ့ နှုတ်ကနေခေါ်လိုက်ရတာ အမောပေါ့။

ကျုပ်တို့က ပတ်ဝန်းကျင်နဲ့ လူလုပ်နေရတဲ့သူတွေပါ။ ကျုပ်တို့နေတဲ့ ပတ်ဝန်းကျင်မှာလည်း ကောင်းတဲ့လူရှိသလို မကောင်းတဲ့လူတွေကလည်း အပြည့်ပါပဲ။ ကောင်းတဲ့လူတွေက ကောင်းတဲ့စိတ်ထားတွေနဲ့အတူ ကောင်းတာတွေကို ပြောလာခဲ့ရင်မထောင်းသာပေမယ့် မကောင်းတဲ့သူတွေက မကောင်းတဲ့စိတ်တွေနဲ့ မကောင်းတာတွေကို ပြောလာခဲ့ရင်တော့ ကိုယ့်အနေနဲ့ ဆင်ခြင်နိုင်စွမ်းရှိရမယ်။ ဒါမှလည်း အန္တရာယ်က လွတ်မြောက်မှာကိုး။

အေးမြက ကျုပ်ထက်အများကြီးငယ်ပါတယ်။ ငယ်မူငယ်သွေးကလည်း ပျောက်သေးတာမဟုတ်ပါဘူး။ သည်အရွယ်ဆိုတာ စဉ်းစားဆင်ခြင်တတ်တဲ့ အားတွေကလည်း နည်းနေတတ်တယ်လေ။ သည်လိုပုံသည်လိုနည်းနဲ့ အေးမြတစ်ယောက် စောစီးစွာ အိမ်ထောင်ပြုခဲ့တာကို ကျုပ် ကျုပ် အံ့သြလို့မဆုံးပါဘူး။ ထားတော့။

ပတ်ဝန်းကျင်ကလည်း ပြောကြပေမပေါ့။

"ညည်းရုပ်ညည်းရည်လေးနဲ့ လွတ်လပ်တဲ့ ဘယ်ယောက်ျားမဆို ခေါင်းခေါက်ပြီး ရွေးယူလို့ရပါတယ်၊ ခုတော့အေ ကလေးတစ်ယောက်အဖေကိုမှ လင်တော်ချင်ရတယ်လို့၊ အရှက်ကိုမရှိဘူး"

သူစိမ်းတစ်ရံဆံတွေထက် သူ့မိသားစုက သည်စကားမျိုးတွေကို ကြုံရင်ကြုံသလို ပြောလာလေတော့ အေးမြအနေနဲ့ စိတ်ပျက်မိတာလည်း ပါပါလိမ့်မယ်။ ကျုပ်ကလည်း ပတ်ဝန်းကျင်နဲ့ နေနေတာဆိုတော့ ကျုပ်ကို သည်အကြောင်းတွေ ပြန်ပြောပြတဲ့သူတွေကလည်း အများသားလား။ စိတ်တော့မကောင်းလှပါဘူး။

နှုတ်ဆိုတာ စောင့်စည်းတတ်မှကောင်းတာ။ ဒါတွေကို လူတိုင်းက လွယ်လွယ်နဲ့ သိကြတာမဟုတ်ပါဘူး။ ကျုပ်ကတော့ အစစအရာရာကို သည်းခံပြီးနေလိုက်ပါတယ်။ အကျယ်အကျယ် မငြိမ်းဖွယ်လည်း မဖြစ်ချင်ပါဘူး။ ကျုပ်ကိုယ်တိုင်ကိုက မပြေးသော်လည်း ကန်ရာကရှိခဲ့တာကိုး။

အေးမြတစ်ယောက် သည်စကားတွေကို ကြားလိုက်ရတဲ့နောက်ပိုင်းမှာ သူ့အချိုးတွေက ပြောင်းသွားတယ်။ ကျုပ်အပေါ်မှာတော့ မဟုတ်ပါဘူး။ ကျုပ်သားဖိုးလုံးရဲ့အပေါ်မှာပါ။

အရင်ကလို သားလေးရဲ့အပေါ်မှာ ခင်တွယ်မှုမရှိတော့ပါဘူး။ ခေါ်တာတောင်မှ "ဟဲ့ကောင်လေး" တဲ့။ သူစိတ်မထင်ခဲ့ရင် ဖိုးလုံးကိုတောင်မှ ရိုက်လိုက်သေးတယ်။ ဖိုး



www.burmeseclassic.com



လုံးကလည်း ဘာသိတာမှတ်လို့။ ကလေးပဲရှိသေးတဲ့ဥစ္စာ။

ကစားမယ်၊ စားမယ်၊ အချိန်တန်ခဲ့ရင် အိပ်မယ်။ ဒါက ကလေးတိုင်းရဲ့အလုပ်ပဲလေ။ နေရာတကာမှာ ကလေးနဲ့လိုက်တုလို့ရတာမှတ်လို့။

ဒါကို အေးမြကလည်း ဘဝင်မကျလှပါဘူး။ တစ်နေ့တစ်နေ့ ဖိုးလုံးကိုပဲကြည့်ပြီး ရမယ်ရှာနေလိုက်တာ။ သူ့အလို၊ သူ့ဆန္ဒတွေက ပြည့်ဝတယ်ကို မရှိတော့ပါဘူး။ အမြင်မတော်တော့ သားဘက်ကနေ ကျုပ်ဝင်ပြောမိပါတယ်။ ဒါကိုပဲ အထအနကောက်ပြီး ကျုပ်ကို မခေါ်မပြောဘဲ နေလိုက်တာ နှစ်ရက်သုံးရက်လောက်ထိအောင်ပါပဲ။

မိန်းမ.....မိန်းမ ကျုပ်က သူ့ကိုချစ်လို့ ယူထားမိလေတော့ ကျုပ်ကပဲ အရှုံးပေးလိုက်ပါတယ်။ သည်တော့မှ အေးမြမျက်နှာက တိမ်မည်းညိုကိုလူဆိုးလက်ကနေလွတ်လာတဲ့ လမင်းကြီးလို ပြုံးရွှင်နိုင်တော့တယ်။

သည်ဖြစ်ရပ်တွေကို တွေးကြည့်တော့ ပတ်ဝန်းကျင်ကြောင့်ဖြစ်ပေါ်လာရတဲ့ အိမ်တွင်းရေးပြဿနာတွေပါ။ ခက်တာက အေးမြကလည်း ကျုပ်မရှိခဲ့ရင် ဖိုးလုံးကို အိမ်မှာတစ်ယောက်တည်းထားရစ်ခဲ့ပြီး သူလည်ချင်တဲ့အိမ်တွေကို လျှောက်လည်နေတတ်တာ။

သည်တော့ ကျုပ်တို့ရဲ့အိမ်ထောင်ရေးကို မနာလိုချင်နေတဲ့သူတွေက အေးမြကို သွေးထိုးလှုံ့ဆော်ပေးပေမပေါ့။ ဘယ်လိုပဲ သွေးထိုးလှုံ့ဆော်ပါစေ၊ ကိုယ့်အနေနဲ့ ဆင်ခြင်တုံတရားတွေရှိခဲ့ရင် ပြီးတာပါပဲ။ ခုတော့ သည်လိုဆင်ခြင်စဉ်းစားနိုင်တဲ့ အတွေးအခေါ်အားတွေကလည်း နည်းလေတော့ အေးမြကိုကြည့်ပြီး ကျုပ် ရင်မောလိုက်တာ။

အမှန်အတိုင်းပြောရရင် အေးမြကိုလည်း ကျုပ်ချစ်ပါတယ်။ သားလေးဖိုးလုံးကိုလည်း ချစ်ပါတယ်။ ကျုပ် ခုလို နောက်အိမ်ထောင် ထူထောင်ခဲ့တယ်ဆိုရာမှာလည်း သားလေးရဲ့နောင်ရေးကို ငဲ့ကွက်ပြီး ကျုပ်အနေနဲ့ ထူထောင်ခဲ့တာပါ။

အစစအရာရာမှာ အမေမရှိခဲ့ရင် အားငယ်နေရှာမှာပဲဆိုပြီး သားအတွက် အမေတစ်ယောက် ရမှရပါစေဆိုပြီး ကျုပ်အနေနဲ့ အေးမြကို ယူခဲ့တာပါ။ ဒါကိုက ကျုပ်အမှားပါပဲ။ ဘယ်မှာလာလို့ လင်ပါသားနဲ့ မိထွေးဆိုတာ တည့်နိုင်ပါ့မလဲ။ တစ်ယောက်ယောက်က စည်းဖောက်မှာတော့ အမှန်ပါ။

ကျုပ်က ကိုယ့်ဘက်ကိုယ်ယက်ပြီး ပြောတာမျိုးမဟုတ်ဘူး။ ကျုပ်သားက ခုမှ ငယ်ငယ်လေးပဲရှိသေးတာ။ သည်ပြဿနာတွေကို သူ့အနေနဲ့ သိပုံမရပါဘူး။ လုံးဝသိလည်းမသိပါဘူး။ မိုးကြိုးပစ်ရာ ပုတ်သင်အဆစ်ပါနေလေတော့ သားအတွက်နဲ့ စိတ်မကောင်းဖြစ်မိတာ ကျုပ်ပါပဲ။

သိတာက အေးမြ၊ သိသိကြီးနဲ့ကို လျှောက်လုပ်နေတာ။ ကြာတော့ သူ့လုပ်ရပ်တွေကို စိတ်ပျက်လာမိတယ်။ စိတ်ကွက်တာတော့ မဟုတ်ပါဘူး။ စိတ်ကွက်မိခဲ့ရင်တော့ အေးမြအဖို့ မလွယ်ဘူးလေ။ ဒါကြောင့်မို့ ကိုယ့်ကိုယ်ကိုယ် စိတ်မကွက်မိအောင် စိတ်ပျက်တာမှန်သမျှ ရှောင်ရှားပြီးတော့ နေခဲ့ပါတယ်။

ဒါတွေကို အေးမြအနေနဲ့ သိချင်ရင်လည်းသိ၊ မသိချင်ရင်လည်း နေပေါ့။ ယောကျ်ားတောင် ရှုခဲ့ဘူးတဲ့ဥစ္စာ။ တစ်နေ့နေ့မှာတော့ သည်ပြဿနာတွေရဲ့အဖြေက ရှင်းရှင်းကြီး ပေါ်ထွက်လာမှာပါပဲ။

တစ်ရက်မှာတော့ အလုပ်ကလည်း စောစောပြီးတာနဲ့ အိမ်အပြန်လမ်းမှာ ရွာထဲမှာဖွင့်ထားတဲ့ ကိုချက်ကြီးရဲ့အရက်ဆိုင်ကို ရောက်သွားမိတယ်။ အချိန်က ညနေစောင်းလှပါပြီ။ ဒါပေမဲ့လို့ နေလုံးကဝင်သေးတာမဟုတ်ဘူး။ ပတ်ဝန်းကျင်တစ်ခုလုံးကို အလင်းဓာတ်တွေ အစွမ်းကုန်ပေးနေလိုက်တာ။

ကျုပ်က အရက်ကို အမြဲတမ်း မသောက်တတ်ပါဘူး။ ဆန္ဒရှိမှသာ တစ်ခွက်တစ်ဖလားလောက်သာ သောက်တာပါ။ ဘယ်ကိစ္စမဆို လိုတာထက်ပိုလာရင် ကိုယ့်အတွက် အန္တရာယ်များတယ်လေ။ အရက်သောက်ပြီးတာနဲ့ အိမ်ကိုပဲ တန်းပြန်လာခဲ့တယ်။

မူးမူးလေးနဲ့ အိမ်ရှိရာကို ပြန်ချလာတော့ ကျုပ်ချစ်တဲ့ သားလေး

www.burmeseclassic.com

www.burmeseclassic.com





ဖိုးလုံးကို အေးမြက ရိုက်နှက်နေလိုက်တာ။ တော်တော်လူမဆန်တဲ့ မိန်းမပါ။ ကလေးပဲ၊ ကိုယ်မကြိုက်ခဲ့ရင် ချော့မော့ပြီး ဆုံးမရမှာပေါ့။ ခုတော့ဗျာ။

ဇူဇကာပုဏ္ဏားတောင်မှ သူ့အိမ်မှာ ကျေးကျွန်အဖြစ်ခိုင်းစေဖို့ ဝေဿန္တရာမင်းကြီးထံမှာ သားတော်ဇာလီနဲ့ သမီးတော် ကဏှာဇိန်ကို တောင်းယူအလှူခံခဲ့လေတော့ ဝေဿန္တရာမင်းကြီးက ကြည်ကြည်ဖြူဖြူပဲ လှူဒါန်းလိုက်ပါတယ်။ သားသမီးနှစ်ယောက် ပုဏ္ဏားကြီးရဲ့ လက်ထဲလည်းရောက်ရော ပုဏ္ဏားကြီးက ရိုက်နှက်နှိပ်စက်နေတာကို ဝေဿန္တရာမင်းကြီးမြင်တော့ ပုဏ္ဏားကြီးရဲ့အပေါ်မှာ မျက်မာန်ရှခဲ့ဖူးတယ်လေ။

ကိုယ်ထိလက်ရောက်တော့ မကျူးလွန်ခဲ့ပါဘူး။ မိဘမေတ္တာဆိုတာ ဒါပါပဲ။ ကျုပ်က ဝေဿန္တရာလိုဘုရားလောင်းအရင့်အမာကြီး မဟုတ်လေတော့ ကျုပ်သားကို သည်လိုရိုက်နှက်နေတာကိုမြင်တော့ ဝင်ဆွဲမိပါတယ်။

ဒါကို အေးမြအနေနဲ့ အပြစ်တစ်ခုလိုမြင်ပြီး ကျုပ်ကို ဆဲရေးတိုင်းထွာပြီး ပြောလိုက်ဆိုလိုက်တာ။ လူကြားလို့တောင်မှမကောင်းတော့ပါဘူး။

ကျုပ်က လူတစ်မျိုး။ ကိုယ့်အပေါ်ကောင်းခဲ့ရင် ခေါင်းတက်ပြီးနင်းသွားပါစေ ပြန်ပြီးကောင်းလိုက်မှာပါပဲ။

အေး...ကိုယ့်အပေါ် မကောင်းခဲ့ရင်တော့ ပြန်ပြီးတော့ မကောင်းသလိုမျိုး လုပ်ပစ်ချင်တာ။ ငယ်ငယ်ကတည်းကိုက ဗီဇတစ်ခုအနေနဲ့ပါ လာခဲ့လေတော့ သားစိတ်နဲ့အတူ ဘာဆိုဘာမှ မတွေးနိုင်တော့ပါဘူး၊ မမြင်နိုင်တော့ပါဘူး။ အကုသိုလ်ရှိရာ အကုသိုလ်လာတယ်ပဲ ဆိုကြပါစို့ရဲ့။

အေးမြကို သားစိတ်နဲ့အတူ မကျေနပ်မှုများစွာနဲ့ လုပ်မိလုပ်ရာ လုပ်ထည့်လိုက်မိတယ်။ သည်တော့မှ တင်းကျပ်နေတဲ့စိတ်တွေကလည်း လွတ်လပ်ပေါ့ပါးသွားတော့တယ်။

သတိရလို့ ကြည့်မိလိုက်တော့ ကျုပ်လက်ထဲမှာ သွေးစွန်းနေတဲ့ ထင်းခုတ်ဓားမကို တွေ့လိုက်ရတယ်။

အေးမြကို ကျုပ်သတ်မိပြီပဲ။ ဟုတ်တယ်။ သတ်မိပြီပဲ။

အေးမြကတော့ သွေးအိုင်ထဲမှာ ခွေခွေလေး လဲကျလို့လေ။

စိတ်ဆိုတာ နှိပ်ကွက်ဖို့ ခက်ခဲတယ်။ အဖြစ်အပျက်တွေကလည်း မြန်ဆန်လိုက်တာ။ မယုံနိုင်လောက်စရာပါပဲ။ အဲသည်လို မြန်ဆန်လို့လည်း စိတ်တွေက လိုချင်တဲ့အာရုံဆီ ရောက်သွားတတ်တာပါ။

အဲသည်လိုသဘောရှိတဲ့ စိတ်ကို ခပ်မြန်မြန်လေး ဆုံးမနိုင်မှကောင်းပါတယ်။ ခုတော့ဖြင့် ကိုယ့်စိတ်ကိုယ် မဆုံးမနိုင်ခဲ့တဲ့ကျုပ် ချစ်ရတဲ့သားနဲ့ခွဲပြီး မသွားချင်တဲ့နေရာကို သွားရတော့မယ်။ ဘယ်နေရာရှိရမှာတဲ့လဲ။

လူမိုက်တို့စံပျော်ရာ အချုပ်ထောင်ပဲပေါ့။ ဒါက ကျုပ်လုပ်လိုက်တဲ့အမှုတွေအတွက် ကျုပ်ပေးဆပ်ရမယ့် နေရာကြီးပါပဲ။ မကောင်းတော့မကောင်းပေဘူးပေါ့။

မကောင်းတဲ့အထဲတွေကနေ ကိုယ့်အတွက် အမြတ်ကျန်မယ့် ကောင်းတဲ့အကွက်ကလေးတွေကို ရှာဖွေယူတတ်ခဲ့ရင်တော့ ကျုပ်အဖို့ ကောင်းတဲ့နေရာလေးတော့ ရှိနေဦးမှာပါပဲ။ ကျန်နေဦးမှာပါပဲလေ။

[illegible]

www.burmeseclassic.com

www.burmeseclassic.com



# နိုင်ငံတကာသတင်း

## အသေးငယ်ဆုံးဇီးကွက်



Nothern Saw-whet Owl အမည်ရှိ ဇီးကွက်သည် မြောက်အမေရိကတိုက်တွင် အသေးငယ်ဆုံး ဇီးကွက်ဖြစ်သည်။ ထိုဇီးကွက်သည် ချစ်စဖွယ်အသွင်သဏ္ဌာန်ရှိပြီး အရွယ်အစားမှာ ၅ လက်မမှ ၆ လက်မအထိ ရှည်ကြသည်။

တောင်ပံမှာ ၂၂ လက်မအထိ ပြန့်ကားနိုင်ပြီး ၈၀ ဂရမ်ခန့်အလေးချိန်ရှိကြသည်။ ထိုဇီးကွက်များသည် သာယာဖွယ်အသံကို ပိုင်ဆိုင်ထားပြီး အသံကို ဖိုမ ကြင်ဖော်ရှာဖွေရန်အတွက်သာ အသုံးပြုကြသည်။

စူးရှထက်မြက်သော အကြားအာရုံရှိကြပြီး အမေရိကန်၊ ကနေဒါ၊ မက္ကဆီကို အစရှိသော နိုင်ငံတို့တွင် နေထိုင်ကျက်စားကြသည်။

Ref: Amazing Animal

28-7-2014

## ပထမကမ္ဘာစစ်မှဘီစကွတ်နှစ်ချပ် လေလံတင်ရောင်းချ



ပထမကမ္ဘာစစ်အတွင်း ဗြိတိသျှ တပ်ဖွဲ့ဝင်များကို ထုတ်ပေးခဲ့သည့် နှစ်ပေါင်း ၁၀၀ သက်တမ်းရှိ ဘီစကွတ်နှစ်ချပ်ကို ဆက်ဖေ့ခ်မြို့၊ မားတာလ်ရှမ်းရှာတွင် ကျင်းပမည့် လေလံပွဲတွင် ရောင်းချသွားမည်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဘီစကွတ်နှစ်ချပ်သည် Queen တပ်မ၏ အမှတ်(၅)တပ်ရင်းမှ ဗိုလ်အဆင့်ရှိ လိုင်ယွန်နယ်ဘရူးစ်ချားလ်ဆိုသူက ရှေ့တန်းတွင် ဝေပေးသည့်ရိက္ခာကို အိမ်သို့ပြန်ယူလာပြီး ကျန်ရှိခဲ့သည့် ဘီစကွတ်ဖြစ်သည်။

လေလံပွဲတွင် ယူရို ၆၀ နှင့် ဈေးဖွင့်သွားမည်ဖြစ်ပြီး ဘီစကွတ်ပေါ်၌ "Biscuits used in Suvla Bay"ဟု ရေးထိုးထားသည်။ ထိုလေလံပွဲ၌ ပထမကမ္ဘာစစ်၏ နှစ်(၁၀၀)ပြည့် အမှတ်တရပစ္စည်းများကို လေ လံတင် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

Ref: World Interesting News

28-7-2014

---



# လှချင်လွန်းလို့ ကုမရအောင် အရုပ်ဆိုးသွားခဲ့သူ

မက္ကဆီကိုနိုင်ငံ၊ ချူဗိုလာရီဒိုတွင်နေထိုင်သည့် ဟူဂိုဟာန်ဒက်ဂျဇီရာအမည်ရှိ အမျိုးသားတစ်ဦးသည် လွန်ခဲ့သည့် ၁၇ နှစ်အချိန်က ငယ်ရွယ်နုပျိုသည့် မျက်နှာမျိုး ပြန်ရနိုင်ရန် ကလေးသုံးဆီနှင့် မျက်နှာထဲ ဆေးထိုးခဲ့ရာ လူမြင်မကောင်းအောင် ရုပ်ပျက်သွားခဲ့သည်။

အဖုအထစ်များနှင့် ဖောင်းကားကာ ပန်းရောင်သမ်းနေသည့် မျက်နှာမှာ အမျိုးသမီးတစ်ယောက်ကဲ့သို့ဖြစ်နေပြီး ဆရာဝန်ပေါင်းများစွာနှင့် ခွဲစိတ်ပြုပြင်မှုများ၊ ဆေးဝါးကုသမှုများ တစ်ခုပြီးတစ်ခု ပြုလုပ်ခဲ့သော်လည်း ပိုမိုဆိုးရွားလာခဲ့သည်။

သူ၏နဂိုမူလမျက်နှာကို ဗီတာမင်ထပ်ဖြည့်စေလိုသောကြောင့် စရိတ်သက်သာ ငွေကုန်ကြေးကျသက်သာစေသည့် အိမ်သုံးကလေးသုံးအဆီကို အသုံးပြုလိုက်ခြင်းကြောင့် မည်သို့မျှ ပြုပြင်မရတော့သည့် မဟာအမှားကြီးတစ်ခုပင်ဖြစ်လေသည်။

Ref: World Interesting News

5-8-2014

www.burmeseclassic.com

# နားမကြားသောသခင်ကို မီးဘေးမှကယ်တင်ခဲ့တဲ့ခွေး

အမေရိကန်ပြည်ထောင်စု၊ အင်ဒီယန်းနားပိုးလစ်မြို့တွင် မီးလောင်မှုတစ်ခုဖြစ်ပွားရာ အကြားအာရုံချို့ ယွင်းနေသော သခင်ဖြစ်သူကို Ace အမည်ရှိ ခွေးတစ်ကောင်က လျှာဖြင့်လျက်၍ သတိပေးကယ်ဆယ်နိုင်ခဲ့သည်။

သခင်ဖြစ်သူ နစ်လမ့်ဘ်သည် မွေးရာပါ နားလေးသူဖြစ်ပြီး ၎င်း၏နေအိမ်မီးလောင်မှုဖြစ်ပွားရာ ၎င်း၏နား၌ နားကြားကိရိယာ တပ်ဆင်ထားခြင်းမရှိဘဲ အိပ်ပျော်နေခဲ့သည်။ နေအိမ်တွင် မီးတောက်များပျံ့နှံ့လာချိန် ခွေးလေး Ace က ဟောင်နေသည်ကိုမကြားခဲ့ပေ။ ခွေးလေး Ace မှာ အသက်ဘေးမှလွတ်မြောက်ရန် ထွက်ပြေးရမည့်အစား အိပ်ပျော်နေသော ၎င်း၏သခင်ဖြစ်သူ၏ မျက်နှာကို လျှာဖြင့်လျက်၍ နှိုးခဲ့သည်။



လမ့်ဘ်မှာ လျင်မြန်စွာထ၍ တီရှပ်တစ်ထည်ဆွဲယူကာ နှာခေါင်းနှင့် ပါးစပ်တို့ကိုပိတ်ပြီး နောက်ဖေးတံခါးပေါက်မှ ထွက်ခွာခဲ့သည်။ ဖိနပ် မပါသော လမ့်ဘ်နှင့် ခွေးလေး Ace တို့မှာ ထိခိုက်မှုမရှိဘဲ ထွက်ခွာနိုင် ခဲ့ပြီး အရေးပေါ် ၉၁၁ နှင့် လမ့်ဘ် ၏မိခင်ဖြစ်သူတို့ထံ ဆက်သွယ်နိုင် ခဲ့သည်။

Ref: World News
4-8-2014

# ကမ္ဘာ့အကြီးဆုံး သင်္ချိုင်းမြို့တော်

အီရတ်နိုင်ငံ Najaf (နာဂျပ်) မြို့တွင် မြေကေပေါင်း ၁၄၈၅ အကျယ်အဝန်းနှင့် မြို့တစ်မြို့၏ အကျယ်ရှိသည့် Wadi us Salaam သင်္ချိုင်းကုန်းသည် နှစ်ပေါင်း ၁၄၀၀ ခန့်ပင်ရှိပြီဖြစ်သည်။



လူဦးရေ ခြောက်သိန်းခန့်သာရှိသည့် ထိုမြို့တွင် မြှုပ်နှံထားသည့် ဂူပေါင်းမှာ သန်းချီရှိနေပြီဖြစ်သည်။ ထိုသင်္ချိုင်းတွင်ရှေးအစဉ်အဆက်က ဘုရင်၊ မိဖုရားနှင့် နာမည်ကြီးခေါင်းဆောင်များ။ သာမန်အရပ်သူအရပ်သားများအားလုံးကို တစ်နေရာတည်းတွင် မြှုပ်နှံခဲ့ကြသည်။

ကောင်းကင်သို့သွားရန် စုဝေးရာ ဇဟိုနေရာဟု သက်ဝင်ယုံကြည်နေသည့် ထိုသင်္ချိုင်းကုန်းကို အမေရိကန်စစ်တပ်က အီရတ်နိုင်ငံကို သိမ်းပိုက်ခဲ့သော်လည်း သင်္ချိုင်းကိုမှ မဖျက်ဆီးခဲ့ပေ။

Ref: World Interesting News
6-8-2014

www.burmeseclassic.com

www.burmeseclassic.com



# ဗစ်တိုးရီးယားး စီးကရက်မော်ဒယ်လ်ကို ကျောင်းနေဖက်က အက်ဆစ်နဲ့လောင်းခဲ့မှု

ဗြိတိန်နိုင်ငံတွင် အသက် ၂၁ နှစ်အရွယ်ရှိ ဗစ်တိုးရီးယားစီးကရက် မော်ဒယ်လ် Oni အား မျက်နှာပေါ်သို့ ရွယ်တူသူငယ်ချင်းဖြစ်သူ Mary Konye က အက်ဆစ်ဖြင့်လောင်းခဲ့သည်။

အက်ဆစ်ကို မျက်နှာပေါ်သို့ လောင်းချခဲ့ခြင်းမဟုတ်ဘဲ တစ်ကိုယ်လုံး လောင်းခဲ့ခြင်းဖြစ်သည်။ အက်ဆစ်အရေများသည် လက်၊ ပေါင်နှင့် ခန္ဓာကိုယ်အနှံ့ လောင်ကျွမ်းခဲ့သည်။


ထိုဖြစ်ရပ်သည် ၂၀၀၈ ခုနှစ်က ဖြစ်ပွားခဲ့သည့် တီဗွီအစီအစဉ်တင်ဆက်သူ Katie Piper ၏ ဖြစ်ရပ်နှင့် ဆင်တူနေသည်။ Katie အား သူ၏ချစ်သူဟောင်းက အက်ဆစ်လောင်းခဲ့ခြင်းဖြစ်ပြီး မျက်စိတစ်ဖက်ဆုံးရှုံးကာ မျက်နှာတစ်ခုလုံး ပျက်စီးခဲ့ရသည်။

ယခုဖြစ်ရပ်မှာ ရည်းစားဟောင်းမဟုတ်ဘဲ တက္ကသိုလ်ကျောင်းတက်ဖော် သူငယ်ချင်းက လုပ်ခဲ့ခြင်းဖြစ်သည်။ သူတို့နှစ်ဦးသည် အလှအပနှင့်ပတ်သက်၍ မကြာခဏ အချင်းများခဲ့ကြပြီး Oni ကို အက်ဆစ်နှင့်လောင်းမည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း သိရသည်။

သို့သော် အမှန်တကယ် လောင်းလိမ့်မည်ဟု မထင်မှတ်ခဲ့ကြောင်း၊ အက်ဆစ်ဖြင့်လောင်းခဲ့သူ Mary Konye သည် ကြီးလေးသော ပြစ်ဒဏ်ခံရမည်ဖြစ်ကြောင်း သိရသည်။

Ref: UK News

2-8-2014





ဆောင်းဆွေမြန်

www.burmeseclassic.com

www.burmeseclassic.com



# ပြည်တွင်းသတင်း

## လင်မယားစကားများစဉ် အဝတ်အစားများ မီးရှို့တဲ့လင်ကို မလွှဲမရှောင်သာ အရေးယူခဲ့ရမှု

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ အနောက်ပိုင်းရပ်ကွက်၊ ရေနံမြေကွက်သစ်တွင် လင်မယားချင်းစကားများကြစဉ် ခင်ပွန်းဖြစ်သူက ၎င်းတို့နေထိုင်သည့် တဲအိမ်အတွင်းမှ အဝတ်အထည်များအားမီးရှို့ခဲ့ရာမှ နေအိမ်ဝါးကြမ်းခင်းသို့ မီးကူးစက်လောင်ကျွမ်းသဖြင့် မဆင်မခြင်ပြုလုပ်သူ ခင်ပွန်းဖြစ်သူအား ရဲက တရားလိုပြုလုပ်၍အရေးယူခဲ့ကြောင်းသိရသည်။

စုံစမ်းသိရှိရသည်မှာ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့၊ မွန်းလွဲ ၂ နာရီ ၅၀ မိနစ်အချိန်က ကျောက်တန်းမြို့မရဲစခန်းမှ တာဝန်မှူး ဒုရဲအုပ် နေလင်းသည် ကျောက်တန်းမြို့နယ်၊ အနောက်ပိုင်းရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းရရှိ၍ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့သွားရောက်စစ်ဆေးရာ အေးကျော် (၂၇ နှစ်)၊ (ကျပန်း)၊ ရေနံမြေကွက်သစ်၊ အနောက်ပိုင်းရပ်ကွက်၊ ကျောက်တန်းမြို့နယ်နေသူသည် နေအိမ်၌ရှိနေစဉ် မွန်းလွဲ ၂ နာရီအချိန်ခန့်က ၎င်း၏ဇနီး မနှင်းယု (၂၇ နှစ်)၊ (ကျပန်း)၊ (လိပ်စာတူ)နှင့်အတူ စကားများပြီး အေးကျော်က ၎င်းတို့ဇနီးမောင်နှံနေထိုင်သည့် (၁၅×၇)ပေ ဓနိမိုး၊ ဓနိကာ တဲအိမ်အတွင်း၌ အဝတ်အထည်များအား မီးရှို့ရာမှ ခင်းထားသော ဖျာကြမ်းနှင့် ဝါးကြမ်းခင်းတို့ကို မီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် ပတ်ဝန်းကျင်မှ ပိုင်းဝန်းငြိမ်းသတ်ရာ မီးငြိမ်းသွားခဲ့သည်။ ဆုံးရှုံးမှုတန်ဖိုးမှာ ကျပ် (၁၅၀၀၀)ခန့်ဖြစ်ကြောင်း သိရသည်။

ဒုရဲအုပ် နေလင်းက တရားလိုပြုလုပ်တိုင်ကြားသဖြင့် ကျောက်တန်းမြို့မရဲစခန်း (ပ)၁၄၈/၂၀၁၄၊ ပြစ်မှုပုဒ်မ ၄၃၆ ဖြင့် အမှုဖွင့်ပြီး အမှုစစ်/တရားလိုက အေးကျော်အား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **လင်းဦး**

---

## ရေဘေးကယ်ဆယ်ရင်း ရေမှာပျော်မိသူမှာ ရေနစ်သေဆုံးခဲ့ရရှာမှု

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တိုးဂိတ်နှင့် အမှတ်(၃)လမ်းကြားတွင် ပဲခူးရေဘေးကယ်ဆယ်ရေးသို့ သွားရောက်လှူဒါန်းပြီး ပြန်လာသော မိုဘိုင်းဖုန်းပြုပြင်ရေးသင်တန်းသားအဖွဲ့ရေဆင်းကူးရာမှ သင်တန်းသားတစ်ဦး ရေနစ်သေဆုံးသွားသော သေမှုသေခင်းတစ်ရပ် ဖြစ်ပွားခဲ့သည်။

စုံစမ်းသိရှိရသည်မှာ ၁၆-၈-၂၀၁၄ ရက်နေ့၊ ည ၇ နာရီ ၁၅ မိနစ်အချိန်က ထောက်ကြန့်နယ်မြေ ရဲစခန်းမှ စခန်းမှူး ရဲအုပ် ဇော်ဝင်းသည် လူတစ်ဦး ရေနစ်သဖြင့် ဆေးကုသရန် သယ်ဆောင်လာစဉ်

www.burmeseclassic.com



ထောက်ကြန့်၊ ရတနာဈေးရှေ့သို့ အရောက်၌ သေဆုံးသွားကြောင်း သတင်းရရှိ၍သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့သွားရောက်စစ်ဆေးရာ သေဆုံးသူမှာ အောင်ရဲချစ်(ခ)သုံးခွ (၂၄ နှစ်)၊ မိုဘိုင်းဖုန်းပြုပြင်ရေးသင်တန်းသား၊ (၉)ရပ်ကွက်၊ သုံးခွမြို့နယ်နေသူဖြစ်ကြောင်း သိရသည်။ သေဆုံးသူသည် လှိုင်မြို့နယ်၊ ပါရမီအိမ်ရာရှိ မိုဘိုင်းဖုန်းပြုပြင်ရေးသင်တန်း တက်ရောက်နေစဉ် သင်တန်းနည်းပြဆရာနှင့်အတူ ထိုနေ့နံနက် ၆ နာရီအချိန်ခန့်တွင် ပဲခူးမြို့ ရေဘေးကယ်ဆယ်ရေးသို့ အလှူသွားရောက်လုပ်ခဲ့သည်ဆို၏။

ပဲခူးမှအပြန် အမှတ်(၃)လမ်းနှင့် ထောက်ကြန့်တိုးဂိတ်ကြား ရေလျှံနေသည့်နေရာသို့အရောက်တွင် ကားရပ်ပြီး ရေဆင်းကူးရာမှ အောင်ရဲချစ် (ခ) သုံးခွသည် ရေအနက် ၁၄ ပေခန့်ရှိ ကားလမ်းဘေးဆည်မြောင်းတွင် ရေနစ်ခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အဖွဲ့မှပင် ရှာဖွေဆယ်ယူ၍ ဆေးကုသရန် သယ်ဆောင်လာစဉ် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

အလောင်းအားစစ်ဆေးရာ ပြင်ပဒဏ်ရာ တစ်စုံတစ်ရာမရှိ၊ ဘောင်းဘီဝတ်လျက် အပေါ်အင်္ကျီမပါဘဲ နှာခေါင်းမှ ရွှံ့ရေများထွက်လျက် သေဆုံးနေသည်ကို တွေ့ရှိရပြီး အင်းစိန်ဆေးရုံကြီးသို့ ပို့အပ်ရာ ပီအာရ် ဝ၄ ဖြင့် လက်ခံထားရှိခဲ့၏။

ရဲအုပ် ဌေးဝင်းက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ထောက်ကြန့်နယ်မြေရဲစခန်း သေမှုသေခင်းအမှတ်စဉ် (၂၀/၂၀၁၄) ဖြင့် အမှုဖွင့်ပြီး တရားလို/အမှုစစ်က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဥသာသိမ်း (ပဲခူး)**

## အမဲသားလှီးတဲ့ဓားနဲ့ သူငယ်ချင်းကိုထိုးတဲ့ စကားပြောအဆင်မသင့် လူသတ်မှု

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(အရှေ့)မြို့နယ်၊ ရွာသာကြီးရပ်ကွက်ရှိ အမဲသတ်ရုံတွင် သူငယ်ချင်းအချင်းချင်း နောက်ပြောင်ရာမှ စကားများပြီး အမဲသားလှီးဖြတ်သည့်ဓားဖြင့်ထိုးခဲ့၍ လူတစ်ဦးသေဆုံးသွားသော လူသတ်မှုဖြစ်ပွားခဲ့သည်။

စုံစမ်းသိရှိရသည်မှာ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့၊ နံနက် ၇ နာရီ ၅၀ မိနစ်အချိန်က ဒဂုံ(အရှေ့)မြို့မရဲစခန်းမှ တာဝန်မှူး ရဲအုပ် ထွန်းလင်းသည် ဒဂုံ(အရှေ့)မြို့နယ်၊ ရွာသာကြီးရပ်ကွက်၊ အမဲသတ်ရုံတွင် ဓားထိုးမှုဖြစ်ပွားကြောင်း သတင်းရရှိ၍ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့သွားရောက်စစ်ဆေးရာ ဒဏ်ရာရရှိသူမှာ မောင်စိုးမိုး (၁၇ နှစ်)၊ (ကျပန်း)၊ (၁၄၀)ရပ်ကွက်၊ ဒဂုံ(တောင်)မြို့နယ်နေသူဖြစ်ပြီး အမဲသတ်ရုံအတွင်းရှိ လက်ဖက်ရည်ဆိုင်တွင် သူငယ်ချင်းဖြစ်သူ ကျော်စွာအောင်ခန့် (၁၇ နှစ်)၊ (ကျပန်း) (၁၄၀)ရပ်ကွက်၊ ဒဂုံ(တောင်)မြို့နယ်နေသူနှင့် အချင်းချင်းနောက်ပြောင်ရာမှ စကားများကြစဉ် အသင့်ပါလာသော အမဲသားလှီးဖြတ်ရာတွင် အသုံးပြုသည့် အရိုးအသွား (၁၀) လက်မခန့်ရှိ ဓားဦးချွန်ဖြင့် ကျော်စွာအောင်ခန့်ကထိုးသဖြင့် ဝမ်းဗိုက်တွင် ထိုးသွင်းဒဏ်ရာ၊ ရင်အုံအလယ်တည့်တည့်တွင် ထိုးသွင်းဒဏ်ရာ၊ ဝဲလက်မောင်း ပေါက်ပြဲဒဏ်ရာ၊ ယာလက်မ ပြတ်ရှဒဏ်ရာများ ရရှိခဲ့ပြီး သယ်နီးကျွန်းဆေးရုံသို့ပို့အပ်စဉ် လမ်း၌သေဆုံးသွားကြောင်း သိရသည်။

ရဲအုပ် ထွန်းလင်းက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဒဂုံ(အရှေ့)မြို့မရဲစခန်း (ပ)၄၀၃/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့်ပြီး အမှုစစ် စခန်းမှူး ဒုရဲမှူး သန်းဌေးက ကျော်စွာအောင်ခန့်အား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**အောင်ခန့်ဇေ**

www.burmeseclassic.com

www.burmeseclassic.com



## အရက်မူးလွန်ချိန် စီးလာတဲ့စက်ဘီးလဲကျရာ ဒဏ်ရာရရှိသေဆုံးခဲ့တဲ့ဖြစ်ရပ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၂) ရပ်ကွက်တွင် အမျိုးသားတစ်ဦး အရက်အလွန်အကျွံမူးပြီး စက်ဘီးစီးလာစဉ် စက်ဘီးမှောက်၍လဲကျရာ မေ့သွားသဖြင့် မိဘများမှ နေအိမ်သို့ခေါ်ဆောင်လာချိန်၌ နေအိမ်တွင်သေဆုံးသွားသော သေမှုသေခင်းတစ်ရပ် ဖြစ်ပွားခဲ့သည်။

စုံစမ်းသိရှိရသည်မှာ ၁၄-၈-၂၀၁၄ ရက်နေ့၊ မွန်းလွဲ ၂ နာရီအချိန်က မောင်စိုးပြည့်ပြည့် (၂၃ နှစ်)၊ (ကျပန်း)၊ (၂၂)ရပ်ကွက်၊ ဒဂုံ(တောင်)မြို့နယ်နေသူသည် အရက်သောက်ရန်အတွက် (၂၂)ရပ်ကွက်အတွင်းရှိ အရက်ဆိုင်သို့ စက်ဘီးစီး၍ ထွက်သွားခဲ့သည်ဆို၏။

အရက်သောက်ပြီးနောက် နေအိမ်သို့ပြန်လာစဉ် (၂၂)ရပ်ကွက်၊ ကွေ့မလမ်းထိပ်အရောက်တွင် အရက်အလွန်အကျွံမူးနေသဖြင့် စက်ဘီးမှောက်၍လဲကျကာ သတိမေ့နေသည်ကို ၎င်း၏မိဘများမှ တွေ့ရှိသဖြင့် နေအိမ်သို့ခေါ်ဆောင်လာခဲ့ရာ နေအိမ်တွင်သေဆုံးသွားခဲ့၏။

အဆိုပါဖြစ်ရပ်အား ရောဝဏ်ရဲကင်းစခန်းမှူး ရဲအုပ် အောင်ဆွေက သတင်းရရှိသဖြင့် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မောင်စိုးပြည့်ပြည့်၏ အောက်နှုတ်ခမ်း၊ မေးစေ့၊ နောက်စေ့တို့တွင် ပွန်းပဲ့၊ ပေါက်ပြဲဒဏ်ရာများရရှိလျက် သေဆုံးနေသည်ကို တွေ့ရှိရသဖြင့် ရဲဆေးစာဖြင့် မြောက်ဥက္ကလာပဆေးရုံကြီးသို့ပို့အပ်ရာ ပီအာရ်-၁၇ ဖြင့် လက်ခံထားရှိခဲ့၏။

ရဲအုပ် အောင်ဆွေက တရားလိုပြုလုပ်တိုင်တန်းသဖြင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့မရဲစခန်း သေမှုသေခင်းအမှတ်စဉ် (၄၂/၂၀၁၄)ဖြင့် အမှုဖွင့်ပြီး အမှုစစ် စခန်းမှူး ဒုရဲမှူး အောင်ဆန်းဦးက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လင်းဦး (လှည်းကူး)**

## ဥပဒေစည်းရိုးကျော်ပြီး ချစ်ခဲ့မိလို့ . . .

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအနောက်ရပ်ကွက်တွင် မိဘအုပ်ထိန်းမှုအောက် မလွတ်ကင်းသေးသည့် အသက်မပြည့်သေးသော မိန်းကလေးငယ်တစ်ဦးအား ဖြားယောင်းသွေးဆောင်ပေါင်းသင်းသူ အမျိုးသားတစ်ဦးအား ဥပဒေအရ အရေးယူခဲ့ရကြောင်း သတင်းရရှိသည်။

စုံစမ်းသိရှိရသည်မှာ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့၊ ည ၁၁ နာရီအချိန်က ဒေါ်--(၄၅ နှစ်)၊ (ဈေးရောင်း)၊ ကမ်းနားအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေသူသည် နေအိမ်တွင် ခေါ်ယူစောင့်ရှောက်ထားသော တူမဖြစ်သူ မ--(၁၅ နှစ် ၃လ)၊ (မှီခို)၊ (လိပ်စာတူ)အား ကမ်းနားဈေးရှိ ကွမ်းယာဆိုင်သို့ ကွမ်းယာဝယ်ခိုင်းရာမှ ပြန်မလာသဖြင့် လိုက်လံစုံစမ်း ရှာဖွေခဲ့သည်ဆို၏။

ထိုသို့စုံစမ်းရှာဖွေရာ နောက်တစ်နေ့ဖြစ်သည့် ၁၀-၈-၂၀၁၄ ရက်နေ့၊ ညနေ ၄ နာရီအချိန်တွင် တူမဖြစ်သူအား အောင်ဇော်တူး (၃၀ နှစ်)၊ (ကျပန်း)၊ ကမ်းနားအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေသူနှင့်အတူ အောင်ဇော်တူးအစ်မ၏နေအိမ်တွင် တွေ့ရှိရ၍ တူမဖြစ်သူအား ခေါ်ယူမေးမြန်းရာ အောင်ဇော်တူးမှ ခိုးယူပေါင်းသင်းခဲ့ကြောင်း ပြောပြခဲ့သည်ဆို၏။

၁၄-၈-၂၀၁၄ ရက်နေ့ကျမှ ဒေါ်---က ရဲစခန်းသို့လာရောက်၍ တရားလိုပြုလုပ်တိုင်တန်းသဖြင့် အင်းစိန်မြို့မရဲစခန်း (ပ)၈၁၁/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၆၃ ဖြင့် အမှုဖွင့်ပြီး အမှုစစ် ဒုရဲအုပ် ရဲမြင့်က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**အိသဲပို**

www.burmeseclassic.com

www.burmeseclassic.com



# ၁၂ လဂ္ဂာသိ ဗေဒင်ဟောစာတမ်း



## မိဿ၊ မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



နေအိမ်၊ ခြံမြေ၊ ဥယျာဉ်၊ လယ်ယာမြေများ အကျိုးပေးမည်။ ခရီးထွက်ခွာပြီး အလုပ်အကိုင်လုပ်ရပါက အကျိုးပေးမည်။ လူမျိုးခြားနှင့် ဆက်ဆံလုပ်ကိုင်ရသော အလုပ်များ အကျိုးထူးခံစားရမည်။ ဝန်ထမ်းဖြစ်ပါက အကြီးအကဲများ၏စောင့်ရှောက်မှု၊ မ,စမှု ရရှိမည်။ အိမ်ထောင်သည်များ သားသမီးကြောင့် အမှုအခင်းပြဿနာ ဖြေရှင်းရလိမ့်မည်။ ငယ်ရွယ်သူများ အချစ်ရေးကံကောင်း၍ ပညာသင်များ ကျန်းမာရေးတွင် ခါးအောက်ပိုင်းသတိ ထားပါ။

**ယတြာ** သီလရှင်ဆရာလေးများကို ဝတ်စုံ မိမိတတ်နိုင်သလောက်လှူပါ။

## ပြိဿ၊ ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း မွေးဖွားသူများ



စီးပွားရေးလုပ်ငန်းတွင် ဗုဒ္ဓဟူးနံ ထိခိုက်မည်။ ရွှေထည်များပျောက်ဆုံးခြင်း၊ ရေလမ်းအခက်အခဲဖြစ်ခြင်း၊ ဆုံးရှုံးခြင်း ကြုံရတတ်သည်။ ရန်ဘက်၊ ပြိုင်ဘက်အား အနိုင်ရရှိမည်။ ဝန်ထမ်းများ ခရီးဝေးသို့ ယာယီတာဝန်ဖြင့် သွားလာရမည်။ အိမ်ထောင်သည်များ အိမ်ထောင်ဖက်၏ကျန်းမာရေး ဂရုစိုက်ပါ။ ငယ်ရွယ်သူများ အချစ်ရေးတွင် ရှုပ်ထွေးမှုပြဿနာ ရှင်းရမှုရှိမည်။ ပညာသင်များ ကျန်းမာရေး ဂရုစိုက်ပါ။

**ယတြာ** သံဃာတော်နှင့် သက်ကြီးရွယ်အိုများအား ဆေးတစ်မျိုးမျိုး လှူဒါန်းပါ။

## မေထုန်၊ မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



စီးပွားရေးလုပ်ကိုင်ရာတွင် အခက်အခဲနှင့် ရင်ဆိုင်ပြီးမှ အောင်မြင်လိမ့်မည်။ အပြိုင်အဆိုင်၊ အတိုက်အခိုက်ရှိသော်လည်း စိုးရိမ်စရာမရှိပါ။ ဝန်ထမ်းဖြစ်ပါက မိတ်ဆွေကောင်းများတွေ့မည်။ အိမ်ထောင်သည်များ ဇနီး၏ အကူအညီဖြင့် စီးပွား အောင်မြင်မှု ဆက်တိုက်ရရှိမည်။ သားသမီးအရေး စိတ်အေးရပါမည်။ ငယ်ရွယ်သူများ အချစ် ရေးတွင် အမြွတ်ထုတ်သူကို သတိထားပါ။ သို့သော် စစ်မှန်သော မေတ္တာရှင်ကို တွေ့ရမည်။ ပညာသင်များ စိုးရိမ်စရာမရှိပေမယ့် လေထိုး၊ လေအောင့်၊ ရင်ပြည့်ရင်ကယ် သတိပြုရပါလိမ့်မည်။

**ယတြာ** ကျေးငှက်များကို အစာကျွေး၍ အိမ်ဘုရားတွင် အလင်းတိုင်(၅)တိုင်၊ အမွှေးတိုင်(၉)တိုင်ဖြင့် ပူဇော်ပါ။

www.burmeseclassic.com

www.burmeseclassic.com



## ကရကဋ်၊ ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ခရီးဝေးသို့ သွားရောက်လုပ်ကိုင်ရသော စီးပွားရေး အောင်မြင်မည်။ မိတ်ဆွေသစ်နှင့် အလုပ်အကိုင်သစ် ပေါ်ထွန်းမည်။ လူမျိုးခြား အကျိုးပေးမည်။ ဝန်ထမ်းဖြစ်ပါက ခရီးဝေးသွားရမည်။ ပညာသင်ခရီးဖြစ်မည်။ အိမ် ထောင်သည်များ မိဘဘက်မှအကူအညီဖြင့် မြေယာ၊ အိုးအိမ် ပိုင်ဆိုင်ရမည်။ ငယ်ရွယ်သူများ ချစ်သူပေါ်မည်။ ချစ်သူရှိသူများ မေတ္တာပြိုင်ပေါ်မည်။ ပညာသင်များ အပျော်အပါးစိတ်ကို ချုပ်ထိန်းမှ တော်ရာကျမည်။

**ယတြာ** ယာဂု(ဆန်ပြုတ်)ကိုဝယ်ယူ၍ ဘုရားသို့ကပ်ပြီး လူ(၉)ယောက်ပြည့်အောင် အလှူပြုပါ။

---

## သိဟ်၊ ဇူလိုင်လ (၂၁) ရက်မှ ဩဂုတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



ကြံစည်ထားသမျှဖြင့် လုပ်ငန်းအကောင်အထည်ပေါ်မည်။ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ရည်ရွယ်ထား ပါက ဝယ်ယူ၊ ပိုင်ဆိုင်၊ လုပ်ကိုင်ရမည်။ ထီပေါက်ခြင်း၊ အမွေရရှိခြင်း၊ စုပုံပေးအပ်၍ လုပ်ငန်းထူထောင်ပေးမည့်သူနှင့် တွေ့ဆုံမည်။ ဝန်ထမ်းဖြစ်ပါက နေရာ၊ ဌာန၊ တာဝန်ပြောင်းလဲလုပ်ကိုင်ရမည်။ အိမ်ထောင်သည်ဖြစ်ပါက လင်မယား စိတ်ဝမ်းကွဲမည်။ ကြားလူအမြတ်ထုတ်ခြင်းခံရမည်။ ငယ်ရွယ်သူများ ချစ်သူကြောင့် ငွေကုန်ကြေးကျများပြီး စိတ်ဆင်းရဲစရာတွေ့လိမ့်မည်။ ပညာသင်များ စိုးရိမ်စရာလုံးဝမရှိပါ။

**ယတြာ** မွေးနံ၊ မိတ်ဖက်ပစ္စည်းကိုဆောင်၍ သွားလာလုပ်ကိုင်ပါ။

---

## ကန်၊ ဩဂုတ်လ (၂၁) ရက်မှ စက်တင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



လက်ရှိအလုပ်ကိုစွန့်ပယ်၍ လုပ်ငန်းသစ်ကို လုပ်ကိုင်ရလိမ့်မည်။ ရင်းနှီးမြှုပ်နှံမှုများ အကျိုးဖြစ်ထွန်းမည်။ အနုပညာရှင်၊ စာပေပညာရှင်၊ ပညာရေးဝန်ထမ်း၊ ဆေးစက်မှုလုပ်ငန်းရှင်များ ပညာသည်လုပ်ငန်းဖြင့် အောင်မြင်မည်။ ဝန်ထမ်းဖြစ်ပါက အဆင်ပြေမည်။ အိမ်ထောင်သည်များ အိုးအိမ်၊ မြေ၊ ခြံ၊ ဥယျာဉ် ဝယ်ယူပိုင်ဆိုင်မည်၊ သို့မဟုတ် အမွေရရှိမည်။ သားသမီးရတနာထွန်းကားမည်။ ငယ်ရွယ်သူများ အရက်သိက္ခာအရ အချိန်မတိုင်မီ အိမ်ထောင်ကျတတ်သည်။ ပညာသင်များ ခန္ဓာကိုယ်အထက်ပိုင်း ထိခိုက်နာကျင်မှု သတိပြုပါ။

**ယတြာ** မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်များကို ငှက်ပျောပေါင်း ငှက်ပျောသီး ကျွေးပြီးမှ အလုပ်ကိစ္စစကားပြောပါ။

www.burmeseclassic.com



## တူ၊ စက်တင်ဘာလ (၂၁) ရက်မှ အောက်တိုဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ




စီးပွားရေးလုပ်ငန်းများ အခက်အခဲဖြင့်ရင်ဆိုင်ရပြီးမှ အောင်မြင်မှုရရှိမည်။ ဝင်ငွေကောင်းများ ပုံမှန်ဝင်၍ စုမိမည်။ စုသောငွေမြဲမည်။ ဝန်ထမ်းဖြစ်ပါက လက်အောက်ငယ်သားများ၏ ထက်သန်သောစေတနာဖြင့် အကူအညီကောင်းများ ရရှိမည်။ အိမ်ထောင်သည်များ သားသမီးရတနာထွန်းကားမည်။ အကျိုးပေးမည်။ ငယ်ရွယ်သူများ ချစ်သူနှင့်အတူ ဘာသာရေးကိစ္စ ဆောင်ရွက်ရမည်။ ပညာသင်များ ဒေါသကြောင့် ဖြေရှင်းရခက်သောအမှားမျိုးတွေ့မည်။

**ယတြာ** ဘာသာ၊ သာသနာပိုင်မြေတွင် သန့်ရှင်းရေးလုပ်၍ လိုရာဆုတောင်းပါ။

---

## ဗြိစ္ဆာ၊ အောက်တိုဘာလ (၂၁)ရက်မှ နိုဝင်ဘာလ (၂၀)ရက်အတွင်း မွေးဖွားသူများ



လုပ်ငန်းစီးပွားများ အခက်အခဲကြုံမည်။ ငွေကြေးကျပ်တည်းမှုကြုံမည်။ ကူညီသူပေါ်မည်။ ဝန်ထမ်းများ အကြီး အကဲ၏အထင်မှားမှု ကြုံရလိမ့်မည်။ အိမ်ထောင်သည်များ သားသမီးတို့၏ အထောက်အပံ့ရရှိမည်။ မိဘ၏စီးပွားရေးကို သားသမီးတို့က ဝိုင်းကူလိမ့်မည်။ ငယ်ရွယ်သူများ အချစ်ရေးနယ်ကျော်မှုဖြစ်တတ်သည်။ ပညာသင်များ ကျန်းမာရေးကြောင့် စိတ်သောကကြုံစရာရှိလာမည်။

**ယတြာ** မွေးနေ့တွင် ဂုဏ်တော်ပုတီး နဝင်းကြေ (၉/၁၈/၂၇/၃၆/၄၅)စိပ်၍ လိုရာဆုတောင်းပေးပါ။

---

## ဓနု၊ နိုဝင်ဘာလ(၂၁) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း မွေးဖွားသူများ



လုပ်ငန်းများ အပြိုင်လုပ်ရမည်။ လုပ်ငန်းသစ်က အကျိုးပေးမည်။ စကားပြော မဆင်ခြင်မှုကြောင့် အခွင့်အရေးဆုံးရှုံးခြင်းနှင့် လူမှုရေးဆုံးရှုံးခြင်း ကြုံရမည်။ ခရီးယာယီကိစ္စပေါ်မည်။ ဝန်ထမ်းများ ယာယီတာဝန်ဖြင့် မကြာခဏ ခရီးသွားရမည်။ အိမ်ထောင်သည်များ ဘာသာ၊ သာသနာဆိုင်ရာ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များကို ဖူးတွေ့နိုင်လိမ့်မည်။ ငယ်ရွယ်သူများ ချစ်သူနှင့်စိတ်ဝမ်းကွဲ၍ အနေဝေးကြရမည်။ ပညာသင်များ အချစ်ရေးစိတ်မဝင်စားသင့်သေးပါ။

**ယတြာ** အုန်း၊ သပြေ၊ ကံ့ကော်၊ ဩဇာ၊ မာလကာ ငါးညွှန့်စီ စုစည်း၍ မွေးနံထောင့်မှ နံနက် (၁၀)နာရီတိတိမှာ ကပ်လှူပါ။

www.burmeseclassic.com

www.burmeseclassic.com



## မကာရ၊ ဒီဇင်ဘာလ (၂၁)ရက်မှ ဇန်နဝါရီလ (၂၀)ရက်အတွင်း မွေးဖွားသူများ



ကြံစည်ကြိုးစား အားထုတ်မှုမလျှော့လျှင် မုချအောင်မြင်မှုရရှိမည်။ အနုပညာရှင်မှန်သမျှ ဂုဏ်သတင်းကြီးရ မည့်အချိန်ဖြစ်သည်။ ဝန်ထမ်းဖြစ်ပါက အများကောင်းကျိုးဆောင်ရွက်ရသည့် အတတ်ပညာပိုင်းဆိုင်ရာ ဒါနပြုရလိမ့်မည်။ အိမ်ထောင်သည်များ သားသမီးတို့ကြောင့် ငွေကုန်ကြေးကျများလိမ့်မည်။ ပြဿနာများ လိုက်ပါဖြေရှင်းပေးရလိမ့်မည်။ ငယ်ရွယ်သူများ လက်မထပ်ရသေးသော ချစ်သူအတွက် ငွေကုန်ကြေးကျများပြီး မေတ္တာဖြင့် တုံ့ပြန်မှုတွင် အလိမ်အညာခံရမှု သတိပြုပါ။ ပညာသင်များ အားလုံးကောင်းနေပါသည်။

**ယတြာ** ဗုဒ္ဓဘာသာဝင်များ ဘုရားဦးခေါင်းတော်၊ နှုတ်ခမ်းတော်နှင့် ညာပခုံးတွင် ရွှေပြားကပ်လှူပါ။ အခြားဘာသာဝင်များ ဒါနအလှူပြု၍ မကောင်းမှုကို ဖယ်ရှားနိုင်ပါသည်။

---

## ကုံ၊ ဇန်နဝါရီလ (၂၁)ရက်မှ ဖေဖော်ဝါရီလ (၂၀) ရက်အတွင်း မွေးဖွားသူများ



စီးပွားရေးရင်းနှီးမြှုပ်နှံမှုများ အရှုံးပေါ်ပြီးမှ အမြတ်ရမည့်ကိန်းမြင်သည်။ စာပေ ဂီတ၊ ရုပ်ရှင်နှင့် တီထွင်မှု အတတ်ပညာရှင်များ အောင်မြင်မှုနှင့်အတူ နောင့်ယှက်သူပေါ်မည်။ ဝန်ထမ်းဖြစ်ပါက လုပ်ငန်းဖိစီးမှုကြောင့် စိတ်ပန်း၊ လူပန်းဖြစ်မည်။ အိမ်ထောင်သည်များ သားသမီးတို့၏ကျန်းမာရေးကြောင့် ငွေကြေးကုန်ကျမှုများမည်။ စုဆောင်းထားသမျှ ပြန်ထွက်တတ်သည်။ ငယ်ရွယ်သူများ ချစ်သူနှင့် စိတ်ဝမ်းကွဲပြီး အထီးကျန်ဘဝဖြစ်တတ်သည်။ ပညာသင်များ စိတ်ပိုင်းဆိုင်ရာကျန်းမာရေး အထူးဂရုပြုပါ။

**ယတြာ** မွေးနေ့တွင် ခွေး၊ ဆင်၊ မျောက်တို့ကို အစာကျွေးလိုက်ပါ။

---

## မိန်၊ ဖေဖော်ဝါရီလ (၂၁) ရက်မှ မတ်လ (၂၀) ရက်အတွင်း မွေးဖွားသူများ



လုပ်ငန်းကို အပန်းတကြီးလုပ်ရပြီးမှ ဝင်ငွေတိုးတက်မည်။ ဆွေမျိုးသားချင်းနှင့် အိမ်ထောင်ဖက်အတွက် ငွေကုန်ကြေးကျများမည်။ အပူသောက တစ်ခုပြီးတစ်ခုပေါ်မည်။ အတိုက်အခံတွေ့မည်။ ကျော်ဖြတ်နိုင်မည်။ ဝန်ထမ်း ဖြစ်ပါက အထက်လူကြီးများ၏ အထင်မှားငြိုငြင်မှုခံရမည်။ အိမ်ထောင်သည်များ အိမ်ထောင်ဖက်ကြောင့် အကုသိုလ်အကျများနေမည်။ ဘွဲ့ထူး၊ ဂုဏ်ထူး ချီးမြှင့်ခံရမည်။ ငယ်ရွယ်သူများ အခြားကစားတတ်သူကြောင့် သောကဝေဒနာ ခံစားရမည်။ ပညာသင်များ ကျန်းမာရေး ပညာရေးကောင်းနေမည်။

**ယတြာ** သံဃာတော်အား ထီး၊ ဖိနပ်၊ ယပ်၊ သင်္ကန်း လှူပေးလျှင် အညံ့အားလုံးပျောက်မည်။

www.burmeseclassic.com